www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# သော်တာဆွေ

# ဤလောကမြေမဟီဝယ်

၁၉၇၀ အမျိုးသားစာပေဆုရစာအုပ်



www.burmeseclassic.com

www.burmeseclassic.com

ဤလောကမြေမဟီဝယ်
သော်တာဆွေ

နှိပ်မှတ်အမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၁၆၀ ၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၇၁၅ ၀၆၁၁
ထုတ်ဝေသူ - ဦးစန်းဦး
ပုံနှိပ်သူ - ဒေါ်ဝင်းမာ

မျက်နှာဖုံးပန်းချီ - အောင်ကျော်
ကွန်ပျူတာစလင် - အီးဂဲလ်
ထတ်ခွဲစလင် - အောင်ကျော်
အချုပ်ချုပ် - ကိုတင်အေး(လှိုင်)

သော်တာဆွေ
ဤလောကမြေမဟီဝယ် /
သော်တာဆွေ၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၁၊
စာမျက်နှာ ၂၂၂ မျက်နှာ၊
၁၄ ·၅ စင်တီ× ၂၂ စင်တီ
(၁)ဤလောကမြေမဟီဝယ်

၂၀၁၁၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ဈေးနှုန်း ၂၅၀၀ ကျပ်

## မာတိကာ


- ဝတ္ထုနှင့်လူ
၁။ အရိယာနှင့် အရက် ၁
၂။ အလှ ဘယ်မှာနည်း ၁၅
၃။ အလွန်အလုပ်များသူ ၃၄
၄။ ထန်းသမားထေကြီး ၄၉
၅။ သူ့ခေတ်နှင့် သူ ၆၄
၆။ ဤမြစ်မြေ ၇၅
၇။ အရင်းရှင်စနစ်နှင့် ဗျူရိုကရေစီခေတ် ၉၀
၈။ ခေတ်ပြောင်းချိန် ၁၀၃
၉။ ဩော်– ခင်လေးရယ် ၁၆၉
၁၀။ လူဝင်စား ၁၈၃
၁၁။ လူ့မနော ၁၉၂
၁၂။ အနုနှင့် အကြမ်း ၁၉၈
၁၃။ ဒီစိတ်နှင့် ဒီအရွယ် ၂၁၂


www.burmeseclassic.com

www.burmeseclassic.com

## ဆရာသော်တာဆွေ

အသက် ၇၆ နှစ်

(၁၉၁၉ – ၁၉၉၅)

**အတ္ထုပ္ပတ္တိအကျဉ်း**

၁၉၁၉ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ပေါင်းတည်မြို့အပိုင် ကြို့ဝင်ရွာတွင် လယ်သမားကြီး ဦးဘိုးဆယ်၊ ဒေါ်လှရင်တို့မှ မွေးဖွား၏။ ၁၉၄၇၊ ဩဂုတ်လ ရှုမဝတွင် 'ဘရန်ဒီတစ်ပုလင်း' ဖြင့် စာပေနယ်သို့ ခြေချခဲ့၏။ ဟာသဝတ္ထုများ ဆက်တိုက်ရေးခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် 'ကြုံခဲ့ရသည်' မှစပြီး ဘဝသရုပ်ဖော်စာပေ ရေးခဲ့သည်။ ငယ်မည်မှာ ဦးကျင်မောင်၊ နောင် ဦးကြင်ဆွေ ဖြစ်လာပြီး 'သော်တာဆွေ' ဟူသော ကလောင်အမည်ကို ဆရာကြီး ရွှေဥဒေါင်းအား အမှတ်ရစေရန် အမှီပြုပြောင်းခဲ့၏။ သော်တာဆွေ၏ဝတ္ထုရှည်များတွင် 'ရန်အောင်ရတနာ'၊ 'ဘွန္နောကြက်သူခိုး'၊ 'အမြဲတေ ရတနာ'၊ 'မခင်နှင်းဆီ'၊ 'ပပဝတီ' တို့မှာ ထင်ရှား၏။ သူ၏ဇာတ်ကောင်များတွင် ဖြတ်စ၊ ကျော်စံကေး၊ ပေါ်ဦး၊ အေးဆွေတို့မှာ ထင်ရှားလှ၏။

ဆိုဗီယက်ယူနီယံသို့ ချစ်ကြည်ရေး စာရေးဆရာခရီးသည် အဖြစ် သွားဖူးသည်။

ဟာသသရုပ်ဖော် ဝတ္ထုတို/ရှည်များ ဆောင်းပါးများကို ဆက်တိုက်ရေးသားခဲ့သည်။

၁၉၆၁ – စာပေဗိမာန်ဆု

၁၉၆၉ – စာပေဗိမာန်ဆု

၁၉၇၀ တွင် အမျိုးသားစာပေဆု ရခဲ့သည်။

၄–၃–၉၅ နေ့တွင် ကွယ်လွန်သည်။

❑

## စာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်

ဤစာအုပ်၌ပါသော ဝတ္ထုများသည် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ စစ်ကြီးပြီးစ (ကက်စဘီ)ခေတ်၊ လွတ်လပ်ရေးခေတ်၊ ဖဆပလ နိုင်ငံရေး အတွဲအပြဲခေတ် ခေတ်ပြောင်းတော်လှန်ရေးခေတ်တို့တွင် နီးနီးကပ်ကပ် မြင်သိ ကြုံတွေ့ခဲ့ရသော တောနှင့်မြို့မှ ဆင်းရဲချမ်းသာ လူ့အလွှာအသီးသီးတို့၏ ဖြစ်ရပ်များ၊ ဓလေ့စရိုက်၊ အမူအကျင့်၊ အတွေးအခေါ်များကို မီးမောင်းထိုး၍ ရုပ်လုံးဖော်ပြထားသည်။ ဝတ္ထုတစ်ပုဒ်သည် ဝတ္ထုဇာတ်အိမ်တည်ဆောက်ရာ ခေတ်၊ စနစ်နှင့် လူမှုဘဝကို ကိုယ်စားပြုသော ပြယုဂ်များ ဖြစ်သည်။

ဤလောကမြေမဟီဝယ်တွင် ပါဝင်သော ဝတ္ထုတိုများသည် ခေတ်အမျိုးမျိုးမှ လူအမျိုးမျိုးတို့၏ ဘဝအမျိုးမျိုးကို ရေးဖွဲ့ထားသည့် သရုပ်ဖော်ဝတ္ထုတိုများ ဖြစ်သည်။ ရေးဖွဲ့ရာ၌ ဦးတည်ချက်ကောင်းသည်၊ ရသမြောက်သည်ဟု ဆုရွေးချယ်ရေးအဖွဲ့က မှတ်ချက်ချထားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



“ဤလောကမြေမဟီဝယ် ဝတ္ထုတိုပေါင်းချုပ်၌ ပါဝင်သော ဝတ္ထုတိုများသည် ခေတ်အမျိုးမျိုးမှ လူအမျိုးမျိုးတို့၏ ဘဝအမျိုးမျိုးကို ရေးဖွဲ့ထားသည့် ဘဝသရုပ်ဖော် ဝတ္ထုတိုများဖြစ်သည်။ ရေးဖွဲ့ရာ၌လည်း ဦးတည်ချက်ကောင်းသည်။ ရသမြောက်သည်”

ဤသို့လျှင် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီက ကောက်ချက်ပေးသော ‘ဤလောကမြေမဟီဝယ်’ သည် သော်တာဆွေ၏ ဘဝရုပ်ပုံလွှာများ ဖြစ်ပေရာ အနုအရင့်၊ အနီးအဝေး၊ ရောင်စုံလှသော ကားချပ်များဟု ဆိုရပေမည်။

‘အလွန် အလုပ်များသူ’ မှာ တစ်နေ့သာကုန်၍ ဘာမှ မလုပ်ဖြစ်တော့ဘဲ လိပ်သားနှင့် ချက်မြည်းကာ အိပ်ပျော်ခြင်းသို့ ရောက်ရသော ပါးစပ်အလုပ်သမား ကိုမောင်ချိုကဲ့သို့ လူမျိုးအား သရော်ထား၏။ ‘အလုပ်အလွန်များလှသော ကိုမောင်ချိုသည် ယင်းည အိမ်ပြန်ရောက်သည်၌ နက်ဖြန်ဘာကစပြီး လုပ်ရမည်ကို မစဉ်းစားနိုင်ဘဲ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏’ ဟု ဟာသဖြင့် ဇာတ်သိမ်းထားလေသည်။

ရှေးတုန်းက သုံးနှစ်သုံးမိုး စောင့်ကြရ၏။ လက်ထပ်ဖြစ်ပြန်တော့လည်း အပေးအယူ ညှိရ၏။ ပေါင်းဖက်မိသော် ကွဲသည်ဟုမရှိသလောက်။ ယနေ့ခေတ်တွင် ယနေ့ လက်ထပ်၊ နက်ဖြန် ကွာရှင်းကြပုံကို ‘သူ့ခေတ်နှင့်သူ’ တွင် လှစ်ပြထားသည်။ ရှေးခေတ်၏ သမီးရည်းစား အသုံးအနှုန်းကို ဟာသကလေး နှောထားသည်။



“တစ်ယောက်နှင့်တစ်ယောက် ကိုတွေ၊ မောင်တွေ၊ မိတွေ ခေါ်ဖို့ဝေးဘိတောင်း၊ သူတို့နာမည်မှ မခေါ်တတ်ကြသေး။ ကျွန်တော့်အမည်မှာ မောင်ထွန်းလင်းဖြစ်ရာ မအေးယဉ်က အစ်ကို့အား “မောင်ထွန်းလင်းအစ်ကို” ဟုခေါ်၏။ အစ်ကိုက သူ့ဇနီးလောင်းအား ကျွန်တော့် ရှေ့ထားပြီး ‘မင့်မမယဉ်’ ဟုဆို၍ စကားပြော၏။ တာကတည်း ကျွန်တော်မရှိ၊ သူ ဘယ်လိုပြောမည်မသိ။”

‘ခေတ်ပြောင်းချိန်’ ဝတ္ထုမှာ သတ္တဝါတို့ သံသရာမှု ‘မာနနှင့် ကာလ’ ဇာတ်အိမ်ကို ပြန်လည်၍ အသေးစိတ် ထပ်မွမ်းသော ဝတ္ထုရှည်ဖြစ်လာသည်။ ချစ်တီးကုလားတို့ခေတ်နှင့် ကျေးရွာသားတို့ အညှဉ်းခံရပုံနှင့် ယနေ့ခေတ် တောကျေးလက် သမဝါယမအထိ ဆွဲယူထားသည်မှာ ခေတ်ကာလများစွာကို ပြယုဂ်ပြုထားသည်။ ထိုခေတ်နှင့် မိဘမေတ္တာကို ဖွဲ့စည်းထားသည်မို့ အချစ်ဝတ္ထုကောင်းတစ်ပုဒ်လည်း ဖြစ်လာသည်။

လူ့လောကတွင် ဥစ္စာသည် အပင်မဟုတ်၊ ပြောင်းလဲပျက်စီးတတ်သည်။ ထို့အတူ အလှသည် အချိန်နှင့်အမျှ အိုမင်းရင့်ရော်တတ်၏။ ဤသဘောကို ‘ဩော်- ခင်လေးရယ်’ တွင် ပြောပြထား၏။ တစ်ခေတ်တစ်ခါက ရှာမျက်နှာဖုံး ကွမ်းတောင်ကိုင် သမီးပျို၏ ပြောင်းလဲတတ်သော ဘဝအတိုင်း အဆင်းရဲဆုံး မိန်းမဘဝရောက်နေသည်ကို ဖော်ပြရာတွင် ‘သောကမ်’ တရားကို သတိရစေသည်။ လူ့ဘဝဆိုသည် မမြဲသည့်သဘောထိုး သံဝေဂ ပွားစေ၏။

လူမနော့သည် ရလေလိုလေ အိုတစ္ဆေဖြစ်၏။ အားမရ၊ တင်းမတိမ်၊ အလိုရမ္မက်နောက် လိုက်တတ်သည်။ ထိုသဘောကို ‘လူ့မနော’ တွင် အံ့သလွန်သီးသည် သော်တာဆွေနှင့် သန်းသန်း၊ ဒေါ်ကြည်စု စသော အိမ်ရှင်မတစ်သိုက်၏ အရောင်းအဝယ် ဇာတ်လမ်းကလေးဖြင့် သရော်ထားသော လူ့သဘာဝ အဖွဲ့တစ်ခု ဖြစ်၏။ (ဤဇာတ်လမ်းမှာ မြန်မာ့အသံဇာတ်လမ်းပမာအဖြစ် ထုတ်လွှင့်ခဲ့သည်။) လူ့အလို နတ်မလိုက်နိုင်ဆိုသော စကားတိုလည်း သက်သေပြထား၏။ လူဆိုသည်မှ သည်လိုပါကလားဟု အံ့လန့်ကာကားကို လှစ်ပြသလို ထင်ရှားလှပေသည်။

www.burmeseclassic.com



သော်တာဆွေသည် လူ့သဘာဝ၊ လူ့စရိုက်၊ ဘဝ အထွေထွေကို ပီသအောင် ဖွဲ့နိုင်သူအဖြစ် သူ၏ဘဝတ္ထုများက သက်သေခံနေသည်။ လူ့သဘာဝကို ထင်မြင်လာအောင်လည်းကောင်း၊ လူတို့အား စိတ်ခံစားမှု တစ်ခုခုကို ငြိစွဲစေသည်အထိလည်းကောင်း၊ လောကအဖြစ်အပျက်တို့အား ထင်ရှားလေသည်အထိလည်းကောင်း ဖွဲ့နိုင်မှသာ စာပေကောင်းတို့၏ လက္ခဏာဟု ပညာရှင်တို့ သတ်မှတ်ကုန်၏။ ထို့ကြောင့် သော်တာဆွေ၏ 'ဘဝစာ' တို့သည် လူ့သဘော၊ လူ့စရိုက်၊ ခေတ်အကြောင်း ပီသစွာ ဖော်နိုင်သည်ဟု ယေဘုယျ ဆိုနိုင်သဖြင့် စာကောင်းတို့လက္ခဏာ ရှိသည်ဟု ဆိုနိုင်အံ့ထင်ပါသည်။

သော်တာဆွေသည် စာဖွဲ့ရာတွင် ရိုးရိုးနှင့် ပီပြင်အောင် ရေးနိုင်သည် သာမက 'ပြော' နိုင်သည်။ စာအဖွဲ့ကြား၌ စကားပြော ထည့်သွင်းရေးရာ၌ ကျွမ်းကျင်လှ၏။ (ဤအချက်ကို မကြိုက်သူလည်း ရှိပေမည်။) စာအဖွဲ့ စကားပြောဟု မထားဘဲ စကားနှင့် စာကို နှောကာ ပြောလေ့ရှိ၏။ ဥပမာ...

"ကူလီတွေကား ၎င်းနမူနာစပါးတွေ အများကြီးခိုးယူပြီး သူတို့ဝေယူ ရန် ဖြစ်၏။ ထို့ပြင် ၎င်းတို့သည် ပေါင်ချိန် နိုးခြင်းဖြင့်လည်း စားပေါက် ထွင်တတ်ကြသေး၏။ × × × ထိုလယ်သမားသည် စပါးရောင်းရပါပြီတဲ့။ ရှောရှောရှူရှူပဲ ချိန်ပြုပြီးသွားပြီ။ ငွေကို ချက်ချင်းမပေးသေး။ ၃-၄-၅-၆ ရက်၊ အိုး ... ကြာချင်သလောက် ကြာမည်။ အဲသည်တော့ ဒီရက်တွေ မစောင့်နိုင်တဲ့ လယ်သမား။"

သော်တာဆွေသည် ဘဝ သုံးသွယ် ကူးခဲ့၏။ ဟာသ၊ စုံထောက်မှ ဘဝသရုပ်ဖော် စာရေးဆရာဖြစ်လာ၏။ ပြန်တွက်သော် ဘဝ စာရေးဆရာ အဖြစ် ၁၉ နှစ်မျှပင် ရှိချေပြီ။ လောက၏ သက်သေကောင်းတစ်ဦးသဖွယ် အမြင်ကို အမြင်အတိုင်း ရိုးရိုးရှင်းရှင်း ဖောက်သည်ချသော သူ့စာများသည် စာဖတ်သူတို့အတွက် ယနေ့တိုင် စွဲမြဲအောင် မြဲနေဆဲ ဖြစ်လေသည်။ သူသည်လည်း ကြိုးစားနေဆဲ ဖြစ်လေသည်။

စာသု

၁၉၇၃ ခု၊ မေလ၊ ရှမဝရုပ်စုံမဂ္ဂဇင်း

## ဝတ္ထုနှင့်လူ

လူဖန်ဆင်းသော သက်မဲ့အရာဝတ္ထုမှန်သမျှတွင် စာပေဝတ္ထုသည် လူနှင့်အတူဆုံး၊ ဘဝချင်းအနီးစပ်ဆုံးဖြစ်သည်။ ဝတ္ထုများထဲတွင် လူတို့၏ အတွေးအခေါ် အယူအဆများ၊ ဘဝဖြစ်ရပ်များ အမျိုးစုံပါဝင်သည်။ စင်စစ် ဝတ္ထုစာပေသည် လူတို့၏ခေတ်အဆက်ဆက်၊ ဘဝအဖြစ်အပျက် အထွေထွေကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ယင်းခေတ်သည် ပျက်ယွင်း၍ ထင်းလူများသည် သေပျောက်သွားကြပြီးသော်လည်း စာပေဝတ္ထုတွေက သူတို့ကိုယ်စားကျန်ခဲ့သည်။

ယခု 'ဤလောကမြေမဟီဝယ်' စာအုပ်တွင်ပါသော ဝတ္ထုများမှာ စိတ်ကူးယဉ်သက်သက်မဟုတ်၊ ကျွန်တော်၏ဘဝနှင့် ပတ်ဝန်းကျင်မှာ ကြုံတွေ့ခဲ့ရသော တောနှင့်မြို့၊ ဆင်းရဲချမ်းသာ လူ့အလွှာအသီးသီးမှ ဖြစ်ရပ်များကို ထင်ဟပ်ရေးသားထားခြင်းဖြစ်ပေရာ ဤဝတ္ထုတို့တွင် ပါဝင်ကြသော ဇာတ်ကောင်လူများမှာ အချို့လည်း သေကြပြီ၊ အချို့လည်း ရှိကြသေးသည်။

သူတို့သည် ယခု စာဖတ်သူနှင့် လက်ရှိဘဝကား မည်သို့မျှပတ်သက် ခြင်းမဟုတ်သော်လည်း ဤစာအုပ်ကိုဖတ်လိုက်သည်နှင့် အလွန်ရင်းနှီးကြပြီး သူတို့က သူတို့အကြောင်းတွေကို စာဖတ်သူအား အသီးသီး ပြောပြကြပါ လိမ့်မည်။ သည်နေရာ၌ ဤစာအုပ်တွင်ပါသော ဝတ္ထုနှစ်ပုဒ်အကြောင်း အမှာ အဖြစ် ပြောကြားထားလိုပါသည်။ တစ်ပုဒ်က 'အရိယာနှင့်အရက်'။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်အတွက် စာမူများစီစဉ်နေခိုက် အိမ်ရောက်လာသော စာဖတ်မိတ်ဆွေတစ်ယောက်က မာတိကာကိုကြည့်ပြီး "ဟာ...အားလုံး စာတည်စာခန့်တွေထဲမှာ ဒီ 'အရိယာနှင့်အရက်' ဟာသစာပြောင်က ဘာလို့ ထည့်ထားရတာလဲဗျ" ဆိုသဖြင့် ဟာသကို အထင်သေးသူအား ၁၉၄၆ ခု၊ ဖေဖော်ဝါရီလထုတ် ဇဝနဂျာနယ်မှ ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သော ဆောင်းပါးမှ အောက်ပါကောက်နုတ်ချက်ကို ပြလိုက်ရပါသည်။

**ဟာသပညာသည် လူမျိုးတစ်မျိုး၏ဘဝတွင် အရေးပါအရာရောက်သော ပညာရပ်တစ်ခုဖြစ်သည်။ သို့သော် ဟာသပညာကား လောကီလူ့ဘဝ၊ လူ့စာတ်ခုံတွင် ရှေ့နောက်မညီ၊ အဆင်မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူအပေါင်းတို့အား ရယ်စရာဖြစ်စေရမည်။**

"ကျွန်တော့်ဝတ္ထုဟာ အဲသည်အချက်နဲ့ ကိုက်ညီတယ်ထင်လို့ ဒီစာအုပ်မှာ ဝတ္ထုမျိုးစုံအောင် ထည့်လိုက်တာပဲဗျ" ဟု ပြန်ပြောလိုက်ရ၏။

နောက်တစ်ပုဒ်က 'ခေတ်ပြောင်းရှိန်' ဝတ္ထု။

ခုခေတ် ကျေးလက်တောရွာကို မလေ့လာဖူးသော မြို့ကြီးသား စာဖတ်မိတ်ဆွေအချို့က "တောရွာတွေမှာ ခင်ဗျားဝတ္ထုထဲကအတိုင်း လယ်သမားတွေ လယ်ထဲမှာ တကယ်ပဲ ရေနွေးဓာတ်ဘူးနဲ့ လက်ဖက်ရည်ကြမ်း သောက်ကြပြီလား...." ဟု မယုံကြည်နိုင်ဟန်ဖြင့် အမေးရှိကြပါသည်။

ဤဝတ္ထုသည် ကျွန်တော်၏ဇာတိရွာမှာ သွားပြီးရေးခဲ့သော ဝတ္ထုဖြစ်သည်။ ခုခေတ် ကျေးရွာတွေမှာ တစ်ပြည်လုံး ခွဲတမ်းနှင့်ပေးထားသော ဓာတ်ဘူးများသာမက ရေဒီယိုများလည်း ရှိနေကြပါပြီ။ မယုံလျှင် သွား၍ ကြည့်ကြပါကုန်လော့....။

သော်တာဆွေ



# အရိယာနှင့်အရက်

"ဒီမှာ မောင်သော်တာဆွေရဲ့ ..."

ကျွန်တော်သည် ဖန်ခွက်ကို နှုတ်ခမ်းမှ ချွတ်လိုက်ကာ ...

"ခင်ညာ ..."

သောက်ရင်း အရှိန်ရလာသည့်ဦးကြွက်သိုးက စကားစ၏။

"အရိယာများ အရက်ကို ရေဖြစ်သတဲ့ကွဲ့ ..."

"ဟင် ... သမြောစရာကြီးနော် ... "

"မင်းတို့လို အရက်သမားအဖို့တော့ ဟုတ်သပေါ့ကွာ ...၊ အရက်သမားတွေအဖို့တော့ ဒါမျိုး သိပ်ကြီးကျယ်တာကွ၊ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ့ရင် တကယ့်ရဟန္တာပဲဆိုပြီး အကြီးအကျယ် ဆည်းကပ်ကိုးကွယ်ကြတော့တာကွ"

ကျွန်တော်က ခွက်ကျန်မော့လိုက်ပြီး ...

"နေပါဦး ... ဦးလေးကြွက်သိုးရ၊ အရက် ရေဖြစ်တယ်ဆိုတာ ဘယ်လိုတုံးဗျ ...၊ ကျွန်တော့်သဘောတော့ အရက် ရေဖြစ်အောင်လုပ်တာ လွယ်ပါတယ်၊ ကဲ ... ခု တချို့ ပြည်သူ့အရက်ဖြူဆိုင်တွေမှာဆိုရင် အရက် ရေရောလို့ ဖမ်းတာတွေတောင် သတင်းစာတွေထဲ တစ်လောက ပါလာသေးတယ်လား ... "

ဦးကြွက်သိုးသည် တံတွေး ဗျစ်ခနဲ ထွေးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အတူတူသောက်တဲ့လူချင်း ကြောင်မနေချင်စမ်းပါနဲ့ မောင်သော်တာရှရာ ...၊ ဒီအချိုးမျိုးတွေ ရိုးနေပါပြီ ... "

"သြော် ... ဦးလေးကြွက်သိုးကလည်း ကြွက်မြီးတိုရန်ကောဗျာ၊ ကျွန်တော်က သေသေချာချာ မသိလို့ဗျ၊ ကဲ ... အရိယာက အရက်ကို ဘယ်လို ရေဖြစ်သွားသလဲဗျာ ... ပြောစမ်းပါဦး၊ အရက်ပုလင်း လက်ညှိုးထိုးလိုက်ပြီး ရေဖြစ်စေလို့ဆိုလိုက်တော့ ဖြစ်သွားရောလား၊ အဲ့ ... ရေကို အရက်ဖြစ်အောင် လုပ်နိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ... လာခဲ့၊ အိမ်ဦးခန်းထားပြီး တစ်သက်လုံး ကိုးကွယ်ပြလိုက်မယ် ... "

"ဟော့ ... ဟာသဆရာ ... မင်းနောက်လုံးတွေ တော်တော့ ...၊ ငါက အကောင်းပြောမလို့ ... "

"ပြောပါ ... အရက်ကို ဘယ်နည်းဘယ်ပုံ ရေဖြစ်သလဲဆိုတာ ...၊ ကျွန်တော် ကြားဖူးတာကတော့ ... 'သောတာပန်ဆို၊ သိလိုသမှု၊ နှစ်ခုသေရည်၊ တိုက်လေပါက၊ ရေသာဝင်ထ၊ သဘာဝ' တဲ့ ... "

"ငါပြောမှာက ဒီလိုတောင်မဟုတ်ဘူး၊ သူ့ပါးစပ်ထဲ သောက်လိုက်တဲ့ အခါမှာ အရက်ရဲ့သဘောသဘာဝ ပျောက်ပြီး တကယ့်ပကတိ ရေဖြစ်သွားတာကွာ ... "

"သြော် ... အရက်ပီးတယ်ဆိုပါတော့၊ ဒါနဲ့ ရဟန္တာဖြစ်ရောလား..."

"ဟော့ ... ဒါကြောင့် ရဟန္တာဖြစ်တယ်ပြောတာ မဟုတ်ဘူးကွ ... " လောကီကကျွတ်ပြီး တရားရသွားပြီဆိုတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ ... အရက်တောင်ပဲ သူတို့ခံတွင်းထဲရောက်ရင် ရေဖြစ်တယ်ဆိုတာကွ ... "

"ဒီစကား ကျွန်တော်ကြားဖူးပါတယ်၊ ဒါက တင်စားပြောကြတာ ဖြစ်ပါလိမ့်မယ်၊ တကယ်တော့ ဘယ်အရိယာပုဂ္ဂိုလ်၊ ဘယ်ရဟန္တာမြတ်က အရက်သောက်ပြီး ငါ့ပါးစပ်ထဲ ရေပဲလို့ ပြောပြနေလိမ့်မှာလဲဗျာ ... "

"အေး ... မင်းပြောတာ ငါသဘောကျသဟ္ဟေ့၊ ဒါပေမဲ့ အရက်သောက်လိုက်တဲ့အခါ ရေဖြစ်သွားတဲ့ ရဟန်းတစ်ပါး ပေါ်ခဲ့ဖူးသကွ ... "

"ဘယ်လိုတုံး၊ အရက်သောက်ပြလိုက်ပြီး မရှုံ့မမဲ့ဘဲ ငါ့ပါးစပ်ထဲ ရေပဲလို့ ပြောပြတာလား၊ ဒါကတော့ သူ လူဝတ်မှာတုန်းက အရက်ပြင်းပြင်း



တွေသောက်နေကျ ယစ်ထုပ်ကြီးမျိုး ဖြစ်နိုင်တာပေါ့ဗျာ ... "

"မင်းပြောတာ ဟုတ်ပါတယ်၊ ငါလည်း အရက်သမားပဲ၊ သဘောပေါက်ပါတယ်။ ငါ အခုပြောမှာက အဲသည်လိုကို မဟုတ်ဘူးကွ ... "

"ဆို ... "

"သူ့ကပ္ပိယနဲ့ ခရီးသွားကြရင်း လမ်းမှာ ...၊ အဲ ... ပြောထားရဦးမယ်၊ သူ့ကပ္ပိယက အရက်ပုန်း၊ ခွက်ပုန်းသမားကွ။ သူ့မှာ ထမင်းစားခါနီး သောက်ဖို့ အိတ်ဆောင်လေးက အမြဲပါတယ်၊ အဲဒါ လမ်းမှာ နွားလှည်းပေါ်မှာ တွာ လွယ်အိတ်ထဲ ဒီပုလင်းသွားတွေ့တော့ လှည်းနောက်က လမ်းလျှောက်လိုက်လာတဲ့ ကပ္ပိယကို... ဟဲ့ ... ဒကာ ... ဒါ ဘာပုလင်းလဲလို့မေးတယ်။ ဒီတော့ ရေပုလင်းပါဘုရားလို့ လျှောက်ရသပေါ့။ အဲသည်အခါ ဘုန်းကြီးက ဟယ်... ငါ ရေဆာနေတာနဲ့ အဆင်သင့်ပဲကွာဆိုပြီး ကောက်မော့တော့ ကပ္ပိယက ပျာပျာသလဲနဲ့ ဒီရေမသန့်ပါဘူး ဘုရား၊ တပည့်တော် သောက်လက်စကြီးပါ ဘုရား၊ ဒီပြင် ရေသန့်သန့် ကပ်ပါ့မယ်ဘုရားလို့ လှည်းပေါ်ပြေးခုန်တက်ရင်း ပြောပေမဲ့ မရတော့ ဘုန်းကြီးက ပုလင်းတစ်ဝက် မော့ပြီးနေပြီ။ အဲသည်တော့ ကပ္ပိယကြီးက အဲ ... တစ်ခါဖြင့် ဒုက္ခပဲလို့ ပြူးပြူးပျာပျာ ဖြစ်နေတယ်၊ ဒီတော့ ဘုန်းကြီးက ... ဟဲ့ ... ဒကာရယ် ခရီးသွားရင်း လမ်းမှာပဲ ကိစ္စမရှိပါဘူးကွယ် ...၊ မင်း သောက်လက်စကောပါက ငါ့ဟာငါ ယူသောက်တာပဲ၊ မင်းမှာ အပြစ် မဖြစ်နိုင်ပါဘူး။ ရော့ ... ရော့ ဒီမှာ ကျန်ပါသေးတယ်။ မင်းဆာလည်း သောက်လိုက်၊ နေကလည်း ပူသနဲ့ကွယ် ... လို့ဆိုတော့ ကပ္ပိယကလည်း အံ့အားသင့်ပြီး ကြောင်အမ်းအမ်းနဲ့ ဘုန်းကြီးပေးတာ ယူသောက်လိုက်တော့ ... လား ... လား အဲ ကျန်တဲ့အရက်ပါ ရေဖြစ်နေသတဲ့ မောင်ရေ ... "

ဒီတော့မှ ကျွန်တော် စိတ်ဝင်စားကာ ...

"ဒါတော့ ဆန်းသဗျို့ ...၊ အံ့ဩစရာပဲ၊ ဒီဘုန်းကြီးကို လူတွေက ရဟန္တာလို့ မပြောကြဘူးလား ... "

"ဟာ ... ပြောရုံဘယ်ကမလဲ ... အဲဒီစကား ကပ္ပိယဆီက တစ်ဆင့် ကြားပြီးကတည်းက တစ်ဆင့်တစ်ဆင့်ပွားပြီး အနယ်နယ်အရပ်ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ဖူးမျှော်ရအောင်၊ ဒီကိုယ်တော့်ကမ္မဋ္ဌာန်းနည်း ကျင့်ရအောင် လာလိုကြတဲ့လူတွေကွာ မပြောပါနဲ့တော့၊ အဲဒီဘုန်းကြီးကလည်း ကမ္မဋ္ဌာန်းနည်းပြဆရာကိုးကွ ... "

"အဲ ... အဲ ဟုတ်ပြီ ... ဘာနည်းလဲဗျ၊ ဇွန်းလွန်းရှုရှိုက်နည်းလား၊ မဟာစည် ပိန်ဖောင်းနည်းလား ... "

"အဲဒါတွေကတော့ ငါမသိဘူးကွ ... "

"နို့ ... အဲဒီကိုယ်တော်ပေါ်တာ ဘယ်လောက်ကြာပြီလဲ ... "

"ကြာပြီကွာ ... ငါ ... အဲဒီတုန်းက ခပ်ငယ်ငယ်ရှိသေးတာပဲ၊ မင်း... အဲဒီကိုယ်တော်အကြောင်းရေးရင် ကောင်းမယ်ကွာ ... "

"အာ ... ဖြစ်မလားဗျ၊ ကျွန်တော်က ကာလပေါ်ဝတ္ထုရေးသမားပဲ၊ ထေရုပ္ပတ္တိသွားကိုင်လို့ ဘယ်နိုင်ပါ့မလဲ၊ ဒါမျိုးက ပါဠိလေးဘာလေးပါမှ၊ ကျွန်တော်က ပါဠိဆို နည်းနည်းမှ မတတ်တာဘဲ ... "

"မလိုပါဘူးကွ၊ အဲဒီကိုယ်တော်ကလည်း ပါဠိမတတ်ဘူး"

"အောင်မာ ကမ္မဋ္ဌာန်းပြဆရာဘုန်းကြီး ပါဠိမတတ်ဘူးဆိုတော့ ... ဖြစ်မလားဗျ ... "

"မင်း ... ဇွန်းလွန်းဆရာတော် အတ္ထုပ္ပတ္တိ မဖတ်ဖူးဘူးလား၊ အဲဒီဆရာတော်ကြီးဟာ စာတစ်လုံးမှမတတ်ဘူး၊ အခု ရဟန္တာလို့ အများပြောနေကြတဲ့ သဲအင်းဂူဆရာတော်ဘုရားကော စာပြမိုလ်ကြီးတဲ့ခင်ဗျ၊ အသက် ၄၆ နှစ်ကျမှ တရားရပြီး အားထုတ်တာတဲ့ ... "

"ကဲ ... ခင်ဗျား ခုနပြောတဲ့ အရက်ရေဖြစ်တဲ့ ကိုယ်တော်ကော ... "

"သူလည်း ငယ်ဖြူမဟုတ်ဘူး၊ လူ့ဘဝမှာ တော်တော်ဆိုးဆိုးတေတေနေခဲ့ပြီး အသက် ၅၀ လောက်မှာ သင်္ကန်းဝတ်တာပဲ၊ စာလည်း သိပ်မတတ်ဘူး။ မူလတန်းလောက်ပဲ၊ ပါဠိဆိုဝေးလို့၊ အဲ ... အင်္ဂလိပ်လိုတော့ စီအေတီကက် လောက်ပဲတတ်တယ်၊ ဒါပေမဲ့ လူကတော့ လူစုံပဲ ... "

ကျွန်တော် နည်းနည်းသဘောတွေ့သွားကာ ...

"အဲ ... လူစုံဟုတ်ပြီ၊ နို့ပြီး အရပ်ကော သူများထက် ခေါင်းတစ်လုံးမြင့်လား ... "



ဤနေရာ၌ ဦးကြွက်သိုးသည် စူးစမ်းသောမျက်လုံးဖြင့် ကျွန်တော့်ကို ကြည့်ကာ ...

"မင်းက ဒါကို ဘာပြုလို့မေးတာလဲ ... "

"ဘာဖြစ်လို့ မေးမေးဗျာ ပြောစမ်းပါ ... "

"မင်းက ဒီကိုယ်တော်များ သိနေလားလို့ ...၊ မြင့်သကွ၊ မြင့်လို့ပဲ ပွဲထဲ ခဏခဏ အရိုက်ခံရတာ ... "

"ဘာလို့ အရိုက်ခံရတာလဲ ... "

"ဟာ ... သူများထက်အရပ်မြင့်တော့ ရှေ့က သူ့ခေါင်းကကွယ်ကွယ်နေလို့ ပွဲကြည့်တဲ့လူချင်း ရိုက်ကြတာပေါ့ကွ၊ ရိုက်ရုံတင်မဟုတ်ဘူး၊ ခဲပေါက်၊ ခွက်တွေလည်း ခံရသေးတယ် ... "

"ဒါဖြင့် သူ့ခေါင်း အနာရွတ်ချည်းနေမှာပဲ၊ ဒါဟာ ဘဝမှာ နာကြည်းစရာဒဏ်ချက်တွေပဲ၊ အဲ ... ဟုတ်ပြီ၊ လူကလည်း လူစုံ၊ အရပ်ကလည်း သူများထက် ခေါင်းတစ်လုံးမြင့်တယ် ... "

ကျွန်တော်သည် ဆရာကြီးရွှေဥဒေါင်း ရေးသားသည်များ မှတ်သားထားရှိ "ဒါကြောင့် ထူးချွန်တာကိုးဗျ၊ ဒီလိုလူမျိုးအကြောင်းတော့ ရေးချင်သားဗျာ၊ ဦးလေးကြွက်က သူ့အကြောင်း တော်တော်သိလား ... "

"ဟာ ... ငါတို့အရပ်ထဲကပဲကွ၊ ငါ အကုန်သိတာပေါ့ ... "

"ဒါဖြင့် ပြောဗျာ ... "

"သူ့မိဘမျိုးရိုးက အဲဒီခေတ်က ကျေးရွာလယ်ပိုင်ရှင်များကွ၊ လူချမ်းသာတွေပေါ့ကွယ်၊ ပထမ ရွာဘုန်းကြီးကျောင်းမှာပဲထားတယ်၊ နောက်တော့ သူတို့ငွေချေးတဲ့ ချစ်တီးတိုက်က မြှောက်ပေးတာနဲ့ မြို့ပေါ် အင်္ဂလိပ်ကျောင်းသွားထားတယ်၊ ဒီတော့ ရွာနဲ့မြို့က ၅ မိုင်တောင်ဝေးနေတာမို့ အဲသည်ခေတ်က ကျေးရွာလယ်ပိုင်ရှင်တွေရဲ့ ထုံးစံအတိုင်း ချစ်တီးဆီကငွေယူပြီး နွားလှည်းဆိုက ရလေးစက်ဘီး ဝယ်ပေးတယ်၊ ရလေးဘွတ်ခြေနင်းနဲ့ မော်ဒယ်ပေးတယ်၊ အယ်လ်ဂျင်နာရီ ဝယ်ပေးတယ်"

"အောင်မယ် ... အကောင်းစားချည်းပါလားဗျ ... "ကျွန်တော်က ထောက်သည်။

www.burmeseclassic.com



"ဒါနဲ့ ဆော်စာဆိုတာက ဘာလဲဗျ ... "

"မြေအိတ်ကို သူတို့ တောခေါ် ခေါ်တာကွ ... "

"အဲ ... သူ့ငယ်နာမည်၊ လူနာမည်နဲ့ ရဟန်းဘွဲ့တော်လည်း ပြောထားဦးဗျ။ ဖြစ်နိုင်ရင် သူ့မွေးသက္ကရာဇ် ... ခု၊ နှစ်၊ လ၊ နေ့။ ဘာလဲဆိုတော့ ဒီလို အရိယာဖြစ်သွားတဲ့ပုဂ္ဂိုလ်မျိုး သူ့အတ္တုပ္ပတ္တိရေးတဲ့အခါမှာ ဖွဲ့ရထည့်ရတာမျိုးဗျ ... "

"သူ့ ခု၊ နှစ်၊ လတော့ ငါမသိဘူးပေါ့ကွာ။ မင်းလိုချင်ရင် နောက်တော့ သူ့ဆွေမျိုးတွေကို မေးကြည့်ပေါ့၊ အဲ ... သူ့မွေးနေ့ကတော့ ကြာသပတေး ဖြစ်လိမ့်မယ်ကွ၊ ဘာကြောင့်လဲဆို သူ့ရဟန်းဘွဲ့တော်က ဦးပညာ၊ လူအမည်က ကိုမြင့်ဦး။ ဒါပေမဲ့ သူ မြို့ပေါ်ရောက်သွားတော့ အင်္ဂလိပ်ကျောင်းသားတွေက တောကြီး တောကြီးလို့ ခေါ်ကြသကွ ... "

"ဒါပေါ့ဗျာ၊ မြို့သားတွေက တောသားမြို့တက်လာရင် နှိမ်ချင်ကြတာပဲဗျ၊ ဒါနဲ့ သူ အဲဒီအင်္ဂလိပ်ကျောင်းမှာ ဘယ်နှတန်းအထိ သင်ကြားတတ်မြောက်သလဲ ... "

"အဲဒါတော့ သူ့ကိုယ်သူပဲ အမှန်ကိုသိမယ်ကွ၊ သူ့မိဘများလည်း မသိဘူး၊ သူ့အပြောကတော့ ၇ တန်းဆိုလို့ သူ့မိဘများက ၇ တန်းအထိ စာအုပ်ဖိုးတွေ ပေးနေခဲ့ရတာပဲ။ ဒါပေမဲ့ ... သူဟာ စီအေတီ ကက်... ကြောင် အာရ်အေတီ ရက်... ကြွက်၊ ဘီအေတီ ဘက် လင်းနို့၊ ဗလီတံ လောက်ပဲတတ်တယ် ... "

"နို့... သူ အဲဒီကျောင်းက ဘယ်အရွယ်လောက်မှ ကျောင်းထွက်သလဲ"

"ဒါလည်း သူ့ကိုယ်သူပဲသိမယ်ကွ၊ ဘာကြောင့်လဲဆို ... သူက ၁၃ နှစ်သား ရှင်လူထွက်လောက်မှာ မြို့ရောက်သွားလိုက်တာ လူပျိုပေါက်လည်းဖြစ်ကရော ကျောင်းကောင်းကောင်း သွားတော့တာမဟုတ်ဘူး၊ အိမ်ကငွေ တောင်းတာတောင် ခိုးတာခိုးနဲ့ အလေဏတော နေလိုက်တာ ၁၇ နှစ်သားလောက်မှာ ဘိန်းစွဲလို့ ကျောင်းမသွားတော့ဘဲ ဖဲပဲ လျှောက်ရိုက်နေတော့တာပဲ ... "



"အောင်မယ်လေး ... တကယ့် လူဆိုးလူပေပါလားဗျာ၊ အေးလေ... ဒါကြောင့်ပဲ အကျွတ်တရားမြန်မြန်ရတာပေါ့၊ ကဲ ... ပြောပါဦး၊ သူအိမ်ထောင် ကျသလား ... "

"ကျတာပေါ့၊ သူ့မိဘများက ဒီအတိုင်းထားမဖြစ်ဘူး၊ ခြေချုပ်ရအောင် အိမ်ထောင်ချမှပဲဆိုပြီး တခြားရွာက သူတို့စိတ်ကြိုက် သူငယ်မတစ်ယောက်နဲ့ ပေးစားလိုက်တယ် ... "

"ဒီတော့ သူ ကောင်းသွားရောလား"

"ကောင်းတာတော့ မပြောနဲ့၊ သူ့မိန်းမလည်း ဘိန်းစွဲပြီး သူနဲ့အတူ ဖဲလိုက်ရိုက်တော့တာပဲ"

"ဟယ် ... "

"ဒါနဲ့ နှစ်ဘက်မိဘက လက်ဖွဲ့လိုက်တဲ့ အတွင်းပစ္စည်းတွေကုန်ပြီး ဆယ်ကို ချစ်တီးဆီ ပေါင်တဲ့အဖြစ် ရောက်လာတော့တယ်။ ဒါပေမဲ့ မလျှော့ဘူး၊ သူတို့လင်မယားဟာ စိတ်တူသဘောတူ လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက် ဆိုတဲ့စကားအရ ဖဲပဲဆက်ရိုက်တယ်၊ ညဏ်သမားရှာပေါင်းတယ်၊ နောက်ဆုံးမှာ အောက်လမ်းဆရာနဲ့တွေ့ပြီး ဖဲရိုက်တဲ့အခါမှာ ခေါ်ဖဲ ရဖို့ သရဲမွေးသကွ ... "

"ဟင် ... ဒါမျိုး ဖြစ်နိုင်သလားဗျာ ... "

"ဖြစ်နိုင် မဖြစ်နိုင် မင်းနားထောင်...၊ ငါပြောပြမယ်။ ငါ သူတို့အဖြစ်ကို ကောင်းကောင်းကြီး မှတ်မိခဲ့တယ်၊ သူတို့လင်မယား အသက် ၃၀ ကျော်လောက်မှာ ငါက ၁၀ နှစ်သားလောက်ရှိပြီ။ သူတို့ သရဲမွေးဖို့အလုပ်က လွယ်ဘူး။ အစိမ်းသေရမယ်... နို့ပြီး အသက် မထွက်ခင်မှာ အလောင်းအောက် ဆေးစီရင်တဲ့ပစ္စည်းထားနိုင်အောင် ကိုယ်နဲ့ရင်းနှီးတဲ့ မသာလည်း ဖြစ်ရမယ်"

"အင်း ... တယ်မလွယ်ပါလား"

"ဟုတ်တယ်၊ ဒါပေမဲ့ သူတို့ကုသိုလ်ပဲ၊ အကြောင်းတိုက်ဆိုင်လာတယ်။ အဲဒီဆရာနဲ့ ဒါမျိုးရှာနေစဉ်အတွင်းမှာပဲ သူ့သူငယ်ချင်း သူနဲ့ ဖဲရိုက်ဘက် ဖိုးကျော်ဆိုတဲ့လူဟာ သစ်ပင်ပေါ်က လိမ့်ကျပြီး အိမ်မှာ ၃ ရက်လောက်

www.burmeseclassic.com

www.burmeseclassic.com



ခံနေတယ်။ ဒီအတွင်းမှာ တောကြီး ခေါ်တဲ့ ကိုမြင့်ဦးဟာ သူငယ်ချင်းပြုံ့ စု သယောင်နဲ့ ဆရာဆေးစီရင်ပေးတဲ့ အင်းရယ်၊ ဖဲထုပ်ရယ်၊ ပိုက်ဆံကြိုးရယ်၊ လက်တိုင်ပဝါနဲ့ စုထုပ်ပြီး အသက်ငင်နေတဲ့ ဖိုးကျော်ရဲ့ကိုယ်အောက်မှာ ထားခဲ့တယ်။ နောက် အသက်ထွက်ပြီးတဲ့အခါမှာ ပြန်ယူထားလိုက်တယ်..."

"အဲ — အလောင်းမြေမြှုပ်ပြီးတဲ့နေ့ ညကျတော့ ခုန ဆေးစီရင်ထားတဲ့ အင်းရယ်၊ ပိုက်ဆံကြိုးရယ်၊ သချိုင်းကုန်းယူသွားပြီး မြေမြှုပ်ထားတဲ့ အလောင်းခေါင်းမှာ ပိုက်ဆံကြိုးနဲ့ လည်ပင်းချည်ဟန်ပြုပြီး (မင်းကို ငါပိုင်ပြီ၊ ငါခေါ်ရာလိုက်ခဲ့၊ ငါခိုင်းတာလုပ်၊ ငါ့အကျိုးဆောင်ရမယ်) လို့ အမိန့်ထုတ်ပြီး ဆွဲခေါ်ခဲ့တော့ ... ဟော့ နောက်က မည်းမည်းကြီး လိုက်လာသတဲ့ကွာ"

"ဟင် ... ဒါဖြင့် သူတို့အကြံအောင်တာပေါ့နော်"

"မအောင်ဘူးကွ၊ အဖြစ်က သူတို့အလုပ်မှာ သရဲကိုတော့ ပါအောင် ခေါ်နိုင်တယ်၊ ဒါပေမဲ့ သရဲကို မနိုင်ဘူး။ အဲဒီနောက် သူတို့အဆောင်တွေနဲ့ ဖဲသွားရိုက်တာ... ရှုံးတာချည်းပဲ။ နောက်ဆုံးမှာ အဲဒီသရဲဖိုးကျော်ဟာ သူတို့ အိမ်နံဘေးက အပျိုလေးတစ်ယောက်ကို ဝင်ပူးပြောတယ် ... (ဟော့ သူငယ်ချင်း မြင့်ဦး ... မင်းဟာ ငါ့အပေါ် လုပ်ရက်တယ်ကွာ ... ဒါပေမဲ့ မင်းဆရာက ငါ့ဘဝကို မကျွတ်အောင်ချည်နှောင်ပေမဲ့ ငါ့သဘောကို မနိုင်ပါဘူးကွာ၊ ကြည့် ... မင်း ဖဲရိုက်သမျှ ကိုးခေါ်ရင် ငါက ဘူကျအောင်ချည်း လုပ်ပေးတယ် မဟုတ်လား၊ မင်းရှုံးတာတွေ ပြန်မရတဲ့အပြင် ရှိတာတွေကုန်ရစေမယ်) လို့ ပြောသတဲ့ကွာ"

"ဟင် ... ဒီလိုတောင် ပြောနိုင်သလား"

"ပြောနိုင်တာပေါ့ကွ ... သူတို့အောက်လမ်းဆရာ အစီအမံက ညံ့တာ မှမဟုတ်ဘဲ။ ဖိုးကျော်ဟာသေပေမဲ့ သူ့ဘဝက မကျွတ်သေးဘူး၊ သူ့ဝိညာဉ်နဲ့ သူ့စိတ်ဟာ ဒီပတ်ဝန်းကျင်မှာပဲ ရှိနေသေးတာကိုးကွ။ သရဲဖိုးကျော်ဟာ ဘယ်အထိ ပြောနိုင်သလဲဆိုရင်... အဲဒီကောင်မလေး ဝင်ပူးပြီး ... 'ကျုပ်အမေကို ခေါ်ပေးပါ' ဆိုလို့ ခေါ်ပေးတော့ရင် သူ့အမေကိုလေ ... သူ့ဘယ်ပစ္စည်းက ဘယ်နေရာမှာထားတယ်၊ ဘယ်သူ့ဆီမှာ သူက ကြွေးဘယ်လောက် ရစရာရှိတယ်၊ ဘယ်သူ့ကိုဖြင့် ဘယ်လောက်



ပေးစရာရှိတယ် ... အမေ အဲဒါတွေ ရှင်းလိုက်ပါဆိုတော့ အဲဒီ သူပြောတာတွေဟာ အကုန်မှန်သတဲ့ကွ၊ အဲ ... ကိုမြင့်ဦးတို့လင်မယားကိုတော့ သူနေတိုင်း ခြိမ်းပဲနေတော့ ... ကိုမြင့်ဦးအိမ်မှာပဲ နေရတာကိုးကွ။ ညညကျရင် ပန်းကန်တွေခွဲပစ်၊ ကြောင်အိမ်လှဲပစ်နဲ့ တဝုန်းဝုန်း တဒိုင်းဒိုင်းနေတာပဲ။ ကြာတော့ အရပ်ကလည်းဝိုင်းပြောကြနဲ့ ကိုမြင့်ဦးတို့လင်မယား အလျှော့ပေးပြီး သူတို့ဆရာရဲ့ အစီအမံနဲ့ပဲ သရဲကို တောင်းပန်ပြီး လွှတ်ပစ်လိုက်ရတော့တယ်"

"အင်း ... မယုံနိုင်စရာဘဲနော်"

ကျွန်တော်က စကားထောက်မိရာ ဦးကြွက်သိုးက မျက်ထောင့်နီကြီးနှင့်ကြည့်ရင်း ...

"ဘာလဲ၊ ဒါမျိုးယုံရင် ခေတ်နောက်ကျပြီ၊ ရုပ်ဝါဒသာရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် အတင်းညာနေရတဲ့ လက်ဝဲသမားဆိုတာတွေကတော့ မယုံဘူးလို့ ငြင်းရမှာပေါ့ကွ၊ ဘာလဲ ... မင်းကကော ဘယ်လိုတုံး"

"ယုံပါတယ်ဗျာ၊ ကဲ ... ကိုမြင့်ဦးတို့အကြောင်း ဆက်ပြောပါဦး"

"သူတို့လင်မယားဟာ အဲဒီကစပြီး စိတ်ပြောင်းသွားကြသကွ၊ ဘိန်းဖြတ်တယ်၊ ဖဲရိုက်ရပ်တယ်၊ အောက်လမ်းပယ်ပြီး အထက်ဂိုဏ်းဆိုတာ လိုက်ကြပြန်တယ်"

"အဲဒီလိုဆိုတော့ အကောင်းဘက်ရောက် သွားတာပေါ့နော်"

"မထူးပါဘူးကွာ၊ အောက်လမ်းဆရာနဲ့ အထက်လမ်းဆရာ ဆိုတာက ထမီခြုံတာနဲ့ ပိတ်ဖြူဝတ်တာသာ ခြားတာပါ။ ပစ္စည်းဥစ္စာရဖို့၊ တန်ခိုးအာဏာရှိဖို့ လုပ်နေကြတဲ့ လောဘသမားတွေချည်းပါပဲ၊ အဲ ... အထက်ဂိုဏ်းဆိုတာက သာပြီး အလိမ်အညာပေါသေးတယ် မောင်။ အဲဒီ ကိုမြင့်ဦးတို့ လင်မယားဟာ ရွှေဖြစ်တယ်ဆိုတဲ့ ဝဇ္ဇာသိဒ္ဓိဂိုဏ်းနဲ့ပေါင်းမိတာ မင်းလှူ ထောင်ကျသွားပါရောလား"

"ဟာ ... ဒီကိုယ်တော်က ထောင်ကျသွားဖူးသေးတယ်၊ အင်း — ဒါလောက်တောင် စုံပေတာကိုး၊ ဘယ်လိုပြစ်မှုနဲ့ ကျတာလဲဗျာ"

"အဲဒီ ဝဇ္ဇာသိဒ္ဓိဂိုဏ်းက ရွှေလိမ်ဂိုဏ်းကိုးကွ၊ ဒီအချိန်မှာ ကိုမြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com



**တို့လင်မယား**မှာက လိမ်ယူစရာပစ္စည်းဥစ္စာက သိပ်မရှိတော့ဘူးဖြစ်လေတော့ **သူတို့နဲ့**ပတ်သက်တဲ့ ဆွေမျိုးထဲကဆိုပါတော့ကွာ ... လူချမ်းသာတစ်ဦးလိမ်မိတာ ... အဲဒီလူက လူ့ပါးလားကွ၊ ကိုမြင့်ဦးတို့လင်မယား လမ်းမှားနေကြောင်း သိရအောင် အကွက်ဆင် ဖမ်းလိုက်တာ ... တစ်ဂိုဏ်းလုံးပေါ်သွားတော့ ကိုမြင့်ဦးပါ ကြံရာပါဖြစ်ပြီး ရောပါသွားတာပေါ့ကွာ ... "

"ဟင် ... ဘယ်နနှစ်ကျသွားလဲ"

"အဲဒါတော့ ငါမမှတ်မိဘူးကွ၊ မင်း အတိအကျသိချင်ရင် သူတို့ ဆွေမျိုးတွေထဲ စုံစမ်းပေါ့ကွာ၊ အဲ ... သူထောင်ကလွတ်လာတော့ သူ့ဇနီးက သေရှာပြီ ... အဲဒီမှာ မင့်လူ အကျွတ်တရားရပြီး သင်္ကန်းဆီး၊ သာသနာ့ဘောင်ဝင်တော့တာပဲ"

"အင်း ... ကျွတ်ထိုက်ပြီကိုးဗျ"

ကျွန်တော်က သာဓုအနုမောဒနာ ပြုမိပါသည်။

"ဘယ်ကျောင်းမှာ သီတင်းသုံးသလဲ ... "

"ပထမတော့ ရွာကကျောင်းမှာပဲကွ၊ နောက်တော့ ပဒင်းပင်တောရ ဆရာတော်ဆီမှာ သွားပြီး ကမ္မဋ္ဌာန်းထိုင်တယ်။ သုံးနှစ်လောက်တော့ တို့ရွာက ဘုန်းကြီး ပျံတော်မူတယ်၊ သည်တော့ သူဟာ ကမ္မဋ္ဌာန်းလည်း တော်တော် ပေါက်ပြီ။ ပဒင်းပင် ဆရာတော်ဘုရားကြီးရဲ့ လက်ထောက်ကမ္မဋ္ဌာန်းနည်းပြ ဆရာဖြစ်နေပြီ ...။ အဲဒီအခါမှာ ရွာကလူတွေက သူ့သွားပင့်ပြီး ရွာကျောင်းမှာ ကျောင်းထိုင်စေတယ်။ ကမ္မဋ္ဌာန်းဆရာ ဦးပညာဆိုတဲ့နာမည်လည်း တော်တော်ကြီးလာတယ်။ အပြောအဟောကလည်း ကောင်းတယ်၊ လူကြည်ညို အင်မတန်များတယ်၊ တချို့ မြို့ပေါ်ကလူတွေပါ လာလာပြီး သူ့ကျောင်းမှာ ဥပုသ်စောင့်ကြတယ်၊ ကမ္မဋ္ဌာန်းထိုင်ကြတယ်။ ဒီတော့ ... ကျောင်းမှာ စားကောင်းသောက်ဖွယ်တွေက အလွန်ပေါကိုးကွ ... အဲဒီတော့ကာ သူနဲ့ ဟို တုန်းက ဆိုးဘော်တေဘက်ဖြစ်တဲ့ သာဖြန် ဆိုတဲ့ကောင်က ကျောင်း လာပြီး ကပ္ပိယလုပ်တယ်။ အဲဒါ... ငါ အစကပြောခဲ့တဲ့ ကပ္ပိယ အရက်ခွက် ပုန်းသမား ဆိုတာပေါ့ကွ ... "

"အင်း ... အင်း ... ကြောင်းကျိုးဆင်ခြင်လိုက်တော့ သူလည်း



တစ်နည်းအားဖြင့် ပါရမီဖြည့်ဘက်ပေါ့ဗျာ။ ဘာကြောင့်လဲဆိုရင်... ဒီကိုယ်တော်ဟာ သူ့ကြောင့်ပဲ အရိယာပုဂ္ဂိုလ် ရဟန္တာဖြစ်နေပြီဆိုတာ လူအများ သိလာရတာကိုးဗျ၊ အဲဒီနေ့က ဖြစ်ပုံလေး ပြန်ပြောပါဦးဗျာ... ဒီကိုယ်တော် အကြောင်းရေးရင် အဲဒီနေရာလေး အသားပေးရေးရမှာပဲဗျ... "

"အဲဒီနေ့က မနက်ပိုင်းမှာ ရွာတစ်ရွာကပင့်တဲ့ အလှူတစ်ခုကို သွားကြတာကိုးကွ၊ နွားလှည်းနဲ့ သျှောင်ပေစူးနဲ့ကျောင်းသားလေးက လှည်းမောင်းလို့၊ ဘုန်းကြီးက ကက်အိမ်ထဲ ကောက်ရိုးခံတဲ့ကော်ဇောပေါ်မှာ ထီးကြီးဆောင်း ထိုင်လို့၊ အဲ ... ကပ္ပိယ သာဖြန်ကတော့ ရွာကမထွက်မီ နည်းနည်းမော့လာတော့ သူ့ပါးစပ်ကနံမှာစိုးလို့ နေမှာပေါ့လေ... လှည်း နောက်က ခြေကျင်လျှောက်လိုက်ခဲ့တယ်။ ဒီလိုနဲ့ နေတော်တော်မြင့်ပြီး ပူလာတော့ ဘုန်းကြီးက ရေဆာလာတာနဲ့ လှည်းမောင်းတဲ့ကျောင်းသားလေး ကို 'ဟဲ့ ... ငါ ရေသောက်ချင်လိုက်တာဟယ်၊ ဒီအနီးအနား ရေများမရှိ ဘူးလား' ပေါ့၊ ဒီတော့ ကျောင်းသားလေးက 'ဘကြီးသာဖြန် လွယ်အိတ်ထဲမှာ တော့ ပုလင်းတစ်လုံးမြင်တာပဲ ... 'ပြန်လျှောက်တယ်၊ လွတ်အိတ်ကလည်း လှည်းကက်အိမ်နံရံတိုင်မှာ ချိတ်လျက်သားလေး၊ ဒီတော့ ... ဘုန်းကြီးက ကပ္ပိယဆီလှမ်းပြီး 'ဟဲ့ ... ဒကာ၊ ဒါဘာပုလင်းလဲ' လို့မေး၊ 'ရေပုလင်းပါ ဘုရာ့' လို့ပြန်လျှောက်ရ၊ ဒီတော့ ... ဘုန်းကြီးက ကျောင်းသားလေးကို 'ဟဲ့ ... ငါ့ကပ်စမ်း' ဆိုပြီး အမော့၊ ကပ္ပိယကြီး ပျာပျာသလဲနဲ့ 'ဒီရေ — မသန့်ပါဘူးဘုရား၊ တပည့်တော် သောက်လက်စကြီးပါဘုရား၊ ဒိပြင် ရေသန့်သန့်ကပ်ပါ့မယ် ဘုရား' လို့ လှည်းပေါ်ပြေးခုန်တက်ရင်း ပြောပေမဲ့ မရတော့ဘူး၊ ဘုန်းကြီးက ပုလင်းတစ်ဝက် မော့ပြီးနေပြီ။ သည်တော့ ကပ္ပိယကြီးက အဲ ... တစ်ခါဖြင့် ဒုက္ခတော့ရောက်ပဟဲ့လို့ ပြူးပြူးပျာပျာ ဖြစ်နေတယ်၊ ဒီတော့ ... ဘုန်းကြီးက 'ဟဲ့ ဒကာရယ်၊ ခရီးသွားရင်းလမ်းမှာ ထိစွမရှိပါဘူးကွယ်၊ မင်း သောက်လက်စကော၊ ငါ့သဘောနဲ့ ငါသောက်တာ မင်းမှာ အပြစ် မရှိနိုင်ပါဘူး၊ ရော့... ရော့ ... ဒီမှာ ကျန်ပါသေးတယ်၊ မင်း ဆာလည်းသောက်လိုက်ဦး။ နေကလည်း ပူသနဲ့ကွယ်' လို့ ဘုန်းကြီးက ဘာမျှ ဣန္ဒြေမပျက်ဘဲဆိုတော့ ကပ္ပိယလည်း အံ့အားသင့်ပြီး ကြောင်တ

www.burmeseclassic.com



ကန်းနဲ့ ဘုန်းကြီးပေးတဲ့ ပုလင်းလက်ကျန် ယူမော့လိုက်တော့ လားလား... ရေပကတိ ဖြစ်နေရောဟေ့ ... ဒါပဲကွ။

"အဲဒီမှာ သာဖြန့်ဟာ ရှာပြန်အရောက် သူ့အပြစ်သူဝန်ခံပြီး ... သူ့ ဆရာတော်ဘုရား သိဒ္ဓိတင်လေတော့ နဂိုကလည်း ကမ္မဋ္ဌာန်းဆရာတော် အဖြစ်နဲ့ နာမည်ကြီးနေတာလားကွ၊ 'အရိယာများ အရက်ရေဖြစ်တယ်' ဆိုတဲ့ စကားအရ ဒီကိုယ်တော်ဦးပညာဖြင့် ရဟန္တာဖြစ်သွားပြီဆိုတာ တစ်ခါတည်း ဝေးနီးပတ်လည်ပျံ့နှံ့သွားတော့ လာလိုက်ကြတာ ... လာလိုက်ကြတာ... ရဟန္တာဖူးရအောင် တောရွာတွေကရော၊ မြို့တွေကရော နွားလှည်းတွေ၊ မြင်းရထားတွေ၊ မော်တော်ကားတွေ အဲဒီမှာ တို့စခန်းသာရွာသားတွေ ပွကြတာ ပေါ့ကွ"

"ဘယ်လိုပွကြတာလဲဗျ ..."

"ဒီလို ... လူအလာများကြတော့ တို့ရွာသားတွေ ထမင်းဆိုင်တွေ၊ ထော်စော်ရှည်ဆိုင်တွေ၊ ခေါက်ဆွဲဆိုင်တွေ၊ အကြော်ဆိုင်တွေ၊ မုန့်ဟင်းခါး ဆိုင်တွေ တွေ့ ဆေးသောက်ဆိုင်တွေ ဖွင့်ကြတာကိုးကွ၊ ရွာကဘုရားလူကြီး တွေ၊ ဥပုသ်သည်တွေကလည်း တစ်စခန်းပေါ့။ ကျောင်းမှာလျှပ်စစ်မီးသွယ်ဖို့၊ မွေးနေ့ကြီးသဘက်ဖို့၊ ကမ္မဋ္ဌာန်းကျောင်းတွေတိုးချဲ့ဖို့၊ စေတီကြီးတစ်ဆူတည် ဖို့၊ ဘုရားရှေ့ချိုဆိုတဲ့ အလှူခံသေတ္တာတွေ၊ ကြေးစည်တွေ တနောင်နောင် နဲ့ပေါ့ကွာ ...၊ များများလှူချင်တဲ့ လူတွေအတွက်ဆိုရင် လက်ခံဖြတ်ပိုင်းပေး ဖို့ စာအုပ်တွေနဲ့၊ ဟာ ... အဲဒီမှာ လာလိုက်ကြတဲ့လူတွေ၊ လှူလိုက်ကြတဲ့ ငွေတွေ သောက်သောက်လဲလို့ကွာ ... တချို့များ ဦးပညာရဲ့ ချီးရေ၊ ဆေးရေ တောင် ယူသောက်ကြသတဲ့"

ဤတွင် ကျွန်တော်ကဖြတ်၍ ...

"ထို့ ... ဒါဘာဆိုင်သလဲဗျာ ...၊ မြတ်စွာဘုရားလက်ထက်က ဘုရားကို အလွန်ကြည်ညိုနေတဲ့ ရဟန်းကြီးတစ်ပါးကို မြတ်စွာဘုရားက ဟဲ့ ... ရဟန်းကြီး၊ ငါ့ကို ကြည်ညိုနေရုံနဲ့ သင့်မှာအကျိုးမရှိဘူး၊ ငါ့ တရားတော်အတိုင်း ငါလိုအားထုတ်မှ ကိစ္စပြီးမြောက်မယ်လို့ ဟောခဲ့ တယ်ဆိုတာလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြသားဗျ၊ ခုတော့ ဒီလို



ကိုယ်တိုင်အားထုတ်ဖို့တော့ ပင်ပန်းလို့ မကြိုးစားကြဘူး၊ အကြင်ပုဂ္ဂိုလ် တစ်ယောက် သူ့ဟာသူ ကျင့်ကြံအားထုတ်လို့ ပေါက်မြောက်သွားပြီဆိုတဲ့ အခါ အတင်းလိုက်ဖူး၊ အတင်းလိုက်လှူ၊ အရမ်းကြည်ညို၊ အရမ်းကုသိုလ် လိုချင်ကြတာကိုး။ အဲဒီလူတန်းစားဟာ တော်တော် ရယ်စရာကောင်း တယ်"

"အေး ... ဒီထက် ရယ်စရာကောင်းတာ ရှိသေးတယ်၊ မင်း... ငါပြောတာ ဆက်နားထောင်... အဲဒီလို တို့ရွာသားတွေ ကိုယ့်ဘုရားကြီး အတွက်ရော၊ သူတို့စီးပွားရေးအတွက်ရော ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်နေ တုန်းအခါမှာ သာအေးရယ်ပေါ့ကွာ၊ သူ့စိတ်ထဲမှာ အင်း ... တို့ရွာသားတွေ ငါ့ကြောင့် ကောင်းစားကြတာလို့လည်း မှတ်ချက်ချတယ်"

ကျွန်တော်ကဖြတ်၍ ...

"အိုး ... သူနဲ့ ဘာဆိုင်လို့တုံး"

"ဒီလိုကွ၊ အဲဘုန်းကြီး အလှူသွားမယ့်မနက်မှာ ကပ္ပိယသာဖြန့်ဟာ သူ့ဆီပြေးလာပြီး ... 'သူငယ်ချင်း သာအေးရာ... မင်းငါ့ကို အရက်တစ်လုံး ချေးပါဦးကွာ ...၊ ငါ ရုတ်တရက် ဘုန်းကြီးနဲ့လိုက်သွားရမှာမို့ပါ၊ မြောက်ပိုင်း က မြကျူးအိမ်သွားနေဖို့ အချိန်မရတော့ဘူးကွာ ...၊ ခုပဲ လှည်းထွက်တော့ မှာကွာ ... မြန်မြန်လုပ်ပါကွာ၊ ရော့ မင်းဈေးပိုယူပါကွာ' လို့ ကမူးရှူးထိုးနဲ့ ငွေထိုးပေးတော့ အရက်မရှိလို့ အရက်ဆာနေတဲ့ သာအေးဟာ အဆင်သင့် ဖြစ်သွားတာလားကွ၊ အိမ်ထဲဝင် ပုလင်းခွံတစ်ခုထဲရေထည့်၊ ဖော့ဆို့ပေးလိုက် တာလားကွ"

ကျွန်တော် မျက်လုံးပြူးသွားကာ ...

"ဟာဗျာ ... ခင်ဗျားကြီး ကျွန်တော်က အဟုတ်မှတ်လို့ နားထောင် နေတာ ... "

"ဟ ... ငါပြောတာတွေ အဟုတ်ချည်းပဲကွ၊ ဒါကြောင့် တို့ရွာက အင်မတန်ဉာဏ်ရှင်တဲ့ နွားပွဲစား ကိုကျော်ငြိမ်းကတောင် စာချိုးပစ်ခဲ့သေး တယ်၊ ဘယ်လိုလဲဆိုတော့ ... (ပြဒါးသေ တစ်ပြည်၊ သံသေ တစ်ချောင်၊ အရက်ညာ တစ်ရွာပွ ...၊ သာအေးကျေးဇူးကွ) တဲ့။ အဲဒီ သာအေးနဲ့ သာဖြန့်

www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်တော့ ဓာတ်သီချင်းပူးပေါင်းပြီး ဘုန်းကြီးဓာတ်ပုံတွေ ရောင်းစားတာ တော်တော်စီးပွားဖြစ်သွားတယ် မောင်ရေ ... ”

❑



## အလှ ဘယ်မှာနည်း

အလှကို ကျွန်တော်သည် ဆရာမဒေါ်ရွှေကြည်၏ ကလေးကင်ပွန်းတပ်ပွဲတွင် တွေ့ရပါသည်။

ကျွန်တော့်ရည်းစား ပျောက်လို့ရှာ . . .၊
တွေ့ရင် ပြောကြပါ။
သူ့မျက်နှာက ခင်မင်စရာ၊
မှတ်မိတာလဲ သေအချာ။
နှာခေါင်းအောက်မှာလည်း မြင်နိုင်တာ၊
ပါးစပ်မှာလည်း သွားနဲ့ပါ . . .။
ငွေတစ်ထောင် ပေးပါ့မယ်ဗျာ။
တွေ့ကြရင် လမ်းညွှန်ပါ။

အထက်ပါသီချင်းသွားနှင့် ကျွန်တော် အလှကို စတင်တွေ့မြင်ရပါသည်။

ဂျပန်ခေတ်ကဖြစ်ပါသည်။ စမ်းချောင်း အရပ်တီးဝိုင်းတစ်ခုနှင့် ကင်ပွန်းတပ်ပွဲကို ဆည့်ခံရာ ဖော်ပြပါသီချင်းတစ်ပုဒ်ကို ကြားရပါသည်။ ထိုသီချင်းမှာ ဟာသ ရသနှင့်ပြည့်စုံပါပေသည်။ ကျွန်တော်မှတ်မိသလောက် ထေးသွားမှာ အထက်ပါမျှဖြစ်သော်လည်း တစ်ပုဒ်လုံးခြုံလိုက်ပါမှ သူ့ရည်းစားမှာ မျက်လုံးနှစ်လုံးပါသည်၊ နားရွက်နှစ်ရုပ်ပါသည်၊ နှာခေါင်းနှင့်

www.burmeseclassic.com



ပေါက်ပါသည် စသည့်ပြက်လုံးများဖြင့် ကြားရသူတို့ကို ရွှင်ပြုံးရယ်မောစေပါသည်။ "မှတ်မိတာလည်းသေအချာ ပါးစပ်မှာလည်း သွားနဲ့ပါ" တေးအချိန်၌ အလှနှင့်ကျွန်တော် မျက်စိချင်းတွေ့ကြရာ အပြုံးချင်းလည်းဆုံမိသည်၌ အထူးသဖြင့် ... သူ့သွား ပုလဲလုံးလေးတွေက လှလွန်းပါသည်။ "အသားဖြူမြင်းတစ်ပြေး၊ အသားညို ကွမ်းတစ်တွေး" ဟုဆိုရာ ထိုဧည့်ခံပွဲမှာ အလှနှင့်ကျွန်တော်သည် ကြမ်းတစ်ပြေးမှာ ပန်းတစ်ပေးမျှသာ လှမ်းဝေးသဖြင့် ဖြူစင်ဝါဝင်းသော သူ့အသားမှာ မြကြောစိမ်းစိမ်း မွေးနုရှိန်းပင် မြင်နေရပါသည်။

ခါး၊ တင်၊ ရင် အတိုင်းအတာနှင့် မယ်ဘွဲ့ဝင်တို့နှင့်ယှဉ်သော် ကိုယ်လုံးကိုယ်ထည် အချိုးအစားချင်းတူညီရန် မခဲယဉ်းသော်လည်း အလှ၏အသားရောင်(ဆိုပါတော့ဗျာ) အရေပြားအလှကိုမီဖို့ကား ရှားအံ့ထင်ပါ၏။ ထိုအသားအရောင်ပိုင်ရှင်မျိုးသည် နှုတ်ခမ်းနီ၊ ပါးနီ ... မင်ရည်ဆေးတောင့် စသော 'မိတ်ကပ်' တွေ ကူညီရန်မလို၊ စိမ်းမှောင်သော မျက်ခုံးအောက်တွင် မည်းနက်သောမျက်လုံး၊ ဝါဝင်းသောပါးပြင်၊ နီထွေးသောနှုတ်ခမ်းအသွင်တို့မှာ မပြုမပြင်ဘဲ နဂိုယဉ်ပြီး၊ လှပြီး၊ ချောပြီး ဖြစ်နေပါ၏။

**ရေကြည်သောက်ရင် ... မြင်ရမလောက်ဝင် × × အသားတော်**
**ဝင်းလို့ ဝါဝါရီရွှင်...** ဆိုသည့် သီချင်းစကားလုံးများမှာ နန်းတော်ရှေ့ဆရာတင်သည် ကျွန်တော့် 'အလှ' ကဲ့သို့ အမျိုးသမီးကို မြင်ဖူး၍သာ ဖွဲ့ဆိုနိုင်ခြင်းဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

အလှနှင့်ကျွန်တော်သည် တွေ့ကြသောအချိန်မှာ ကျွန်တော့်အသက်သည် ၂၂ နှစ်၊ ပျိုမျစ်နုနယ် ငယ်ရွယ်တုန်းပါ။ အလှ့အသက်က ၂၀ မျှသာဖြစ်ပါသည်။

အလှ၏အမည်ကို အလှဟူ၍ မည်သူကမျှမပြောပါဘဲနှင့် အလှကိုမြင်သူတိုင်းက အလှ ဟုခေါ်မိကြမည်ဖြစ်သည်မှာ ဤမိန်းကလေး၏ဝမ်းတွင်းပါနာမည်ဟု ဆိုရပါချေမည်။

ကျွန်တော်သည် ဆရာမဒေါ်ရွှေကြည်၏ကလေး ကင်ပွန်းတပ်ဧည့်ခံပွဲ၌ အလှ ကိုမြင်ပြီးကတည်းက သူ့အမည်ကို မည်သူ့အားမျှမမေးတော့ဘဲ အလှ ဟုပဲ စိတ်ထဲက ရည်မှတ်ခဲ့ရာ အကယ်ပင် သူ့နာမည်



အလှ ဟုဖြစ်နေကြောင်း သီတင်းတစ်ပတ်မျှအကြာတွင် သိရပါတော့သည်။

ထိုနေ့က ဆရာမဒေါ်ရွှေကြည်သည် ရန်ကုန်သွားရန် စမ်းချောင်းမြင်းလှည်းဂိတ်မှ ကျွန်တော့်မြင်းလှည်းပေါ်တက်စီးရင်း ...၊

"ဟော့ ... မောင်ကြင်ဆွေ၊ မင်း ဟိုနေ့က အလှ နောက်ကလိုက်ပြီး သီချင်းဆိုတယ်ဆို"

ကျွန်တော်သည် အလိုလို စိတ်ထဲကသိပြီးဖြစ်နေလျက်၊ သို့သော် မိုမိုသေချာအောင် ...

"အလှ ဆိုတာ ဘယ်သူလဲ ဆရာမ ... "

"ဟော့ ... ငါ့ကလေး ကင်ပွန်းတပ်ပွဲတုန်းက မင်း မျက်စိကျနေတဲ့ကောင်မလေးပေါ့ကွာ ... "

မှန်ပါသည်။ သူ့ကင်ပွန်းတပ်ပွဲအပြီး ၃ ရက်မြောက်၌ ကျွန်တော်သည် စမ်းချောင်းမြင်းလှည်းဂိတ်မှ ဗဟန်းသို့သွားရန် ခရီးသည် ၃ ယောက်နှင့် မြင်းလှည်းကို တာစူနေစဉ် ကြည့်မြင်တိုင်ဘက်မှလာခဲ့သော ရထားတစ်စီးတွင် အလှသည် နောက်ပိုင်းမှ ခြေကလေးတွဲလွဲချစီးလာသည်ကို မြင်ရသည်၌ ကျွန်တော်သည် ကိုယ့်လှည်းလူပြည့်အောင် မစောင့်တော့ဘဲ ထိုလှည်းနောက်မှ ကပ်လိုက်ကာ သူကလေးကြားလောက်ရုံလောက် ...

**ကျွန်တော့်ရည်းစား ပျောက်လို့ရှာ၊**
**တွေ့ရင် ပြောကြပါ။**
**မှတ်မိတာ သေအချာ၊**
**ပါးစပ်မှာလည်း သွားနဲ့ပါ ...။**

သူကလေးသည် ကင်ပွန်းတပ်ပွဲတုန်းက ပြုံးသည့်နည်းတူ ကျွန်တော့်အားကြည့်၍ ပြုံးလိုက်ပါသည်။

သည်အကြောင်း ဆရာမဆီက ကျွန်တော်သိရတော့ လွန်စွာ နှစ်သောင်းအားရဖြစ်လျက် ...

"ဆရာမကို ဘယ်သူပြောလဲ ... ဟင် ... "

"ဘယ်သူပြောရမှာလဲ ... အလှက ပြောတာပဲပေါ့ကွ ... နောက်တင်းက လမ်းမှာ လူတစ်ယောက်ရပ်တင်တော့ ကျန်ရစ်ခဲ့ရောတဲ့၊ အဲဒီ အလှ

www.burmeseclassic.com

www.burmeseclassic.com



စီးတဲ့ မြင်းလှည်းသမားက မင်းကို စိတ်ဆိုးသတဲ့၊ ဘာကြောင့်လဲဆို အဲဒီ စီးမယ့်လူက ပထမရှေ့လှည်းစီးမလို့ဟာ မင်းကလည်း အလှတို့လှည်းနောက်က ကပ်ရပ်တော့ ခရီးသည်က 'ဟာ ... နောက်လှည်းချောင်တယ်' ဆိုပြီး တက်စီးတော့ ... ဟိုလူက စိတ်ဆိုးပြီး မင့်မြင်းမမီအောင် သူ့မြင်း ရိုက်မောင်း သွားတာတဲ့ကွ"

"ဟုတ်တယ် ... ဆရာမ၊ အဲဒါ ကျွန်တော့်အမှားပဲ၊ တကယ်ဆို ရှေ့လှည်းက လူရပ်တင်ရင် ကျွန်တော် ကျော်တက်သွားရမယ်၊ ဒါပေမဲ့..." ဆိုပြီး ကျွန်တော့်မှာ ရှေ့စကားမဆက်ဘဲရှိနေရာ လူ့သဘောနားကျနေပြီ ဖြစ်သော ဆရာမက ...

"ဒါပေမဲ့ ... မင်းက အလှ နောက်က လျှောက်လိုက်ချင်တာနဲ့ ရပ်လိုက်တယ်ဆိုပါတော့၊ အဲဒါကို အလှကလည်းသိပါတယ်ကွာ၊ ဟော့... ဒီမှာ မောင်ကြင်ဆွေ၊ အလှကလည်း မင်းကို စိတ်ဝင်စားနေပါတယ်ကွ၊ သူက ငါ့ဘယ်လို စ ပြောသလဲဆိုရင် ဆရာမအိမ်မှာတွေ့ခဲ့ရတဲ့ ကောင်လေး က မြင်းလှည်းမောင်းနေရပါလား ... သနားစရာလေးတဲ့၊ ဒီတော့ ... ငါက ဟေ့ ... သူများပါနဲ့ မယ်မင်းကြီးမ၊ သူ့မိဘတွေက တောမှာချမ်းသာပါတယ် ...၊ သူဟာသူ ရန်ကုန်မှာပျော်လို့ လုပ်ချင်တာလုပ်နေတာလို့ ပြောလိုက်တယ်၊ မင်းတို့ချင်း နီးစပ်နိုင်ပါတယ်ကွာ ..."

စင်စစ် ရန်ကုန်မှာ အိမ်ထောင်ကျ၍ ကျွန်တော် မြင်းလှည်းမောင်းနေရသည်ကို ဆရာမသည် သိဟန်မတူ၊ သူ ခုနက ပြောသကဲ့သို့ပင် ကျွန်တော်က အပျော်သက်သက် လုပ်နေသည်ဟု ထင်နေပုံပေါ်ပါသည်။ ထို့ကြောင့် အလှ၏ နေရပ် အိမ်နံပါတ်ကို ပြောပြပါသည်။ အလှ၏နာမည် အပြည့် အစုံမှာ လှလှကြည်ဖြစ်ကြောင်းလည်း ပြောပြပါသည်။ သို့အတွက် ယင်း သည့်နေ့မှစ၍ ကျွန်တော်မောင်းနေသော ဖောင်းဝတ်မ၏နာမည်သည် "လှလှကြည်" ဖြစ်သွားပါသတည်း။

* * *

လူ့ဘဝ၌ ကံချင်းနီးစပ်မှုရှိပါက တိုက်ဆိုင်မှုတို့ဖြစ်တတ်သည်မှာ



မှန်တာတည်း။

ပြောရဦးမည်။ ဂျပန်ခေတ်တွင် ဗဟန်းသည် ရန်ကုန်မြို့၏အစည် ကားဆုံးနေရာဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီး၏ ပတ်ဝန်းကျင်ကိုတော့ ဟောမိတ်တို့က ဗုံးမချဟု ယုံကြည်စွာဖြင့် ဘုရားကြီးပတ်လည်မှာ လူများ စုရုံးနေထိုင်ကြသည်။ ဈေးဆိုင်ကနားတို့နှင့် လွန်စွာစည်ကားလှ၏။

ကျွန်တော်တို့ စမ်းချောင်းဘက်ကလာပါမူ ဘောင်ဒရီလမ်းမှ လင့်ခ် လမ်းချိုးလိုက်သည်နှင့် ဗဟန်းရွှေမြို့တော်ထဲ ဝင်ရသည်နှင့် တူချေသည်။ ထိုအချိန်က လင့်ခ်လမ်းသည် မြို့တော်လမ်းမကြီးနှင့် တူပေသည်။ အဆောက်အဦ ကြီးကြီးမားမား နိုင်နိုင်ခန့်ခန့်နှင့်တော့မဟုတ်။ ဝါး၊ ခနီး၊ မြေစိုက်အိမ်များ၊ ဆိုင်များဖြင့် လမ်းနှစ်ဘက်တွင် ပြည့်နှက်လျက် ...။ လင့်ခ် ဟိုတယ်၊ ဥက္ကလာဟိုတယ် ... စသည်ဖြင့် တရုတ်တန်းနေရာကို ယူထား ပေသည်။

တစ်နေ့သောညနေခင်း၌ ကျွန်တော်သည် လင့်ခ်ဟိုတယ် မျက်နှာ တရှေ့၌ မြင်းလှည်းကိုရပ်လျက် ဟိုတယ်ကထွက်လာမည့် ခရီးသည်ကို စောင့်နေသည်။ အထူးသဖြင့် အညာသားကုန်သည်များ၊ ထိုစဉ်၌ သူတို့သည် ဂျပန်ငွေစက္ကူထုပ်ကို သင်အူလျှော်ကြိုးဖြင့် ချည်နှောင်သည်ထိ ချမ်းသာကြ သည်ဖြစ်၍ ရက်ရောစွာ သုံးဖြုန်းလေ့ရှိကြပေသည်။ သည်လိုအညာသား များ ဟိုတယ်ကထွက်၍ မူးလာကြပြီဆိုပါက ဇိမ်မယ်အိမ်များကို ပို့နိုင်း တတ်၍ လှည်းခငွေ မြိုးမြိုးမြက်မြက် ရတတ်သည်။

ယင်းသို့ အမဲမျှောစောင့်နေစဉ် ကျွန်တော်မမျှော်လင့်သော အဖြစ်မျိုး ကြုံရသည်။ လင့်ခ်ဟိုတယ်ထဲမှ အမျိုးသမီးတစ်ယောက်က ခပ်သုတ်သုတ် လေးထွက်လာလျက် (အလို ... အလှပါလား) ကျွန်တော့်မြင်းလှည်းပေါ် အမြန်တက်ကာ ...

"ကိုကြင်ဆွေ ... ကိုကြင်ဆွေ ... မြန်မြန် မောင်းစမ်းပါ၊ မြန်မြန် မောင်းစမ်းပါ ..."

သူ့နောက်က တစ်စုံတစ်ယောက် လိုက်လာသည့်နှယ် (ဟာ — ဆုတ်သပေါ့) ဂျပန်စစ်ဗိုလ်တစ်ယောက်၊ ခါးမှာပြောက်နှင့် ဓားလွယ်ကြီးနှင့်—

www.burmeseclassic.com



"ဟေး ... အလ ... အလ ... "

ဘာရမည်နည်း။ ကျွန်တော်က မြင်းကို ကြိမ်နှက်၍ထွက်သည်။

"ဟေး ... ဘိရမာ ... မာစတာ လိုက်မယ်ကဲ ... "

သူ့နောက်က ပြေးလိုက်လာသည်။ သူ့မျက်နှာမှာ အရက်မူးနေပုံ လည်းပေါ်သည်။ အလှမှာ လွန်စွာစိုးရိမ်နေပုံပေါ်လျက် ...

"ကိုကြင်ဆွေ ... လွှတ်အောင်သာမောင်းစမ်းပါ ... "

"စိတ်ချပ ... " ဆို၍ ကျွန်တော်မြင်းကို ခြေကုန်သုတ်သည်။ ဂျပန်ကလည်း အလျှော့မပေး၊ အပြေးလိုက်သည်။ သို့ရာတွင် ဘွတ်ဖိနပ်ရှည်ကြီးနှင့်ဖြစ်ရကား မီဖို့ခဲယဉ်းသည်။ သို့သော် လင့်ခ်လမ်းမှ ဘယ်ဘက် ဆောင်ဒရီလမ်းချိုးလိုက်သည်၌ မျက်နှာချင်းဆိုင်မှ အပြင်းမောင်းလာသော ဂျပန်စစ်ကားကြောင့် ရှေ့က ခပ်ဖြည်းဖြည်းမောင်းနေသော မြင်းလှည်းကို ကျွန်တော် ကျော်တက်နိုင်၊ ယင်း၌ တိုရှေပန် မြင်းလှည်းပေါ်ရောက်လာပြီး မြင်းဇက်ကြိုးကိုင်နေသော ကျွန်တော့်လက်ကိုဆွဲကာ မြင်းကိုရပ်စေပြီး ကျွန်တော့်ပါးကို ရိုက်ပါတော့သည်။ ထိုစဉ်၌ ကျွန်တော်တို့ဗမာများသည် ဂျပန်စစ်ဗိုလ်၊ စစ်သားများကို ခုခံရှိုးမရှိပါ။ သူတို့ပြုသမျှ ခံရသည်သာ။

သို့သော် အလှ ... အလှ ...။

အလှသည် သူ့ဖိနပ်ချွတ်၍ ဂျပန့်ပါးကို ဘယ်ပြန်ညာပြန် တီးတော့သည်။ ယင်းမှ ဂျပန်သည် ကျွန်တော့်ကိုလွှတ်လိုက်ပြီး အလှကို စေ့စေ့ကြည့်သည်။ မိန်းမသားကိုတော့ ဘာမျှမလုပ်။ အလှက ရိုက်ရင်း သူ့အား ဆင်းသွားရန် ဂျပန်လိုပြောသည်။ အနီးရှိသူများလည်း ဝိုင်းအုံလာကြသည်။ ယင်း၌ ဂျပန်သည် သူကြမ်း၍မရမှန်းသိပြီး အလှအား ဂျပန်လိုကြိမ်းမောင်း ပြောဆိုပြီး မြင်းလှည်းပေါ်မှ ဆင်းသွားတော့သည်။

သည်တော့မှ ကျွန်တော်မြင်းလှည်းကို ဆက်မောင်းသည်။ ကျွန်တော့် ပါးစပ်ထဲမှသွေးများကို ထွေးထုတ်လိုက်သည်။ ကျွန်တော့်နှုတ်ခမ်းထောင့်မှ သွေးများစို့နေသည်။ အလှက သူ့လက်ကိုင်ပဝါလေးနှင့် သုတ်ပေးလျက်...

"ကိုကြင်ဆွေ ... တော်တော်နာသွားသလား ... "

ကျွန်တော်က သူ့လက်ကလေးကို ဖယ်စေလျက် ပြုံးရယ်ကာ ...



"ယောက်ျားပဲ၊ ဒါလောက်ကို နာတယ်ဘယ်ခေါ်မလဲ ... "

"ကျွန်မကြောင့် ဒီလိုဖြစ်ရတာ ... စိတ်မကောင်းလိုက်တာရှင် ..."

"အောင်မယ် ... ဒါလောက်များ ဘာဟုတ်သေးလဲ ... ကျွန်တော်က ဂျပန်ဒဏ်တော့ ဒီလောက်မက ခံဖူးသေးတာပဲ" ဟု အစချီကာ သူ စိတ်မကောင်းမှုပြယ်ပျောက်စေရန် ပြုံးရယ်ကာဖြင့် ... "ဂျပန် စရောက်ခါစ နှစ်၊ ကျွန်တော် မြင်းလှည်းစမောင်းခါစတုန်းကပေါ့ ...၊ ကိုယ်က မြင်းလှည်း လည်း ကောင်းကောင်းမမောင်းတတ်သေး၊ မောင်းရတာကလည်း မြင်းသိုး တလေး၊ သိပ်ပြီးတော့ အာ မာတယ်၊ တော်ရုံတန်ရုံ ဆွဲရုံနဲ့ သူ မရပ်တတ်ဘူး။ ဒါနဲ့ ... တစ်နေ့ စကော့ဈေးရှေ့မှာပေါ့၊ ကိုယ်က မြင်းလှည်းမောင်းအသွား၊ ဓားလွယ်ကြီးတွေနဲ့ ဂျပန်စစ်ဗိုလ်ကြီး ၃ ယောက်ကဖြတ်အလာ ... သူတို့က ရပ်မပေးဘူး။ မြင်းလှည်းကသာ ရပ်ပေးရမယ်ပေါ့။ ဒါနဲ့ ကျွန်တော်မြင်းကို ဆွဲရပ်တယ်။ ဒါပေမဲ့ မြင်းသိုးလေးက တော်ရုံတန်ရုံ ဆွဲရုံနဲ့ မရပ်တဲ့ ကောင်ဆိုတော့ ... ဂျပန်တစ်ယောက် ဟောဒီမြင်းလှည်း ညာဘက်လက်တံနဲ့ နံစောင်း ပိတ်ထိုးလိုက်တာ တုံးခနဲလဲပါရော ...၊ ဒီတော့ သူတို့အားလုံး ခုရား... ခါးရား... ဖြစ်ကြတုန်း လစ်မှပဲဆိုပြီး မြင်းကို တအား ရိုက်မောင်း ပါတယ်၊ မလွှတ်ဘူးဗျို့၊ မလဲတဲ့ ဂျပန်နှစ်ယောက်က မြင်းလှည်းအမိုးကိုင်းကို မိနေတော့ ကျွန်တော်ခံရတာပဲ ...။

"ခံရတာမှ မြင်းလှည်းအောက်ကို ဆင်းပေးရတယ်။ လဲသွားတဲ့ဂျပန်ကြီးက ကျွန်တော့်လက်ထဲကမြင်းရိုက်တဲ့ ထားဝယ်ကြိမ်လုံးလေးယူပြီးတော့ ပါးကို ဘယ်ပြန်ညာပြန် ချတော့တာပါပဲ။ ကျွန်တော်က မြင်းကိုဆွဲသော်လည်း ဒီမြင်းက အာ မာနေတာမို့ ဒီလို မတော်တဆ ဖြစ်ရတဲ့အကြောင်း ခင်းတို့နားလည်မလားလို့ အင်္ဂလိပ်လိုပြောဆိုပြီး တောင်းပန်ပါတယ်။ လား... လား သူတို့က ဘာမှနားမလည်တာလား၊ ကျွန်တော် စကားပြောလေ ပိုရိုက်လေ ... ဒီတော့ နံဘေးကလူတွေက ဘာမှမပြောဘဲ ငြိမ်သာခံနေပါဆိုလို့ သူတို့ရိုက်သမျှ အားရအောင် ခံလိုက်ရပါတယ်ဗျာ။ တကတဲ မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီကျန်ခဲ့တာပါပဲ ... ဟဲ ... ဟဲ ... "

ကျွန်တော်ကရယ်၍ အဆုံးသတ်လိုက်တော့ အလှသည် ကျွန်တော့်

www.burmeseclassic.com



အား အလွန်ကရုဏာသက်စွာဖြင့် ကြည့်လျက် ...

"ဖြစ်မှဖြစ်ရလေ ကိုကြင်ဆွေရယ်"

"ကိုယ့်ဝင်္ဂရှိလို့ခံရတယ် ယူဆရတာပေါ့၊ မြန်မာပြည်ကြီး တစ်ပြည်လုံးတောင် သူတို့လက်အောက်မှာ ခံနေရတယ်မဟုတ်လား"

အလှသည် သက်ပြင်းချလျက် ...

"ဒီဂျပန်ကောင်တွေဟာ သိပ်ပြီးမိုက်ရိုင်းတယ်၊ ဘယ်တော့မှ သူတို့လက်အောက်က လွတ်မယ်မသိဘူး"

"တစ်နေ့လွတ်ရမှာပေါ့လေ၊ ဒါနဲ့ ခုန ဂျပန်ကောင်က ... "

"အလှ အလုပ်လုပ်တဲ့စက်ရုံက စစ်ဗိုလ်လေ၊ ဪ ... ကိုကြင်ဆွေ့ပြောရဦးမယ်၊ အလှက သူတို့ရုံးမှာ စကားပြန်လုပ်တယ်၊ ဒီကောင်က အလှကို ကြံနေတာသိသားပဲ၊ ဒီနေ့ သူလုပ်ပုံက ကိစ္စတစ်ခုပြောစရာရှိလို့ဆိုပြီး သူ့အထက်အရာရှိကို ခွင့်တောင်းပြီး ခေါ်လာတယ်၊ ဒီဟိုတယ်ရောက်တော့ စားသောက်စရာမှာကျွေးရင်း အလှကို ချစ်စကားကြိုက်စကား ပြောပြီး ခပ်ကြမ်းကြမ်းလုပ်လာတာနဲ့ အလှ ထွက်လာခဲ့တာ ကိုကြင်ဆွေနဲ့ တွေ့နေတာပဲ၊ ကိုကြင်ဆွေ့နာမည် အလှသိနေတာ မအံ့သြဘူးလားဟင် ... "

"မအံ့သြပါဘူး၊ ကျွန်တော်ကလည်း ဆရာမဒေါ်ရွှေကြည်ပြောလို့ အလှနာမည် လှလှကြည် ဆိုတာရယ်၊ လမ်းနဲ့ အိမ်နံပါတ်ရယ် သိနေတာပဲ၊ ကဲ ရှေ့ကလမ်း ညာဘက်ချိုးရမယ် မဟုတ်လား"

သို့နှင့် အလှတို့အိမ်ရှေ့ မြင်းလှည်းရပ်လိုက်သည်။ အလှက သူတို့အိမ်ပေါ်တက်ပါဦးဆို၍ သူ့အမေနှင့် တွေ့ရသည်။ အလှက ယခုဖြစ်ပျက်လာခဲ့ပုံကို သူ့အမေအားပြောပြသည်။ သည်တော့အမေက သူ့သမီးအတွက် ကျွန်တော် ဤကဲ့သို့ခံခဲ့ရသည်ကို အလွန်စိတ်မကောင်းကြောင်း ...

"ဟာ ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ အလှက အဲဒီဂျပန်ကို ဘယ်ပြန်ညာပြန် ဖိနပ်နဲ့ချလိုက်တာပဲ ကျေနပ်လှပါပြီ၊ ကျွန်တော် စိုးရိမ်တာက အလှအလုပ်အတွက်"

ဤတွင် အလှက ...



"ဒီအတွက်မပူပါနဲ့ ကိုကြင်ဆွေရယ်၊ အလှက ဒီဂျပန်ပါးရိုက်ပြီးကတည်းက အလုပ်ထွက်ဖို့ ဆုံးဖြတ်ပြီးသားပါ"

ထိုနောက် ကျွန်တော်ပြန်မည်ဟု နှုတ်ဆက်သောအခါ အလှက ကျွန်တော့်အား မြင်းလှည်းခပေးမည်အပြု၌ ကျွန်တော်က မျက်နှာချင်းဆိုင်ကြည့်၍ ခပ်တိုးတိုးအသံနှင့် ...

"မလုပ်ပါနဲ့ အလှရယ်၊ တစ်ယောက်တစ်ယောက် အဖိုးအခ မယူတဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်"

* * *

"ကဲ ... ကိုကြင်ဆွေရေ ... အလှကို အဖိုးအခမယူတဲ့ ကူညီမှုတစ်ခု လုပ်ပေးပါဦး"

နောက်တစ်နေ့ညနေ၌ အလှသည် ကျွန်တော့်အား ဗဟန်းမြင်းလှည်းဂိတ်၌ တွေ့၍ ပြောပါသည်။

"ဘယ်လိုကူညီရမလဲ အလှ"

"နက်ဖြန်ခါမနက် ၁၀ နာရီလောက်လေ အလှတို့ အလုပ်လုပ်တဲ့ရုံးကို လိုက်ခဲ့စမ်းပါ"

"လိုက်နိုင်ပါတယ်၊ ဘာကိစ္စ"

"အလှတို့ ဘော့စ် ဂျပန်ကြီးက ကိုကြင်ဆွေ့ တွေ့ချင်လို့တဲ့၊ ကြည့်ချင်လို့တဲ့လား"

အလှက ရယ်မောပြီး ...

"အဲဒီစစ်ဗိုလ်ကို ကိုကြင်ဆွေ့ တောင်းပန်ခိုင်းလိမ့်မယ်"

"အောင်မယ် ... ဒါဖြင့် ဒီဂျပန်အရာရှိ လိမ္မာသားပဲ"

"အက်ဂျူကိတ်တက်ပဲ၊ အင်္ဂလိပ်လို ကောင်းကောင်းတတ်တယ် ကိုကြင်ဆွေ၊ ဂျင်းတယ်လ်မင်းပဲ"

"ဒါဖြင့် တွေ့ရတာပေါ့ဗျာ"

"ဒါပေမဲ့ ကိုကြင်ဆွေ ဒီလိုမြင်းလှည်းသမားစတိုင်ကြီးနှင့် မလုပ်နဲ့၊ ဆရာမကလေး ကင်ပွန်းတပ်ပွဲတုန်းကလို ပိုးအင်္ကျီအနက်ကလေးနဲ့၊ ကာကီ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဘန်ကောက်လုံချည်လေးနဲ့ စတိုင်ကျကျဝတ်ခဲ့နော်"

"သည်တော့အလှကလည်း ဟိုနေ့တုန်းကလိုပဲ ဖက်ဖူးရောင် အင်္ကျီလေးနဲ့ ကြိုးကြိုးချိတ်ထမီ အစိမ်းနုဝတ်ခဲ့ပေါ့ ဟုတ်လား"

ကျွန်တော်တို့နှစ်ယောက်သား တစ်ယောက်တစ်ယောက် ကြည့်၍ သဘောကျစွာ ရယ်ကြသည်။

နောက်တစ်နေ့နံနက်ဝယ် ဖော်ပြပါအဝတ်အစားများနှင့် ကျွန်တော့်တို့နှစ်ယောက်သည် အလှတို့ရုံးရှိရာ ဂိုးလ်ဒင်းဘယ်လီသို့ သွားကြသည်။ ကျွန်တော်သည် မြင်းလှည်းကို ကိုယ်တိုင်မမောင်းချေ။ ကျွန်တော့်မိတ်ဆွေ ကိုသောင်းအား မောင်းနိုင်းသည်။

ခမ်းနားသော အိမ်ကြီးအလုပ်ခန်းထဲ၌ ကျွန်တော်တို့နှစ်ယောက် ဂျပန် အရာရှိကြီးရှေ့ရောက်တော့ အသက် ၆၀ လောက်ရှိမည့် အဘိုးကြီးသည် စာကြည့်နေသော သူ့မျက်မှန်ချွတ်၍ ကျွန်တော်တို့ကို မော့်ကြည့်လိုက်ပြီးနောက် အလှအား ဝမ်းသာသောအသံဖြင့် ...

"အိုး ယူဝါ ဗီယန်စီ ဖိုင်းဖိုင်း"

ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြစ်သွား၍ စိတ်ထဲမှ ဟိုက်ခနဲ မြည်လိုက်မိသည်။ ဂျပန်ကြီးပြောလိုက်သည့် အင်္ဂလိပ်စကားအဓိပ္ပာယ်မှာ "မင်းနဲ့ လက်ထပ်မယ့်လူ ချောပါတယ် လှပါတယ် ... " ဟု ဖြစ်နေ၏။

အလှမှာမူ သူ့အတွက် သူဆင်ထားသည်မို့ ကုန္ဒြေမပျက်ဘဲ ...

"သိုင်းကျူးဆာ"

"ဆစ်ဒေါင်း-ဆစ်ဒေါင်း" ဟု ဂျပန်ကြီးကဆို၍ ကျွန်တော်တို့ သူ့ရှေ့က ကုလားထိုင်များတွင် ထိုင်ရသည်။

နောက် အဘိုးကြီးက ဂျပန်လိုအော်လိုက်သည်၌ ကျွန်တော့်အား ပါးရိုက်သော ဂျပန်စစ်ဗိုလ် ထွက်လာပြီး ကျွန်တော့်ရှေ့မှာ မတ်တတ်ရပ်ရသည်။

အဘိုးကြီးက အင်္ဂလိပ်ဘာသာဖြင့် ကျွန်တော့်အား ...

"မင်းကို ပါးရိုက်တာ သူဟုတ်လား"

"ဟုတ်ပါတယ်"



"သူ့ကို ပြန်ပြီးတော့ ပါးရိုက်လိုက်ပါ"

ကျွန်တော်က ခေါင်းခါ၍ ...

"မရိုက်ချင်ပါဘူး"

"ဒါဖြင့် မင်းကိုယ်စား ငါ ရိုက်ပေးရမှာပေါ့" ဆိုပြီး ထိုင်ရာမှထ၍ ထိုဂျပန်အား သူတို့ထုံးစံအတိုင်း ဘယ်ပြန်ညာပြန် ၃ ချက်ရိုက်လိုက်သည်။ ပြီးလျှင် ဂျပန်လိုပြောဆိုသည်၌ စစ်ဗိုလ်ဂျပန်က ကျွန်တော်တို့နှစ်ယောက်အား သူတို့ဂျပန်စကား ဂျပန်အမူအရာဖြင့် အလေးပြုလျက် သူမှားကြောင်း၊ ခွင့်လွှတ်ပါရန် တောင်းပန်သည်။ အလှက ဂျပန်လိုပဲ ပြန်ပြောသည်။

သည်နောက် ထိုဂျပန်ထွက်သွားသောအခါ အဘိုးကြီးက အလှအား "ကောင်းမွန်စွာပဲ အလုပ်ပြန်လုပ်ပါ၊ နောက်ကို ဒီလို မနှောက်ယှက်စေရပါဘူး။ ကျွန်ုပ်တာဝန်ခံပါတယ်"

ထိုကိစ္စပြီး၍ ကျွန်တော်တို့ဂျပန်ရုံးမှ ပြန်လာခဲ့သောအခါ အလှက...

"ကိုကြင်ဆွေ ... ဟိုနေ့က အလှပြောခဲ့တဲ့အတိုင်း မနေ့ကထွက်စာတင်တယ်။ အဘိုးကြီးက ဘာ့ကြောင့်လဲမေးလို့ အကျိုးအကြောင်းပြောပြတော့ အောင်မယ် ... သူ့စစ်ဗိုလ်လေး ကောင်းသားပဲ၊ လက်ထပ်လိုက်ပါလား ပြောနေလို့ အလှလည်း ရတ်တရက် စိတ်ကူးရရာ အလှမှာ စေ့စပ်ထားတဲ့လူ ရှိပြီးသားပါလို့ ပြောမိရာက နောက်ကြောင်းခိုင်မာအောင် ကိုကြင်ဆွေကို ခေါ်ပြလိုက်ရတာပဲ။ စိတ်မရှိပါနဲ့နော် ...။ ဒီလို အကူအညီပေးတဲ့အတွက်လည်း ကိုကြင်ဆွေ့ကို သိပ်ပြီး ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မဟုတ်ပါဘူး အလှရယ်၊ ကျွန်တော်က တကယ့်ကိုယ့်ကိစ္စအတွက် လိုက်ပြီးဆောင်ရွက်ရတာလို့ ယူဆလိုက်ချင်ပါတယ်" ဟု ကျွန်တော့်စိတ်ထဲက ပြောချင်လှသော်လည်း အလှနှင့် ကျွန်တော်အတွေ့က နောက်ကျခဲ့လေပြီ။

ထိုနေ့က ကျွန်တော်တို့သည် အလှအား ကြည့်မြင်တိုင်ရှိ သူ့အိမ်သို့ လိုက်ပို့ပြီး ပြန်လာကြသောအခါ မြင်းလှည်းမောင်းသော ကိုသောင်းက မေး၍ အကြောင်းပြောပြသောအခါ သူက အားမလိုအားမရနှင့် ...

"ဟာဗျာ ... ခင်ဗျားတို့နှစ်ယောက် ညားရင် သိပ်ရှေ့သွားနောက်

www.burmeseclassic.com



လိုက် ညီမှာပဲ၊ တကယ်ညားဖို့ ကောင်းတယ်ဗျာ"

"မဖြစ်နိုင်တော့တာပဲ ကိုသောင်းရယ်"

"ခင်ဗျားမှာ အိမ်ထောင်ရှိနေမှန်း သူသိပုံမပေါ်သေးဘူးနော်"

"ကျွန်တော့်ကို လူပျိုထင်နေတာဗျ"

"အေးလေ ... ခင်ဗျားကလည်း လူငယ်ကျောင်းသား ရုပ်ကလေး ရှိသေးတာပဲ ... "

မှန်ပါ၏။ အကယ်တိ စစ်မဖြစ် ခေတ်မပျက်ဘဲသာရှိပါက ထိုအရွယ်မှာ ကျွန်တော်သည် ကျောင်းသားပဲရှိပါဦးမည်။

ကိုသောင်းနှင့် ကျွန်တော်မှာ မြင်းလှည်းသမားဘဝကတည်းက နောင်တာရေးဆရာဖြစ်သည်အထိ အလွန်ခင်မင်ကြသည်။ ညနေတိုင်း အတူစားသော်သောက်ဘက် ဖြစ်သည်။ ကိုသောင်းသည် ဖိနပ်ထောင်ဆရာဖြစ်၍ သူ့ ဖိနပ်မှာ ဖွားခေါင်းတံဆိပ်ဖြစ်သည်။ သူ့အားလျှင် ကျွန်တော်မြင်းလှည်းဆောင်းရာကို လိုက်တတ်သည်။ အလှ၏ချော့မော့လုပကြောင်းကို တဖွဖွပြောသည်။ အလှနှင့်ကျွန်တော် တွေ့ကြသေးလား ခဏခဏ မေးသည်။

အလှနှင့်ကျွန်တော်မှာ သူ အလုပ်သွား အလုပ်ပြန်ရာ၌ ကျွန်တော် မြင်းလှည်းနှင့် မကြာခဏ ဆုံတတ်ပါသည်။ နောင်၌ တစ်ဦးနှင့်တစ်ဦး ဆောင့်သည်၊ ကြိုသည်အထိ ခင်မင်လာကြသည်။

၁၉၄၄ ခုနှစ်၊ နွေရာသီ တစ်နေ့သ၌မူ အလှနှင့် ကျွန်တော်သည် တစ်သက်မမေ့နိုင်သောအဖြစ်ကို ကြုံရသည်။

ထိုနေ့မှာ အလှသည် အလုပ်မှခွင့်တစ်လရ၍ ကန်ဘဲ့ရှိ သူ့အဘွားအိမ်သို့ အတော်ကြာ သွားနေရမည်ဖြစ်သောကြောင့် သူ့ပစ္စည်းများကို ကျွန်တော့်မြင်းလှည်းနှင့် တင်ပို့ရသည်။ သူ့မှာ ကြောင်မလေးတစ်ကောင် ပါလာလေသည်။

ကြည့်မြင်တိုင်နှင့် ကန်ဘဲ့ခရီးကို မြင်းလှည်းတစ်ကြိုးတည်းနှင့် မမောင်းနိုင်ပါ။ လမ်းတွင် ခရီးတစ်ထောက် နားရသည်ဖြစ်သောကြောင့် ကုက္ကိုင်းလမ်းမှ ကန်ဘဲ့လမ်း မချိုးမီ တစ်နေရာဝယ် (အတိအကျတော့ မမှတ်မိတော့ပြီ) ကုက္ကိုလ်ပင်ကြီး တစ်ပင်အောက်၌ မြင်းလှည်းကိုရပ်လိုက်သည်။



ကျွန်တော် မြင်းလှည်းပေါ်ကဆင်းပြီး မြင်းဘေးရပ်ကာ ထုံးစံအတိုင်း လေချွန်၍ မြင်းကိုသေးပေါက်အောင် ပြုလုပ်နေစဉ် ...

"အောင်မယ်လေး ... လုပ်ပါဦး ကိုကြင်ဆွေ၊ ကြောင်လေး ခုန်ချပြေး ပြီ" ဆိုသံကြား၍ ကြည့်လိုက်တော့ သူ့ကြောင်လေးသည် လမ်းဘေးရှိခြံဝင်း တစ်ခုထဲသို့ ဝင်ပြေးသည်။ ထိုခြံဝင်းထဲရှိ တိုက်အိမ်ကြီးမှာ ဂျပန်များနေကြသည်။ ထိုအိမ်နံဘေးမှာ ဂိုဒေါင်တန်းလျားကြီး ဆောက်ထားသည်။ စပါးထိုးသဖွယ် အဆင့်နှင့်ဖြစ်၍ အမြင့်မှာ လူလေးဖက်ထောက် တွားသွားနိုင်ရုံဖြစ်သည်။

ကြောင်လေးသည် တန်းတန်းမတ်မတ်ပင် ထိုဂိုဒေါင်အောက်ဝင်ပြေးသည်ဖြစ်၍ နောက်မှပြေးလိုက်သွားကြသော အလှနှင့်ကျွန်တော်လည်း နှစ်ယောက်ပြိုင်တူ ယင်းဂိုဒေါင်အောက် လေးဖက်ထောက်ဝင်လိုက်ကြရတော့၏။ ဂိုဒေါင်အလယ်လောက်ရောက်လေ မှောင်လေမို့ ကြောင်လေးကို မျက်ခြည်ပြတ်သွားလေပြီ ...။

"စီစီမာ ... စီစီမာ ... လာ–လာ ဘယ်မှာလဲ စီစီမာရယ်"

ဤနေရာမျိုး၌ ကြောင်သည် ခွေးနှင့်မတူချေ။ ကြောင်သည် ပြေးပြီဆိုပါက ကိုယ့်သခင်မှန်း မသိတော့ချေ။ ဘယ်တော့မှ ခေါ်မရတော့ပေ။ လိုက်လေ ... ပြေးလေ ...။

"စီစီမာ ... စီစီမာ"

အလှသည် ကြေကွဲသောအသံလေးနှင့် ဟိုဟိုဒီဒီ လေးဖက်ထောက်လျှောက်ရင်း အကြိမ်ကြိမ်ခေါ်သည်။ သို့သော် ကြောင်လေး၏ပြန်ထူးသံလည်းမကြားရ၊ တွေ့လည်း မတွေ့ရချေ။

ကျွန်တော်သည် သူ့နံဘေးက လေးဖက်ထောက်၍ နှစ်ယောက်ယှဉ်တာ လိုက်သွားသည်။ အမှောင်ထုဖြင့် လူချင်းမှာ ဝါးဝါးသာ မြင်ရလျက် သူ့ကိုယ်ရနံ့သာ ကျွန်တော့်နှာခေါင်းမှာ ကြိုင်ထုံနေသည်။

ဂိုဒေါင်အောက် မှောင်ကြီးမည်းမည်း၌ ကြောင်အတွက် စိတ်စောဖြင့် ဝါးစပ်က တစာစာခေါ်ရင်း လေးဖက်ထောက်လျှောက်၍ တော်တော် ဝေးသွားမှ သူ ကြောက်ရမှန်းသိလာလျက် ကျွန်တော့်ကို အားကိုးသော

www.burmeseclassic.com

www.burmeseclassic.com



အသံနှင့် —

"ဟင် — ကိုကြင်ဆွေ … အလုအနားမှာ ရှိရဲ့လား"

"ရှိပါတယ် —" ဟု အသံပြုကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတော့မှ ကျွန်တော်၏ အရောင်လက်သော မျက်လုံးနှစ်စုံ ဆုံမိကြသည်။

ကျွန်တော့်ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသည်။ သူလည်း ထို့အတူ နေလိမ့်မည်သာ။

တစ်ဦးကိုတစ်ဦး စေ့စေ့ကြည့်လျက် ခေတ္တမျှ စကားပြတ်နေပြီးမှ…

"ဟင် … ချောင်လိုက်တာ ကိုကြင်ဆွေရယ် … "

"ဟုတ်တယ် … အလု … "

"အလုကြောင်လေးတော့ ပြန်ရတော့မှာမဟုတ်ဘူး။ ဘယ့်နှယ်လုပ်မလဲ — "

"ကြောင်ဟာ ဒီလိုပဲ … မတတ်နိုင်ဘူး၊ ဒီမှာ ကျွန်တော်တို့ ကြာကြာ နေလို့လည်း မကောင်းဘူး၊ ဒါ ဂျပန်တွေနေတာ"

"ဟင် … ဟုတ်လား၊ ဒါဖြင့် လာလာ မြန်မြန်ပြန်ထွက်မှ"

သူကရှေ့မှ၊ ကျွန်တော်ကနောက်မှ ကလေးတွေများ ဆင်လုပ်တမ်း ကစားကြသကဲ့သို့ အမြန်လေးဖက်စိုင်းထွက်ခဲ့ကြသည်။ ဒူးတွေ လက်ဖဝါးတွေကိုနာရော။

အပြင်ရောက်၍ မတ်တတ်ရပ်လိုက်ကြသော် ဂျပန်ကြီးတစ်ယောက် ပက်ပင်းတိုးနေသဖြင့် ကျွန်တော်တို့မှာ မျက်လုံးပြူး၍ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

သို့သော် တော်ပါသေး၏။ ထိုဂျပန်မှာ စစ်သားမဟုတ်၊ ကုန်သည် ပိုင်းမှ ယဉ်ကျေးသူဖြစ်၍ အတော်မြန်မာရည်လည်နေရကား ကျွန်တော်တို့ နှစ်ယောက်အား စေ့စေ့ကြည့်ပြီး ပြုံးကျဲကျဲမျက်နှာနှင့် …

"အား မာစတာ မြင်တယ်က၊ ရည်းစား ဒီမှာ လာတွေ့ကြတယ်… ကောင်းတယ်ကား" ဟု ဆိုလိုက်သည်နှင့် ကျွန်တော်တို့မှာ သူ့ကိုမည်သို့မျှ မထုချေတော့ဘဲ ခေါင်းငိုက်စိုက်နှင့် လစ်ခဲ့ကြတော့သည်။



ကျွန်တော်တို့ကိုယ်များမှာ ပင့်ကူမြှေးတွေ၊ ဖုန်တွေ၊ ချေးတွေနှင့် အညစ် များလည်း နွမ်းကြေနေကြသည်။ ဂျပန်ကား ကျွန်တော်တို့ကို ကြည့်တာ ကျယ်လောင်စွာရယ်မောရ၍ ကျန်ခဲ့လေ၏။

ကျွန်တော်တို့မြင်းလှည်းပေါ်သို့ ရောက်ကြသော် … တစ်ယောက်ကို တစ်ယောက် ဘာမှမပြောနိုင်ကြတော့ဘဲ ကျွန်တော်က မြင်းကိုသာ ခပ်မြန်မြန် မောင်းခဲ့တော့၏။ အလုက သူ့ကိုယ်မှ ပင့်ကူမြှေးတွေ၊ ဖုန်တွေကို သုတ်သင် သည်။ ကျွန်တော့်ကိုယ်ကိုလည်း သုတ်သင်ပေးသည်။

ထိုစဉ် သူရှိုက်သံကြားရ၍ ကျွန်တော်လှည့်ကြည့်တော့ သူ့မျက်နှာမှာ မျက်ရည်စတွေနှင့် …

"ဟင် … အလု ငိုနေတယ်၊ ငိုပါနဲ့ကွယ် … "

"အလုကြောင်လေးတော့ ဒုက္ခရောက်တော့မှာပဲ …"

"သူ့ဟာသူ သွားချင်လို့သွားတာ ဘာလို့ ဒုက္ခရောက်ရမှာတုံး"

"သူ့ ဘယ်သူက အစာကျွေးမလဲ"

"အောင်မယ်လေး၊ အဲဒီဂိုဒေါင်တွေမှာ ကြွက်တွေအပြည့်ဗျာ …"

"အလု … သူ့ကို သိပ်ချစ်တာ၊ ညဆို အတူတူအိပ်တာ … "

"နားမငြီးဘူးလား၊ ကြောင်များအိပ်ရင် တဂွီးဂွီးနဲ့၊ ရေနွေးအိုးဆူသလို မြည်နေတာ … "

"အလုကြောင်က အဲလို မမြည်ပါဘူး … "

"မညာပါနဲ့၊ ကြောင်မှာ မမြည်တဲ့ကြောင်ရှိမလား၊ ကဲ တိတ်ပါ၊ မျက်ရည်စတွေသုတ်ပစ်၊ ပေါင်ဒါပြန်ရိုက် ပျောက်သောကြောင် ကြာရင်မေ့ သွား — "

သူသည် ကျွန်တော်ပြောသည့်အတိုင်း လက်ဆွဲအိတ်ဖွင့်၍ တို့ဖတ် ရိုက်ရင်း …

"မေ့ပါဘူး၊ မေ့ပါဘူး … အလုကြောင်တော့ ဘယ်တော့မှ မမေ့ဘူး"

"ကဲ … ဒါဖြင့် ကြောင်အစားယူမလား … "

"အလုကြောင်နဲ့ အမွေးရောင်ချင်း တူတာရှိသို့လား … "

www.burmeseclassic.com

www.burmeseclassic.com



"အလှ လိုချင်တယ်ဆိုရင် မတွေ့တွေ့အောင် ရှာပေးမယ်လေ ... ယူမလား —

"ကိုကြင်ဆွေလေးရင် ယူချင်တယ် ... "

အဆောင်သို့ဝင် ကျွန်တော့်မိတ်ဆွေ မြင်းလှည်းသမား ကိုမြတ်သာ အိမ်တွင် ဒီအရောင်မျိုး ကြောင်တစ်ကောင်တွေ့ရသည်နှင့် အရက်တစ်ပုလင်း နှင့်လဲပြီး ယူသွားခဲ့ပေးလိုက်သည်။ သို့သော် အလှ ပျောက်သွားသော ကြောင်က မီမီတဲ့၊ အောင်မလေး။ ကျွန်တော် ... ယူသွားတဲ့ကောင်က အထီးဖြစ်နေ၏။ သို့ရာတွင် အလှသည် အထီးလား၊ အမလား မေးမနေဘဲ သူ့ထားခဲ့ကြောင်နှင့် အမွှေးရောင်ချင်း တော်တော်တူပါတယ်ဟုဆိုပြီး ဝမ်းသာ အားရ ယူထားလိုက်ပါ၏။

ယင်းသည်မှ ၃–၄ လအကြာ တစ်နေ့သ၌ အလှသည် ဗဟန်းမှအပြန် ကျွန်တော့်လှည်းပေါ် ပါလာခဲ့သည်။ အားအားရှိ ကျွန်တော့်လှည်းနှင့် လိုက်လေ့ရှိသော ကိုသောင်းက မြင်းကိုမောင်းသည်။ ဤမြင်းမနာမည် "လှလှကြည်" ဖြစ်ကြောင်း ကိုသောင်းကသိသည်။ ဘာကြောင့် ဤနာမည် ပေးသည်ကိုလည်း ကျွန်တော်က ပြောထားပါသည်။ သို့ရာတွင် ကိုသောင်း သည် ယခုမြင်းလှည်းပေါ်၌ ၎င်းနာမည်ရှင်ပါလာသည်ကို သတိမေ့လျော့ သွားကာ အခြားမြင်းလှည်းတစ်စီးက နောက်မှကျော်တက်မည်ပြုသည်ကို သူက ကျော်တက်မခံဘဲ မြင်းမကျောကို ဇက်ဖျားခတ်လိုက်ကာ ...

"လှလှကြည်တဲ့ကွ ... ဘာရမလဲ လှလှကြည် ... သမီးဆွဲလိုက်စမ်း..."

ယင်း၌ ကျွန်တော့်ကျောနောက် ကပ်ထိုင်လာခဲ့သော အလှသည် ကျွန်တော့်အင်္ကျီလက်မောင်းစကို ဆွဲကာ ...

"ဟင် ... ကိုကြင်ဆွေ့ မြင်းမနာမည်က ... "

အခြားသူများနားမလည်အောင် ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့် 'မင့်နာမည် ယူမှည့်ထားတာပဲ ... "

သူကလည်း (မျက်လုံးလေးများ တောက်ပကာ) အင်္ဂလိပ်လို "ရှင့်နာမည်ကော ဒီလို တိရစ္ဆာန်ယူမှည့်ရင် စိတ်ဆိုးမှာလား..."

"ကိုယ့်ကိုသဘောကျလို့ မှည့်တယ်ဆိုရင် ဝမ်းတောင် သိပ်သာ



ဆိုတော့မှာပေါ့ ... "

"ဒါဖြင့် သာပေရော့ ... အရင် ရှင်လာပေးတဲ့ ကြောင်လေးနာမည် တာလေ ... "

* * *

သြော် ... အလှ၊ အလှ၊ ကျွန်တော်နှင့်အလှ။ ကျွန်တော့်မြင်းမကို သူ့နာမည်မှည့်၊ ကျွန်တော့်နာမည်ကို သူ့ကြောင် ...။

သူ့ရုံးက ဂျပန်အရာရှိကြီးကို သူနဲ့ကျွန်တော် လက်ထပ်တော့မယ့် အကြောင်းရှင်းစားပါတဲ့။ ကုက္ကိုင်းလမ်းမှာ ဂိုဒေါင်နားတွေ့ခဲ့ရတဲ့ ဂျပန်ကြီး ကလည်း ကျွန်တော်တို့ကို ဒီလိုပဲသမုတ်။

တစ်ယောက်တစ်ယောက် ချစ်လိုက်ကြသည်ကလည်း အမှန်။ သို့သော် သူနှင့်ကျွန်တော်သည် ညားရန် ဖူးစာမပါခဲ့ပါ။ သူ့ရုပ်လှသည်နှင့် အမျှ အသက်ကလည်း တိုခဲ့ပါသည်။

၁၉၄၅ ခုနှစ်၊ မဟာမိတ်တို့ နောက်ဆုံးအကြိမ် ရန်ကုန်မြို့ကို ဗုံးကြဲ သောအခါတွင် ...

အေးဥဩဆွဲသည်နှင့်တစ်ပြိုင်နက် ကြည့်မြင်တိုင်ဘက် အလှတို့နေ သော အကွက်ဟု ကြားသည်နှင့် ကျွန်တော်သည် ကိုသောင်းကိုခေါ်ကာ မြင်းလှည်းမောင်း၍ ထွက်ခဲ့သည်။

အလှတို့အကွက် မဟုတ်ပါစေနှင့်၊ ဟုတ်သည့်တိုင်အောင် အလှ တော့ လွတ်ကင်းပါစေ။

သို့သော် ကျွန်တော့်ဆုတောင်း တစ်ခုမျှမပြည့်ခဲ့ပါ။ မီးလောင်ပုံးဖြစ် သည့်အားလျော်စွာ သေလိုက်ကြသည့်လူတွေ အတုံးအရုံး၊ အိမ်တွေရော သစ်ပင်တွေပါ ငုတ်တိုတွေဖြစ်နေကြသည်။ ဘယ်သူ့အလောင်း ဘယ်မှာ ဆိုတာနှင့်၊ ဘယ်သူ့အိမ်ဟာ ဘယ်မှာဆိုတာကိုပင် မခန့်မှန်းနိုင်၊ သည်းကလည်း ပြင်းထန်လှပါဘိတောင်း။

မီးသတ်ကားများနှင့်၊ အလောင်းတင်ရအောင်လာသော ဆေးရုံကား များနှင့်၊ ငိုယိုနေကြသော ဆွေမျိုးသားချင်းများနှင့် ယောက်ယက်ခတ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည့်အကြား ကျွန်တော်ဆင်းသွားတော့ အလှ၏အမေက ...။

"အောင်မယ်လေး မောင်ကြင်ဆွေရဲ့ ...၊ ဟောဒီမှာ ... မင်းအလှ အလောင်းကွဲ့"

အလိုလေး ကြည့်ရက်စရာ မရှိပါလားဗျာ။ ပုံးဆန်လည်းမှန်ထား တယ်၊ မီးလည်းလောင်ထားတယ်။ ညိုမဲတွန့်ခွေလို့ ပါးတစ်ခြမ်းကလည်း ပွဲနေလေတော့ ...

"ကျွန်တော့်ရည်းစား ပျောက်လို့ရှာ၊ တွေ့ရင်ပြောကြပါ။ မှတ်မိတာ လည်းသေအချာ ပါးစပ်မှာလည်းသွားနဲ့ပါ ... "

"မောင်ကြင်ဆွေရဲ့ သူက တနင်္ဂနွေနေ့မို့ အိမ်မှာနေတယ်၊ အမေ တတော့ ဈေးသွားနေလို့၊ အောင်မယ်လေး ငါ့သမီးနဲ့အတူ လိုက်မသွားရ ဘူးကွဲ့ ... မောင်ကြင်ဆွေရဲ့၊ မင်းကို သူသိပ်ချစ်တယ်ကွဲ့။ မင်းပေးတဲ့ ကြောင်လေးကို ဘယ်လိုခေါ်တယ်မှတ်သလဲ။ "ကိုဆွေ" တဲ့၊ မင်းပါးစပ်က သွေးစသုတ်ပေးရတဲ့ လက်ကိုင်ပဝါလေးလည်း သူ တရိုတသေ သိမ်းထား ရှာတယ်။ အို ... မင်းကို သူ သိပ်ချစ်ရှာတယ်ကွယ်၊ ကိုကြင်ဆွေက အလှကို ဘယ်နေ့ လက်ထပ်ဖို့ပြောမလဲ မသိဘူး၊ တစ်နေ့တော့ ပြောမှာပဲ... ပြောမှာပဲ နဲ့၊ အခုတော့ မင်းမပြောတော့ဘူးမဟုတ်လား ... "

အမေကြီးသည် ကျွန်တော့်အား ဖက်၍ငိုပါတော့သည်။ ကျွန်တော့် မှာ မျက်ရည်တွေတွေ ကျရပါသည်။ ကျွန်တော်နှင့် အဖော်လိုက်ခဲ့သော ကိုသောင်းလည်း မျက်ရည်စို့ရပါသည်။

ကိုသောင်းသည် ၁၉၄၉ ခုနှစ်၌ အဆုတ်အအေးမိသောရောဂါနှင့် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်ပါသည်။ အလှအမေကြီးကား သူ့သမီး ဆုံးပြီး သိပ်မကြာခဲ့ချေ။ လှလှကြည်ဟု နာမည်ပေးထားသော ကျွန်တော့် မြင်းမလည်း ထိုနှစ်မှာပင် ဂျပန်တွေမြင်းသိမ်းမည်ဆို၍ မော်ဘီလှပဒါးရွာ သို့ပြေးရင်း ဟိုရောက်တော့ အမောလွန်ပြီး သေရှာပါသည်။ ဟိုကြောင် မောင်ကြင်ဆွေမှာမူ အလှနှင့်အတူပဲ ပုံးချရာမှာ မီးသွေးတုံးဖြစ်သွားပါသည်။

သြော် ... သတ္တဝါမှန်သမျှ သခါရချည်း။ ကျွန်တော်လည်း တစ်နေ့ သူတို့နောက် လိုက်ရချေတော့မည်။



မလိုက်မီ ယခု ဤစာရေးနေချိန်ဝယ် လွန်ခဲ့သော ၂၄ နှစ်ကျော်က ...၏ မသေမီ ချောမောသော ရုပ်ကလာပ်ရုံကိုလည်းကောင်း၊ မီးလောင်ပုံး ...ပြီးသော အလောင်းကောင်၏ အနိဋ္ဌာရုံကိုလည်းကောင်း မျက်စိတွင် ...မြင်၍ ဆင်ခြင်မိတော့ အလှကို လွမ်းဆွတ် တသသော စိတ်နှင့် ...တော် အလှကို ရှာဖွေတွေ့မိလေ၏။

သြော် ... အလှသည် အရေပြားပေါ်တွင်သာ ရှိ၏တကား။ အရေ ...အောက်၌မူ အဆီ၊ အသွေး၊ အကြော၊ အရိုး၊ အရိ၊ အဆွဲ စသည့် ၃၂ ...ဿာသ သာတကား။

(၁၉၆၉၊ ဧပြီလ စန္ဒာမဂ္ဂဇင်း)

❑

www.burmeseclassic.com



## အလွန်အလုပ်များသူ

ကိုမောင်ချိုသည် နေထန်းတစ်ဖျားခန့် မြင့်နေပြီဖြစ်သော်လည်း အချိန် ဘယ်လောက်ရှိပြီလဲဟု မော်မကြည့်အားသေးပေ။ အပေါက်တစ်ရာ၊ အဖာ က ဗရဗျစ်နှင့် မည်းညစ်၍နေသော သူ့စက်ဘီးတာယာ လေလုံးဖြင့် အလုပ် များလျက် ရှိသည်။

ဒေါက်ခွမရှိသော စက်ဘီးကို နွားသောက်သော ထန်းပင်မြစ်ဆုံ ရေစည်တွင် မှီလျက် နောက်ဘီးတာယာ လေလုံးကိုထုတ်ကာ ရေအင်တုံ ပုံ့တစ်ခု၊ ကတ်ကြေးတစ်လက်၊ တံစဉ်းတစ်ချောင်း၊ ကော်ရည်တစ်ခွက်၊ လေထိုးပိုက် တစ်လုံးနှင့် နံနက်မိုးမလင်းမီကပင် သူထ၍ ဖာခဲ့သည်။ မီးခွက်သည် မီးငြိမ်း၍ပြီးသော်လည်း သူ့အနီးမှာ ရှိနေသေးသည်။

သူ့စက်ဘီးလေလုံးမှာ ပေါက်ရာ ဖာရာက များလှသည့်အထဲ ကော်ရည်က နိုင်ငံခြားကလာသည့် မူလပစ္စည်းမဟုတ်ဘဲ တမာစေးကို ကျို ထားရခြင်းဖြစ်လေရာ တယ်ပြီး ရေရာသည်မဟုတ်၍ ယခုလောက် ခဲယဉ်း နေခြင်းဖြစ်ပေသည်။ သို့သော် ကိုမောင်ချိုသည် ဖွဲကတော့ လျှော့တတ်သူ မဟုတ်၊ ဒီပစ္စည်းနဲ့ ဒီပစ္စည်းဟာပဲ အရင်ကလည်းရဖူးတာ၊ ခုလည်းရတယ် ဟူသော ယုံကြည်ချက်ဖြင့် သဲသဲမဲမဲ ကြိုးစားနေခြင်းဖြစ်သည်။ သည်အထဲ လေထိုးပိုက်ကျွတ်ကလည်း ခဏခဏ လေချော်တတ်သေးသည်။

ယင်းအနိုက် အိမ်ရှေ့လမ်းမမှ နွားလှည်းတစ်စီးရပ်သံနှင့်အတူ



"ကိုမောင်ချိုရ၊ ခင်ဗျားစက်ဘီးက ခုထိဖာမရသေးဘူးလား" ဟူသော နှုတ်ဆက်သံကိုကြားရမှ မော်ကြည့်လိုက်မိကာ... "ဟာ မောင်ခွေး၊ နောက်နေ့ ချတစ်ခေါက်က ပြန်လာခဲ့မှကိုးကွ ... "

"အေးဗျာ၊ ခင်ဗျားကော မြို့သွားဖြစ်ဦးမှာလား ... "

"သွားဖြစ်အောင် ဒီစက်ဘီး ဖာနေတာပဲကွာ ... "

သူသည် စက်ဘီးကို ဆက်ပြီး ဖာမြဲဖာနေ၏။ သည်နောက်ဘီးက ခဏခဏ ဒုက္ခပေးနေ၏။ ရှေ့ဘီးကတော့ ဒုက္ခငြိမ်းသွားပါပြီ။ တာယာရော ကျွတ်ရော ချွတ်ပြီး မြင်းလှည်းဘီးက ရော်ဘာတာယာအဟောင်းတစ်ခုကို မြုပြင်တပ်ဆင်လိုက်သောကြောင့် ဖြစ်၏။ သို့ဖြင့် ရှေ့ဘီးကကျွတ်ကို ကောင်းသောအပိုင်းဖြတ်ယူကာ နောက်ဘီးကျွတ်နှင့် ပေါင်းသုံးခဲ့၍ အတော် ကလေးဟန်နေခဲ့သည်။ ယခုမှ ခဏခဏ ချူချာလာပြန်တော့ ပြည်သူ့ပစ္စည်း ဆိုင်မှာ လျှောက်ထားတာ ရလျှင်ရ၊ မရလျှင်တော့ ရှေ့ဘီးလိုပဲ ဆောလစ်ပဲ နှပ်ရတော့မှာပဲဟု မောင်ချို အောက်မေ့မိ၏။ ဂျပန်ခေတ်တုန်းကလိုပေါ့လေ။

ကိုမောင်ချိုသည် ရွာတွင် လယ်ယာခြံမြေလုပ်ငန်း ပါးလျားသော အခါလည်းကောင်း၊ အားသောအခါလည်းကောင်း မြို့သို့သွား၍ ဆေးလိပ်ရုံ တစ်ခုမှာ ဆေးရိုးလှော်ခြင်း၊ ဆေးစပ်ခြင်းအလုပ်ကို နေ့စားလုပ်ရသည်။ သူ့တွင် လယ်မြေဝေခြမ်းရေးမှ ၅ ဧက ရထားသော်လည်း ဒီ ၅ ဧက စပါး နိုက်ရုံဖြင့် သူ့အိမ်ထောင်ဝမ်းစာရေးကို မလောက်ပေ။ ထို့ကြောင့် သစ်ပင် လှဲခြင်း၊ ထင်းခွဲခြင်းကအစ ရရာအလုပ်ကို လုပ်ရသေးသည်။ သူ့ဇနီးနှင့် သူ့သမီးကလည်း ရက်ကန်းစင်ကို ကိုင်ရသေးသည်။

**ဆွမ်းတော်ဗျို့**

မောင်ခွေး ထွက်ခွာသွားပြီးမှ ဒုတိယအကြိမ် ကိုမောင်ချိုကို လှုံ့ဆော် လိုက်သောအသံကား အိမ်ရှေ့ဆွမ်းခံရောက်လာခြင်း ဖြစ်ပေသည်။ ဒီအခါ တော့ ကိုမောင်ချို မနေသာတော့ပါ။ ဆွမ်းခံကျောင်းသားကလေးဆီသို့ လှမ်း ကြည့်လိုက်ပြီး "ဟာ ... ဆွမ်းခံတောင်ရောက်ပြီ၊ စက်ဘီးကလည်း တခြိုး သေး။ ဒီနေ့ မြို့သွားလို့တော့ဖြင့် မဖြစ်တော့ဘူး" ဟု အားလျှော့လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထလိုက်တော့သည်။ ကိုယ်ကို ဘယ်ညာယိမ်း၍ အညောင်းဆန့်လိုက်ပြီး နွားရေးရည်ထဲမှရေဖြင့် မျက်နှာကိုပွတ်သပ်၍ ခေါင်းတွင်ပေါင်းထားသော ဖျင်ကြမ်းတောင်းချတ်လျက် အိမ်ရှေ့နေရောင်ကာ ကပြင်တွင် ရက်ကန်းစင်၌ ထိုင်နေသော သမီးထွေးအား ...

"လုံမရေ ... ငါ့ကွမ်းထုပ်ကလေး ပေးစမ်းပါ ... "

ကိုမောင်ချိုသည် ကွမ်းမပြတ်ငုံလေ့ရှိသူဖြစ်၍ သူ့မှာ ကွမ်းထုပ်စည်းညှစ်ညှစ်ကလေး အမြဲရှိသည်။ အထဲတွင် ကွမ်းရယ်၊ ထုံးရယ်၊ ကွမ်းသီးရယ်၊ ဆေးရွက်ရယ်။

ကိုမောင်ချိုသည် သမီးလေး လှမ်းပေးလိုက်သော ကွမ်းထုပ်ကို ထန်း ခြစ်ဆုံစည်နှုတ်ခမ်းပေါ်တွင် တင်ဖြေ၍ ကွမ်းယာရင်း စဉ်းစား၏။

ဒီနေ့ မြို့တော့မသွားနိုင်တော့ဘူး။ အိမ်လုပ်စရာတွေထဲက တစ်ခုခု လုပ်ရတော့မှာပဲ။ သက်ကယ်ပစ်ဖို့လည်း ရှိ၏။ မိုးဦးကျ ဂုံလျှော်စိုက်ရန် နောက်ဖေးခြံအမှိုက်ချဖို့လည်း ရှိ၏။ ဟိုပေါက်ပြားရိုး ကျိုးနေတာလည်း ပြန်တပ်ရဦးမည်။ မနေ့ညက ပေါက်လက်စ ထင်းတုံးကော ရှိနေသေး။

သူ့အတွေးမဆုံးမီ ကွမ်းယာပြီး၍ ပါးစပ်ထဲငုံကာ နောက်ဖေးဘက် ထွက်လာမိလျက် ထန်းလက်ခြောက် လေခတ်သံကြား၍ ခြံစပ်က ထန်းပင်ပေါ် မော့ကြည့်လိုက်မိတော့မှ အခု ဘာလုပ်ရတော့မည်ကို ဆုံးဖြတ်ချက်ချမိတော့လေ၏။

"ဟာ ... မမြင့်ရေ ... ထန်းနိုင်ကလေးတွေ သီးလုံးတောင်ပေါ်နေမှ ဒီထန်းပင် တက်မှဖြစ်တော့မယ်ဟေ့ ... "

မီးဖိုချောင်ထဲရှိနေသော သူ့မိန်းမကို လှမ်းပြောလိုက်လေသည်။ မမြင့် ကား သူ့လင်ပြောတာကို ကြားသည်ဖြစ်စေ၊ မကြားသည်ဖြစ်စေ ဘာမျှ ပြန်ပြောလေ့မရှိပေ။ ကိုမောင်ချိုကသာ ထန်းပင်ကို လှည့်ပတ်မော့ကြည့်ကာ ဆက်၍ပြော၏။

"ဒီနှစ် ထန်းတော်တော်ထွက်မှာပဲကွ၊ အဆင်သင့်ပဲဟေ့။ ကျေးတောင် စိုက်ရော၊ တောက်တဲ့ခေါင်းရော ... "

ထန်းလက်၊ ထန်းခွာကြားမှ ထွက်ပြူစ ထန်းစကလေးသည်



ကြက်တူရွေးတောင်ကဲ့သို့ စိမ်းမြနေ၍ 'ကျေးတောင်စိုက်' တဲ့။ ထိုကျေးတောင် အောက်မှ သီးတံအစွန်ကလေးပေါ်လာတော့ တောက်တဲ့ခေါင်းပြူလာသည် နှင့်တူ၍ 'တောက်တဲ့ခေါင်း' တဲ့။ ဤမှတစ်ဆင့် နိုင်တံထွက်ပြီး သီးလုံး ကလေးတွေ ပီသလာတော့ 'သီးလုံးပေါ်'။

ထန်းမကို ထန်းရည်ချရာတွင် ဤသီးလုံးပေါ်ကစ၍ ကိုင်ရလေသည်။ ထို့ကြောင့် ကိုမောင်ချိုက အဆင်သင့်ပဲဟေ့ ပြောခြင်းဖြစ်သည်။ ယခု နှစ်စမှ သီးလုံးပေါ်ကစ၍ထု၊ ဤအနိုင်ကလေးများ လှီးဖြတ်ရတော့ တောက်တဲ့ခေါင်းက သီးလုံးပေါ်ဖြစ်လာမည်။ ကျေးတောင်စိုက်က တောက်တဲ့ခေါင်းထွက်လာမည်။ ထန်း ၄-၅-၈ စသည် ဤနှုန်းဖြင့် အလျဉ်း သင့် ဖြစ်လာပေသည်။ တစ်ပတ်အတွင်းမှာ ထန်းရည်ကျတော့မည်။

ကိုမောင်ချိုသည် ကာလသား ထန်းတက်သမားတစ်ယောက် ဖြစ်ခဲ့သည်။ ရှေးယခင်က ထန်းပင်ပေါင်း အစိတ်၊ သုံးဆယ် တက်၍ အသက်မွေးခဲ့သည်။ ထန်းသမားအလုပ်သည် ဘာပြောပြော ကျေးရွာတွင် ငွေကြေး ချောင်လည်၍ မျက်နှာပွင့်လင်းသူဖြစ်သည်။

"ထန်းရည်သောက်တတ်တဲ့ လူတွေဆိုရင် ကိုယ့်အောက်ကချည်းပဲကွ၊ ငါ ထန်းပင်ပေါ်နေတုန်း သူတို့က အောက်လာလာပြီး ရှဉ်းမလား၊ တစ်ပုလင်းပေးပါ၊ နှစ်ပုလင်းပေးပါနဲ့ တောင်းရသကိုးကွ၊ ဟဲ ... ဟဲ ... "

ကိုမောင်ချို၏ ပြက်လုံးရွှင်လုံးကလေးဖြစ်သည်။ ကျေးရွာတွင် ထန်းတက်ခြင်းအလုပ်ကို 'အထက်တန်းစားအလုပ်' ဟူ၍လည်း ပြောတတ်ကြသည်။

ယင်းအလုပ်ကို ကိုမောင်ချို မက်မောခဲ့ပါ၏။ သို့သော် ယခု အသက် ၅၀ ကျော်လာတော့ ဇရာချဉ်းလာသော သူ၏ခြေလက်အင်္ဂါတို့က ထန်းပင် ပေါင်းများစွာတို့အား ပင်တိုင်းစေ့ မနက်တစ်ကြိမ် ညနေတစ်ကြိမ် တက်ရန်တို့ကို ငြင်းဆိုလာလေသည်။ ထို့ကြောင့် သူသည် ထန်းတက် အသက် မွေးခြင်းအလုပ်ကို စွန့်လွှတ်လိုက်ရကား တစ်နှစ်မှာ တစ်ပင် နှစ်ပင်လောက်သာ ကိုယ်သောက်ဖို့လေးလည်းရ၊ ဟင်းချိုဖိုးလည်းရ အောင် ကြိုးပမ်းခြင်း ဖြစ်လေသည်။

www.burmeseclassic.com



ကိုမောင်ချိုသည် ထန်းပင်ကို လှည့်ပတ်ကြည့်ရှုပြီးနောက် သူ့ဖနိုးနှိပ်မှာ စိတ်ချရှောင်ဆီသို့ ပြန်လာခဲ့ပြီး ...

"ကောင်းလေကွာ ... ငါ့ဓားမ၊ သွေးရဦးမယ်၊ သွေးပြီး မောင်းတက်ဝါးသွားခုတ်ရမယ် ..."

ရောက်ပြင်မှ သူ့ဖနိုးလှမ်းပေးသော သူ၏လက်သုံးတော် ဓားမကြီးကိုယူခဲ့ကာ ဓားသွေးကျောက် ထားရာ အိမ်ရှေ့က ထန်းမြစ်ဆုံစည် အနီးမှာသွားချွေသွားလေသည်။ ထိုအချိန်၌ ဝက်ခြံထဲမှလွှတ်လိုက်ပြီဖြစ်သော ဝက်ကလေးလည်း ဤရေစည်အနီးက ကျင်းမှာ လာ၍လူးနေသည်။ သူတို့အိမ်မှာ ဝက်တစ်ကောင်ရှိသည်။

"ဟား ... ဗိုလ်ချို၊ သွေးလှချေလားဓား၊ အနားက စုပ္ပူးဖောက်တော့မလို့လား"

ဝက်ကို ကျေးရွာသားတို့၏ စုဘူးဟုလည်းခေါ်သည်။

ကိုမောင်ချိုသည် လမ်းကလူကို လှမ်းကြည့်၍ ...

"ဟုတ်ပါဘူးကွာ၊ ခုနှယ် ဒီစုဘူးဖောက်လို့ ဘယ်လောက်ရမှာလဲ၊ အလွန်ဆုံး နှစ်ဆယ်ထွက်တော့မပေါ့"

"တောက် ... ကောင်းတော့ ဒီအရွယ်မှကောင်းတာဗျ"

"ဟာ ... ဘယ်ပြောကောင်းမလဲ၊ ရေဆူခပ်စားရုံပေါ့" ဆိုပြီးမှ သူ သတိရ၍ "ဩော် ... အဆင်သင့်ပဲဟေ့ မောင်တင်လေး၊ ငါ မောင်းတက်ဝါး လိုချင်လို့ကွ၊ မင့်အိမ်နောက်ဖေးက ဝါးနက်ရုံမှာ အတက် ကောင်းကောင်းနဲ့ ရှိမယ်လား"

"ရှိပါ့ဗျား ... ဘာလုပ်ဖို့လဲ"

"နောက်ဖေးထန်းပင် ကိုင်တော့မလို့ကွ"

"ဟာ ... ထန်းရည်တက်ဖို့ဆိုခုတ်၊ ကြိုက်သလောက်သာခုတ်"

"အေး ... ဒါနဲ့ မင်းဘယ်သွားမလို့လဲ"

"တောင်ပိုင်းကို"

"ဒါဖြင့် သာကျော်ကြီးရာပြီး လွှတ်လိုက်စမ်းကွာ၊ ထန်းပင် မောင်းတက်ဆွဲတော့ သူ့ကူခိုင်းရဦးမယ်"



ကိုမောင်ချိုသည် ဓားကို အားရပါးရသွေးသည်။ ထန်းကိုင်ရမည်ဆိုတော့ ဓားပြတ်ဖို့ အလွန်လိုသည်။ ဤဓားမ သွေးပြီးနောက် ထန်းလှီးဓားကို ခြောက်လုံးမွေးကျအောင် သွေးရဦးမည်။ အင်း ... ဒီနေ့တော့ မလိုသေးပါ။ သူ့ဓားမ အရေးကြီးတာက မောင်းတက်ဝါးခုတ်ပြီး ထန်းပင်ချိတ်ဆွဲဖို့၊ ပြီးတော့ ထန်းပင်ပေါ်တွင် ခုတ်ထွင်ရှင်းလင်း၍ ထန်းခွာများနင်းဖို့။

ထန်းရည်နင်း

ပေါက်ကင်းတဲ့လဲငုံ

ထန်းဖိုငုံကင်း၊ ထန်းရည်နင်းသည်နှင့်လေး။

စသည်ဖြင့် . . .။

ထန်းရည်ခံရန်၊ ထန်းခွာတို့ကိုနင်းဖြ၍ ထန်းစကိုထုတ်ကာ ပြုပြင်ရိုက်တွယ်သည်ကို ရှေးပညာရှင်များက 'ထန်းရည်နင်း' သည်ဟုဆိုကြသည်။ ဤထန်းရည်နင်းသည်ကို တပို့တွဲလဘွဲ့ ဖွဲ့ဆိုကြသည်။ မှန်ပါသည်။ တပို့တွဲလမှာ ထန်းဖိုက အရင်စကိုင်ရသည်။ ထန်းမက ယေဘုယျအားဖြင့် ထန်းဖိုထက်နောက်ကျ၍ တပေါင်းလလောက်မှ ကိုင်ရတတ်ပါသည်။ တပေါင်းလရောက်သော် ထန်းဖိုရော ထန်းမရည်ရော နှစ်မျိုးစလုံး ရလေသည်။

"ဟေ့ ... တပေါင်းလလို့ ဘာကြောင့်ခေါ်သလဲသိလား" ထန်းသမားကြီး ဦးမောင်ချိုက ပြောလေ့ရှိပါသည်။ "ထန်းဖိုရည်၊ ထန်းရည်မ နှစ်ခုပေါင်းလို့ ထန်းပေါင်းလ၊ တပေါင်းလလို့ ခေါ်ကြတာကွ ... မှတ်ထား"

ကဲ ... ဘယ်သူငြင်းချင်သနည်း။

ထန်းသမားကြီး ဦးမောင်ချိုသည် သူ့ဓားကို တစ်နာရီလောက်ကြာအောင် စိတ်တိုင်းကျသွေးပြီးမှ ထိုင်ရာက ထလိုက်ကာ ...

"မပြင့်ရေ ... ငါ မောင်းတက်ခုတ်သွားမယေ့" ဟု နှုတ်ဆက်လိုက်သည်။ သည်အခါတော့ သူ့မယားချော စကားပြောလာ၏။

"တော့်နှယ် ဘယ်အချိန်ရှိပလဲ၊ ထမင်းစားသွားပါတော့လား"

ဒီတော့မှ ကိုမောင်ချိုက ထမင်းစားဖို့ သတိရကာ ...

"အေး ... ဟုတ်သားပဲ၊ ဘာဟင်းချက်လဲဟ"

"ဘာဟင်းချက်နေရမလဲ၊ မြေပုံသီး ငါးပိချက်ပေါ့" သူ့ချစ်ဇနီးက

www.burmeseclassic.com

www.burmeseclassic.com



ခြင်တွမ်းမှာ ပြန်ပြောပါ၏။ "ကိုယ့်ဒီရာသီမှာ ဒါပဲစားစရာရှိတာ၊ မေးနေရသေး"

ကိုမောင်ချိုက အလျှော့ပေးသံဖြင့် ...

"အေးဟာ ... နို့ ဘာတို့စရာလဲ"

ထိုအခါသတော့ ခြောင်းတန်ကောင်းရဲ့ပေါ့။ ဤတွင် သူ့ဇနီးက ခရာ လိုက်ပါ၏။

"ထမင်းပွဲရောက်တော့ ကြည့်တော်"

ဆောင်းဆုပ်မှုမြင့်သော မည်းညစ်ညစ် ထမင်းစားပွဲဝိုင်းပေါ်တွင် ငါးပိရည် ပန်းကန်လုံးနှင့်ယှဉ်၍ သံပန်းကန်ပြားထဲမှာ ခရမ်းသီးပြုတ်ကလေးများ ရှိနေကြသည်။ ခြံထဲမှ နွေခရမ်းဖြစ်၍ ပိုးပေါက်နှင့် ကောက်ချိတ်ချိတ် ထပ်လေးများဖြစ်သော်လည်း မာပြီးချို၍ ငါးပိရည်တို့၍တော့ ကောင်း၏။ သူ အမှတ်ထားသည်ဆိုလျှင် ဒီငါးပိချက်မျိုးနှင့် ခရမ်းသီးပြုတ်မျိုး တို့ခဲ့ရသည်မှာ ထမင်းအနပ်ပေါင်း မရေတွက်နိုင်တော့ပြီ။ သို့သော် 'တွေ့သမျှ စားဟ၊ ရသမျှကြိတ်' ဟူသော ဆင်းရဲသားဝါဒဖြင့် ကိုမောင်ချိုသည် ဆောင့်ကြောင့်ထိုင်၍ ဟဲလိုက်ရာ ပါးစပ်ထဲ စားလိုက်ဝါးလိုက်ရသည်ဟု တယ်မထင်လှပါဘဲနှင့် ထမင်း နှစ်ပန်းကန်လောက် ပျောက်သွားလေသည်။

ဗိုက်ပြည့်သောအခါ၌ ကိုမောင်ချိုသည် ကြမ်းပြင်ထသွား၍ ရေမှုတ်နှင့်ရေသောက်၊ နောက် ပန်းကန်ဆေးပြီး သူ့ပခုံးပေါ်ရှိ ပုဆိုးနှင့်လက်သုတ်ကာ ထိုပုဆိုးကိုပင် ခေါင်းမှာရစ်လိုက်သည်။ ပြီးလျှင် အိမ်ထဲပြန်ဝင်ကာ ကွမ်းတစ်ယာ ယာ၍ ပါးစပ်ထဲငုံ၊ ကွမ်းထုပ်ကို ခါးပိုက်ထဲထည့်ပြီးသကာလ မားမကိုဆွဲလျက် အိမ်ပေါ်မှဆင်းခဲ့တော့၏။

"မမြင့်ရေ... ငါသွားပယော့၊ သာကျော်ကြီး မှာထားတယ်၊ သူလာရင် ငါ မောင်တင်လေးခြံထဲ ဝါးခုတ်သွားတယ်ပြောလိုက်"

အိမ်ရှေ့ရောက်တော့ ဇနီးအား မှာကြားခဲ့သေးသည်။ ဇနီးသည်က တော့ ထုံးစံအတိုင်း ဘာမျှပြန်မပြောချေ။ သို့သော် ကိုမောင်ချို မောင်တင်လေး ခြံသို့မရောက်မီ နောက်မှ ခြေသံဖုတ်ဖုတ်ကြားရ၍ အသက် ၂၀ ခန့် လူငယ် တစ်ယောက်

"ကိုလေးချို ... ကိုလေးချို ... "



ကိုမောင်ချို ရပ်ကာ ပြန်လှည့်၍

"ဟ ... ဘာလဲကွ မောင်ချော"

"အရှေ့ဘက်တန်းက ဒေါ်ကျော့ခင်အိမ်မှာရောင်းဖို့ နွားရောက်နေ အောင် ပြောတယ်။ အဲဒါ အမေက နင့်ကိုလေးချိုခေါ်ပြီး သွားကြည့်စမ်းပြော လိုက်လာပါ ခုသွားကြည့်ရအောင် ... ကိုလေးချို မောင်းတက်ဝါး နောက်ပြီး ချွန်တော်ပါလိုက်ကူခုတ်ပေးမှာပေါ့"

ကိုယ့်ကို အားကိုးတကြီး ဆရာလာ၍မှီးပြန်တော့လည်း မနေသာ၊ ကြီး ဒီကောင်လေးတွေက နွားအကြောင်းကို ဘာမျှ နားမလည်သေး။ သူတို့ မိခင် နွားတစ်ကောင်ဝယ်ဖို့လိုနေတာ ကိုယ်ကြည့်လုပ်ပေးမှသာ ဖြစ်တော့ မည်။ ကိုယ့်ပေါက်ဖော်သားချင်းကလေးတွေ။

ကိုမောင်ချို နောက်ကြောင်းလှည့်ကာ အရှေ့ဘက်ရွာသို့ ပါသွားရ သည်။

"ဘယ်ကနွားတဲ့လဲကွ"

"ထိန်ကုန်းရွာက သူတို့ဆွေမျိုးနွားတဲ့၊ နက်ဖြန် နွားပွဲချသွားမလို့တဲ့"

"မင့်အစ်ကို မင်းကျော်ကော"

"ပျဉ်ပုံကြီးသွားတယ်၊ သူလည်း နွားကောင်းကောင်း နားမလည် သေးပါဘူး၊ ကိုလေးချိုပြီး ပြီးပါတယ်"

"အေး ... မလည့်တလည်နဲ့ ငါဝယ်ပေးတဲ့နွား၊ ဘာလေး ညာလေး နောက်သူငယ်သံလေးနဲ့ စာစာ စာစာ လျှောက်ပြောရင်တော့ ငယ်ထိပ် ဓားနောင့် နဲ့ အထုပဲကွာ"

"အဟီးဟီးဟီး သူပြောဝံ့ပါဘူး ကိုလေးချိုရဲ့"

သို့ဖြင့် တယ်ပြီးမဝေးလှသော ဒေါ်ကျော့ခင်အိမ်ရောက်၍ အဘွား ကြီးက မျက်ခုံးပေါ် လက်ဝါးကာ ကြည့်၍ ...

"ဟဲ့ ... မောင်ချိုပါလား၊ ဘာကိစ္စလာကြသလဲ"

"ခင်ဗျားတို့အိမ် ရောင်းဖို့နွားရောက်တယ်ကြားလို့ ဟောဒီ ကောင်ချောတို့ဖို့ လာကြည့်တာ"

"ဟယ် ... ကူကြီးခြံထဲ ထင်းတိုက်တဲ့ဟယ်၊ ခုပဲ သူငယ်ထော

www.burmeseclassic.com

www.burmeseclassic.com



လှည်းတစ် ထွက်သွားကြလေရဲ့၊ လိုက်သွားကြပါလား။ သူတို့ တာခွက အကြော်တဲမှာ ရှိနေဦးမယ်ထင်တယ်"

"လာရော ... ကိုလေးချို၊ လှည်းတပ်ထားတုန်း ကြည့်ရတာကောင်းတယ်" ဆို၍ မောင်ချောတတွဲခေါ်သည်ကို မောင်ချို တာလမ်းဘက်သို့ ပါသွားပြန်လေသည်။

သို့သော် အကြော်တဲတွင် ဒေါ်ကျော့ခင်၏သူငယ်လေး ငရွှေတို့ လှည်း ရှိတော့ချေ။ ခပ်လှမ်းလှမ်းမှာ ဖုံတထောင်းထောင်းသာ မြင်ရတော့ ၏။

"ခုပဲ ဒုန်းရိုက်ထွက်သွားကြလေရဲ့ကွ ... " မောင်ချောကမေး၍ အကြော်သည် ကိုဘအေးက ပြော၏။ "ဒါဖြင့် ကိုလေးချို ဒီအကြော်တဲက စောင့်နေမှာ ကျွန်တော် ဟိုမြင်းလှည်းနဲ့လိုက်သွားပြီး သူတို့ထင်းလှည်းအပြန် စောင်းကြည့်ခဲ့မယ်" ဆိုပြီး မောင်ချောသည် ထွက်စပြုနေသော မြင်းလှည်း ပေါ်သို့တတ်၍ လိုက်ပါသွားလေသည်။

ကိုမောင်ချိုသည် ဘာမျှမပြောနိုင်ဘဲ ငေး၍ကျန်ခဲ့၏။ အကြော်တဲ အတွင်းမှ ...

"ဟော့ ... လာကွာဗိုလ်ချို၊ အကြမ်းသောက်ရအောင်" ဟူသော အသံ ကြား၍ ခေါင်းငုံ့ဝင်ရသော တဲစက်မြိတ်အောက် ငုံ့ကြည့်လိုက်တော့ ...

"ဟော ... ကျော်ဆင့်တို့ပါလား၊ မင်းတို့ ဘယ်ကလှည့်လာကြလဲ" ပြောပြီး အထဲဝင်သွား၏။ နောက်တစ်ယောက်က ဖင်ထိုင်ခုံကလေးတစ်ခု ထိုးပေး၍ ...

"လာဗျ ... ထိုင်၊ အကြော် နောက်ထပ်တစ်မတ်ဖိုး ထည့်ပါဦးဗျို့"

"ဟာ ... မောင်မြင့်ကြီးလည်းပါလား၊ မင်းအရင်အပတ်က ဝယ်သွား တဲ့နွား ... ဘယ့်နှယ်လဲ"

"သင့်ပါတယ်၊ သူ့အဖိုးနဲ့သူ တော်တယ်ပြောရမယ်ပေါ့ဗျာ"

"ကျော်ဆင့်ကော၊ မင်း ဟိုအရင်တစ်နှစ်က ဝက်တစ်ကောင်နဲ့ သက်ငယ်တစ်ရာ အလိုက်ပေးပြီးလဲသွားတဲ့ ဖိုးထိန်ဆီကနွားကလေးကော"



"ထမ်းပိုးကျင့်ပြီကွ၊ ခုမိုးတော့ နောက်လိုက်ကလေး ထွန်ရလိမ့်မယ် ထင်မယ်... နွားကောင်းကလေးဆရာရဲ့၊ မင်းတို့ အဲဒါလေး ထုစားကြတော့ ယ်လုပ်နေတုန်းဆို"

"အေးပေါ့ကွ ...၊ မင်း မလာခင်တစ်ညက လက်မတင်ကလေးလို တော့တာ၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့၊ သူ့ကံပဲဆိုရမယ်ကွ ...၊ တို့ လူ ၄ ယောက်အနက် တစ်ယောက်ကစပြီး သနားစိတ်ပေါ်သတဲ့ကွ၊ ထူးထူးဆန်း ဆန်း အဲဒီကောင်ဟာ ဟင်းကောင်းဆိုရင် နွားအရှင်တောင် လှျာဖြတ်စားချင် တဲ့အကောင်၊ အဲဒီနေ့ညမှပဲ ဒီနွားလေး သနားစိတ်ပေါ်သတဲ့ကွာ"

"ဒီနွားလေးဆီမှာ ငါ့မြေရှိနေသေးလို့ပေါ့ကွာ ...၊ နို့ အဲဒီလူက ချောင်ကုန် မှာ နေတဲ့စာရေးဆရာဆို"

"အေးလကွာ ... မှုလက တို့ရွာသားပေါ့"

"ဒါနဲ့ ဗိုလ်ချို၊ မိုးဦးကျမှ တို့ရွာက ငါဝယ်ထားပေးလိုက်တဲ့ ဝက်နက် ကလေးကော ဟန်ရဲ့လား"

"ဟန်ပါတယ် ... အခု နှစ်ဆယ် ထွက်လောက်ရှိပြီကွ"

"ဘယ်တော့ စိတ်ကူးလဲ၊ တို့လည်းအကြောင်းကြားကွာ"

"ဟာ ... ဒါလေးတော့ ငါတော်တော်နဲ့ မလုပ်နိုင်ဘူးကွာ၊ နွားဖြစ် အောင်လုပ်ရမယ်၊ အခု ငါ့မှာ နွားတစ်ကောင်တည်းရှိတယ်ကွ"

"ဒါဆို ... မင်းရှေ့နှစ် စပါးပေါ်လောက်ပေါ့"

"အေး ... ဒီလောက်ဆို ၆၀ ထွက်လောက်မှန်းတာပဲ"

"ဟင် ... ဒီဝက်မျိုး မျိုးကောင်းကွ၊ ၆၀ မအောက်ဘူး၊ ကျော်ကျော် ယ်သာ၊ ငါမင့်မို့ တမင်ရွေးဝယ်ပေးတာပဲ၊ အစားအသောက်ကောင်းတယ် တ်လား"

"ဟာ ... သိပ်ကောင်းတာပဲ၊ ဒါနဲ့ မင့်တူမကြီးကိစ္စက ရှောင်ရတုန်း အချင်းချင်းတွေ ဘယ်လိုကဘယ်လို ဖြစ်ကြတာလဲကွာ"

"ဗိုလ်ချိုရာ... ဒါကတော့ မင့်တူကို မင်းလည်းတတ်နိုင်ရင်တော့ ကိုယ့်အချင်းချင်းမို့ ပြောရမယ်ဆိုရင်" အစချီပြီး သူတို့ချင်းနှစ်ကိုယ်ကြား ပြောကြသည်။ ဤနေရာသည် မြင်းလှည်းဂိတ်ကလေးလည်း ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ တိုးလှသည့်လူ ဝင်ထွက်စားသောက်ကြလျက် သူတို့သာ စကား ကောင်း ကျန်ခဲ့ပြီး အချိန်သည် ကုန်မှန်းမသိကုန်သွားလေရာ၊ နောက်ဆုံးမှ ဗိုလ်ချုပ်က သတိရ၍ —

"ဟာ ဘယ်နနာရီတောင်ရှိသွားပလဲ၊ ငွေးတို့လည်း ကူကြီးခြံထဲတင် ဆိုရင် ပြန်ရောက်ဖို့ကောင်းတာ ကြာလှပြီ" ဟု ပြောလိုက်သည်၌ ဆိုင်ရှင် ကိုမှာအေးက —

"ဟာ … ဗိုလ်ချုပ်ရ၊ ကူကြီး ခြံကအပြန်မှ ဝင်မှာတဲ့၊ သူတို့ သစ်တုန်း ရောက်အောင်သွားကြဦးမှာတဲ့၊ မင်း ဘာကိစ္စရှိလို့လဲ"

"အဲဒီ လှည်းတပ်သွားတဲ့နွားက ရောင်းဖို့တဲ့ဗျာ၊ ဒါကို မောင်ချော တို့က ဝယ်ဖို့ကြည့်ပေးပါဆိုလို့"

"ဒါဖြင့် ညမှပဲသွားကြည့်ပေတော့၊ ဒီကောင်တွေ တော်တော်နဲ့ ပြန် ရောက်မှာမဟုတ်ဘူး။ ငွေးရယ်၊ မောင်ချောရယ်၊ နွားနဲ့လှည်းနဲ့ တွေ့သွား ကြရင်ဖြင့် အဲဒီနွားရှင်ဟာ နွားမရောင်းရဘဲ အမဲသားရောင်း မပြန်ရ ကံကောင်းပဲ"

ထိုစဉ်၌ သူတို့တဲထဲမှ ထွက်ကြ၍ ကိုကျော်ဆင့်က …

"ဟာ … နေတော်တော်ကျသွားပဟေ့၊ သွားမယ်ဗိုလ်ချုပ်၊ တို့ မနက်ဖြန် နွားပွဲမှာဆုံကြဦးစို့၊ မောင်တင့်နွားလေး ဖြစ်မယ်ဆိုရင် တို့အစိတ်ပို တော့ ပျော်ရမယ်ကွာ"

"အေး … ငါလာခဲ့မယ်၊ သွားမယ်။ ငါလည်း မောင်းတက်ဝါးခုတ် မလို့"

တာလမ်းမရွာဘက်အကူးတွင် ဆောက်ချုံကလေးများနှင့် ရိုးနိုင် အိုင်ကြီးတစ်ခုရှိလေရာ မိုးနှောင်းက သည်နေရာမှာ ကိုမောင်ချိုတို့သားအ တွေ ငါးပက်ခဲ့သည်။ ငါးခူ၊ ငါးကျည်း၊ ငါးအိုက် လေးပိသာအပြင် အထူ သဖြင့် လိပ် ၃ ကောင်။

"ဟိတ်လုံးရယ်ညံ၊ လိပ်သုံးကောင်ဆီပြန်ကြော်လို့" ဟု သူ့သားငယ် က အော်ဆိုခဲ့သည်ကို သတိရမိသည်။ ဒီလိပ် ၃ ကောင်ကိုလှော်၍ ရက်ခြာ စားခဲ့ကြသည်။ ကိုမောင်ချိုတို့သည် ရေသတ္တဝါတွင် ငါးဖားထက် လိပ်သာ



က ပို၍ကောင်းကြောင်း သိကြသည်။ ပြန်သတိရ၍ တံတွေးမျိုမိသေးသည်။ ထိုမှ၍ ဟင်းကောင်းမြိုးမြိုးမြက်မြက်၊ ပေါပေါလိုင်လိုင်မစားရသည်မှာ ကြာပါပကော။ ကိုမောင်ချိုတို့အရပ်သည် နွေအခါ အင်းအိုင်ချောင်းမြောင်း များ ရေခန်းလာဖြစ်၍ အသားငါး ရှားပါးလှသည်။

ယင်းသို့ မိုးနှောင်းကို ပြန်ပြောင်းတွေးရင်း ကိုမောင်ချို လက်က အော်ကြီးတကားကားနှင့် လျှောက်လာစဉ် "ဗျို့ … ဗိုလ်ပုချို …၊ ဗိုလ်ပု ချို …" ဟု သူ့ဆီပြေးလာကြသူ နှစ်ယောက်ကတော့ အသက်ဆယ့်ငါးနှစ် အရွယ် မူလတန်းကျောင်းထွက်ကလေးများဖြစ်၍ ကာတွန်းအောင်ရှိန်၏ ကာတွန်းခေတ်ကို မီလိုက်ကြသူများ ဖြစ်သည်။

ယခုမှ ဖော်ပြရဦးမည်။ ကျုပ်တို့ဇာတ်လိုက် ဗိုလ်ချိုသည် တောသား ထွားထွားလူခန့်ကြီး မဟုတ်ပေ။ ပုကွကွ၊ ခြေခွင်ခွင်နှင့် လက်ပြင်ကုန်းကုန်း၊ မျက်စိတိုတို လူဖြစ်သည်။ ထို့ကြောင့် မိဒန်ပရိသတ်က သူ့အား ဗိုလ်ပုချို ဟု ခေါ်ညည်ပေးကြခြင်း ဖြစ်သည်။ ပြောရဦးမည်၊ အခုန အကြော်ဆိုင်ထဲက ထွက်လာတော့ ကိုမောင်ချိုသည် ညနေစောင်းပြီမို့ ပုဆိုးကို ခေါင်းမှာမပေါင်း တော့ဘဲ လည်ပင်းသိုင်း၍ ကျောမှာခြုံလာခဲ့သည်။ ဗိုလ်ပုချို၏ ခြုံအကျီနှယ် ပုဆိုးကို လူငယ်ကလေးများက ပို၍သဘောကျကာ အနီးသို့ရောက်လာ ကြသည်၌ —

"ဒီမှာ ဗိုလ်ပုချို၊ ခင်ဗျား ကျုပ်တို့အတွက် နှိမ်နင်းပေးဖို့ ကိစ္စတစ်ခု ရှိတယ်"

"ဘာကိစ္စများလဲကွ … "

"ခင်ဗျားလက်က ဓားမနဲ့တော့ အဲဒီကောင်ခေါင်းကို ခုတ်နိုင်မယ် မဟုတ်ဘူး၊ ကိုယ်ကိုခုတ်လည်း သူက မှုမယ်မဟုတ်ဘူး"

ကိုမောင်ချိုက မခံချင်သံဖြင့် …

"ဘာမို့လဲကွ မင်းတို့ကောင်က "

"လိပ်ဗျ … လိပ် … လိပ် …"

ဗိုလ်ချို မျက်လုံးကျယ်ကာ …

"ဟေ့ ဘယ်မှာလဲကွ၊ ဘယ်မှာလဲ၊ ခုရှိပါဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ ကျုပ်တို့ဖမ်းထားပါပြီ"

"ဘယ်လောက်ကြီးလဲ"

"ဟောသလောက်ကြီးဗျ၊ သုံးပိဿာလောက်ရှိမယ်"

လက်နှစ်ဖက်ကို ဝိုင်းပြသည်၌ ...

"ဟာ ... အကြီးကြီးပဲ၊ မင်းတို့ ဘယ်ကရသလဲ"

"မြစ်ရိုးတော့ ထွက်လာတာ"

"ဒါဖြင့် ဗင်းရှောပေါ့ ... ကျင်းအောင်းလိပ်ပဲ၊ ဒီရာသီ သိပ်ဆူပေါ့ ... တောက် ... "

ကိုမောင်ချိုသည် စားချင်စိတ်ဖြင့် တံတွေးမျိုပြီး တက်ခေါက်လိုက်ရာ

"ခင်ဗျား သိပ်ခေါသထွက်မနေနဲ့၊ အခု ကျုပ်တို့နဲ့လိုက်ခဲ့၊ ခင်ဗျား တွေ့ရမှာပဲ"

"မင်းတို့ ငါ့ပေးမယ်လား ... "

"တာ အတူတူ ချက်စားကြတာပေါ့ဗျာ၊ ကျုပ်တို့က လိပ်မသတ်တတ် လို့ ခင်ဗျာ့လိုက်ရှာရတာ"

"နို့ မင်းတို့ဘကြီးသာဒင် ရှိသားပဲဟာ ... "

"ဘကြီးက သူ အသက်ကြီးပြီ၊ မလုပ်ချင်တော့ဘူးတဲ့ ...၊ မောင်ချိုသာသွားခေါ်ကွာတဲ့"

"အင်း ... ချက်ပြီးရင်တော့ သူစားမယ်ပေါ့လေ ... "

"ဒါတော့ လူကြီးပဲဗျ"

ဤမှာဘက်၌ မကျွမ်းကျင်သူတို့သည် လိပ်ဆိုတာ အခွံပစ်ရတာနှင့် ၃ ပိဿာလောက်အကောင်သည် အတွင်းသား ငါးဆယ်သားမျှ ရပါမည်လားဟု အောက်မေ့ဖွယ်ရှိသည်။ စင်စစ် ဒီလိုဗင်းရှောလိပ်ကို (လိပ်မှာ အမျိုးမျိုးရှိသည်) မီးဖုတ်လိုက်သောအခါ၌ အခွံရယ်ဟူ၍မရှိတော့ပေ။ ကျောကုန်းနှင့်ရင်ပတ်က ဂုံညင်းပြားသာသာမျှ အာရိုးပြားပါးပါးကလေး နှစ်ချပ်မှတစ်ပါး အားလုံးပျော့ပျောင်းကာ စားရသောအရာများသာ ဖြစ်ကြကုန်၍ ၃ ပိဿာလောက်ရှိသော ဗင်းရှော (ကုန်း–ရေ နှစ်ဌာနနေသည့်) လိပ်မှာ ညီလုံး ၄ ခုနှင့် စုစုပေါင်း အစိတ်သားမျှသာ စွန့်ပစ်ရလေသည်။



လိပ်တစ်ကောင်လုံးကို ပျော့အိသွားအောင်မီးဖုတ်ပြီး စားနှင့်ခွဲစိတ်တိုင်တွယ်သောအခါ၌ ကိုမောင်ချိုသည် ကောင်ကလေးများအား လိပ်၏ပေါင်ခြံနှစ်ခုနှင့် ချိုင်းနှစ်ဖက်အတွင်းမှ ညီလုံး ၄ ခု ထုတ်ပုံကိုပြ၏။ အမဲအဆီတုံးကဲ့သို့ ဝင်းရွှေနေသည်။ ဒါတွေမထုတ်လျှင် လိပ်သားကို မစားနိုင်လောက်အောင် ညှီ၏။

"ဟောဒါက အသည်းကွ၊ ဘယ်တော့မှ မှားပြီးမပစ်လေနဲ့၊ လောကမှာ အဆိမ့်ဆုံး၊ 'ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ' တဲ့၊ ပညာရှိကြီးများက ဆိုခဲ့တယ်"

ထိုစဉ် ကိုသာကျော်ကြီး ရောက်လာကာ ...

"ဟာ ... မိုလ်ချို ဒီမှာကိုး၊ ငါ မင်းမှာတယ်ဆိုလို့ လာပြီး မင့်လိုက်ရှာနေရတာ"

"အေးကွ ... ထန်းပင်မောင်းတက်ဆွဲမလို့ဘဲ၊ ဒီနေ့တော့မဖြစ်တော့ပါဘူးကွာ ...၊ နေကတော့ဝင်သွားပြီ၊ ဒီမှာ ဟင်းရတာနဲ့ကွ"

ကိုသာကျော်ကြီးလည်း ကြမ်းပြင်ပေါ်ရောက်လာကာ ...

"ဟော ... အကြီးကြီးပဲကွ၊ ဆူလိုက်တာဟာ ... "

"အေး ... မင်းလည်း ဒီမှာစားပေါ့ကွ ... "

"ဟာ ... ငါ့ဦးကြီးသာဒင်အိမ် ငါမစားလို့ ... ဖြစ်မလားကွ၊ ဦးကြီးသာဒင်ကတော့ အသက်ကြီးလို့ ဒါမျိုးစားတော့မယ် မထင်ဘူး"

ယင်း၌ အိမ်ရှေ့ခန်းမှ ...

"ဟေ့ သာကျော်၊ ခွေးစကားမပြောနဲ့ကွ"

"ဟဲဟဲ ... ဦးကြီးကလည်း" ဟု ရယ်သွမ်းသွေးလိုက်ပြီးမှ ...

"ဟေ့ ... ဒါနဲ့မိုလ်ချိုရ၊ ဒီလို ဟင်းကောင်းရှိပြန်တော့လည်း သူနဲ့ ... တစ်ခုလိုမနေဘူးလား"

ဤတွင် ဟင်းကိုင်နေသော မိုလ်ချိုက ...

"အေး ... ငါလည်း ဒါစဉ်းစားနေတာပဲ၊ ဘိုင်စကယ်ဘီးပေါက်လို့ ... သွားနိုင်ကတည်းက ပိုက်ဆံတော့ မရှိတော့ဘူးကွာ ... " ဟု ညည်းပြီးရ

"ရှော့ဟာ ... ဒါယူသွားပြီး ငွေကြီးဆီမှာ ကြည့်သာ ... ခဲ့စေတော့" ... သူ့အိမ်မှ မြနေအောင်သွေးလာခဲ့သည့် ဓားမကြီးကို ...

www.burmeseclassic.com



သေ၏။

မြင့်မြတ်တော် သာကျော်ကြီးသည် ဟင်းအိုးရန့်လှိုင်၍ အပေါ်အငွေ့ပြည့်နေသောအချိန်၌ အရက်တစ်ပုလင်းနှင့် ပြန်ရောက်လာလေသည်။

ထိုည သူတို့ မည်မျှထမင်းမြိန်ကြမည်ကို ဖော်ပြစရာမလိုတော့ပေ။ အလုပ်အလွန်များလှသော ကိုမောင်ချိုသည် ယင်းည အိမ်ပြန်ရောက်သည်နှင့် နုတ်ခြင်း ဘာကာစပြီးလုပ်ရမည်ကို မစဉ်းစားနိုင်တော့ဘဲ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

(၁၉၆၆ မေလ၊ ငွေတာရီ အမှတ်-၇၀)

❑



## ထန်းသမားထေကြီး

ထန်းသမားထေကြီး၏ ပထမဦးဆုံး ထူးခြားချက်နှစ်ရပ်ကို ဖော်ပြပါမူ ...

(၁) ထန်းသမားထေကြီးသည် ထန်းတက်သမားဖြစ်လျက် ထန်းရည်၊ အရက်မသောက်ခြင်း။

(၂) ရေချိုးလေ့မရှိခြင်း။

"ငါ့ချီး ... ရေချိုးလို့သေတဲ့မသာ ရှိတယ်၊ ရေမချိုးလို့သေတဲ့မသာ မရှိဘူးကွ"

သူ့အား ရေမချိုးရကောင်းလားဟု ပြောသူများအား ချေပသော ထိတ်သုံးစကားတည်း။

"ကိုထေကြီး ... ခင်ဗျားကိုယ်က ချွေးတွေ၊ ညှော်တွေနဲ့ စေးထန်းမ ကျနေသလား၊ မအီမသာ ဖြစ်မနေဘူးလား ... "

"ဟင့်အင်း ... မနေဘူးကွ၊ ငါ့ဟာငါ နေထိုင်ကောင်းနေတာပဲ"

ယင်းကား သူ့အဖို့ သိဒ္ဓိပြီးစီးခြင်းတစ်ရပ် ဖြစ်နေပေသည်။ ကျွန်ုပ်တို့မှာ ရေချိုးချင်၍ (သို့မဟုတ်) ရေချိုးချိန်တန်၍ မချိုးရပါက မည်မျှကျ ကျော်ကြပါသနည်း။ ထေကြီးကား ဤဒုက္ခမှ ရာသက်ပန်ကင်းဝေးလျက် ရှိပြီ။

အများမျက်မြင်အားဖြင့် ထေကြီးကိုယ်မှာ ချွေးကွက်တွေ အထပ်

www.burmeseclassic.com



ထပ် ပြီး၍ ရှုယ်လိုလိုရှိသည်။ မည်သူသည် သူနှင့် ကိုယ်ချင်းထိတွေ့ချင်ပါအံ့နည်း။ သို့သော် သူမှာ အများနည်းတူ သားမယားနှင့်ဖြစ်၏။ သာမဏေနသာဓေဘေဒါနေနေဒါနေ ဆိုဘိသို့ သူ့မယားလည်း သူ့လိုပဲ ညစ်ပတ်ပါ၏။ အဲ — အေးရော မအေးရော ညစ်ပတ်ပြီဆိုတော့ သားသမီးများ အထူးပြောစရာမရှိတော့ပြီ။

တစ်ရွာလုံးမှာ အညစ်ပတ်ဆုံးအိမ်ထောင်ကို ပြပါဆိုတော့ "ဒီရွာတင် မကဝါဘူးဗျာ၊ တခြားဘယ်ရွာတွေနဲ့ ယှဉ်ယှဉ်၊ ထေကြီးတို့အိမ်က ထိပ်တန်း ထိပ်တင်ပါပဲ" ဟု ဖြေရမည်သာ။

သူတို့အိမ် ညစ်ပတ်သည်မှာ လူတွေသာမက အိပ်ရာ၊ ခြင်ထောင်၊ စောင် ခေါင်းအုံး အဝတ်အစား အနေအထား၊ ရေကပြင်၊ မီးဖိုချောင်၊ ပန်းကန်ခွက်ယောက်ထအစ ညစ်ပတ်ကြ၏။

ထေကြီးသားသမီးတွေဆိုလျှင် အစဉ်သဖြင့် ချေးလက်လေးသစ်နှင့် အရွက်လုံရုံ ဝတ်ဆင်သည်များလည်း အလွန်ညစ်ပတ်၏။ ထေကြီးမိန်းမဆိုလျှင် အကျီဝတ်သည်ကို အလွန်မြင်ရခဲ၏။ အစဉ်သဖြင့် ထမီရင်လျားနှင့်သာ ဒူးပေါ်ရင်ပတ်ပေါ် နေလေ့ရှိ၏။ သည်တော့ မိန်းမတစ်ယောက်၊ အသက် ၃၀ မကျော်သေးသော မိန်းမတစ်ယောက်၊ သည်လိုခြေသလုံးပေါ် ပခုံးပေါ် မနေသင့်ပါဘူးဟု မထင်ကြပါလင့်။ သူ့တစ်ကိုယ်လုံးတွင်ရှိသော ချေးညှော်များက အန္တရာယ်ကို ကာကွယ်ထားပါ၏။ သူ့ကိုယ်သည် သည်ထက်ပို၍ ပေါ်စေဦးတော့ နဘယ်ဖြစ်ပါ၏။

ယင်း၌ သူတို့အိမ်သားဆင်းရဲလို့လားဟု မေးဖွယ်ရှိ၏။ မူလကမျိုးရိုး အားဖြင့် မွဲတေလှသည်မှန်သော်လည်း ထေကြီး ဤရွာရောက်၍ ထန်းတက် ရကတည်းက တစ်စတစ်စနှင့် တစ်နေ့တခြား ငွေကြေးများစုဆောင်းမိ၍ နေပါပြီ။

ထေကြီး ပထမဦးဆုံးနှစ် ထန်း စတက်စဉ်က ခြိုးလယ်စပ်တစ်ခုမှာ ထန်းရှက်တဲထိုး၍ ထန်းရည်တဲနှင့် နေခဲ့သည်။ မိုးဦးကျသော် ထိုထန်းရည်တဲဖျက်ပစ်၍ မူလအိမ်မှာ သူရင်းငှားဝင်လုပ်လိုက်သည်။ လယ်ပြီး မိုးနှောင်းရောက်သောအခါ၌ ကျိုဝင်ဆက်မလုပ်တော့ဘဲ ထန်းရည်တဲပြန်ဆောက်ပြီး



ထန်းရည်အလုပ်သာ တိုးချဲ့လုပ်တော့သည်။ ထိုနှစ်မှာ သူသည် တစ်မိုးတွင်းလုံး ထန်းရည်ရသည့် 'သီးရင့်' ပင်တွေ များများကိုင်၍ မိုးဦးကျသော် သူရင်းငှားဝင်မလုပ်တော့ဘဲ နှစ်လုံးပေါက် ထန်းတက်သောအလုပ်ကိုသာ လုပ်တော့သည်။

သို့ဖြင့် တတိယမြောက်နှစ်မှာ ရွာထဲတစ်နေရာတွင် ၅၀၀ ကျပ်ပေးရသော ခြံနှင့် အိမ်လေးတစ်လုံးကို ဝယ်လိုက်နိုင်လေသည်။

ဤသို့ အိမ်နှင့်ခြံနှင့် ဖြစ်သွားသောအခါ ထေကြီးသည် သူ့ဇာတိရွာမှ သားမယားကိုပြန်ခေါ်လေ၏။ ရေမချိုးသော ထေကြီးမယား ရောက်လာပြီကြားရသောအခါ "ဒီလို ညစ်ပတ်တဲ့ကောင်ကြီးများ ဘယ်လိုမိန်းမက ယူပါ့မလဲ ... " ဟု သွားရောက်ကြည့်ကြသည်၌ ရွာသူရွာသားများသည် သူတို့ဇနီးမယားအား "အောင်မယ်လေး ... နေနဲ့လ ... ရွှေနဲ့မြပါပဲ ... " ဟု ပြုံးကာမဲ့ကာ ရှီးမွမ်းသြဘာ ပြုကြကုန်လေ၏။ အကြောင်းမှာ ညစ်ပတ်ပုံချင်းတူညီလှချေစွတကား ...

သို့တစေ ညစ်ပတ်သော ထေကြီးတို့အိမ်မှာ လူစည်သည်။ အကြောင်း မှာ ထန်းရည်ရောင်းခြင်းကြောင့် အသောက်သမားများ သောက်ယက်ခတ် နေကြခြင်းဖြစ်၏။ အကြွေးသောက်သူများသည် ထေကြီး မိန်းမ ခိုင်းစေသည် များကို လုပ်ပေးကြသည်။ ညစ်ပတ်ပေရေနေသော ထေကြီး၏ကလေးများ ကို ချီပိုးခြင်း၊ ချော့မြူခြင်း၊ နှပ်သုတ်ပေးခြင်းများကို ပြုကြသည်။ ထေကြီး မိန်းမ အုန်းဆင့်အဖို့ ဒီရွာရောက်မှ ရတနာပုံ ဆိုက်ခြင်း ဖြစ်ပေသည်။ ငွေကြေး ပြေလည်ကိုင်နေရသည်။ ထန်းရည်တစ်ပုလင်း တစ်မတ်ရောင်းရသည်။ အကြွေးသောက်သူများအား စာရင်းမှတ်ရသည်။

မူလ သူတို့ဇာတိရွာတုန်းကမူ အဘယ်မှာလျှင် ဤသို့ လူမွေးလူ ထောင် ပြောင်လိမ့်အံ့နည်း။ ဆင်းရဲသောမိသားစု ဖြစ်သည်နှင့်အညီ အသားတင်ရှိ အနေဆင်းရဲဖြင့် ယခုလို ကိုယ်ကကြွေးမှတ်ဖို့ မဆိုထားဘိ ကြွေးရှင်မျက်နှာ မော်ကိုမှာ မျက်နှာငယ်နှင့် နေခဲ့ရပေသည်။

အဘယ်ကြောင့်နည်း။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မူလဇာတိရွာသည် မြို့မှ ၇ မိုင်ဝေး၏။ 'လသာကွင်းရွာ' ဟု ခေါ်သည်။ ယခု သူတို့ ပဝတ္တိရွာမှာ မြို့မှ ၃ မိုင်ခန့်သာကွာ၍ ပေတစ်ရာ ထင်းနှင့်ထပ်နေသဖြင့် 'တာကပ်ကြီးရွာ' ဟုခေါ်၏။

တာကပ်ကြီးရွာသည် ကြီး၏။ လယ်ပိုင် မြေပိုင်နှင့် လူချမ်းသာများ ပေါ၏။ ဆန်စပါးအပြင် အခြားသီးနှံစိုက်ပျိုးခြင်း၊ ရက်ကန်းရက်ခြင်းတို့ဖြင့် ရွာသူရွာသားများ ချောင်လည်ကြသည်။

လသာကွင်းရွာကား နာမည်လှသော်လည်း မြို့နှင့်ဝေး၍ လူဆိုးသူခိုးများနှင့် အတော်ဗရုတ်ကျ၏။ ချမ်းသာချောင်လည်သူနည်း၍ ဆင်းရဲသားများ၏။ ထန်းရည်အရက်ကား ပေါ၏။ ထန်းရည်တက်ခြင်းအတတ်ကို ရွာကျောင်းသားအရွယ်ကစ၍ တတ်ကြကုန်၏။ ကိုယ့်ဟာကိုယ် တက်သောက်တတ်ကြ၏။ သောက်၍ပိုသည်ကို ဆီဖိုး ဆန်ဖိုးရအောင် ရောင်းကြ၏။

သူတို့ရွာသည် မြို့မှလာသော လမ်းဆုံရာ တာခွလမ်းဆုံနှင့်နီး၍ အခြားဝေးလံသောရွာများမှ မြို့ကိုလာကုန်သော ခရီးသည်တို့၏ လှည်းလမ်းဆုံရွာလည်းဖြစ်သောကြောင့် ထန်းရည်ရောင်းကောင်းကြ၏။ မြို့နှင့်ဝေးကွာသဖြင့် လိုင်စင်စီနှင့် ဘုံဆိုင်မရှိသဖြင့် မည်သူမဆို ထန်းပင်ရှိ ထန်းတက်နိုင်ကြ၍ ကိုယ့်အိမ်ရှေ့မှာကိုယ် ထန်းရွက်တဲကလေးထိုးကာ အမြုပ်ကလေး တစီစီနှင့် ထန်းရည်ပုလင်းတွေထောင်ကာ ရောင်းကြသည်။ အမြည်း ငါးကြော်၊ အမဲကြော်နှင့် ဆေးလိပ်များလည်းရှိသည်။ ထိုနေရာသည် လမ်းဆုံလူစုံဖြစ်၍ ဆေးခြောက်၊ ကွမ်းပုံ(ဘိန်း) များလည်းရနိုင်သည်။

ဤဒေသ၌ကား ထေကြီးလို သတ္တဝါသည် ပွဲမတိုးနိုင်ခဲ့ပေ။ ကိုယ်ပိုင် ထန်းပင် ပင် မတက်နိုင်ခဲ့။ အခြားသူ၏ ထန်းပင်သူရင်းငှား တက်ခဲ့ရသည်။

ယင်းသို့ ထေကြီးသည် လသာကွင်းရွာ၌ ဆင်းရဲမွဲတေနေစဉ် ကံကောင်းထောက်မချင်တော့ အကြောင်းအားလျော်စွာ တာကပ်ကြီးရွာက သူကြီးနှင့်ဆက်မိ၍ သူကြီးအိမ်ကို သူရင်းငှားအဖြစ်နှင့် ရောက်လာခဲ့လေတော့သည်။

စရောက်သောနှစ်မှာပင် သူကြီးက ထေကြီးအား "မင်း... ထန်းတက်



...လား ... " ဟုမေး၏။ "လသာကွင်းသား ထန်းတကိတတ်လား" ...ခြင်းသည် "ငါး ရေကူးတတ်လား ... " မေးခြင်းနှင့်တူ၍ သူကြီးက သူ ...ရန် ထန်းတစ်ပင်ကို တက်စေသည်။

တာကပ်ကြီးရွာ၌ ခြံတွေမှာရော၊ လယ်ကွင်းတွေထဲမှာရော ထန်းပင် ... အလွန်ပေါ၏။ သို့သော် ထန်းတက်တတ်သူ အလွန်နည်း၍ တက် ...တ်သူ နှစ်ဦးသုံးဦးမှာလည်း မိမိတို့သောက်ဖို့သာသာ လိုင်စင်စီရရုံလောက် ...ကြသည်။ တာကပ်ကြီးရွာသည် မြို့နှင့်နီး၍ ထန်းရည်လိုင်စင် ဧရိယာ ...တွင်းကျရောက်သဖြင့် ထန်းရည်တက်လိုလျှင် လိုင်စင်စီကို အခွန်အခ ...ရသည်။ ထေကြီးတက်သောအပင်ကား တစ်ပင်တည်း၊ သူကြီးဂုဏ်ရှိန် ... မပေးရပေ။

ယင်းသို့လျှင် ထေကြီးသည် သူကြီးအိမ်မှာ သူရင်းငှားလုပ်ရင်း ...န်းတစ်ပင်တက်ခြင်းဖြင့် အမှုတော်ထမ်းနေစဉ် နေ့စဉ်သူတက်သော ...ပင်ပေါ်မှ လှမ်းမျှော်ကြည့်၍ အနီးပတ်ဝန်းကျင်ရှိ ထန်းပင်များကို မြင်ရ ...ည်၌ "သည်ထန်းပင်တွေများ ငါ အားလုံးတက်လိုက်ရ၊ ဘယ်လောက် ...ဖြစ်လိမ့်မလဲ ... " ဟုတွက်ဆမိ၏။

ရွာထဲ၌ ထန်းတက်သူ တောင်ပိုင်းတစ်ယောက်၊ မြောက်ပိုင်းတစ် ...ာက်ရှိရာ သူတို့သည် တစ်ဦးလျှင် နှစ်ပင်သုံးပင်မျှ အပျော်တက်လောက် ...၍ ရောင်းမလောက်ပေ။ သောက်ချင်လျက်နဲ့ မသောက်ရသူတွေ ...တကွမ။ ထေကြီးသည် ယခု သူတစ်ပင်တည်းတက်၍ သူကြီးသောက် ...သမျှ ရောင်းရသည်နှင့်ပင် သူခပ်မြက်မြက် တွေ့နေပေပြီ။ လသာကွင်း ...န်းက အိတ်ထဲပိုက်ဆံမကပ်ခဲ့ရ။ ယခု နေ့စဉ်ဝင်ငွေရနေသည် ... ဟီ ... ... ...။

သို့ဖြင့် တစ်နေ့သ၌ သူသည်သူကြီးအား ထန်းပင်များများတက်လို ...ကြောင်း၊ သည်ရွာမှာ ထန်းတက်၍ စီးပွားဖြစ်နိုင်လိမ့်မည်ထင်ကြောင်း ပြော ...ရာ သူကြီးလည်း သူ့အား ခိုင်း၍စေ၍ကောင်းသဖြင့် ချစ်ခင်ရင်းနှီးရှိသည် ...င့် "အေး ... မင်းအကျိုးရှိမယ်ထင်ရင် လုပ်လကွာ၊ ငါတို့အိမ်မှာ သူရင်းငှား ...တော့ရှားဘူး" ဟု အခွင့်ပေးသည်နှင့် အစ၌ ဖော်ပြခဲ့သည့်အတိုင်း ထေကြီး

www.burmeseclassic.com



သည် ပထမတစ်နှစ်၊ တစ်ဆောင်းနှင့်တစ်နွေ စမ်းလိုက်သည်။ ဟန်သဖြင့် ဒုတိယနှစ်ကုန်ပြီး တတိယနှစ်ရောက်သည်၌ သူ့ရင်းငှားအလုပ်ကို လုံးဝ စွန့်ပစ်လိုက်ကာ ထန်းတက်သော အလုပ်တစ်ခုတည်းသာ ဖိလုပ်လေ တော့သည်။

* * *

ထန်းချည်နှင်း
ပေါက်ထင်းတဲ့ လဲငုံ။
ဆက်ရက်ထယ် သရကာနဲ့
ရော်ရွက်ဝါတစာန
လွှစ်းသူ့ ဗူဗုံ။
ရိုက်တယ်လှို
ဝင်မြုံမြင့် သိုက်နန်း။
ထွက်စီးငယ်ဗုန်
ကျောက်စက် ရေတံခွန်နဲ့
ဟောဓဝန် သာယာနုပါဘိ
ယွန်းလုနွေဆန်း။ ။

ထန်းရည်နှင်း' ဆိုသည်၌ ဘယ့်နှယ် ထန်းရည်တွေတက်နှင်းလို့ ခြေထောက် စိုကုန်မှာပေါ့ဟု ပြောစရာရှိ၏။ စင်စစ် ထန်းရည်တွေကို တက်နှင်းခြင်း မဆိုလိုပေ။ ထန်းရည်ထွက်အောင် ထန်းတက်ရာ၌ ထန်းစ အရင်းထိပေါ်လာရန် ထန်းလက် ထန်းခွာတွေကို ခြေထောက်နှင့် နင်းချ ရခြင်းကို ဆိုလိုခြင်းဖြစ်ပေသည်။

ဦးကြင်ဥသည် ဤလေးဆစ်ကို တပို့တွဲဘွဲ့ ဖွဲ့သည်။ မှန်ပါ၏။ တပို့တွဲလသည် ထန်းလှိုင်လှိုင်တက်ရသောလ ဖြစ်ပါသည်။ သို့သော် ထန်းသမားများအဖို့ ထန်းဦးမှာ နတ်တော်လလောက်က စ တက်ရသည်။

ထန်းရည်သည် သုံးမျိုးမှ ရနိုင်သည်။ ထန်းဖို၊ သီးနု၊ သီးရင့်။ ပထမဦးဆုံးကိုင်ရသည်မှာ ထန်းတစ်ပင်မှသီးသော သီးနု၊ အသီး



သေးတွေပြုစု၊ အခိုင်ကျမှ ကိုင်ရသည်။ နတ်တော်လ ထန်းဦးဖြစ်သည်။ ဒုတိယထန်းဖို ပြာသို၊ တပို့တွဲလလောက်မှာ ကိုင်ရသည်။ တတိယနောက် ဆုံးမှာ သီးရင့်ဖြစ်သည်။ အသီးများလည်ရစ်ဝင်၍ စားမဖြစ်အောင် ရင့်သော အခါလ၊ မိုးဦးကျလောက်မှ စ ကိုင်ရသည်။

ထန်းရည်ထွက်အောင်လုပ်ရာ၌ ထန်းသမားအဖို့ သီးရင့်သည် အခက်ပန်းဆုံးဖြစ်၏။ အသီးရင့်ကြီးတွေနာပြီး သူ့အဆီအနှစ်တွေ အရိုးထဲပြန် ဝင်သွားအောင် သီးလုံးစေ့ ချက်ညီညီ ထုရသည်။ ထန်းသမားများသည် အများအားဖြင့် ကကြီး ကခွေး ဆို၍ ထုကြသည်။ ဥပမာ ... အသီးတစ်လုံးကို တင်းမှတ်ဖြင့် (င)အထိ ၅ ချက်ထုလျှင် အလုံးတိုင်းသည်လိုပဲ နိုင်လုံးစေ့ထု ရ၏။ ရက်ပေါင်းများစွာထု၊ နေ့တိုင်းထုရ၏။ သီးရင့်သည် လုပ်ရတာခက်ခဲ ကြန့်ကြာသလောက် ထန်းရည်ထွက်သက်ရှည်၏။ ထန်းဖို ထန်းမတို့သည် (အရိုးစွဲသော တစ်ပင် တစ်စ နှစ်စလောက်မှလွဲ၍) မိုးသံလေသံကြားလျှင် ပြီးကုန်တတ်ကြသည်။ သီးရင့်ကား မိုးဦးကျကဆုန်၊ နယုန်မှ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်အထိ ထန်းကိုင်ကောင်းလျှင် ကောင်းသလောက် ရေရှည်ထွက်လေသည်။

ထေကြီးသည် သူတို့ရွာမှ ထန်းတက်ပညာကို အကုန်တတ်ခဲ့သဖြင့် ထန်းသုံးမျိုးကို နှစ်လုံးပေါက် ထန်းရည်ရအောင် တက်နိုင်လေသည်။

တာကပ်ကြီးရွာတွင် ထန်းပင်ပေါရကား ထေကြီးသည် တစ်နှစ်လျှင် ထန်းပင် ၅၀ ကျော်တက်၏။ တစ်နေ့ထဲ အပင် ၅၀ တက်နိုင်သည်ဟု မဆိုပါ။ ထန်းဖို ထန်းမ၊ သီးနုသီးရင့်လိုက်၍ အချိန်ရာသီခြားရပါသည်။ သို့သော် သူသည် တစ်နေ့တည်းကို အပင်အစိတ် သုံးဆယ်လောက်တော့ တက်ရပါ၏။ ဤသည်ပင် တာကပ်ကြီးရွာက ရွာခံထန်းသမားများ အံ့သြကြ ရ၏။ တစ်နေ့တည်း ထန်းပင်အစိတ်တက်ခြင်းသည် နည်းနည်းနောနော တာဝန် ကြီးမဟုတ်ပါ။ ထန်းတစ်ပင်ကို မနက်တစ်ခါ၊ ညနေတစ်ခါ တက်ရ လှီးရသည်။ သည်တော့ ထန်းပင်အစိတ်သုံးဆယ်သည် တစ်နေ့ထဲကို အပင် ငါးဆယ်၊ ခြောက်ဆယ်ရခြင်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထေကြီးသည် နံနက်ဝေလီဝေလင်းမှသည် ဆွမ်းခံပြန် ကြသည်အထိ တစ်ပင်ပြီးတစ်ပင် မနားတမ်း သွားရ၊ တက်ရ၊ ဆင်းရ၏။ တစ်ခါ နေ့ခင်း ၂ နာရီလောက်မှ မိုးချုပ်အထိ သူမယားကသော်လည်းကောင်း၊ သားလေးကသော်လည်းကောင်း နောက်မှ ထန်းရည်ကောက်လိုက်ရ၏။

ဖုတ်ရာစဝင်တွင် ဝေဘွရှူးသည် ထန်းပင် ၁၀၀ တက်သည်ဆို၏။ သူတို့ရွာများမှာ ထန်းပင်တွေက အစုလိုက်၊ အအုပ်လိုက်နေ၍ မဆင်းမတက် ဘဲ တစ်ပင်နှင့်တစ်ပင် ထန်းလက်ချင်းယှက်၍ ကူးနိုင်သန်းနိုင်မည်ဖြစ်ခြင်း ကြောင့် တက်တန်ရာ၏ဟု ဆိုနိုင်သော်လည်း ယခုထေကြီးတက်ရသော အရပ်ဒေသမှာ ခြံထဲ၊ လယ်ထဲနေရာအသီးသီး၌ အပင်ချင်းမနီးကပ်ဘဲ တစ်ပင်ပြီးတစ်ပင် ကူးရ၊ သန်းရ၊ တက်ရ၊ ဆင်းရသဖြင့် လူစွမ်းကောင်း ဝေဘွရှူးပင်ဖြစ်စေကာမူ ဘယ်နည်းနှင့်မျှ အပင် ၁၀၀ တော့ တက်နိုင်မည် မဟုတ်ပေ။ ထေကြီးတစ်နေ့လျှင် အပင်အစိတ် သုံးဆယ်တက်ခြင်းပင် အစွမ်းကုန်ပဲဟု ထန်းသမားများက ပြောကြ၏။ ထေကြီးအား 'နယ်နယ်ရရကောင် မဟုတ်ဘူး' ဟုလည်း ချီးမွမ်းကြ၏။

မှန်ပေသည်။ ထေကြီးသည် နယ်နယ်ရရမဟုတ်ပေ။ တစ်ခါက ထန်းပင်ပေါ်က ကျဖူး၏။ ထန်းပင်ပေါ်ကကျ၍ ဘာမျှမဖြစ်သူတည်း။

"ငါက ထန်းခွာပေါ်က ခြေဖဝါးချောခနဲဖြစ်ပြီး ထန်းပင်ပေါ်က ကျပြီဆိုတာသိလိုက်သကွ။ ဒီတော့ ယောကျ်ားဘသား ဘုရား တရားဆိုပြီး အံကြိတ်ထားလိုက်တယ်။ ဟာ မြေကြီးက ငါ့ဆီပြေးလာပြီး ဒိတ်ခနဲ ဆောင့် တော့တာပဲဟေ့။ ငါ ဒူးထောက်လျက်သား လေးဖက်ထောက်ဖြစ်နေတယ်။ ရုတ်တရက်ဖြင့် အကြောအခြင်တွေ ပြတ်သွားသလိုပဲဟေ့၊ ငါ ဘာမှမလုပ် နိုင်ဘူး၊ တော်တော်ကြာမှ ထလို့ရသကွ ..."

တစ်ယောက်သော မျက်မြင်ကိုယ်တွေ့လူက ပြောပြသည်မှာ ...

"ငါက သူ့ထန်းပင်နဲ့ ခပ်လှမ်းလှမ်းကလကွာ။ ပဲသီးဆွတ်နေရင်း လေမတိုက်ဘဲနဲ့ ထန်းရွက်ဖြန်းခနဲလှုပ်သံကြားလို့ လှမ်းကြည့်လိုက်တယ် လားလား ကောင်ကြီး ထန်းလီးဓားကြီးကိုင်လျက် တန်းလန်းမတ်တတ်ကြီး ကျလာလိုက်တာ အောက်ရောက်တော့ ဒုတ်ခနဲ အသံကြားလိုက်တယ်



ခွဲချင်းပြီးမသေတောင် ကျိုးရော၊ ပဲ့ရောအောက်မေ့တာ။ ငါ ကပျာကယာ ပြေးသွားတော့ ငတိကြီး ပြုံးပြုံးကြီးနဲ့ ပြန်ထပြီး ဘာမှမဖြစ်ပါဘူးကွ။ အံ့ရော ဟေ့၊ သူ အဲဒီထန်းပင်ပေါ်မှာ ထန်းရည်ချမပြီးသေးတော့ ပြန်တက်သွား သကွ။ ငါ့စိတ်ထဲ ရုတ်တရက်ဖြင့် သေပြီး သရဲများ ဝင်ပူးသွားသလားတောင် အောက်မေ့မိတယ်"

စင်စစ် ထေကြီးသည် သတိလည်းကောင်း၏။ အကျလည်းကောင်း ၏။ သူ့ကိုယ်လုံးကိုယ်ထည်ကလည်း အလွန်တောင့်တင်းခိုင်မာ၏။ သူ့ အရပ်သည် ၅ ပေလောက်သာရှိ၍ ဂင်တိုလူပုဖြစ်၏။ သူ့ကိုယ်ထည်မှာ သစ်တုံးကို ထောင်ထားသည်နှင့်တူ၏။

အချို့ နောက်ပြောင်တတ်သူများက ပြောကြသည်မှာ ...

"ထေကြီး ထန်းပင်ပေါ်ကကျလို့ ဘာမှမဖြစ်တာဟာ သူ့ရေမချိုးလို့ ကွ။ သူ့ကိုယ်က ချေးတွေက သရိုးကိုင်ထားသလို မာနေတာ၊ အခု ဓားတောင် ပြီးနေပလားမသိဘူး။ မှန်း ... ထေကြီး၊ ကျောကုန်း စမ်းခုတ်ကြည့်ရအောင်..."

"အောင်မယ်လေး ... မလုပ်ပါနဲ့အစ်ကိုရာ၊ ကျွန်တော်သေတာက အရေးမကြီးဘူး။ အစ်ကို ထောင်ကျနေပါဦးမယ်"

ထေကြီးသည် သဘောသကာယလည်း ကောင်းသူဖြစ်၏။ သူ့လို့ ထန်းတက် အသက်မွေးသူသည် သဘောမကောင်းလို့လည်း မဖြစ်ပေ။

"ငါ့ချီး ... ကိုယ်က ဘာမဆိုအောက်ကျခံမှဖြစ်တာ၊ ကိုယ့်အလုပ်က လျှော့ခံလို့မဖြစ်ဘူး။ ည ထန်းပင်တက်၊ ထန်းစတွေတက်ခုတ်ပစ် ဘယ့်နှယ် လုပ်မလဲ။ ဒါမှမဟုတ် ထန်းရည်ကျည်တောက်ထဲ မတည့်တာတွေ ထည့် သွားရင် ငါ လူသတ်မှုဖြစ်နိုင်တယ်ကွ ... "

ထေကြီးပြောလေ့ရှိသော စကားဖြစ်ပါ၏။ မှန်၏။ မသိအောင် ထန်းပင်ပေါ်တက်ပြီး ရင်းဆွဲကို တဲတဲလုပ်ထားပါက ထန်းပင်လည်ဆစ်မှ ပြုတ်ကျပြီး ခါးကျိုးနိုင်၏။ ထို့ကြောင့် ထေကြီးသည် ပိုက်ဆံမပါလို့ မရောင်း ဘူး။ အရင်ကြွေးတွေဆပ်ပါ စသည်ဖြင့် မည်သည့်အသောက်သမားကိုမျှ ခေါင်းတင်းမာမာ မပြောဝံ့ချေ။ တစ်ရွာသားလည်းဖြစ်ရကား အစစအရာရာ အောက်ကျနောက်ကျခံရ၏။ သောက်ချင်သမျှရောင်း၍ ပေးသမျှပိုက်ဆံသာ

www.burmeseclassic.com

www.burmeseclassic.com



ရွာသား၏ ‘ထေကြီး ထန်းရည်ထွက်သမျှဟာ ပိုက်ဆံရမည်ဆိုလျှင် ဘယ်မှာ ထားစရာရှိတော့မလဲ” ဟု ပြောကြ၏။

ကျေးတောရွာအနေဖြင့် မှန်ပေသည်။ ထေကြီးသည် တစ်နှစ်လုံး ထန်းပင်အစိတ်ကျော် သုံးဆယ်တက်လေရာ ထန်းရည်သည် နေ့စဉ် ပုလင်း ရာချီ၍ ရလေသည်။ ဤလို ထန်းပင်များများတက်သူအား ဘုံဆိုင်လိုင်စင်စီ သည် ထန်းပင်ခနှင့် မချတော့ချေ။ ထွက်သမျှထန်းရည် မှန်းပြီး တစ်နေ့လျှင် သူ့ဘုံဆိုင်သို့ မည်မျှသွင်းရမည်ဟု စည်းကမ်းချမှတ်၏။ ထိုမှ ပိုသမျှ ရောင်းစားခွင့်ပြု၏။

သို့ဖြင့် ဘုံဆိုင်ကလာယူ၍ ပိုသောထန်းရည်မှာ ထေကြီးအိမ်တွင် အသောက်သမားလာသမျှ မရဟူ၍မရှိရ။ ထို့ပြင် ထေကြီး ဘုံဆိုင်သွင်းရ သည်မှာလည်း အလကားမဟုတ်ချေ။ ပုလင်းတစ်ရာကို တစ်ဆယ်ဈေးရ သေး၏။

သို့ဖြင့် ထေကြီးသည် ဤရွာမှာ တဖြည်းဖြည်း စီးပွားဖြစ်ထွန်းလာ ခဲ့သည်။ ထေကြီးသည် စုမိသောငွေကို အလကားမထား၊ ဝက်လည်းမွေး၏။ နွားလည်းမွေး၏။ ထေကြီးတို့လင်မယားသည် အသုံးအစားလည်း အလွန်ဆင်ခြင်၏။ ဆင်ခြင်သည်ထက် မစားတတ်၊ မဝတ်တတ်ဆိုသည်က ပို၍မှန်ပေမည်။

ဖော်ပြခဲ့သည့်အတိုင်း ထေကြီးမိန်းမသည် အင်္ကျီဝတ်ခဲ၍ ထမီရင် လျားနှင့်သာ နေလေ့ရှိသည်။ ဤနေရာ၌ ထေကြီး၏နေ့စဉ်ယူနီဖောင်းကို ဖော်ပြရဦးမည်။ မည်သည့်နှစ်၊ မည်သည့်ခေတ်က မည်သို့ရထားသည်မသိ သော ကာကီရောင် စစ်သားဝတ်ဆောင်းဘီကို ဖင်ဖျင်ထူထူတစ်ထည်၊ သူ့ ဒူးအောက်ရောက်အောင် ရှည်သည်။ မူလအရောင်ပျက်၍ မွဲအောက်အောက် အဖာဗရပျစ်နှင့်။ အင်္ကျီမှာ သာ၍အံ့ဖွယ်ကောင်းသည်။ ဘာဘူကုလားတွေ ရုပ်အင်္ကျီအပေါ်မဝတ်သော လက်ပြတ်ခါးပြတ် မည်းနက်သောအင်္ကျီတို့၊ သူ၏ကြီးမားသောကိုယ်လုံးကို မပတ်မိ၍ ကြယ်သီးမတပ်နိုင်၊ ရင်ဘတ် ဟောင်းလောင်းနှင့်ပဲ အမြဲနေ၏။

ဤကား ရေလည်းမချိုး၊ နေ့မချွတ်၊ ညမချွတ် သူ့ကိုယ်မှာ ထာဝစဉ်



နေသော အဝတ်အထည်ပါတည်း။ ဤယူနီဖောင်းနှင့် အရပ် ၅ ပေလောက် လုံးပုပုဂင်တိုတို၊ ချေးလက်လေးသစ်နှင့် မျက်နှာပြားပြား နှာခေါင်းပိပိ၊ နှုတ်ခမ်း ထူထူ၊ ပါးစပ်ပြဲပြဲ၊ သွားကျဲကျဲနှင့် ထေကြီး၏ပုံသဏ္ဌာန်ကို မှန်းဆ၍ ကြည့် ကြပါကုန်။

သူ့ဆံပင်ကား အရှည်လား၊ အတိုလား ပြောရန်ခက်ပါသည်။ သူသည် တစ်နှစ်မှတစ်ခါ ပူအိုက်သောနွေရာသီတွင် ခေါင်းရိတ်ပါသည်။ သူ့ခေါင်းမှာတော့ ပုဆိုးစုတ်တစ်ထည် အမြဲပတ်ထားပါသည်။ ဤပုဆိုးစုတ် လည်း မလျှော်တမ်း၊ မဖွပ်တမ်း၊ ထန်းတက်ရင်းချွေးသုတ်သည်။ ထမင်းစား ပြီး လက်သုတ်သည်။

ထေကြီး၌ အပျော်အပါး အလောင်းအစားမရှိ။ ထန်းရည်အရက် မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းလည်းမစား၊ အဲ ဆေးရွက်ကြီးတော့ ကိုက် ကိုက်ပြီး အားရပါးရငုံသဗျ။ သံဘူးနှင့်ထည့်၍ သူ့ဘောင်းဘီခါးကြား မှာ အမြဲမပြတ် လိပ်ထား၏။

သို့ဖြင့် ထေကြီးသည် ငွေ အရသာရှိပြီး ကုန်ကျစရိတ်အလွန်နည်း သောကြောင့် သူ့မှာ တစ်နှစ်ထက်တစ်နှစ် စီးပွားတက်ခဲ့သည်။ ထန်းတက်၍ ၅ နှစ်၊ ၆ နှစ်မြောက်၌ သူ့မှာ ငွေထောင်ချီ၍ စုမိလေပြီ။ ထိုငွေအပြင် သူ့ အိမ်မှာ နွားမ မိသားစုနှင့် ခိုင်းနွားတစ်ရှဉ်း၊ လှည်းတစ်စီးလည်း ရှိလာ၏။ ခိုင်းနွားများကို လယ်ထွန်ချိန်၊ ကောက်လှိုင်းတိုက်ချိန်တို့၌ ငှား၍ ငှားခ စားရသေး၏။ နွားမ မိသားစုကိုကား တလင်းနယ်ငှားခြင်းဖြင့် သူတို့မိုးတွင်း အဖို့ ကောက်ရိုးရ၏။

ထေကြီးသည် သူစုမိသောငွေသားများကို သူ့မွေးစားဖခင်လိုဖြစ်နေ သော သူကြီးထံအပ်နှံ၍ ထား၏။ သူကြီးကလည်း အစစအရာရာ ခိုင်းစေ လို့ကောင်းသော ထေကြီးအား ချစ်ခင်၍ ထေကြီးနောင်ရေးအတွက် စဉ်းစား သေး၏။

“ထေကြီး၊ မင်း အခု အသက်ဘယ်လောက်ရှိပြီလဲ”

ထေကြီးသည် သူ့မွေးသော သက္ကရာဇ်ကိုမသိချေ။

“ကျွန်တော့်အသက် ၄၀ လောက်တော့ ရှိမလားမသိဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အေး ... မပြည့်တောင် ၄၀ တော့နီးရောမယ်။ ဒီတော့ မင်းကြီးလာတဲ့အပိုင်းမှာ ဒီလိုထန်းပင်တွေ များများတက်နိုင်တော့မယ် မဟုတ်ဘူး"

"ဟုတ်တယ် အဘရဲ့၊ အခုတောင် ကျွန်တော် ဟိုတုန်းကလို မပေါ့ပါး ချင်တော့ဘူး ... "

"အဲဒီတော့ မင်းနောင်ရေးအတွက် စုမိတဲ့ငွေနဲ့ ရသမျှလယ်ဝယ်ထားလကွာ ... "

"ဟုတ်ကဲ့ ... အဘပဲ ကြည့်ပြီး စီမံပေးပါတော့ ... "

သို့သော် သူကြီးဦးရွှေသီးသည် ထေကြီးအတွက် လယ်မဝယ်ပေးရမီ ဇဖ ပါးသောရောဂါဖြင့် အနိစ္စသဘော ကိစ္စချောလေသတည်း။

ယင်းသည်ပင် ထေကြီး၏ဘဝလမ်းပြောင်းဖို့ ဖန်လေသည်။ အကြောင်းမှာ ထိုခေတ်သည် "ဆိုက်ကားသမားပင် ဝန်ကြီးချုပ်ဖြစ်နိုင်မည်" ဆိုသော ကာလဖြစ်၍ နောက်သူကြီးတစ်ယောက် ရွေးကောက်ပွဲလုပ်ရမည် ဆိုသောအခါ၌ ထေကြီး၏ဖောက်သည် အသောက်သမားတို့သည် ထေကြီးအား မွေးစားဖခင် ဦးရွှေသီး၏နေရာကို ဆက်ခံရန် မြှောက်ထိုးပင့်ကော် လုပ်ကြလေသတည်း။

"တို့ထေကြီးက ဘာမဖြစ်နိုင်စရာရှိလဲကွ ... ဒီမိုကရေစီခေတ်ပဲ မဲရ နိုင်တာပဲ ... "

"ဟုတ်တယ် ... တို့အပိုင်းအတွက်တော့ တို့တာဝန်ထားလိုက် ..."

"နို့ပြီး သူကြီးအလုပ်ဆို ဒီရွာမှာ ထေကြီးလောက်နားလည်တာ ဘယ်သူရှိဦးမလဲ ...၊ သူကြီးရဲ့မွေးစားသားကွာ ... သူကြီးအိမ်မှာ သုံးနှစ် သုံးမိုး နေလာခဲ့တာကွ၊ နောက်လည်း သူကြီးက သူ့ကိစ္စတွေ ထေကြီးကိုပဲ ခေါ်ခေါ်ခိုင်းနေတာ တစ်ရွာလုံးကအသိ ... "

"အေး ... ဟုတ်တယ်၊ မှန်တယ်၊ ကိုထေကြီးကလည်း သူကြီး အလုပ်တာဝန်ဆို အကုန်နားလည်ပြီးသား မဟုတ်လား ... "

ထေကြီးလည်း ဝိုင်းအတွန်းကောင်းသဖြင့် စိတ်ပါနေပြီဖြစ်၍ ပြုံးကဲ့



သူကြီးဖြင့် ...

"နို့ ... အဘကိစ္စတွေဆို ကျုပ်ပဲ အစစအရာရာ ဆောင်ရွက်နေတာ လေ ... "

မှန်၏။ ထိုခေတ်က ကျေးရွာသမဝါယမအသင်းငွေကို သူကြီးက ထိုင်၍ ရွာအတွက် ခွဲတမ်းကျသောပစ္စည်းများကို မြို့သွားယူပြီး မြို့ထဲမှာပဲ ဖောက်သည်တွေဆီရောင်းချရာ၌ ထေကြီးပင် သည်ပိုးဆောင်ရွက်ခဲ့ရ၏။ ဒီသူကြီးပိုင်နက်က ဒီနေ့ စပါးတင်းရေ မည်မျှရောင်းနိုင်သည်ဟု အထက်က အမိန့်လာသည်၌ ခပ်လှမ်းလှမ်းကရွာတွေ အချိန်မီ ရောက်မလာနိုင်အောင် သွားသားပါပါ သွား၍ ဆော်ဩရသူမှာ ထေကြီးပဲဖြစ်ပါ၏။ ထို့ကြောင့် ထေကြီးက သူကြီးအလုပ်အားလုံး နားလည်နေသည်ဟု ဆို၏။

ထိုခေတ်က ကျေးရွာသားတွေ စပါးရောင်းခွင့်ရဖို့ကို သူကြီး ထောက်ခံ စာပါမှဖြစ်သော ဗ–တ–လ–စ ခေတ်ဖြစ်၍ ကျေးရွာသူကြီးတွေ အလွန် စားသာကြသည်။ ထို့ကြောင့် ထေကြီးလည်း သူကြီးအလုပ်ကို တော်မောမိ ခြင်းဖြစ်၏။

ယင်းသို့ ထန်းတောပျော် အသောက်သမားတို့ ဝိုင်းဝန်းတိုက်တွန်း ကြခြင်းဖြင့် ထေကြီးသည် သူကြီး အရွေးခံတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက် သောအခါ၌ ...

"ကဲ ... ထေကြီး၊ မင်းဒီလိုဆိုရင် သူကြီးလောင်းအနေနဲ့ တစ်နေ့လုံး ထန်းတက်နေလို့လည်း မဖြစ်ဘူး၊ ရေမချိုးဘဲ နေလို့လည်းမဖြစ်ဘူး။ ဒီဘောင်းဘီစုတ်နဲ့ ဘာဘူခါးပြတ် အကျႌကြီးဝတ်နေလို့လည်း မဖြစ်ဘူး၊ ထိုယ့်ပိုက်ဆံရှိနေတာပဲ ... ကောင်းကောင်းမွန်မွန် သစ်သစ်လွင်လွင် ဝတ်ရ သိမ့်မယ်..."

ထို့ကြောင့် ထေကြီးသည် သူ့ကိုယ်စားထန်းတက်ရန် သူ့ဇာတိရွာမှ သူငယ်ချင်းတစ်ယောက်ကို လူလွှတ်ခေါ်လိုက်လေသည်။

"ငါ သူကြီးဖြစ်ရင် ဒီထန်းတက်တဲ့အလုပ်ကို မင်းတို့ပဲလုပ်စားကြ တော့ ... "

ထေကြီး ထန်းတက်ခြင်းအလုပ်ကို ရပ်စဲပြီး ဈေးမှလုံချည်သစ်၊

www.burmeseclassic.com

www.burmeseclassic.com



အထို သစ်များဝယ်ယူလာကာ ရေချိုးပြီး အဝတ်လဲတော့မည်ဆိုသောနေ့၌ သူ့အိမ်မှာ လူအလွန်စည်လေသည်။ မြှောက်ပေးကြသော အသောက်သမား တွေနှင့် အတွင်းကျိတ်ရယ်ရင်း ထေကြီးအား လာကြည့်ကြသူတွေနှင့် ပွဲကလေးတစ်ခုပါပေ။

ထေကြီးသည် ရေချိုးတော့မည်ဟု ခေါင်းပေါင်းပုဆိုးစုတ်ကို ချွတ်လိုက်သောအခါ၌ကား အလှ့လား … သူ့ခေါင်းမှာ ဗိုလ်ကေအသစ် ကျပ်ချွတ်နှင့်ပါတကား။ ထိုအချိန်မှစ၍ ပရိသတ်ပွဲကျလေရာ ထေကြီး ရေချိုးပြီး ဘန်ကောက်လုံချည်နှင့် ရှပ်အင်္ကျီချုပ်ရိုးသစ်ကို ဝတ်ပြီးသည်အထိ ထေကြီးမှာ အကြဲပေးအခါပေး ဆရာလည်းရှိလေရာ ရွှေးကောက်ပွဲမှာ နစ်ပတ်မှုလိုတော့သဖြင့် ထိုနေ့မှစ၍ ထန်းရည်ကို အလကား သောက်ကြ မည်။ ယခင်က ထန်းရည် ကြွေးဟောင်းများကို လျှော်ပစ်မည်ဟု ကြေညာ လိုက်လေ၏။

ထေကြီးသည် ဤရက်အတွင်းမှာ အိမ်က ဝက်နှစ်ကောင်သတ်၍ ဘုန်းကြီးဆွမ်းကျွေးခြင်း၊ တစ်ရွာလုံးကို ထမင်းစားဖိတ်ခြင်းများ ပြုသေး၏။ အိမ်ရှေ့မဏ္ဍပ်ကနားဖျင်းထိုးလျက် စားရ သောက်ရအောင် လာလိုက်ကြတဲ့ လူတွေ သောက်သောက်လဲ။ ထေကြီး၏အကျိုးတော်ဆောင် လက်ရင်းလူတွေ ကား နေ့စဉ်မပြတ် ကြက်၊ ဝက်၊ ဘဲ အမဲ ဟင်းလျာတွေနှင့်ပေါ့ …။ ထေကြီး တစ်သက်လုံး ခြိုးခြံခဲ့သမျှ ပစ်ခတ်သုံးလိုက်ခြင်းပင်။

ပြိုင်၍ရွေးရမည်မှာ အခြားနှစ်ယောက်နှင့် သူကြီးလောင်းသုံးဦး ထိုခေတ်အလျောက် မဲပွဲစား၊ မဲဆွယ်၊ မဲဝယ်တွေနှင့်ပေါ့။ ထေကြီးသည် ရှိသမျှငွေကို ပစ်ခတ်သုံးလိုက်သည်။ ရွေးကောက်ပွဲနေ့မှာ သူ့အိမ်တွင် စတု သာကျွေးရန် ဝက်တစ်ကောင်နှင့် နွားမတစ်ကောင် ပေါ်လေသည်။

ဤသူကြီးရွေးကောက်ပွဲမှာ တာကပ်ရွာကြီးသာမက အနီးပတ်ဝန်း ကျင်က ရွာငယ်လေးငါးရွာလည်း ပါသဖြင့် သူ့ဘက် ငါ့ဘက်က မဲခေါ်တဲ့ လူည်းတွေ ဖုန်တထောင်းထောင်းနှင့်၊ အသောက်သမား အမူးသမားတွေ တည်ညံဖြင့် …။

ထိုရွေးကောက်ပွဲပြီးသည်၌ ထေကြီးသည် ဤရွာတွင် တစ်လတာ



ကြာအောင်မနေတော့ဘဲ တစ်ရွာလုံးကိုဆဲရေးပြီး သားမယားကိုခေါ်ကာ အပြီး အပိုင် ထွက်ခွာသွားလေတော့၏။

ကြည့်စမ်း … အားလုံး မဲသုံးထောင်ကျော် ရှိသည့်အနက် သူ မဲထုံးဆယ်မျှပြည့်အောင် မရချေတကား …။

❑

www.burmeseclassic.com



## သူ့ခေတ်နှင့်သူ

လယ်ပြီး မိုးနှောင်း ထွန်းတုံးပိတ်ချိန်၌ အစ်ကိုတို့လင်မယားသည် ကျွန်တော်တို့ မျှော်လင့်ထားသည့်အတိုင်းပင် ကျွန်တော်၏အိမ်သို့ ရောက်လာခဲ့ကြချေပြီ။ သူတို့မျက်နှာတွေမှာ ကျွန်တော့်အပေါ် မကျေနပ်သော်ပုံသဏ္ဌာန်နှင့်။ သို့သော် ကျွန်တော်မှာ "သည်လိုပဲဖြစ်ရမည်" ဟု တွေးထင်ထားသည့်အတိုင်းမို့ ဣန္ဒြေမပျက်ဘဲ ပြုံးရွှင်စွာဖြင့် ...

"အစ်ကိုတို့ ဘယ်တုန်းက စသိကြသလဲ ... "

အစ်ကိုက ဒေါသသံဖြင့် "မင်းတို့လုပ်ပုံတွေက တယ်ပိရိကြတော့ အခု မိုးနှောင်း မြို့ရောက်တော့မှပဲ မြမောင်အိမ်က ဒီသတင်းစာဖြတ်ထားတာတွေ့လို့ သိရတော့တာပေါ့ကွ ... "

သူ့အပေါ်အင်္ကျီအိတ်ထဲ၌ ပျောက်ရှာမှာစိုးကြီးစွာနှင့် ခေါက်သွင်းထား သော သတင်းစာရွက်ကိုထုတ်ပြသည်။ တခြားမဟုတ်ပါ၊ ရန်ကုန်မြို့တွင် ကျွန်တော့်ရုံး၊ ကျွန်တော့်လက်အောက်၌ အမှုထမ်းနေသော သူ့သားသည် သူ့ဘဝတူ စာရေးမတစ်ယောက်နှင့် ကျွန်တော့်ရှေ့မှောက်တွင် နှစ်ဦးသဘော တူ လက်မှတ်ရေးထိုးလက်ထပ်သော ကြော်ညာဖြစ်ပါသည်။

အစ်ကိုသည် ကျွန်တော့်မျက်နှာ စေ့စေ့ကြည့်လျက် ...

"ဘယ့်နှယ်လဲကွာ ... မင်းလုပ်ပုံက ငါ့သားကို မင့်ယုံလို့ ပုံအပ်ထားတာ၊ ဒီကိစ္စမှာ မင်းသဘောတစ်ခုတည်းနဲ့ လုပ်လိုက်ကရောလား ... "



သည်စကားတော့ ကျွန်တော် ခါးခါးသီးသီး ငြင်းရကာ ...

"အောင်မယ်လေး ... အစ်ကို၊ သည်ကိစ္စမှာ ကျွန်တော့်သဘော ထိုးဝ မပါပါဘူးခင်ဗျာ ... "

အစ်ကိုသည် မည်သို့မျှ မယုံဟန်သဏ္ဌာန်ဖြင့် ...

"အောင်မယ် ... ဘယ့်နှယ်၊ ငါ့သားက ကျောင်းသားထဲက မင်းအိမ်မှာနေတယ်၊ အလုပ်လုပ်တော့ မင်းရုံးမှာလုပ်တယ်၊ အခု လက်ထပ်တော့ မင်းရုံးမှာ၊ မင်းက တရားသူကြီးကွာ ... "

"အဲဒါကြောင့် ကျွန်တော့်သဘော ဘာမှမပါဘူးပြောတာပေါ့ အစ်ကို ကြီးရ၊ ကျွန်တော်က တရားသူကြီးတစ်ယောက်ဖြစ်နေတော့ အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက်၊ သက်သေသက္ခာယ နဲ့ ကျွန်တော့်ရုံးမှာ လက်ထပ်ချင်တယ်ဆိုတော့ ကျွန်တော်က ဘာမျှ တားပိုင် ခွင့်မရှိဘူးခင်ဗျာ၊ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးရုံပဲ ... "

"ကဲ ... ဒါတော့ ထားပါတော့ကွာ ...၊ ဒီမှာ ထွန်းလင်း... သူတို့ဒီလို လက်မထပ်ခင်မှာ ငါ့သားစိန်လှိုင်က မင်းကို လူကြီးတစ်ယောက်အနေနဲ့၊ ဦးလေးတစ်ယောက်အနေနဲ့တော့ မတိုင်ပင်ဘူးလား ... "

"မတိုင်ပင်ဘူးအစ်ကို၊ ပြောရုံပဲပြောတယ်၊ 'ကျွန်တော် ဒီကောင်မလေး နဲ့ ခရီးလွန်နေပြီ၊ လက်မထပ်ရင် မဖြစ်တော့ဘူး ...' တဲ့"

"တောက် ... သင်း မိန်းမယူတာကလည်း ဖိုးထွား နွားဝယ်သလို လျှနေတာပဲ ... "

သူတို့ရွာက ကိုဖိုးထွားသည် နွားကို မစူးမစမ်း အရမ်းဝယ်တတ်၏။ ဤတွင်ရောက်မှ စကားတစ်ခွန်းမျှမပြောသေးဘဲ မျက်လုံးကြောင်တောင် တောင်နှင့် ကြည့်နေသော အစ်ကို့မိန်းမ မအေးယဉ်က ...

"ဖိုးထွားနွားဝယ်တာက ကိုယ့်လက်ထဲရောက်မှ မကြိုက်ရင် နောက်တစ်ခေါက် နွားပွဲချပစ်နိုင်သေးတယ် တော်ရဲ့ ... "

ကျွန်တော့်မှာ စိတ်ထဲက ပြုံးနေလိုက်ပါသည်။

အစ်ကိုက ဆက်လက်၍ "မင်း စိန်လှိုင်ကို မင့်မိဘတွေဆီ တိုင်တည်ဦး

www.burmeseclassic.com

www.burmeseclassic.com



တော ပြောတာတုံးလား ... "

"ပြောသားပဲ အစ်ကို၊ ဒါပေမဲ့ သူက ခုနယ် မိုးတွင်းကြီးအကြောင်း ကြားလို့ အဖေတို့အမေတို့ လိုက်လာရင် အလုပ်အကိုင်ပျက်ကြရုံ ရှိမှာပေါ့၊ ဒီမှာ ဘာမှ အကြောင်းထူးမှာလည်း မဟုတ်တာဘဲ၊ သီတင်းကျွတ်မှပဲ ရုံးက ခွင့်ယူပြီး သွားကန်တော့မယ် ပြောတယ် ... "

"နေပါဦး — အခု သူတို့လက်ထပ်ကြတာ ဘယ်နှလရှိသွားပြီလဲ... ဒီထဲမှာ ရေးခွဲတ အင်္ဂလိပ်လ၊ ရက် နဲ့ရေးထားတော့ ငါလည်းမသိဘူးကွ..."

ကျွန်တော်က သတင်းစာ လက်ထပ်ကြော်ငြာ လှမ်းကြည့်လိုက်ပြီး...

"၃ လ နဲ့ ၂ ရက်ပဲ ရှိပါသေးတယ်အစ်ကို ... "

"သူတို့ ဘယ်မှာနေကြသလဲ၊ ကောင်မလေးမိဘအိမ်မှာလား..."

"ရန်ကုန်မှာက ခုနယ် ဘယ်မိဘကမှ သမက်ကို အိမ်မှာလက်ခံမထား နိုင်ကြဘူးဗျ၊ သူတို့ဟာသူတို့ လက်ထပ်ပြီး အခန်းလေးတစ်ခန်း ငှားနေကြတာပဲ ..."

"သူတို့ခန်းဝင်ပစ္စည်းတွေ ဘာတွေကော ပြည့်ပြည့်စုံစုံလား ..."

"ကြုံကြုံဖန်ဖန် အစ်ကိုရယ် ... အိပ်ရာတစ်ခု၊ ခြင်ထောင်တစ်လုံးဖြစ် ဖို့မှအနိုင်နိုင် ... "

"အောင်မယ်လေး ... သူတို့ခေတ် အိမ်ထောင်ပြုလိုက်ကြတာလည်း ဇာယ်လွယ်လိုက်ကြပါလားဟဲ့ ... "

ဟုတ်ကဲ့။ အစ်ကိုတို့ခေတ်၊ အစ်ကိုတို့အဖြစ်နှင့်ကား လွန်စွာ ကွာခြား လှပါဘိတောင်း။ ကျွန်တော်သည် အစ်ကိုတို့ခေတ်၊ ရှေးဖြစ်ဟောင်း တွေ ပြန်၍ စဉ်းစားမိ၏။

အစ်ကိုနှင့်ကျွန်တော်သည် မအေညီအစ်မမို့ ညီအစ်ကိုတစ်ဝမ်းကွဲ တော်ကြပါ၏။ သို့သော် ကျွန်တော်တို့မိဘများသည် တစ်ရွာစီဖြစ်၏။ ကျွန်တော်တို့ရွာသည် မြို့ပိုင်ရုံးစိုက်ရာ မြို့ကလေးမှ တောင်ဘက်သို့ ၃ မိုင်ဝေး၍ အစ်ကိုတို့ရွာသည် နောက်ဘက် ကွင်းခေါင်ခေါင်ကြီးထဲတွင် ၆ မိုင်ကျော်ဝေး၏။ ကျွန်တော်တို့ရွာသည် မြို့နှင့်တာလမ်းဆက်၍ မြင်းလှည်း လမ်းရှိ၏။ အစ်ကိုတို့ရွာမှာ မြို့နှင့်ဝေးသော နွားလှည်းလမ်းပေါက်ပြီး မိုးတွင်း



နှင့် လယ်များမရိတ်သိမ်းမီအတွင်း ကန်သင်းရိုး ခြေကျင်လမ်းသာရှိ၏။

အစ်ကိုတို့ရွာမှာ ဘုန်းတော်ကြီးကျောင်းသာ ရှိသည်။ ကျွန်တော်တို့ ရွာမှာ ထိုခေတ်အခါ လောကဓာတ်ကျောင်းရှိ၍ မြန်မာစာ ၇ တန်းအထိ သင်နိုင်သည်။ ထို့ကြောင့် အစ်ကိုသည် ကျွန်တော်တို့အိမ်မှာ လာနေ၍ ကျောင်းတက်သည်။ သို့သော် အစ်ကိုသည် ၄ တန်းအောင်လေသလား၊ ၅ တန်းတက်သေးသလား ကျွန်တော်မသိတော့။ ကျွန်တော် ကောင်းစွာ မမှတ်မိသေးသောအချိန်မှာပင် ကျောင်းမှထွက်ပြီး သူ့ရွာပြန်သွားလေသည်။

စင်စစ် အစ်ကို၏မိဘများသည် ကျေးရွာမှကြေးရတတ် လယ်ပိုင်ရှင် များဖြစ်သည်။ အစ်ကို့အား ပညာဖြင့်အသက်မွေးစေရန် မရည်ရွယ်ပေ။ ထိုခေတ်မြေပိုင်ရှင်တို့၏ သဘောထားအတိုင်း သားအား လယ်ယာလုပ်ငန်း ၌ တတ်ကျွမ်းအောင်သင်ကြားပြီးနောက် တန်းတူရည်တူ အမျိုးသမီး တစ်ယောက်နှင့် အိမ်ထောင်ချထားမည်။ နှစ်ဖက်မိဘ လက်ဖွဲ့သောပစ္စည်း များဖြင့် လယ်ပိုင်မြေပိုင်ရှင်များဖြစ်ကြကာ တစ်သက်ချမ်းသာစွာ လုပ်ကိုင် စားသောက် နေကြစေသတည်း။

ဤကား ရှေးခေတ်(ကျွန်တော်တို့ငယ်စဉ်က) ကျေးရွာမြေပိုင်ရှင် တော်တို့၏ ရည်ရွယ်ချက်ဖြစ်ပါ၏။ ထို့ကြောင့် အစ်ကို့အား ၁၃–၄ နှစ်သား ပြည့်သင့်သောအရွယ်တွင် လောကဓာတ်ကျောင်းမှ နုတ်သွားပြီး သူတို့ရွာ ဘုန်းတော်ကြီးကျောင်းမှာ သင်္ကန်းဆီးစေလေသည်။ ကိုရင်ဝတ်နှင့် တစ်နှစ် ခန့်ဝါလောက် နေပြီးသောအခါ၌ကား အစ်ကိုသည် သူ့ဘဝ၏ တကယ့် အသက်မွေးပညာဖြစ်သော လယ်ကွင်းက တက္ကသိုလ်တွင် မွေးသဖခင်ဆရာ ကြီး၏ လက်အောက်မှာ သင်ကြားရလေသည်။

အသက် ၂၀ အရွယ်ရောက်သောအခါ၌ကား အစ်ကိုသည် လယ် ကွင်း တက္ကသိုလ်မှာ ပညာကုန်တတ်မြောက်လေပြီ။ လယ်တစ်ထွန်တုံး စိုက်ပျိုးလုပ်ကို ကောင်းကောင်းနိုင်ပြီဟူသော အောင်လက်မှတ်ကိုလည်း ရလေပြီ။

အစ်ကို့ဘဝ၌ တတ်အပ်သောပညာနှင့် ခွန်အားဗလပြည့်စုံပါချေပြီ။ တော်တွာ ဆွေစဉ်မျိုးဆက် ပြန့်ပွားစည်ပင်စိမ့်သောငှာ အိမ်ထောင်ပြု

www.burmeseclassic.com



ရှိခဲ့ ကျန်တော့သည်။

ယင်းအလုပ်သည် အစ်ကို့တာဝန်မဟုတ်ချေ။ 'မကောင်းမြစ်တား ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဆိုသည်နှင့်အညီ မိဘတို့၏ဝတ္တရားသာ ဖြစ်ချေသည်။

ထို့ကြောင့် အစ်ကိုသည် အသက် ၂၀ ကျော်မှစ၍ ၅ နှစ် ၅ မိုးမျှ မိဘကိုလုပ်ကျွေးပြီးသည်နောက် 'အိမ်ထောင်ချတော့မည်' ဟူသော သတင်း ပေါ်ထွက်လာခဲ့လေ၏။ အရပ်ရပ်အရွာရွာရှိ ဆွေမျိုးသားချင်းတို့ထံလည်း သင့်လျော်သော သတို့သမီးကို ရှာကြပါဟူသော အကြောင်းစကားများ ရောက်လာ၏။

ကုက္ကိုကုန်းရွာက ဦးဖိုးသက် ဒေါ်မြရွက်တို့၏သား မောင်အောင်နိုင်၊ မိဘက ဘယ်လောက်ချမ်းသာသည်။ သူ့သားကို လယ်ဘယ်နဧက လက်ဖွဲ့မည်ဆိုသော ကြေညာချက်လည်း ဒါမျိုးဘက် ဝါသနာပါသော အောင်သွယ်ကျော်တို့မှတစ်ဆင့် ပျံ့နှံ့လေသည်။ ထိုအခါ အချိန်တန် အရွယ်ရောက်ပြီ ဖြစ်သော သမီးရှင်များဘက်ကလည်း ဒီလူငယ်ရုပ်ရည်၊ စိတ်နေသဘောထား၊ အကျင့်စာရိတ္တ၊ မိဘမျိုးရိုး စသည်တို့ကို ထောက်လှမ်းစုံစမ်းကြကုန်၏။

အစ်ကို့ဘက်မှ ရုပ်ရည် ရည်မွန်သန့်ပြန့်သည်၊ အလောင်း အကစား အသောက်အစားမရှိ။ အကျင့်စာရိတ္တကောင်းသည်။ ဆွေမျိုးအသိုင်းအဝန်း တောင့်သည်ဟူသော ဂုဏ်သတင်းထွက်ခဲ့လေ၏။ သို့တိုင် အစ်ကိုသည် တော်တော်နှင့် ဖူးစာရှင် အဆင်မသင့်သေးချေ။

ရွေးချယ်ရသည်ကား ပထမ မိဘစီးပွားအင်အား၊ ဒုတိယသားသမီး၏ရုပ်ရည်ရူပကာ၊ တတိယ ဆွေမျိုးအသိုက်အဝန်း တောင့် မတောင့်၊ ဖြောင့် မဖြောင့် ဒါကို ဆွေနှင့်မျိုးနှင့်ချို၍ တစ်ဘက်နှင့်တစ်ဘက် စုံစမ်းကြသည်။ ဤသုံးချက် ဘက်ညီလောက်မှ တစ်ဘက်နှင့်တစ်ဘက် ချဉ်းကပ်စကား ကမ်းလှမ်းကြည့်ကြသည်။

သို့ကမ်းလှမ်းတိုင်းလည်း မဖြစ်မြောက်တတ်ကြသေး၊ တစ်ဘက်နှင့်



တစ်ဘက် ဈေးခေါ်ဈေးကိုင်ကြသည်လည်း ရှိကြသေး၏။ နောက်ဆုံး၌ ယောက်သည်ဘက် 'အိမ်ပါ' ကလေးနှင့်ပင် ကွဲလွဲသွားသည်များလည်း ရှိတတ်၏။ အများအားဖြင့် သားရှင်၊ သမီးရှင်တို့သည် ကိုယ့်ချွေးမ၊ ကိုယ့်သမက်ကို အိမ်ပါခေါ်ချင်ကြသည်သာ ဖြစ်ကုန်၏။

စင်စစ် သတို့သားနှင့် သတို့သမီးသာ သက်ဆုံးတိုင်ပေါင်းကြရမည် ဖြစ်သော်လည်း ရွေးချယ်သူများက မိဘဆွေမျိုးများသာ ဖြစ်ကုန်၏။ ပထမ သူတို့သဘောကျပါမှ သတို့သားနှင့် သတို့သမီးတို့ တစ်ဦးနှင့်တစ်ဦး တွေ့ခွင့်၊ ကြည့်ခွင့် ရကြသည်။ သူတို့ရွေးချယ်ကြသည်များလည်း ရုပ်ရည်ရူပကာရ သာမကဘဲ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ မွေဆိုး၊ မွေကောင်းရွေးဘိသို့ လူများလည်း ထိုသို့ရွေးရန် အချက်အလက်များ ရှိကြကုန်သေး၏။ သွားကျဲရေယို၊ သွားဆပ်ကျိုး၊ မျက်ရည်စံမဲ့တဲ့ စသည်များ၊ ယခုခေတ် ကျွန်တော်တို့နားမလည်ကြပါကုန်။ ကျွန်တော်တို့ကြည့်ကြသည်က မိန်းကလေးတစ်ယောက်ကို ကိုယ်လုံးကိုယ်ထည်နှင့် မျက်နှာလောက်သာ ကြည့်တတ်ကြသည်။ တောင့်တယ်၊ ဖြောင့်တယ်၊ အယ်တယ်ဆို ကြိုက်ပြီ။

ရှေးခေတ်လူကြီးများက မိန်းမတင်ပါးဆုံကြီးလွန်းသည်ကို မချီးမွမ်းကြကုန်။ 'မိန်းမဖင်လေး တုံးဆွကြီးအော၊ ကလေးသာ များများမွေးတတ်တယ်၊ ပျင်းတတ် ဖျင်းတတ်တယ်' ဟု မှတ်ချက်ချ၏။ သိပ်ပြီး ကော့ကော့ပျံ့ပျံ့ နေပြန်လျှင်လည်း 'ကောင်မက ကော့ကလန် ဆတ်ပေ့၊ ပျံတတ် နံ့တတ်တယ်' ဟု ဆိုကြပြန်၏။

ယင်းသို့ အပြစ်အနာအဆာများအပြင်လည်း 'အင်းဝ၊ ရာဇာ၊ မွှာ၊ သာက' 'အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း၊ မိတ်ဖက်ခြင်း' ဟူသော ဇာတာများဖြင့် သတို့သား၊ သတို့သမီးတို့ နေ့နံများကို ရွေးကြပြန်ကုန်သေး၏။ အချို့မှာ အားလုံးသင့်လျော်နေသော်လည်း ဤနေ့နံမတည့်မှုလေးကြောင့်ပင် မထိမ်းမြားရသည်များလည်း ရှိ၏။ 'အိမ်ထောင်ဘက် ဘုရားသည်၊ ဆေးမင်ရည်စုတ်ထိုး' ဟူသည့် ဆိုရိုးကလည်း ရှိနေဘိသကိုး။

ယင်းသို့လျှင် ရှေးထုံးရှေးနည်း၊ ရွေးထုံးရွေးနည်းအတိုင်း ဆွေမျိုးအသိုက် အောင်သွယ်တော်ကြီးများ အကူအညီဖြင့် အစ်ကို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကြွင်ဘတ်ရွေးချယ် ရှာဖွေလိုက်ကြရာ ၃ နှစ် ၃ မိုးကျော်သည်၌ ရွာချင်း နေ့ဝက်ခရီးကွာသော သစ်ဆိမ့်ကုန်းရွာ၌ သတို့သမီး(ယခု အစ်ကို့ဇနီး) မအေးယဉ်ကို တွေ့ကြပါလေ၏။ ထို့ကြောင့် နဖူးစာရွာလည် ဆိုကြသထင်၏။

ထိုစဉ်က ကျွန်တော့်အသက် ၁၂ နှစ် ၁၃ နှစ်ခန့်ရှိနေပြီ ဖြစ်၍ ကောင်းစွာ မှတ်မိနေပါပြီ။ မအေးယဉ်သည် ပြောပလောက်အောင် ချောမော လှပါသည်။ အစ်ကို့ထက် ရုပ်သာသည်ဟုဆိုပါသည်။ ပစ္စည်းမှာ အစ်ကို့ ဘက်ကသာ၍ ထေကြပါသည်။ အစ်ကိုအောင်ခိုင်နှင့် မအေးယဉ်တို့ နှစ်ဘက်မိဘများ စေ့စပ်ကြောင်းလမ်းသည်၌ သူတို့မင်္ဂလာမဆောင်မီ အစ်ကိုက သူ့ဇနီးလောင်း အိမ်သွားလည်တိုင်း ကျွန်တော်ပါသွားမြဲ ဖြစ်သည်။ သြော် သူတို့ခေတ် သူတို့အဖြစ်နှယ် နှစ်ဘက်မိဘစေ့စပ်ပြီး အိမ်မှာ လွှတ်လပ်စွာ တွေ့ခွင့်ရှိကြသော်လည်း သူတို့ချင်း နှစ်ယောက်ထဲတွေ့၍ စကားမပြောကြသေးချေ။ ကျွန်တော်က ကြားမှ ပုဏ္ဏားတိုင် ပါနေရသေး၏။ တစ်ယောက်တစ်ယောက် ကိုတွေ၊ မောင်တွေ၊ မိတွေ ခေါ်ဖို့ဝေးဘိတောင်း။ သူတို့နာမည်မှ မခေါ်တတ်ကြသေး။ ကျွန်တော့်နာမည်မှာ မောင်ထွန်းလင်း ဖြစ်ရာ မအေးယဉ်က အစ်ကို့အား 'မောင်ထွန်းလင်းအစ်ကို' ဟုခေါ်၏။ ကျွန်တော်က မအေးယဉ်အား မမယဉ် ဟုခေါ်သဖြင့် အစ်ကိုက သူ့ ဇနီးလောင်းအား ကျွန်တော့်ရှေ့ထားပြီး 'မင့်မမ ယဉ်' ဟုဆို၍ စကားပြော၏။ တကတဲ ကျွန်တော်မရှိ သူဘယ်လိုပြောမယ် မသိ။

ထိုစဉ်အခါမှာ ကျွန်တော်က ကာလပေါ်ဝတ္ထုဖတ်ခြင်း၊ ရုပ်ရှင်ကြည့် ခြင်းများ ရှိနေပြီဖြစ်၍ အစ်ကို့အား "အစ်ကိုက ကျွန်တော့်ကို ဘာလို့ ကြားထဲကထားနေရလဲဗျ။ အစ်ကိုတို့နှစ်ယောက်ထဲတွေ့ပြီး ဖက်ပြုနမ်းပါ လား" ပြောတော့ အစ်ကိုက ရှက်စနိုးဖြင့် "ဟာ ... မင်းကလည်း" ဟု ပြန်ပြောပါသည်။

သို့ဖြင့် လှည်းလမ်းများပေါက်၍ စပါးရောင်းချပြီးသော ထိုနှစ်နွေရာသီ မှာ နေ့ကောင်းရက်သာရွေးလျက် သူတို့မင်္ဂလာသဘင် ဆင်ယင်ကျင်းပပါ သည်။

အစ်ကိုတို့အိမ်မှာ အစ်ကို့ကိုရှင်ပြုတုန်းက တစ်ကြိမ်၊ ယခု မင်္ဂလာ



ဆောင်မှာတစ်ကြိမ်၊ ရှိသမျှဆွေမျိုးအားလုံးတို့က ရောက်ကြခြင်းဖြစ်လေ သည်။ ကျေးရွာတို့ဓမ္မတာ လှည်းတွေ လှည်းတွေနဲ့ပေါ့။

အစ်ကိုတို့ ကုက္ကိုကုန်းရွာနှင့် မမယဉ်တို့ သစ်ဆိမ့်ကုန်းရွာမှာ ခြေကျင် နေ့ဝက်ခရီးဖြစ်လေရာ လှည်းများနှင့် သန်းခေါင်ကျော်တွင် ထ ချောင်းပါမှ နံနက်မင်္ဂလာ အချိန်မီရောက်မည်ဖြစ်ခြင်းကြောင့် မင်္ဂလာအကြို ညနေမှာ အစ်ကိုတို့အိမ်သို့ ဆွေမျိုးအားလုံးရောက်နေကြသည်။ စားတာ မဏ္ဍပ်ကြီးတစ်ခုတည်းမှာ ဖြစ်၍ အိပ်ရန်မှု အဘယ်လျှင် အိမ်ဆံ့မည် နည်း။ ခြေခင်းလက် ခင်းသာယာသော နွေရာသီဖြစ်၍ လှည်းများပေါ်၌ လည်းကောင်း၊ သစ်ပင်များအောက်၌လည်းကောင်း အိပ်စက်ကြကုန်သည်။

သန်းခေါင်ယံတွင် အိပ်ရာမှနိုးကြ၍ ပြင်ဆင်ကြပြီး နာရီပြန် တစ်ချက်လောက်မှာ တစ်ရာကျော်သော လှည်းတန်းရှည်ကြီး ထွက်ခဲ့လေ သည်။ လှည်းယာဉ်လေးများလည်းပါ၏။ လှည်းကြမ်းကြီးများလည်း ပါ၏။ နွေးတစ်ကျော့၊ အမြန်တစ်သော့ဖြင့် ဆူဆူညံညံ မောင်းနှင်ခဲ့ကြရာ အရုဏ်တက် သစ်ဆိမ့်ကုန်းရွာ ညီညီအတန်းကို လှမ်းမြင်နေရချိန်တွင် လှည်းတန်းရှည်ကြီး တံ့ခနဲ ရပ်သွားလေသည်။ သတို့သမီးရွာမှ ကာလသား ကြိုးတားခြင်း။

ထုံးစံအတိုင်း သတို့သားဘက်မှ လူကြီးများနှင့် ကာလသားများ သွားကြသည်။ ဟိုလူတွေမှာ သောက်စားမူးယစ်နေကြလျက် ဖြတ် ဒုတ်တပြက်ဖြင့် သူတို့လိုချင်တာမရရင် မင်္ဂလာပွဲပျက်အောင် နှောက်ယှက်မယ်ပေါ့။ သည်ဘက်က စေ့စပ်သောအခါ၌ ငွေငါးရာပေးရမည်ဟု ၏။

ထိုစဉ်မှာ စပါးတစ်ရာမှ တစ်ရာ့အစိတ်၊ တစ်ရာ့ငါးဆယ်ရှိလေရာ မှာ နည်းနည်းနောနော မဟုတ်ပါချေ။ များလွန်းပါသည်ဆိုသော နှစ်ဘက်စလုံးမှာ ချမ်းသာသော ထိတ်ထိတ်ကြဲ မင်္ဂလာဆောင်ဖြင့် ဆုံးတောင်းတာပါပဲဆို၏။ သို့ဖြင့် နောက်ဆုံးမှာ ၃၅၀ နှင့်ပြေတည် သည်။ ဤအခါ၌ သတို့သားကို သူတို့လှည်းပေါ်တင်၍ သူတို့ကိုယ်တိုင် ဆောင်အိမ်ရောက်အောင် လိုက်ပို့ကြသည်။ သတို့သားသည် သတို့

www.burmeseclassic.com



သမီး 'အိမ်ဝါ' အဖြစ်နှင့် ဤရွာမှာနေရမည်ဖြစ်၍ နောင်ရေးနောင်ရာ အားလုံ
တို့လည်း တာဝန်ယူပါမည်ဟု အကြီးဆုံးကာလသားခေါင်းဆောင်ကြီးက
အာမခံ၏။ ယင်းလည်း တစ်ရွာတွင် လူသစ်တစ်ယောက်အတွက် ထိုခေတ်
က လိုအပ်ချက်တစ်ခု ဖြစ်ပေသည်။

ကဲ မိုးလင်းအားကြီးအချိန် သတို့သမီး၏ရွာထဲသို့ သတို့သားဘက်
ကလူည်းများ ရောက်ကြပြီဆိုပဲ။ အရေးကြီးသော လက်ရင်းလူများက
သတို့သမီး အိမ်ပေါ်တက်ကြ၊ ကျန်လူများက သင့်လျော်ရာတွင် လှည်းများကို
ဖြုတ်ကြ၍ ကိုယ့်လှည်းပေါ်မှာပင် မင်္ဂလာပွဲထိုင်ရန် ဝတ်စားပြင်ဆင်ကြသည်။

မင်္ဂလာဆောင်မှာ နံနက်ခင်းဧည့်ခံ၍ ကျွေးမှာက ဘာတဲ့လဲ
ပေါင်မုန့် အုန်းနို့ဆမ်းတဲ့။

အသောက်အစား ဝါသနာပါသူများက နောက်ဖေး ကောက်ရိုးပုံကို
ကွယ်ကြ။ ဒီရွာက ကာလသားများက ထန်းရည်၊ အရက်၊ ကြက်ကြော်၊ အမဲ
ကြော်တို့နှင့် ဧည့်ခံလျက်ပါပဲ။

ကဲ ... မင်္ဂလာပွဲကြီး စပြီ။

ပထမဦးဆုံး သတို့သားဘက်က မည်သည့်လယ် ဘယ်နှကေ
ဦးပိုင်နပါတ်နှင့်တကွ ကြေငြာလိုက်၏။ သတို့သား၏နာရီ၊ လက်စွပ်
ရွှေလက်ပတ်ကြိုး၊ ရွှေကြယ်သီး၊ ခန်းဝင်ပစ္စည်းတန်ဖိုးလည်း ပါရ၏။

ဒုတိယ သတို့သမီးဘက်က ထည့်သည့်ပစ္စည်း ရွှေခြေကျင်း၊ ရွှေ
ကြယ်သီး၊ ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ ရွှေဆံထိုး ဘယ်နှရုံ အချိန်ဘယ်
လောက်သား၊ ခေတ်တန်ဖိုး ဘယ်လောက်ကအစ ထုတ်ဖော်၍ နှစ်ဘက်
စာရင်းတင်ပြရသည်။

ထို့နောက် နှစ်ဘက်သောဆွေမျိုးများက ကိုယ့်ဘက်ကိုယ် လက်ဖွဲ့
ကြခြင်းများ။

"စခန်းကျတဲ့ သဖန်းလှရွာ ဦးမြမောင်–မမယ်ဟန် သတို့သားဘက်
က လက်ဖွဲ့ငွေ ငါးထောင်တဲ့ခင်ဗျာ ... "

မင်္ဂလာစကား ငါးထောင်ဆိုခြင်းသည် စင်စစ် ၅ိ ဖြစ်၏။ သည်လို
မင်္ဂလာပွဲမှာ တစ်ကျပ်ကို တစ်ထောင်ဟု ကြေညာရ၏။ သည်လို အော်ဟ



သူမှာ သတို့သားဘက်က တစ်ယောက်၊ သတို့သမီးဘက်က တစ်ယောက်
စသီးသီးရှိသည်။ လက်ဖွဲ့ကြေးစာရင်း မှတ်သူကလည်း တစ်ဘက်တစ်
ယောက်ရှိသည်။ ကိုယ့်ဘက်ကိုယ် အော်ကြမှတ်ကြရသည်။ ယင်းသည်
အချည်းနှီးမဟုတ်၊ ယခင်ကနှင့် နောင်အသွားအပြန်အတွက် ဆွေမျိုးဝတ္တရား
ဆောင်ရွက်ရန်များဖြစ်ပေသည်။

ဤမင်္ဂလာပွဲမှာ အစ်ကို့ဘက်က လက်ဖွဲ့ကြေးချည်း ၁၈၀ဝိ ကျော်
၍ တော်တော်လေးမူးနေပြီဖြစ်သော ဦးလေးဖိုးသီးက ...

"ကွာ ... တို့ဘက်က နှစ်ထောင်တော့ ပြည့်ရမယ်ပေါ့၊ ငါက ၅ိ
ထိုးမယ်" ဟုစပြီး ဘယ်သူဘယ်ဝါက တစ်ဆယ်တိုး နှစ်ဆယ်တိုး ဆိုခြင်းဖြင့်
ငွေ ၂၀ဝ၀ိ (နှစ်ထောင်တိတိ) ပြည့်သွား၏။ မိန်းကလေးဘက်က စုစုပေါင်း
မှ ၁၂၀၀ မျှသာရသဖြင့် ယောကျ်ားလေးဘက်က များစွာသာနေလေ၏။
ယင်းသည်ပင် ဆွေမျိုးအင်အား တောင့်တင်းခြင်းဟု ဂုဏ်ယူသည်။

ဤသို့ အိမ်ထောင်ပြုခဲ့သော အစ်ကိုတို့လင်မယားမှာ ယခု သူ့သား
မောင်စိန်လှိုင်က မိဘအသိမပေးဘဲ ရုံးတက်လက်ထပ်လိုက်သည်ဆိုတော့
မည်သို့ ခံစားကြရမည်နည်း။

အစ်ကိုသည် သူ့လက်ထဲမှ သူ့သားမင်္ဂလာဆောင် ကြော်ငြာပါသော
သတင်းစာရွက်ကို ကြည့်လျက် ...

"ဒီထဲမှာက ငါ့နာမည်ရော၊ မအေ့နာမည်ရော၊ မင်းနာမည် တရားသူ
ကြီးဦးထွန်းလင်း တူ ဆိုတာရောပါလို့ ငါ့သားစိန်လှိုင်လို့ ယုံရတာပေါ့..."

ဤတွင် မမယဉ်က ...

"နေပါဦး မောင်ထွန်းလင်းရဲ့၊ မိန်းကလေးက မင်းသဘောကျ
သောက်အောင် တော်ရဲ့လား"

"ဩော် ... မမယဉ်ရယ် ... ကျွန်တော့်သဘော မပါရပါဘူး ဆိုနေမှ
ပဲ ခုကာလ မြို့ပေါ်ကဟာလေးတွေဟာ များသောအားဖြင့် သူတို့ကြိုက်
သူတို့ဟာ သူတို့သဘောနဲ့ ယူလိုက်ကြတာဗျ"

"အခု သင်းတို့လင်မယား ဘယ်မှာနေသလဲ"

"ဟဲ ... ဟဲ ... မမယဉ်က သူ့ချွေးမ ကြည့်ချင်လှပြီထင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ချင် မြင်ချင်လျက်သား ဆိုသလိုပေါ့ဟယ်"

"မယဉ်က သိပ်သဘောမကျဘူးထင်ပါရဲ့။ မောင်စိန်လှိုင်ကို [illegible] ရည်ရွယ်ထားတာများ ဟိုမှာရှိနေလို့လား"

"ရှိတာပေါ့ဟယ်၊ ရှိတာပေါ့"

"ဒါဖြင့် အဆင်သင့်ပါပဲဗျာ" ဆိုပြီး ကျွန်တော်သည် ထိုင်ရာမှထ၍ သိမ်းဆည်းထားသော သတင်းစာတစ်စောင်ကို ယူခဲ့ပြီး "ကိုမြမောင်တို့က ဒီသတင်းတော့ မတွေ့ဘူးထင်တယ်၊ အေးလေ... အစ်ကို့တို့နာမည်တွေ လည်းမပါတော့ သူ မဖတ်မိဘူးထင်ရဲ့" ဟုပြောရင်း ကျွန်တော့်လက်ထဲက သတင်း စာကိုဖြန့်ပြီး တစ်နေရာလက်ထောက်ပြီး ပြလိုက်ရာ သူတို့လင်မယား နှစ်ယောက်သည် မျက်လုံးများပြူးကြကာ "ဟယ် ... " ခနဲ ဖြစ်သွားကြ ကုန်သည်။

သတင်းမှာ ...

ကျွန်တော် မောင်စိန်လှိုင်နှင့် မရီသက်တို့သည် ယနေ့မှစ၍ လင်မယားအဖြစ်မှ ပြတ်စဲပါကြောင်း။

အစ်ကိုက "ဟင် ... ဘယ့်နှယ်ဟာတွေပါလိမ့်ဟယ်" ဟု မှတ်ချက် ချ၍ မမယဉ်မျက်နှာတွင်မူ အံ့သြရာမှ ပြုံးရောင်သမ်းသွားရာ ကျွန်တော်က ပြောလိုက်သည်။

"မောင်စိန်လှိုင် မိန်းမယူတာလည်း ဖိုးထွား နွားဝယ်သလိုပါပဲ မမယဉ် ရဲ့ ... "

❑



# ဤခြံမြေ

ဤခြံမြေ၏ အနှစ်လေးဆယ် ဖြစ်ရေးကြွယ်ခဲ့သည်မှာ အဆန်း ပေါ့တတ်သော်လည်း လွမ်းသရုပ်တော့ ပေါ်လာ၏။ ကျွန်တော် စသိသည်မှာ ဘိုးတောင်ရိုး၊ ဘွားရွှေအိမ် မည်သော အဘိုးအို အဘွားအိုလင်မယား အိမ်ငယ်ကလေး ဆောက်လုပ်၍ နေထိုင်ကြ၏။ ဤအဘိုးအဘွား လင်မယားမှာ ဆင်းရဲသားများဖြစ်ကြ၍ သူတို့ခြံပိုင်မဟုတ်ပေ။ ခြံပိုင်ရှင် ခေါ်ထွားက သူတို့အား ခြံစောင့်အဖြစ်နှင့် နေစေခြင်းဖြစ်သည်။

ဤခြံမြေသည် ပေ ၁၀၉ × ၁၂၀ မျှ ကျယ်လေရာ ဘိုးတောင်ရိုး တို့၏ သုံးပင်အိမ်ကလေးသည် အိမ်ရှေ့မျက်နှာစာနှင့်မှ ပေအစိတ်သုံးဆယ် မျှ နေရာယူသောကြောင့် ကျန်သောမြေကွက်လပ်သည် ခြံရှင်၏ ရာသီလိုက် သီးနှံများ စိုက်ပျိုးရာဖြစ်၏။ ယင်းသို့ကြောင့် ခြံရှင်အဖို့ ခြံစောင့်ရသည်။ ဘိုးတောင်ရိုးတို့အဖို့ သေတစ်ပန်သက်တစ်ဆုံး နေဖို့ရသည်။

ဘိုးတောင်ရိုးတို့လင်မယားတွင် သားသမီးများမထွန်းကားခဲ့ သို့ကြောင့် မည်သည့်အခါတွင်မျှ ကျောထောက်နောက်ခံ မရှိခဲ့ရှာသဲ တစ်သက်လုံးပင် သူတို့ဘာသာသူတို့ လုပ်ကိုင်စားသောက်သွားကြရသည်။

ကျွန်တော် မှတ်မိသောအရွယ်တွင် ဘွားရွှေအိက ဆန်ခါတင်မုန့် ရောင်းသည်။ ဆန်ခါတင်မုန့်ဆိုသည်မှာ ကျွန်တော်သိသမျှပြောရလျှင် ဆန်မှုန့်ကို ထန်းလျက်အရည်ကျိုနှင့် ဖောက်ကာ ဆန်ခါကြီးပေါ်တွင် အပြား

www.burmeseclassic.com

www.burmeseclassic.com



ကြီးတင်၍ မိုးပြဲဒယ်ကြီးကြီးအောက်ခံနှင့် ပေါင်းခြင်းဖြစ်သည်။ ဓားဖြင့် အတုံးအတုံး လှီးပြီး ရောင်းသည်။ ယခုခေတ် ဘိန်းမုန့်နှင့်တူလေမည်လော မပြောတတ်။

ဘိုးတောင်ရိုးက ခြံကြိုခြံကြား၊ လယ်ကြိုလယ်ကြားမှ ထန်းပင် ပေါက်ကလေးတွေ၏ ထန်းလက်ငယ်ငယ်ကလေးတွေ ရှာဖွေခုတ်ကာ ထိုထန်းလက်လျှော် နုနုကလေးတွေကို နွားနဖားကြိုးကျစ်၍ ရောင်းသည်။ သူတို့လင်မယားသည် ယင်းသို့လျှင် မြန်မာပြည်၌ ပစ္စည်းမဲ့လူတန်းစားတို့၏ လုပ်ငန်းမျိုးဖြင့် ဥပုသ်ရက် ဘုရားသွားကျောင်း တက်ဖြင့် နေထိုင်စားသောက် သွားခဲ့ကြသည်။

ကျွန်တော် သူတို့ကို စတင် အမှတ်သညာထားတတ်သော အရွယ်မှာ သူတို့သည် အဘိုးအိုအဘွားအိုများ ဖြစ်နေကြပြီ။ ကျွန်တော်တို့နှင့် ဆွေမျိုး တော်သည်ဟုလည်း သိရပါသည်။ ကျွန်တော် ကျောင်းသွားတတ်သော အရွယ်မှာ နေ့တိုင်းနေ့တိုင်း၊ ဘွားရွှေအိက ဆန်ခါတင်မုန့် တစ်တုံးတစ်တုံး ဆီး၍ပေးပါသည်။

ကျွန်တော် ယနေ့တိုင်မမေ့နိုင်သည့် အစားတစ်လုပ်ကား အမဲသား တစ်တုံးဖြစ်ပါသည်။ တစ်နေ့သ၌ ကျွန်တော် သူတို့အိမ်သွားလည်စဉ်မှာ အဘိုးအဘွား ထမင်းစားနေခိုက်ဖြစ်ပါသည်။ ကျွန်တော့်အား ထမင်းစားရန် ခေါ်ရာ ကျွန်တော်က ထမင်းစားခဲ့ပြီးပါပြီ။ ဘာဟင်းချက်သလဲ၊ ဟင်းတော့ စားချင်ပါသည်ဆိုသဖြင့် သူတို့ဟင်းပန်းကန်ထဲမှ အမဲသားတစ်တုံးကို ခပ်၍ ပေးပါသည်။ ကျွန်တော် တစ်ကိုက်စားလိုက်သော် ခွေး မီးခဲဝါးမိသလို တရှူးရှူး တရှားရှား ဖြစ်ရပါတော့သည်။ အကြောင်းကား ငရုတ်သီးစပ် သောကြောင့်ဖြစ်၏။

စင်စစ် ဒီအဘိုးအဘွားဟင်းက ငရုတ်သီးအများကြီးခတ်လို့ မဟုတ် ပါ။ ကျွန်တော်တို့အိမ်က ငရုတ်သီးအစပ် မစားတတ်၍ဖြစ်ပါသည်။ ကျွန်တော့်အမေသည် ကြက်သား ဝက်သား တစ်ပိဿာလောက်ချက်၍မှ ငရုတ်သီးနှစ်တောင့် သုံးတောင့်လောက်ကို အစေ့ထုတ်ပြီး ကြက်သွန်နှင့် ထောင်းထည့်တတ်သူ ဖြစ်ပါသည်။ ဒါကို အမှတ်မဲ့ပြုလိုက်မိသော အဘွား



သည် ကျွန်တော့်အား သနားကာ "အင်း ... ဖြစ်မှဖြစ်ရလေ ငါ့မြေးရယ်၊ ရော့ ... ရေ့ ရေငုံပြီး ပလုတ်ကျင်းလိုက်" ဆို၍ ရေတစ်ခွက် ခပ်ပေးပါသည်။ ပြီး အမဲသားတစ်တုံးကို ရေဆေးပြီး ကျွန်တော့်ကိုပေးပါသည်။ ပြီးတော့မှ ကျွန်တော့်ကို နောက်ပါသည်။

"ငါ့မြေး ယောက္ခမအိမ်ရောက်မှ ခက်မယ်ကွယ်"

"ဘာကြောင့်လည်း အဘိုးရ ... "

"မင်း ... ဒီလိုဟင်းတုံးမျိုးကို ရေဆေးပြီးမှ စားနေရမှာပေါ့ ... "

"အောင်မယ် အဘိုးရယ်၊ ကျွန်တော်တို့အိမ်လိုပဲ ငရုတ်သီးစပ်စပ် မစားတဲ့အိမ်က မိန်းမကိုမှ ရွေးယူမှာပေါ့ဗျ ... "

ယင်း၌ အဘိုးသည် ပါးချိုင့်ချိုင့်၊ သွားကျိုးပွဲပွဲနှင့် သဘောကျရယ် မောခဲ့သည်ကို မှတ်မိပါသေးသည်။

ဤအဘိုးနှင့်အဘွားအို တစ်ယောက်နှင့်တစ်ယောက် သိပ်မခြားဘဲ ရှေ့ဆင့်နောက်ဆင့် သေဆုံးကွယ်ပျောက်ကြသောအခါ ကျွန်တော့်အသက် မှာ ၈ နှစ် ၉ နှစ်မျှသာ။ အဘွားကြီးက ပထမသေဆုံးသည်ဟု ထင်ပါသည်။

ငယ်လင်ငယ်မယား အသက် ၇၀ ကျော်မျှ ပေါင်းသင်းနေထိုင်သွား ခဲ့ကြသော ဤအဘိုးအို အဘွားအိုလင်မယားအား ရွာထဲပြောစမှတ် စကား ကျန်ခဲ့သည်မှာ ...

"သူတို့လင်မယား တစ်ခါမှ ရန်မဖြစ်ခဲ့ဖူးဘူး ... " တဲ့။

ဤအဘိုးအိုနှင့် အဘွားအို၏အိမ်ကလေးသည် တစ်မိုးနှင့်တစ် ဆောင်းမျှ လူသူကင်းမဲ့စွာ ယိမ်းယိုင်ပျက်စီးနေပြီးမှ ထိုအိမ်ကလေးကိုဖျက် ၍ အိမ်သစ်ဆောက်ကာ ဤခြံမြေသို့ (ကျွန်တော်သိသမျှ) ဒုတိယ ရောက် လာသူမှာ ငကျော်၊ မယ်မြခေါ် အိမ်ထောင်စုဖြစ်ချေသည်။

ယင်းအဘိုး အဘွားလင်မယားနှင့် ဆန့်ကျင်ဘက်။ သူတို့မှာ သား သမီးတွေ သိပ်များသည်။ နို့ပြီး လင်မယားလည်း ခဏခဏ ရန်ဖြစ်ကြသည်။ သူတို့လင်မယားသည် အရပ်၌ ထူးခြားသည်မှာ လင်ကပုသလောက် မယား က အရပ်မြင့်ခြင်းပင် ဖြစ်ပါသည်။

ထိုလူ၏နာမည်မှာ သူ့မိဘများမှည့်စဉ် 'မောင်ကျော်' ဟု ဖြစ်တန်မှာ

www.burmeseclassic.com



သော်လည်း 'ကျော်၊ ကျော်' ဟု အခေါ်ခံရသည်ကို ထောက်ချင့်ခြင်းဖြင့် ဆင်းရဲသားလူတန်းစားဖြစ်ကြောင်း ထင်ရှားလှသည်။ ကျွန်တော့်အနေနှင့်ကတော့ ကျွန်တော့်ထက်များစွာကြီး၍ ကိုကျော် ဟုခေါ်ခဲ့သောကြောင့် ယခု ကိုကျော် ဟုရေးရပါမည်။

အောင်မယ် ... ကိုကျော်သည် တစ်ကြိမ်တစ်ခါတုန်းက ကျေးရွာဒေသတွင် အတော်ပင် ရေပန်းစားခဲ့ဖူးသည်တဲ့။ သူသည် အရပ်ပုသလောက် ဒုန်းပြေးကောင်းသူလည်းဖြစ်၍ ကျွန်တော်တို့အရွယ်နှင့် မမီလိုက်သော ရှေးခေတ်ရှေးအခါများတွင် ထိုကျေးရွာများမှာ ဒုန်းပြေးပြိုင်ပွဲများ အလောင်းအစားနှင့် ကျင်းပခဲ့ကြသည်တဲ့။ ထိုစဉ်အခါမှာ ကိုကျော်က အနိုင်များခဲ့သည်တဲ့။ ထို့ကြောင့် ကြေးရတတ်တို့၏ မြှောက်စားခြင်းကိုခံရ၍ ငွေစလည်း ရှင်ခဲ့သည်တဲ့။

ကျွန်တော် သိရသောအချိန်၌ကား ဒုန်းပြေးပွဲများလည်း မရှိတော့၍ ကိုကျော်သည် သူများအိမ်က သူရင်းငှားသာတည်း။ သားသမီး လူမမယ်တွေကများ၍ ဆင်းရဲလိုက်သည်ကား ပြောဖွယ်မရှိပါ။ စပါးပေးတွေ၊ တင်းတိုးတွေ၊ ကုန်စုံဆိုင်ကကြွေးတွေမှာ ဝလရှီးလည်နေသည်။ ဘယ်တော့မှ ကျေသည်၊ ပြတ်သည်မရှိခဲ့။ ကြွေးဟောင်းမဆုံးခင် ကြွေးသစ်က ထပ်၍ ထပ်၍သာ လောင်းနေခဲ့သည်။ ကိုကျော်သည် သဘောသကာယကောင်း၍ သူများနိုင်းသမျှ ပေါ့ပါးသွက်လက်စွာ လုပ်ပေးတတ်၍သာ သူတို့အိမ်သားများ မငတ်ကြခြင်းဖြစ်သည်။

ကိုကျော်သည် လုံးဝ ပျင်းရိတတ်သူမဟုတ်ချေ။ အလုပ်နှင့်လက်နှင့် မပြတ်အောင် လုပ်သူဖြစ်သည်။ သူများအိမ်မှာ သူရင်းငှားအဖြစ်နှင့် မိုးတွင်း လယ်လုပ်ပြီးသော် ထန်းရည်ကလေး တက်လိုက်သေးသည်။ ကောက်ရိတ် ချိန် စပါးပေါ်ခါနီး၌ မုန့်ဟင်းခါးလုပ်၍ ရောင်းလိုက်သေးသည်။ မြို့မှာလို မုန့်ကို ဖိုကဝယ်၍ ဟင်းသာချက်ရုံမဟုတ်။ ကိုယ်တိုင်ဆန်ပုပ်စိမ်အမှုန့် ထောင်းပြီး ညှစ်ရခြင်းဖြစ်သည်။

ယင်းသို့ မုန့်လုပ်ဆန်နှင့် ဟင်းဖိုးရအောင်ကား အကြွေးယူရခြင်းနှင့် ချေးရခြင်းဖြစ်သည်။ လယ်တောကအပြန် မောမောနှင့် လာစားကြသူများ



သည်း အများအားဖြင့် ပိုက်ဆံနှင့်မဟုတ်ကြ။ စပါးပေါ်တော့မှ စပါးကို ကြမည်။

ထည့်စမ်းဟေ့... တစ်ပန်းကန်၊ ထည့်ဦးဟေ့... နောက်တစ်ပန်းကန် တောထမင်းစား ပန်းကန်ကြီးတွေအမောက် တစ်ယောက်ကို သုံးလေးငါး ပန်းကန် စားကြသည်မှာ အားရစရာ ကောင်းလှသည်။ ပိုက်ဆံလက်ငင်းပေး ဆိုလျှင် သူတို့တစ်တွေ ဤမျှ စားကြမည်မဟုတ်၊ လယ်သမားကို စပါးပေါ် ဆိုလျှင်ကား ဆင်တောင် အကြွေးဝယ်လိုကြသည်ကို သတိပြုရသည်။ မုန့်ဟင်းခါးစားပွဲကို စဉ်းစားမည်ဆိုပါက စပါးဖိုးကို ခေါက်ချိုးထားရ ဖြစ်၍ လူတစ်ယောက်သည် တစ်ထိုင်တည်းမှာပင် စပါးတစ်ခွဲ တစ်တင်းကို စားပစ်နေသည့်အဓိပ္ပာယ် ပေါ်ပေသည်။

ယင်းသို့လျှင် ကိုကျော်တို့သည် ဆောင်းခါသမယ စပါးပေါ်ခါနီးမှာ နှစ်လျှင် ၃–၄ ကြိမ်မျှ မုန့်ဟင်းခါးလုပ်၍ ရောင်းချတတ်သည်။ လင်က ညှစ်၊ မယားက ဟင်းချက်၊ ကျက်ပဟေ့ဆိုပါက တစ်အိမ်မှတစ်ဆင့် ယောက်တစ်ပေါက်နှင့် အရပ်ထဲကို ကြေညာလိုက်လေသည်။

အချိန်မှာ ညနေခင်းကလေး ဖြစ်လေသည်။ ဤတွင် ညစာကို ရေနွေးနှင့်တို့စရာသာဖြစ်ကြောင်း အတတ်သိနေကြသော ကိုရွှေလယ်သူ သားတို့သည် အပြေးအလွှားလာရောက်ကာ တဝတပြဲ အကြွေးစား ပါလေတော့သည်။

ယင်းကား ကိုကျော်တို့၏ ပွဲပေါက်ပင်။ သို့သော်လည်း သူတို့၏ ကြွေးဝလချီး လည်နေသည်ကား ဘယ်တော့မှ ကိစ္စမပြီးချေ။ အကြောင်းမှာ ကျေးရွာက အကြွေးမည်သည် စပါးပေးတင်းတိုးတွေ ဖြစ်ချေသည်။ ဤအထဲ၌ ကိုကျော့်အိမ်မှာ ကလေးတွေ တစ်နှစ်တစ်ယောက်လို တိုးနေသည်။ ဤလိုဆင်းရဲသားမျှ လင်ကိုယ်မယား တက်ညီလက်ညီ လုပ်နိုင်မှ တန်ရုံ ရသည်ကို ကိုကျော့်ဇနီးဒေါ်မယ်မြက ကလေးတွေ တပြွတ်ပြွတ် မွေးလာတော့ သူ့လုပ်အားသည် နှစ်စဉ်လို ပဋိသန္ဓေရင့်ချိန်၊ မီးဖွားချိန်၊ သွေးနုချိန်တို့မှာ ပျက်ကွက်ရသည်။ သူ ပျက်ကွက်သလောက် စားမည့်ပါးစပ်ပေါက်တွေက တိုးလာသည်။ ဒီတော့ ဒီအိမ်ထောင် မဆင်းရဲနိုင်ရောလား။

www.burmeseclassic.com

www.burmeseclassic.com



**ဒါနှင့် ကိုကျော်**သည် တစ်နှစ်သောအခါဝယ် အပွကြဲသောလုပ်
**တစ်ခုတို လုပ်**လေသည်။ အရက်ချက်ခြင်း။

**အရက်**ချက်ခြင်းသည် တစ်ကျပ်ဖိုးရင်းလျှင် ငါးကျပ်ဖိုး
**လောကျော်**မြတ်သော လုပ်ငန်းမျိုးပေတည်း။ စွန့်စားခန်းတော့ ဖြစ်သည်
**၈၈ ဤ**လုပ်ငန်း လုပ်မှန်း သိသူတို့အား 'သွားတို့' မှာစိုး၍ သင့်မြတ်အော
**များမော့** ပေါင်းသင်းရသည်။ သို့သော် ရာဇဝတ်မကင်းသော လုပ်ငန်း
**သည်** တစ်ကွေ့ မတွေ့၊ တစ်ကွေ့တော့ တွေ့တတ်ပေရာ တစ်နေ့သ
**'ကျော်** ချက်နေတုန်း ညကြီးမင်းကြီးမှာ ယစ်မျိုးဘက်ကလာဖမ်း
**အရက်**တွေရော ပေါင်းအိုး တွေရော မိသွားပတဲ့ဟေ့ ...' ဟု ကြားရသည်
**ထိုမှ**တပြီး ကိုကျော် ထောင် တစ်လကျသွားသည်။

ကိုကျော် ထောင်ကလွတ်လာသောအခါ၌ သူမရှိမီ သူ့အိမ်သားမျ
အကြွေးစားထားကြသည်ကို ဘာနှင့် မြန်မြန်ဆပ်ပါမည်နည်း။ ကိုကျော်
သည် အရိပ်အခြည်ကြည့်၍ ခေတ္တမျှသာ စောင့်ဆိုင်းပြီးနောက် မြက်မြ
တွေ့ခဲ့ပြီဖြစ်သော အရက်ချက်လုပ်ငန်းကိုပဲ ပြန်ကိုင်လေသည်။

လယ်လုပ်ချိန်မှာ လယ်လုပ်မပျက်ပေ။ မုန့်ဟင်းခါးလုပ်ချိန်မှာ မု
လုပ်မပျက်ခဲ့ပေ။ ထို့ကြောင့် ခါတိုင်းနှစ်များထက် ချောင်ချောင်လည်လည်
ဖြစ်ခဲ့ပေသည်။ သို့သော် တစ်နှစ်ကျော်မျှကြာသည်၌ အရက်အဖမ်းခံရပြ
၍ ကိုကျော် ထောင်ထဲရောက်သွားပြန်ချေသည်။ ဤဒုတိယအချိန်၌ကား
နှစ်ဆတိုး၍ နှစ်လထောင်ကျလေသည်။

ထို့နောက်၌ကား ကိုကျော်သည် ထောင်ကို ခြင်ထောင်ဟု အော
မေ့သွားချေပြီ။ ထောင်မကျမီ၌ ချောင်ချောင်လည်လည် စားသုံးရသော
အရက်ချက်ခြင်းလုပ်ငန်းကို လည်လျှင်လည်သလို ဦးစားပေးလုပ်ကိုင်ခြင်း
ထောင်ကလွတ်လိုက်၊ ပြန်ကျလိုက်ဖြင့် သူ့ဘဝကို ဖန်တီးနေပေတော့သည်
သူသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်လေရာ အရက်ချက်ခြင်း၊ ထောင်ကျ
ခြင်းသည် ဒုစရိုက်မှုမှန်း သိပေသည်။ သို့သော် သူ့အိမ်ထောင်၏ဝမ်းရေး
ခက်လှသည်။ သူ့စိတ်ထဲ၌ ငါ့သားများ လူလားမြောက်ခဲ့သော် အားကိုး
ရကာ ကောင်းကြောင်းကောင်းရာဖြင့်သာ အသက်မွေးနိုင်ရာ၏ဟု မျှော်လ

**သည်**။ သူ၏အကြီးဆုံးနှစ်ယောက်သော ရင်သွေးမှာလည်း သားများဖြစ်
**ပေသည်**။

သို့ရာတွင် သူ၏သားကြီးသြရသများ ထွန်တုံးထွန်တံ နိုင်စပြုသော
**အခါ၌ ကိုကျော်**ဝမ်းမြောက်စ ရှိသေးသည်။ မြက်ရိတ်ရာမှာ ကိုကျော် ပိုးထိ
**၍ ဆုံး**ရှာလေသည်။ သူ့ဘဝသည် ဒုက္ခတွင်းသက်သက်။

ကိုကျော်သေဆုံးပြီးနောက် သူ့အိမ်ထောင်သည် ဤခြံမြေတွင်
**တစ်နှစ်** မျှ ဆက်လက် တည်ရှိနေပေသေးသည်။ သို့သော် ဤခြံမြေပိုင်ရှင်
**အပြောင်း** အလဲဖြစ်သည်၌ နေထိုင်သူတို့လည်း ပြောင်းရပေတော့သည်။

ဤခြံမြေ အပြောင်းအလဲဖြစ်ရသည်မှာ တစ်ဆင့်မှတစ်ဆင့်
**ရောင်း**ချ၍မဟုတ်ဘဲ မူလဤမြေပိုင်ရှင် ဒေါ်ထွားသေဆုံးသည်၌ သားဖြစ်သူ
**အမွေ** ရသည်။ ဤသားက သူ၏ ရောင်းရင်း အပေါင်းအသင်းမိတ်ဆွေကို
**ထားခြင်း** ဖြင့် ဒေါ်မယ်မြတို့ မုဆိုးမသားအမိတွေ အခြားတစ်နေရာသို့
**ပြောင်း**ရွှေ့ရ ခြင်းဖြစ်ပေသည်။ တတိယမြောက် ရောက်လာသူကား
**ဘိန်း**စားမိသားစု ဖြစ်၏။ လင်မယားနှစ်ယောက်နှင့် သမီးတစ်ယောက်။
**သို့သော်** ဘိန်းစား ဆိုပေမင့် သိပ်ပြီးတော့ အထင်မသေးလိုက်နှင့်။ မူလက
**ဤခြံ**မြေတွင် ရိုးရိုး လုပ်ကိုင်စားသောက်သွားသော မောင်ကျော်ကို ကျော်ဟု
**ခေါ်**ကြသော်လည်း ဤဘိန်းစား နာမည်ရင်း ကိုဘိုတင်ကိုကား ရွှေဘိုတင်
**တဲ့**ခင်ဗျာ။ အရပ်ကာလသားများက ခေါ်ကြသည်။ ရွှေဘိုသားဖြစ်၍
**မဟုတ်**ချေ။ ကာလသားဆန်ခြင်း၊ အပေါင်းအသင်း ဝင်ဆံ့ခြင်း၊ ဝင်ငွေ
**ရှင်**ခြင်းတို့ကြောင့် ရွှေ တစ်လုံးဘွဲ့တပ်၍ ပေးကြခြင်း ဖြစ်ပေသည်။

ရွှေဘိုတင်အလုပ်သည် နွားပွဲစားဖြစ်သည်။ ရွှေဘိုတင်သည်
**ဘိန်း**စားပီပီ သည်းခံခြင်းသဘောတရား အပြည့်အစုံနှင့် အပြောညက်လှပေ
**သည်**။ နွားပွဲစားမှ နွားကို ကိုယ်တိုင်ကိုင်သူ မဟုတ်ပေ။ လက်ထောက်တပည့်
**အား** ကိုင်စေပြီး သူက အပြောကလေးနှင့် စားနေသူဖြစ်သည်။ **သူ့တွင်**
**နွား**ရောင်းသူသည်လည်းကောင်း၊ နွားဝယ်လိုသူသည်လည်းကောင်း **သူ့ကို**
**အား**ကိုးရပေသည်။ လယ်သမားတို့ကျေးရွာ၌ နွားအရောင်းအဝယ်**တို့သည်**
**သိ**တင်း မပြတ်ရှိနေကြပေသည်။ ထို့ကြောင့် အရောင်းအဝယ်**ကောင်းသော**

www.burmeseclassic.com



နွားဈေးသည် စားသာသည်သာချည်း။

ယင်းသို့ဖြင့် ဘိန်းစားပေမင့် ဝင်ငွေရှင်တော့ လူတွေက "သူ့ဘိန်းဖိုးသူ ရှာစားတာပဲ၊ တခြားဘိန်းစားတွေလို ခိုးခြင်းဝှက်ခြင်းမရှိ' ဟု သူ့ကို စိန်ပ်ခြင်းမပြုကြပေ။ နွားရောင်းဝယ်မှုကိစ္စ၌ သူ့ကိုပင် ဆရာတင်ကြရချေသည်။

မိုးရာသီတွင် လယ်လုပ်ချိန်မို့ နွားအရောင်းအဝယ်ပါးသော်လည်း ရွှေဘိုတင်သည် ပင်ပင်ပန်းပန်း လုပ်ရသည်မရှိချေ။ သူ့မိန်းနှင့် သူ့သမီးက ကောက်စိုက်ခြင်း၊ ရက်ကန်းရက်ခြင်းများကို ပြုလုပ်၍ ဝင်ငွေရနေသေး၏။ ထို့ပြင် ရွှေဘိုတင်သည် (သူပြောလေ့ရှိသော စကားအရ) ဉာဏ်ကလေး လှာသုံးသည်လည်း ရှိသေး၏။ ၎င်းမှာ ရပ်ရွာအဖို့ ကောင်းသည်မဟုတ်ချေ။ ရပ်ရွာ၌ လူငယ်လူရွယ်များကို ဘိန်းစားသင်ပေးခြင်း ဖြစ်ပေသည်။

သူသည် လိုင်စင်ရ ဘိန်းစားဖြစ်လေရာ တစ်ပတ်စာ သူ ထုတ်လာသောဘိန်းများထဲမှ ကာလသားလူငယ်များကို အလကား စပြီး ဘိန်းရှူသင်ပေးလေသည်။ အဲ ... သင်းကလေးတွေ စွဲနေပြီဆိုသောအခါ၌ သူ့ထံမှာ ဘိန်းကျေးကျွန် ဖြစ်ပေတော့သည်။ ဘိန်းကလေးရှူရမည့်အရေး၊ မျိုရမည့်အရေး သူ့ကို ခယတော့သည်။ နောက်ဆုံး၌ သူသည် သူ့လိုင်စင်နှင့် ဈေးသက်သာစွာ ရလာခဲ့သောဘိန်းကို သူ့တပည့် ရပ်ရွာလူငယ် ဘိန်းစားများအား အပြင်ပေါက်ဈေးဖြင့် ရောင်းခြင်းဖြင့် သူသည် အမြတ်ထုတ်သူ ဖြစ်လာပေတော့၏။

ဤခြံမြေတွင် ရွှေဘိုတင်နေသောအခါ၌ ကျွန်တော်အရွယ်ရောက်ပြီ ဖြစ်၍ သူ့အကြောင်း ကောင်းကောင်းကြီး မှတ်မိခဲ့ပါသည်။ သူသည် နှစ်စဉ် ဝက်တစ်ကောင် တစ်ကောင်လည်း မွေးလေ့ရှိသည်။ သူ့စကားသုံးအရပြောရသော် "စုဘူးကလေးတစ်လုံးတော့ မပြတ်ထားရတယ်" ဟူ၏။ "လူတစ်ယောက်ဟာ တစ်နေ့ကို ပိုက်ဆံတစ်ပြား နှစ်ပြားစုပါဆိုရင် ခဲယဉ်းသကွ၊ ဟော... ဒီကောင်ရှိနေတော့ ဟော... သူတကျွိကျွိမြည်လိုက်ရင် မနေသာဘူးဟ၊ ဆန်ကွဲဖွဲနု နှစ်ပြားသုံးပြားဖိုး ဝယ်ပြီး ကျွေးလိုက်ရတော့တာပဲ၊ နို့ပြီး ကိုယ့်အိမ်ကရော နံဘေးအိမ်တွေက ထမင်းကျန် ဟင်းကျန်တွေရော မစားနိုင်တာတွေ အလကားမဖြစ်ရဘူး၊ သူ့ကိုယ်ထဲထည့်ပြီး ဝက်သားလုံးတာပေါ့ကွ၊ အဟား ဟား ဟား" ဟု ရယ်မော၍ ဖြေဆိုတတ်ပါသည်။



သူ့စုဘူးကို နှစ်စဉ် စပါးပေါ်ချိန်မှ ဖောက်တတ်ပါသည်။ လူတွေက ဈွားဖွပ်၊ သားတိုး၊ ဝက်မွေးခြင်းအလုပ်သည် မကောင်းသောအကုသိုလ် အလုပ်ဟူ၍ အများဖြင့် ရှောင်ကြဉ်နေကြသော်လည်း ရွှေဘိုတင်အား "ခင်ဗျား နှဘူးမဖောက်သေးဘူးလား၊ ဖောက်တော့ဗျာ" ဆိုသည်ကိုတော့ ပြောလေ့ရှိကြသည်။ ရွှေဘိုတင်က သည်လိုတောင်းဆိုသူတွေ များလာတော့ သဘောကျလှသည်ပေါ့။

ကိုယ်တိုင်ပင် လုပ်ကိုင်သည်မဟုတ်၊ ၎င်း၏တပည့်ငယ်သား ဘိန်းစားငယ်များကို မေးထိုးပြလိုက်ရုံနှင့် ကိစ္စပြီး၏။

ယခု ရေးသားဖော်ပြခဲ့သည်အထိ ရွှေဘိုတင်ဘဝမှ ဘိန်းစားဖြစ်ဘိသည်း ကြံရည်ဖန်ရည်နှင့် ငွေစရှင်ကာ အေးဆေးငြိမ်သက်လှပေသည်။ သို့ရာတွင် လူတစ်ယောက်၏ဘဝတစ်ခုတွင် မုန်တိုင်းသည် အမှတ်မထင် ကျရောက်တတ်ပေသေးသည်။

အကြောင်းကား ရေ၌ကျွမ်းကျင်သူသည် ရေ၌ပင် ဘေးအန္တရာယ် တွေ့တတ်ဘိသကဲ့သို့ နွားအရောင်းအဝယ်၌ ကျွမ်းကျင်သော ရွှေဘိုတင်သည် နွားအရောင်းအဝယ်၌ ဘေးအန္တရာယ် တွေ့ရတော့သည်။

တစ်ခုသော ဗုဒ္ဓဟူးပတ် နွားပွဲထဲဝယ် လူငယ်ကလေးနှစ်ယောက်သည် နွားတစ်ကောင်ကို ဦးလေး ကြည့်ရောင်းပေးစမ်းပါဆိုသဖြင့် သူက ရောင်းပေးလိုက်သည်။ စင်စစ် ဤနွားသည် ကျွန်တော်တို့အရပ်ခေါ် "နွားပေါ့" (ခိုးရာပါနွား ဖြစ်နေသည်) ပိုင်ရှင်ပေါ်လာသောအခါ၌ ဝယ်သူအပေါ် အမှုရောက်လာသည်။ နောက်ဝယ်သူက ရွှေဘိုတင်အပေါ် လွှဲဆေးလိုက်သည်။ ရွှေဘို တင်က သူ့အား ရောင်းပေးပါဆိုသော လူငယ်များထံသို့ ပို့ပေးရမည်။ သို့သော် ဤလူငယ်ကလေးများမှာ မျက်နှာစိမ်းဖြစ်၍ သူ ရှာမပေးနိုင်တော့။

ဤနေရာ၌ အကုသိုလ်သည် တစ်ခုတည်းမလာ၊ အဖော်နှင့်တွဲလာ တတ်သည်ဆိုသောစကား မှန်ပြန်သည်က ယင်းအမှုဖြစ်၍ အာမခံနှင့်နေရ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ တစ်နေ့သ၌ သူ့လက်သင် ဘိန်းစားငယ်ကလေးသည် ဓားမြှောင်တစ်ချောင်းကို အပေါင်ထား၍ သူ့ထံမှ ဘိန်းဝယ်သွားသည်။ ဤဓားမြှောင်သည် အသွား ၆ လက်မရှိသည်။ ဆင်စွယ်ရိုး ငွေခွေးတပ်နှင့် လှလည်းလှသည်၊ အနိုးလည်းတန်သည်။

ဒါကို ရွှေဘိုတင်သည် သဘောကျစွာ ကိုင်တွယ်ကြည့်နေစဉ် ရွာသူကြီးသည် ရုတ်တရက် သူ့အနီးရောက်လာ၍ ဤဓားမြှောင် မြင်သွားသော် "ဟာ ... လှလိုက်တာကွာ၊ ရွှေဘိုတင် မင်း ဘယ်ကရသလဲ၊ မှန်း ပေးစမ်းငါ့ကို" ဆိုပြီး ဖျတ်ခနဲ ဆွဲယူလိုက်သည်။

ရွှေဘိုတင်က အမှန်ကိုပြောပြသောအခါ၌ သူကြီးမှာ ဤဓားမြှောင်ကို သိပ်သဘောကျနေပြီဖြစ်၍ "ဒါဖြင့် ဘိန်းစားပေါက်စလေး တင်စိန်ကို ပြောလိုက်၊ ဒီဓားမြှောင် ငါသိမ်းသွားပြီလို့ အမှုမလုပ်စေချင်၊ ငါ့ဆီလာတောင်းပန်လှည့်၊ ကြားလား" ဆိုပြီး သူကြီးထွက်သွားတော့သည်။ ရွှေဘိုတင် ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့တော့သည်။

ဤအချိန်၌ ဘိန်းစားပေါက်စကလေး မောင်တင်စိန်ဆိုသည်မှာ အသက်အစိတ်လောက် အင်မတန် စိတ်ထက်သည်။ သူ့ဓားမြှောင်အကြောင်း ကြားရသည်၌ ဒေါသအမျက် ခြောင်းခြောင်းထွက်လေသည်။

ရွှေဘိုတင်သည် ဖိမ်နှင့်စား၍ မှိန်းနေတတ်သူဖြစ်သည်။ သူ ထမင်းစားခါနီး၌ အရက်အနည်းငယ် သောက်သည်။ ထမင်းကိုမြိန်ယှက်စွာ စားပြီးနောက် ဘိန်းကိုမျိုကာ တောင်ဆုပ်လောက်ရှိသော ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီး မီးညှိလျက် ငုတ်တုတ်မှိန်းလေ့ရှိသည်။

ဆေးပေါ့လိပ်ကို အားရပါးရဖွာလိုက်၊ မျက်စိကိုမှိတ်ကာ မှိန်းငိုက်လိုက်၊ သူဆေးလိပ်ဖွာစဉ် မတ်မတ်နေသော သူ့မျက်နှာသည် ဘိန်းမှိန်းရင်းတဖြည်းဖြည်း ငိုက်ငိုက်သွားလေရာ လည်ပင်းခေါက်ချိုးဖြစ်သွားသောအခါ၌ ဇက်ခနဲ သူ့ခေါင်းပြန်ရှုပြန်ပြီး ဆေးလိပ်ဖွာလိုက်ပြန်သည်။ ပြီးလျှင် ထိုနည်းလည်းကောင်း ပြန်ငိုက်ပြန်လေသည်။ ယင်းသို့လျှင် ဖိမ်နှင့် ငုတ်တုတ်မှိန်းနေပြီး သန်းခေါင်နီးပါးမှ အိပ်ရာဝင်လေ့ရှိ၏။

ထိုနေ့ည၌ ရွှေဘိုတင်သည် အိမ်ရှေ့ဘက်မှ ပုဏ္ဏားကွယ်တိုင်မှီ၍



ဘိန်းငိုက်နေသည်။ ဇနီးနှင့်သမီးက အတွင်းခန်းထဲမှာ ရက်ကန်းရက်နေကြသည်။ ည ၉ နာရီလောက်မှ စီခနဲ ဆူဆူညံညံ ကြားလိုက်ရသည်။

"ဟောဒီမှာ ... လာကြပါ၊ လာကြပါ တင်စိန်ရယ်... ကိုဘိုတင့်ခေါင်းကို ဓားနဲ့ခုတ်ပြီး ထွက်ပြေးပါတယ်"

ရွှေဘိုတင်ကတော်၏ အော်သံဖြစ်၏။

ရွှေဘိုတင်၏ဒဏ်ရာကြီးကား နည်းနည်းနောနောမဟုတ်၊ ချိုစောင်းမှ နှုတ်ထိလုနီး ဘိုကေခွဲထားသကဲ့သို့ ဟက်တက်ကြီး ကွဲလေရာ ဦးနှောက်ခေါက်ရုံ အမြှေးကလေးသာ ခံနေတော့၏။ အသက်မသေရန် ဆရာဝန်သည် အတော် ကြိုးစား ကုလိုက်ရ၏။ လပေါင်းများစွာ ဆေးရုံမှာနေရသည်။

ဆေးရုံကဆင်းလာသောအခါ သူ့ဦးခေါင်းခွံ အကွဲဟက်တက်ကြီးနေတက်မှာ ကျိုးပေါင်းကြီးတက်၍ လက်နှစ်လုံးလောက် နက်သော အမြောင်းကြီးဖြစ်နေသည်။ ဦးနှောက်အမြှေးပေါ်က အသားနုမှာ တော်တော်နှင့်မကျက်၊ အပြင်လူနာအဖြစ်နှင့် ဆေးရုံသို့နေ့စဉ်သွား၍ ဆေးထည့်ရတုန်းဖြစ်သည်။ ဤအချိန်၌ သူ၏ "နွားပေါ့" အမှုကိုစစ်ဆေးရာ ရောင်းနိုင်းသူများကို ရှာမပေးနိုင်တော့၍ နွားခိုးမှုနှင့် ထောင် ၉ လ ကျသွားလေသည်။

ကိုတင်စိန်ကား သေလောက်သောဒဏ်ရာရအောင် ဓားခုတ်မှုဖြင့် ထောင်တစ်သက်တစ်ကျွန်း ကျသွားရှာသည်။

ဤနေရာ၌ ရွှေဘိုတင်အား ကံကောင်းသူဟု ဆိုရမည်လား။ သူ့အား ဆရာဝန်က မည်သို့မျှ အလုပ်ကြမ်းမခိုင်းရ၊ နို့ပြီး သူ့ဦးခေါင်းကို အများဖြင့်ပင် ရိုက်နှက်ပုတ်ခတ်ခြင်းမပြုရ၊ ပြုလျှင် ချက်ချင်းပင် သူသေသွားနိုင်သည်ဟု ပြောဆိုထားသဖြင့် ရွှေဘိုတင်မှာ ထောင်ထဲ၌ အငြိမ်းစားနေရုံသာ ဗာရာတစ်ယောက်နှင့် နေ့စဉ်ပင် ဆေးရုံသို့လာပြီး ဆေးထည့်သောအမှုကိုပြုရသည်။ (မြို့ငယ်ကလေး၌ ထောင်ဆေးရုံ၊ ထောင်ဆရာဝန် မရှိချေ)

ယင်း၌ ရွှေဘိုတင်အဖို့ ထောင် ၉ လကျသည်ကို ရက်နည်းသည်ဟုပင် ဆိုချင်သည်။ အကြောင်းမှာ သူ့မယားထောင်ဝင်စာ မကြာခဏသွားကြည့်သည်တွင် အခြားသူများလို ကိုယ့်လင်ထောင်ထဲ၌ အနေချောင်အောင် အိမ်ကပိုက်ဆံများ ယူသွားစရာမလိုသည့်ပြင် သူ့လင်ထံမှပင် အိမ်အသုံးစရိတ်

**များ မှန်မှန်**ရလာခဲ့သေးသည်။

**ထဲ —** ရွှေဘိုတင် ထောင်ထဲ၌ ငွေဘယ်လို ဖြစ်နေပြန်လေသနည်း။ **အကြောင်း**ကား ဤသို့တည်း။

ရွှေဘိုတင် နေ့စဉ်ဆေးသွားထည့်ရသော ဆေးရုံက ကွန်ပေါင်ဒါ (**ဆေးစပ်**ပေးရသူ၊ အပြင်လူနာများကို ဆေးထည့်ပေးရသူ) သည် ရွှေဘိုတင် **နှင့် သူ**ငယ်ချင်းဘိန်းစားပင်တည်း။ ယင်း၌ ဘိန်းစားနစ်ယောက်ပေါင်းပြီး ကြံလိုက်ကြရာ ရွှေဘိုတင်၏ လက်နှစ်လုံးလောက်နက်သော ဦးခေါင်းမွှ မြောင်းကြီးထဲ၌ ဝါဂွမ်းပေါ်က တစ်နေ့လျှင် ဘိန်းတစ်ကျပ်သားမျှ ထည့်ပြီး ပတ်တီးစည်းပေးလိုက်သောကြောင့်ပေတည်း။ ထောင်ထဲ၌ ဘိန်းဈေးကြီးမှ သည်ကို အထူးပြောစရာမလိုပါ။

ထောင်ဗာရာကုလားသည် ထောင်မှထွက်လာခဲ့ကြစဉ် ရွှေဘိုတ နောက်မှ ပုံစံတုတ်ကြီးကိုကိုင်ပြီး လိုက်လာခဲ့သည်ဖြစ်သော်လည်း ဆေးထ ခန်းသို့ကား သူဝင်ရသည်မဟုတ်ချေ။ အပြင်မှသာ သူစောင့်ရ၏။ အတွ ၌ကား ဘိန်းစားနှစ်ဖော်တို့ လုပ်ငန်းကြီးစွာလုပ်ကြ၏။ ထောင်ပူးဝ၌လည မသင်္ကာသူကို မည်သည့်နေရာ၌မဆို ရှာဖွေနိုင်သော်လည်း ဆေးရုံက ဆေ ထည့်ပြန်လာသော ရွှေဘိုတင်၏ဦးခေါင်းက ပတ်တီးကိုကား ဘယ်သူဖြေ ကြည့်ဝံ့ပါအံ့နည်း။ ထောင်ထဲ၌လည်း သူ့ပတ်တီးကိုဖြေကာ ပါလာသေ ဘိန်းကိုယူပြီး ပြန်စည်းပေးသည့်လူ အသင့်ရှိ၏။ ဤနည်းဖြင့် ရွှေဘိုတ သည် ထောင်ထဲ၌ပင် စီးပွားဖြစ်ခဲ့ပေသတည်း။

အရွယ်ငယ်ငယ်လေးနှင့် အဖတ်ဆယ်မရအောင် ဘဝဆုံးရသူက စိတ်ထက်မြက်၍ လုပ်ရဲကိုင်ရဲသော မိုက်ရူးရဲ ကိုတင်စိန်တည်း။ ဂျပန်ခေ က တစ်ကျွန်းကျသောလူများ ပြန်လွတ်လာကြပြီဆိုသော်လည်း ကိုတင် တစ်ယောက်ကတော့ ယခုတိုင် ပေါ်မလာတော့ချေတကား။ သူ့ကို မျှော်လ နေခဲ့ကြသော သူ့မိဘဘိုးဘွားများလည်း သေဆုံးကုန်ခဲ့ကြပါပြီ။ ယခုအ ၌ကား ရွှေဘိုတင်တို့မိသားစုအားလုံးလည်း လူ့ပြည်၌ မရှိကြတော့ပါ

ကျွန်တော့်အသက်မီသမျှ ဤခြံတွင် အကြာရှည်ဆုံး နေထိုင်သ ကြသူများမှာ ရွှေဘိုတင်တို့မိသားစု ဖြစ်ပေသည်။ အင်္ဂလိပ်ခေတ်မှ သ



တွက်လပ်ရေးရသည်အထိ၊ ဖဆပလခေတ်တွင် ဤခြံမြေရှိရာသို့ ကျွန်တော် ပြန်ရောက်သွားသောအခါတွင် ရွှေဘိုတင်၏ဇနီး မရှိတော့ပြီ။ ဒုတိယ အခေါက်တွင် ရွှေဘိုတင်တို့သားအဖကို တွေ့ရှိသေး၏။

တတိယအခေါက်တွင်မူ ရွှေဘိုတင် ကွယ်လွန်ရှာပြီ။ သမီးကလေး အလည်း တစ်ဦးတည်း အိမ်တစ်ဆောင်နှင့် မနေနိုင်တော့သောကြောင့် သူ့ ဆွေမျိုးများရှိရာ အခြားဒေသသို့ ပြောင်းရွှေ့သွားကြောင်းသိရသည်။ သူတို့ အဟာလည်း ကွယ်ပျောက်နေသဖြင့် ဤခြံမြေတစ်ခုလုံး ကွက်လပ်ဖြစ်နေ သည်။

စတုတ္ထအခေါက် ရောက်သွားသောအခါ၌ကား ဤခြံမြေသည် နှစ်ခြမ်းကွဲနေလျက် ဝင်းခြံ လုံလုံခြုံခြုံနှင့် သင့်တင့်ထည်ဝါသော အိမ်နှစ် ဆောင်ကို မြင်တွေ့ရလေသည်။ တစ်ဆောင်က အခြားရွာမှပြောင်းရွှေ့လာ သော ကျွန်တော်နှင့်မရင်းနှီးသည့် သူများ။ ဘိုးတောင်ရိုး၊ ကိုကျော်၊ ရွှေဘို တင်တို့ အိမ်နေရာ၌ကား ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်း ကျောင်း ဆရာမကလေး၏အိမ်။

သူတို့သည် ဤခြံပိုင်ရှင်ထံမှ တစ်ယောက်တစ်ဝက် ဝယ်ခြမ်း ယူလိုက်ကြောင်း သိရသည်။ ထို့ကြောင့် ဤခြံမြေသည် ယခုမှ ပိုင်ရှင်များ နေထိုင်ကြခြင်းဖြစ်သည်။ ကျွန်တော်မရှိခဲ့သော ကာလတုန်းက အကြောင်း တို့တော့ ကျွန်တော် မပြောပြနိုင်ပါ။ ကျွန်တော်သိခဲ့သမျှတော့ ရွှေဘိုတင်တို့ မိသားစုအထိ ခြံစောင့်အဖြစ်နှင့် နေထိုင်ကြသူများကိုသာ သိကျွမ်းခဲ့ရ ပါသည်။

ကျွန်တော့်သူငယ်ချင်း ရွာဦးဘုန်းတော်ကြီးကျောင်းက မူလတန်း ကျောင်းဆရာမဖြစ်၍ သူသည် ပထမ ရွာထိပ်ရှိ ဘုန်းကြီးကျောင်းနားမှာ နေထိုင်ခဲ့သည်။ နောက်၌ သူ့အိမ် စားပြတိုက်၊ သူ့အား ပြန်ပေးဆွဲ၊ နို့ပြီး သူ့လင်ကို အသတ်ခံရ၍ မုဆိုးမကလေးအဖြစ်နှင့် ရွာလယ် လုံလုံခြုံခြုံ ရာ လာရောက်ခိုလှုံနေထိုင်ခြင်း ဖြစ်ပေသည်။

ဤခြံမြေတွင် ကျွန်တော့်အသက်နှင့် မတိမ်းမယိမ်း **အနှစ် ၄၀** ကျော် အတွင်း ၄ အိမ်ထောင်တို့ နေထိုင်သွားကြလေရာ ကျွန်တော့် **ရှေ့ဆုံး**

www.burmeseclassic.com

www.burmeseclassic.com



တွင် ၄ မျိုးသောပုံစံတို့ကို မြင်ယောင်နိုင်ပါသည်။

ဘိုးတောင်ရိုး ဘွားရွှေအိတို့အိမ်ငယ်မှာ အဘိုးအိုအဘွားအို အိမ်ပီပီ ဆိုသောသော အိမ်ကလေးပင်ဖြစ်ပါသည်။ အိမ်ရှေ့တွင် သိပ်ပြီး သပ်သပ်ရပ်ရပ်တော့ ဘွားရွှေအိ မုန့်ပေါင်းသော မြေကျင်းတူးမီးလင်းဖိုကြီးနှင့် ဘိုးတောင်ရိုးထင်းခွေထားသည့် ဝါးမြစ်ဆုံပုံကိုသာ ထင်ထင်ရှားရှား မြင်ယောင်လာပါသည်။

ကိုကျော်၊ ဒေါ်မယ်မြတို့ကား ကလေးတွေများလွန်းသဖြင့် ဘိုးတောင် ရိုးတို့အိမ်ထက် ကြီးပါသည်။ အိမ်ရှေ့အိမ်အောက်တို့တွင်မူ ကလေးတွေ ကစားထားသော မြှုတ်စမြင်းတောင်း အရာဝတ္ထုတွေနှင့် ရှုပ်ပွနေ၏။ ထို့ပြင် တစ်ရပ်လောက်မြင့်သော အိမ်အောက်မှ ဆန်ဖွပ်မောင်းဆုံနှင့် အိမ်ရှေ့မှာ ကြိတ်တစ်လုံးရှိ၏။ အကြောင်းမှာ နွေရာသီတွင် သူတို့မောင်နှံသည် အခြားသူတို့၏ ဝမ်းစာစပါးကို ကြိတ်ထိုး ဆန်ဖွပ်အလုပ်လည်း ငှားလုပ်ပေးရသေး၏။ ထိုခေတ်၌ ဝမ်းစာစပါး ကြိတ်စက်ကလေးတွေ မပေါ်သေးချေ။

ဤခြံမြေတွင် သေသပ်သန့်ရှင်းဆုံးကား ရွှေဘိုတင်လက်ထက်ပါပေတည်း။ သူ့အိမ်ရှေ့မှာ ကြက်ပွဲ၊ ဂေါ်လီပစ်ပွဲကလေးများလည်း လုပ်လေ့ရှိသဖြင့် ပြောင်တလင်းရှင်းနေ၏။ ရွှေဘိုတင်သည် နေ့စဉ်တံမြက်လှည်း၏။ နို့ပြီး သူ့သမီးကလေးကလည်း ပန်းစိုက်ဝါသနာပါသဖြင့် ဤတလင်းပြောင်ဘေးမှာ ပန်းပင်ကလေးတွေကလည်း ဝေဆာနေသေး၏။ ထို့ကြောင့် ညနေခင်း အားလပ်ချိန်များတွင် လူတို့သည် ရွှေဘိုတင့်အိမ်ရှေ့သို့ လာ၍ စကားစမြည် ပြောလေ့ရှိကြ၏။

အဲ ... ဤခြံမြေတွင် ရွှေဘိုတင်နှင့် ဆန့်ကျင်ဘက် လူသူအလာနည်းဆုံးကား ယခု ကျွန်တော့်သူငယ်ချင်း ဆရာမ လက်ထက်ပါပေ။ သူကလေးသည် ဓားပြတိုက် တစ်ခါခံဖူးထားသဖြင့် "ပျဉ်ဖိုး" နားလည်ကာ "ခွဲ" မှန်ဖူး တဲ့ စာသူငယ်ကဲ့သို့ ဖြစ်နေ၏။ သူ့ခြံဝင်းထဲ အပြင်မှ ဘာမှမမြင်ရအောင်ပင် ဝင်းခြံကို လုံခြုံစွာကာ၏။ တံခါးမှာ သော့နှင့်၊ မင်းတုပ်နှင့်ထား၏။ ယခင် ရွှေဘိုတင်လက်ထက်က တလင်းပြင်တွင် ပန်းပင်တွေ



သစ်သီးပင်တွေ အပြည့်စိုက်ထား၏။ ထို့ကြောင့် သူ့ခြံဝင်းနှင့် အိမ်တွင်းမှာ အလင်းရောင် မကောင်းတော့ချေ။ ကျွန်တော့်စိတ်တွင် သူ့အိမ် သွားလည်ရတာ အသက်ရှူ ကျပ်သည်ဟုထင်၏။

ကျွန်တော်သည် လွန်ခဲ့သောတစ်ခေါက်က ကျွန်တော့်သူငယ်ချင်းမအိမ်ပေါ်တက်ရင်း ဤအကြောင်းအရာများကို ပြန်ပြောင်းစဉ်းစားမိ၍ ယခုရေးသားခြင်းဖြစ်ပါ၏။ ထိုစဉ် သူငယ်ချင်း၏ လက်ဖက်ရည်ကိုသောက်ရင်း ဤခြံမြေတွင် ဆောက်ခဲ့ကြသောအိမ်တို့၌ ဘိုးတောင်ရိုး၊ ဘွားရွှေအိတို့၏ ဆန်ခါတင်မုန့်နှင့် ရေဆေးပေးသော အသားဟင်းလျာများကို စားရခြင်း၊ ကိုကျော်–ဒေါ်မယ်မြတို့၏ နှစ်စဉ်မုန့်ဟင်းခါးကို စားရခြင်း၊ ရွှေဘိုတင်၏ တက်ပေါ်သောနေ့ ညနေဘက်၌ ဝက်ခေါင်းသုပ်နှင့် ထန်းရည်သောက်ရခြင်းတို့ကို ပြန်ပြောင်းသတိရလှပါတော့သည်။

ကဲ ... ဤခြံမြေတွင် ကျွန်တော်သိသမျှ အနှစ် ၄၀ အတွင်း ပုံပြင်များကတော့ ပြီးဆုံးပါပြီ။ ကျွန်တော် မမွေးမီကပုံပြင်များ မည်သို့ရှိခဲ့သေး၍ ယခု ဆရာမကလေး လက်ထက်မှစ၍ ရှေ့တွင် မည်သို့သော ဝတ္ထုပုံပြင် ဖြစ်ပေါ်ဦးမည်နည်း။

မြေပြင်ပေါ်တွင် လူသတ္တဝါတွေ နေစဉ်မှာ ပုံပြင်ဝတ္ထုတို့ကား မနားတမ်း ပေါ်ပေါက်နေလိမ့်မည်တည်း။

❑

www.burmeseclassic.com

www.burmeseclassic.com



## အရင်းရှင်စနစ်နှင့် ဗျူရိုကရေစီခေတ်

ကုလားတွေ တစ်သုတ်ပြီးတစ်သုတ် သင်္ဘောနှင့်လည်းကောင်း၊ လေ ယာဉ်ဖြင့်လည်းကောင်း ထောင်လိုက် ရာလိုက်ချီပြီး ပြန်ကြကြောင်း သတင်းစာများတွင် ဖတ်ရသည်၌ ကျွန်တော်သည် စပ်စပ်ဟပ်ဟပ် စိတ်ကူးကပ်၍ "ရှယ်လီ" ကလေးကို အထူးသတိရမိပါတော့သည်။

ရှယ်လီသည် အင်္ဂလိပ်စပ် ကပြားမလေး ဖြူဖြူဖွေးဖွေး ဖြစ်ပါသည်။

ကျွန်တော်သည် စစ်မဖြစ်မီ အင်္ဂလိပ်ခေတ် ရန်ကုန်ရောက်သည်၌ တောသား ကိုယ့်ဒုက္ခကိုယ်ရှာချင်တော့ မြန်မာမတွေထက် ဘိုကပြားမတွေကို ပိုပြီးချင်ခြင်းတပ်မိပါသည်။ မိမိကိုယ်၌က အင်္ဂလိပ်စာ တစ်လုံး တစ်ပါဒမျှ မတတ်သေးပါ။ သို့သော် တတ်အောင် အမြန်တက်သုတ်ရိုက်သင်တော့မည်ပေါ့။ ထိုခေတ်၌ ဗမာအချင်းချင်း ရည်းစားစာပေးရာ၌ပင် အင်္ဂလိပ်လိုရေးနိုင်က ပိုပြီး ခရီးရောက်ပေရာ ကပြားမကိုတော့ အင်္ဂလိပ်လိုမရေးလို့ အဘယ်လျှင် ဖြစ်နိုင်အံ့နည်း။

ကျွန်တော် အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်းရောက်သော ပထမနှစ်၌ ကျွန်တော်တို့ကျက်စားရာ ဒေသအတွင်းတွင် အတော်ပင် ချောမောလှသော အင်္ဂလိပ်ကပြားမလေးကို လမ်းတွင် မကြာခဏတွေ့ရ၏။ ကပြားရုပ်မှ အင်္ဂလိပ်သွေး များလိုက်သည်မှာ အစစ်လားဟုပင် ထင်ရပါသည်။ မျက်လုံးပြာပါသည်။ ဆံပင် ဝါပါသည်။ အရုပ်အမောင်းလည်း ကောင်းလှပါသည်။



သို့သော် ဤကလေးမသည် ဂါဝန်မဝတ်၊ မြန်မာလိုဝတ်သောကြောင့် အင်္ဂလိပ်မလို ဆင်ယင်ထုံးဖွဲ့လျှင်ကား အစစ်ဟုပင် အောက်မေ့ကြရပါသည်။

ယင်း၌ ကျွန်တော်စဉ်းစားသည်။ အချို့ မတောက်တခေါက် ဘိုသွေးထလေး တစ်စက်တစ်ပေါက်ပါတာနှင့် ဂါဝန်ဝတ်ပြီး ကပြားအစစ်ကြီး လုပ်နေကြသောခေတ်တွင် ဤသူငယ်မက အင်္ဂလိပ်ရုပ်ရှိလျက် မြန်မာလိုဝတ်သည်မှာ ငါတို့ဗမာကို ချစ်မြတ်နိုး၍ဟု ယူဆပြီး ကျွန်တော်သည် အင်္ဂလိပ်စာ ကောင်းကောင်းတတ်နေပြီဖြစ်သော သူငယ်ချင်းအား အင်္ဂလိပ်ရည်းစားစာရေးခိုင်း၍ လိုက်ပေးပါသည်။

ထိုခေတ်က အိမ်ခြေပြတ်သော မဟာမြိုင်လမ်း ကုန်းအဆင်းတွင် ဖြစ်ပါသည်။ အစ၌ "ဒမ်ဘလယ်ဒီဖူး" တွေ ဘာတွေ အလုပ်ခံရဦးမလားဟု စိုးရိမ်မိပါသေးသည်။ သို့သော် သူငယ်မက ကျွန်တော့်စာလက်ခံပြီး...

"ဘာစာပါလဲရှင်"

"ဖတ်ကြည့်ပါကွယ်"

သူ စာရွက်ဖြန့်လိုက်ပြီး "ဟင် အင်္ဂလိပ်လိုကြီး ကျွန်မ မဖတ်တတ်ဘူးရှင့်၊ ရှင်ဖတ်ပြပါ"

ကျွန်တော် ထောင်းခနဲ ဒေါသထွက်တော့သည်။ "သင်း ငါ့ကို အရူးလုပ်ပြီ၊ ရန်ကုန်နေသော သင့်ရုပ်ရည်မျိုးက အင်္ဂလိပ်စာ မတတ်ဘူးဆိုတာ မဖြစ်နိုင်။ ငါဟာ ဒီနှစ်မှ အင်္ဂလိပ်စာ စသင်ရကြောင်း သင်းသိနေလို့ ငါ့ကို အရူးလုပ်ခြင်းသာဖြစ်ရမည်" ဟု ယူဆပြီး ကျွန်တော့်စာ ကျွန်တော် ဆတ်ခနဲ ပြန်ယူကာ သုတ်ခြေတင်ခဲ့လေတော့သည်။ သို့သော် ကျွန်တော့်အထင် မှားလေသည်။ ဤကလေးမကလေးကား သနားဖွယ်တည်း။

နောက်မှ ကျွန်တော် စုံစမ်းရသည်မှာ ဤမိန်းကလေး၏ မိခင်က ဘိလပ်ပေါက်ဘိုမအစစ်၊ သူတို့အိမ်၌ကားမောင်းသော ဒရိုင်ဘာနှင့်မောက်မြားရာ ဤသမီးမွေးသောအခါ၌ သူ့လင် ဘိလပ်သားသည် သူ့သွေးမဟုတ်ကြောင်းသိလေသည်။ ယင်း၌ သူ့မယားသူ အင်္ဂလန်ပြန်ပို့၊ ဒီသမီးလေးတော့ ဒရိုင်ဘာလက်ထဲ ပေးအပ်ခဲ့သည်။ ထို့ကြောင့် ဤသူငယ်မလေးမှာ ဘိုထပ်သွေးတစ်ဝက်ဖြစ်နေသော်လည်း ဆင်းရဲသား ဒရိုင်ဘာ၏ သမီးဖြစ်နေ၍

www.burmeseclassic.com



အင်္ဂလိပ်ကျောင်း မနေနိုင်ခဲ့။

ဒါတို ဒီဖေကိုနှင့် တွေ့လိုက်ခြင်း။

(၂)

ကျွန်တော် ဒုတိယမြောက်ဂေါ်သော ကပြားမကား အစဦးဖော်ပြခဲ့သော ရှယ်လီ။

ရှယ်လီသည် ဗမာကပြားမျိုး သက်သက်ပဲဖြစ်သည်။ ဘိုသွေး မုးစ ပဲစပ်လောက်ပဲ ပါပေမည်။ သို့သော် ထိုခေတ်၏အခါအလျောက် ဘိုသွေး တစ်ရွေးသားပဲပါပါ၊ ကပြားဟာ ကပြားပဲ၊ နှစ်ပြားသား မလျော့နိုင်ပါ။ မည်သို့ပင်ဖြစ်စေ ရှယ်လီကား ချောသည်၊ လှသည်၊ ယဉ်သည်၊ ခေတ်ဆန် သည်။ ဒါမျိုးကိုမှ ဒီတောသားက ဟဲချင်နေတာကိုး။

ရှယ်လီကို ကျွန်တော် စတင်တွေ့ရသည်မှာ ကျွန်တော်တို့နှင့်တစ်လမ်း တည်းနေသော သူ့ "အန်ကယ်လ်" အိမ်တွင်ဖြစ်ပါသည်။ သူ့အန်ကယ်လ် အိမ်ထောင်ကလည်း "ဆိုးကောလ်ကပြား" တွေကပဲ။ ဟဲဟဲပေါ့။

သူ့ "အန်ကယ်လ်" အိမ်မှာ "ဆန်းဒေး" တိုင်း ပိုကာဝိုင်းရှိသည်။ တစ်ခါတစ်ရံ "ဆက်တာဒေး" နေ့လယ်ဝိုင်းကပဲ စတတ်သည်။

ရှယ်လီနှင့်ကျွန်တော်မှာ ဤပိုကာဝိုင်းမှာ တွေ့ကြသည်ဖြစ်လေတော့ ရှယ်ရွှမ်းပတ်ရွှမ်းပြောတတ်သော ကျွန်တော်နှင့် ဝိုင်းတစ်ခါထိုင်လိုက်ရုံနှ ပင် ရင်းနှီးသွားပေတော့သည်။

နောက်၌ ခင်မင်လာသည်။ ထို့နောက်၌ လက်လှန်(ရင်းပြန်) ကစာ သောအခြေသို့ပင် ရောက်လာကြတော့သည်။ ဤအခါ၌ ကျွန်တော်သည် ချစ်ရေးဆိုလေတော့သည်။ ရှယ်လီက ခေါင်းခါလေသည်။

"မဖြစ်နိုင်ပါဘူး ကိုကြင်ဆွေ၊ မိတ်ဆွေလိုပဲ ခင်မင်နေတာကော ပါတယ်"

"ဘာဖြစ်လို့လဲ၊ ကျွန်တော်က ကပြားမဟုတ်လို့လား"

"ဒါနဲ့မဆိုင်ပါဘူး"

"ဒို့ ဘာကြောင့်လဲ ရှယ်လီ"

"ကိုကြင်ဆွေ အခု အင်္ဂလိပ်စာသင်နေတာ ဘယ်တော့ ၁၀ တန်းအော င်မှာလဲ၊ နောက်ပြီး ဘယ်တော့မှ အလုပ်ရမှာလဲ၊ လခကော ကောင်းမှာ ား ကဲ ... ပြောနိုင်ရဲ့လား"

ကျွန်တော် နှုတ်ဆိတ်သွားလေပြီ။ သူသည် အချစ်ကို မဟုတ်၊ ိမ်ထောင်ရေးကို တွက်နေခြင်းဖြစ်သည်။

ထိုမှ ၄ ၅ လမျှအကြာ၌ ကုလားသူဌေးတစ်ယောက်နှင့် လက်ထပ် ကြောင်း ကြားရသည်။ ဤကုလားသူဌေး မျိုးရိုးနာမည်ကြားရသည်၌ ကျွန်တော် နှာခေါင်းရှုံ့လိုက်မိသည်။ ဗမာပြည်တွင် ကုန်သည်အရင်းရှင် ွေးစုပ်စနစ်ဖြင့် ငွေကျိုကျိုတက်အောင် ချမ်းသာ၍ သူတို့ဘာသာအရ တရား ် မယားလေးယောက်အပြင် အခြားဗမာကပြားမတွေကို ယူချင်သလိုယူနေ ာ ကုလားလူမျိုး။

ရှယ်လီ၏မိခင်သည် မုဆိုးမ၊ သိပ်ပြီး ချောင်လည်ကြသည်မဟုတ်။ ို ကုလားကို ယူလိုက်သည်၌ ရှယ်လီမှာ ရတ်တရက် ရွှေဘုံပေါ်ရောက်သွား သည်။ တိုက်နှင့် မော်တော်ကားနှင့် အခိုင်းအစေ၊ အထိန်းတော်၊ အချော ာ်နှင့် ရှယ်လီ။ ယခင်တုန်းက သူ့အန်ကယ်လ်အိမ်လာလျှင် မြင်းလှည်း လေးနှင့်၊ ယခု လှပသော ဆလွန်ကားကြီးနှင့်... ဒရိုင်ဘာနှင့်။

ရှယ်လီနှင့်ကျွန်တော် အခင်မပျက်၊ ဟိုတုန်းကလိုပဲ ရင်းပြန်လက်လှန် စားကြပါသည်။ ယခင်တုန်းက ကျွန်တော်က သူ့အား ပိုက်ဆံချေး၍ ါက်ဆွဲကြော် ဝယ်ကျွေးခဲ့ပါသည်။ ယခုမူ ချေးစရာရှိလျှင် ကျွန်တော်က ထံမှချေး၍ ခေါက်ဆွဲကြော် သူက ဝယ်ကျွေးပါတော့သည်။

ထိုနှစ်သည် ၁၉၄၁ ခုနှစ်ဖြစ်၍ သိပ်ပြီး လများစွာ မကြာပါ။ င်ဘာလ ၂၃ ရက်နေ့၊ ဂျပန်ဗုံး ဗမာပြည်ကို ဈေးဦးပေါက်ပြီး ကမ္ဘာစစ်ကြီး ာ ရန်ကုန်မြို့ပျက်စီးပါ၍ ကျွန်တော်တို့လူသိုက် တကွဲတပြားစီ ပြေးလွှား ကြရပေတော့၏။

ရှယ်လီတို့ ကုလားမယားများ ဘယ်သို့ ပြေးကြလေမည်နည်း။ ျွန်တော်ကား ဇာတိဌာနေပြန်ခဲ့ပြီးနောက် တစ်နှစ်လောက်အကြာတွင် ကုန်ပြန်ရောက်၊ အိမ်ထောင်ကျ၊ မြင်းလှည်းသမားဘဝနှင့် အသက်မွေးမြ

www.burmeseclassic.com



နေလေတော့သည်။

၁၉၄၄ ခုနှစ်တွင် ထင်ပါသည်။ တစ်နေ့သ၌ ကျွန်တော့်မြင်းလှည်း ရောက်ခဲ့လှသော ပုစွန်တောင် စက်ဆန်းရပ်သို့ အော်ဒါတစ်ခုနှင့် လိုက်သွား သည်။ အပြန်၌ လမ်းတစ်နေရာမှာ ကျွန်တော့်မြင်းလှည်းကို လက်တား နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရပါသည်။ ကျွန်တော် ချက်ချင်း ပင် မှတ်မိလိုက်ပါသည်။ ရှယ်လီ၊ ပိုးဟပ်ဖြူမကလေးကဲ့သို့ ကြုံလိုလှ သည်။ ယခင်က ရှယ်လီ၏အလှတို့သည် မရှိတော့ပြီ။

ကျွန်တော် သူ့ရှေ့မြင်းလှည်းတိုးရပ်ကာ "တက်ပါ ... ရှယ်လီ ...

သူ ရုတ်တရက် အံ့အားသင့်ကာ "ဟင် ... ကိုကြင်ဆွေကြီးပါလား

"ဟုတ်ပါတယ် ရှယ်လီ၊ ကျွန်တော်လည်း အိမ်ထောင်ကျပြီ မြင်းလှည်းမောင်းစားနေရသဗျ၊ ရှယ်လီတို့ကော အခု ဘယ်မှာနေလဲ ...

"စက်ဆန်းမှာ ...၊ အဲဒီကို လိုက်ပို့ပါ ကိုကြင်ဆွေ ... "

အမှန်ဆိုလျှင် မြင်း ပန်းပြီ။ ကျွန်တော် နောက်ကြောင်း မပြန် တော့ပြီ။ သို့သော် ရှယ်လီ ... ရှယ်လီ ... ကျွန်တော်ချစ်ခဲ့သော ရှယ်လီ

ယင်းအချိန်၌ ရှယ်လီတို့အိမ်ကလေးမှာ သိမ်ငယ်လှပါသည်။ ရှယ် သည် ဂျပန်ရုံးတစ်ခုမှာ အလုပ်လုပ်သည်ဟု သိခဲ့ရပါသည်။

ကျွန်တော် သူ့အိမ်ပေါ်သို့ မတက်ခဲ့တော့ပါ။ သူ့အိမ်ထောင်ရေး လည်း မမေးခဲ့တော့ပါ။ မေးစရာလည်းမလိုတော့ပါ။ သူ ကုလားသူဌေး ကတော် မဟုတ်တော့ကြောင်း ထင်ရှားနေပါပြီ။ ယခင် သူကောင်းစားစ က ဗဟန်း ရွှေဂုံတိုင်လမ်းတွင် ခြံကြီး၊ တိုက်ကြီးနှင့် နေခဲ့ရသည်။ ယ ဒီကုလားလည်း ဒီတိုက်တွေနှင့် စီးပွားရေးမပျက် ရှိနေသေးကပဲ။ ကုန်သည် တို့မည်သည် အရင်းရှင်စနစ်ရှိသမျှ ဘယ်ခေတ်ရောက်ရောက် ကျရှုံး ထပေါက်နိုင်သည်။

ထိုကုလားသူဌေးသည် မယားများစွာရှိရာမှ ရှယ်လီကို တအော တနားလောက် ယူလိုက်ခြင်းသည် ချစ်မေတ္တာနှင့်မဟုတ်၊ ရှယ်လီ၏ချော လှပသော ရုပ်ရည်ရူပကာယ အသွေးအသားကိုသာ ဖြစ်လေရာ ရှယ် ရုပ်ရည်ကျဆင်းတော့ အဘယ်လျှင် ပိုက်ဆံအကုန်ခံ၍ ထမင်းကျွေး

ကုလားလေးတော့အံ့နည်း။ ဖြစ်သောနည်းလမ်းနှင့် ကန်ချလိုက်မည်မှာ မမွှတာ ပေ။

ကျွန်တော်သည် ယခုအချိန်၌ အိန္ဒိယသို့ အပြီးအပိုင်ပြန်ကြသော ကုလားတွေအကြောင်း သတင်းစာများထဲ ဖတ်နေရာမှ လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်က အထက်ဖော်ပြပါ ရှယ်လီကလေး၏ အဖြစ်သနစ် ကိုလည်းစဉ်းစားပြီး "ဒီပြန်ကြတာတွေထဲမှာ ရှယ်လီကလေးကို ယူခဲ့ဖူးတဲ့ ကုလားမျိုးတွေ့များများမြန်မြန် ပြန်ကြပါစေ ... " ဟူသော ဆုတောင်းဖြင့်...

တို့ဗမာတွေ အခံဘဝရယ်မှ
မင်းတို့ကို ဆလံသလိုက်ပါရဲ့
ပြန်ကြပါတော့ သင်တို့ပြည်ကြီး။

(၃)

ထိုမှတစ်ဖန် ကျွန်တော်သတင်းစာကို ချလိုက်ပါ၍ ဘိုကတော် ဒေါ်ဇင်အကြောင်း သတိရမိပြန်တော့သည်။

၁၉၃၉ ခုနှစ်၊ ကျွန်တော် ကြည့်မြင်တိုင်နေစဉ်က တစ်လမ်းကျော်ရှိ ဘိုကတော် ဒေါ်ဇင်။

ဤရပ်ကွက်မှာ 'ဘိုကတော်၊ ဘိုကတော်' ဟု အတော်ပင် ရေပန်းစားသည်။ အရပ်ထဲတွင် သာရေးနာရေး ဟူသမျှ ဘုရားကိုးဆူကပ်၊ အလေးကင်ပွန်းတပ်ကစပြီး ဘိုကတော် ဒေါ်ဇင်ကိုမှ မဖိတ်လိုက်ရလျှင် အိစွ မပြီးသလောက် ဒေါ်ဇင် ဤမျှ ခရီးရောက်ရသည်ကား ဒေါ်ဇင်သည် အိလပ်သား ဘိုကတော် ဖြစ်နေသောကြောင့်တည်း။

ဒေါ်ဇင်အား အိမ်တစ်ဆောင်မီးတစ်ပြောင်နှင့် ထားသည်။ ငွေကြေး များများ ပေးကမ်းသည်။ ဒေါ်ဇင်သည် ငွေစီးကရက်ဘူးနှင့် ရွှေစီးကရက် ချုပ်တံနှင့် စီးကရက်အကောင်းစားကိုမှ သောက်သည်။ လေဒီရှူး စီးသည်။ ဒေါ်ဇင် အပြင်ထွက်ပြီဆိုလျှင် အရပ်က ဝိုင်းကြည့်ကြရသည်။ မှတ်နှာလို ချက်နာရ နှုတ်ဆက်ကြရသည်။ ဒေါ်ဇင်၏နာမည် အပြည့်အစုံမှာ ခင်မောင်ဖြ ခန့်အောင်သာ ဒေါ်ဟု ခေါ်ယူခံခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဇင်သည် ဤအချိန်၌ အသက် ၃၅ နှစ်ခန့် ဖြူဖြူဖွေးဖွေ
ရေအေးငါးကြီး...။ တင်တွေရင်တွေ တစ်တစ်ရစ်ရစ်နှင့် ဖွံ့ထွားသေ
ကိုယ်ခန္ဓာလည်း ရှိသည်။ သူ့ဗိုလ်ကြီးနှင့် ရှေ့သွားနောက်လိုက် (အဲ
သူတို့ဘို သွားဆိုတော့) ဘေးတိုက်ညီပေသည်ဟု ဆိုရမည်။ သို့သေ
ဘိုသည် ဒေါ်ဇင်အား အပြင်ခေါ်ထုတ်သည်က နည်းလှပေသည်။ တစ်
တစ်ရံ ညအချိန်များမှသာ ...။

ကျွန်တော်တို့ ဗမာအသိုင်းအဝိုင်းက ဒေါ်ဇင်အား ဗိုလ်ကတော်
ဝိုင်းဝန်းသြဘာပေးနေကြသော်လည်း သူတို့အင်္ဂလိပ်အခေါ်ကမူ "ကီပ
ပေပဲခင်ဗျာ။ ဘိုကြီးတွင် ဘိလပ်က ပါလာသော မျက်နှာဖြူ မယားကြီး
လည်းရှိနေတော့ ဘိုကြီးမှာ ဒေါ်ဇင်ထံသို့ ညအိပ် မနေနိုင်ရှာ၊ နေ့ခင်းသ
လာရောက်ပျော်မွေ့ရှာ၏။

ဒေါ်ဇင် ဘိုကတော်ဖြစ်ခဲ့သည်မှာ ၁၀ နှစ်မျှကြာပါပြီ။ သို့သေ
သားသမီး မထွန်းကားရှာပါ။ ဘိုကြီးက လည်သလို ကြည့်တားထားခြ
ဖြစ်ပေမည်။ ဘိုကြီးက ဒေါ်ဇင်အား "ကီပင်" သည်မှာ သံယောဇဉ်တွယ
ချင်၍ မဟုတ်ချေ။

ဒေါ်ဇင်သည် သူ့အဒေါ်တစ်ယောက်နှင့် သူ့မောင်နှစ်ယောက်နှ
နေထိုင်သည်။ ဘိုကြီးလာသော ကားဟွန်းသံ လမ်းထဲတွင်ကြားရသေ
အခါ၌ကား မောင်နှစ်ယောက်ကရော၊ အဒေါ်ကြီးပါ ဝမ်းသာလှသည်
ဘိုကြီးသည် နေ့စဉ်လာသည် မဟုတ်။ သူ့အခါအခွင့်ရမှသာ နေ့လယ်
ခင်း ပေါ်ပေါက်လာတတ်သည်။

ဘိုကြီး အိမ်ပေါ်ရောက်သောအခါ၌ ခင်မေဇင်၏ မောင်နှစ်ယော
အား "လူကလေးတွေ မုန့်သွားစားစေချေကြပါ ... " ဆိုပြီး ငွေတစ်ကျ
စီပေး၏။

ထိုခေတ် ငွေနှစ်ကျပ်က နည်းလှသည်မဟုတ်ပေ။ မောင်နှစ်ယော
ရော၊ အဒေါ်ကြီးရော ငွေဒင်္ဂါးကလေးတွေကိုယ်စီ အိတ်ထဲထည့်ပြီး အလို
ကန်းဆိုးသိစွာ မြန်းကြရလေ၏။ ထိုအိမ်တံခါးပေါက်များသည် ပိတ်လေ၏
အဒေါ်ကြီးနှင့် မောင်တို့သည် မနီးမဝေးမှာပင် အရိပ်သုံးပါးနားလည်စွ



ကြ၍ ဘိုကြီး၏ ကားဟွန်းသံကြားမှ အိမ်ရှေ့သို့ပြန်လာကြကာ ဘိုကြီး
အား ဆလံပေး၍ နှုတ်ဆက်လိုက်ရသည်။

တောက် ... စေ့စေ့တွေးတော့ ရှက်ဖို့ကောင်းလိုက်လေဗျာ။ သို့သော်
သူ့ခေတ် သူ့အခါနှင့်တော့ ဘိုကတော် ဘိုကတော်၊ တယ်ပြီး နာမည်ကျော်
သကိုး ...။

ဘိုတို့သည် မိမိတို့အနိုင်းအစေတို့အား သဘောကျလျှင် သူတို့
ပြောင်းရွှေ့သွားကြသောအခါ၌ နာမည်ကောင်းလက်မှတ်များ ရေးပေးပစ်ခဲ့
တတ်ကြသည်။ ဒေါ်ဇင့်ဘိုသည် နှစ်စေ့၍ ဘိလပ်ပြန်ရမည့်အခါ၌ သူ့နေရာ
သို့ နောက်ရောက်လာသော ဘိုအား အိမ်ခေါ်လာကာ ဒေါ်ဇင်နှင့် မိတ်ဖွဲ့ပြီး
အလုံးစုံ မှာကြားပေးခဲ့ပေသည်။ ထို့ကြောင့် ထိုဘိုလည်း ဟိုဘိုလိုပဲ နေ့လယ်
နေ့ခင်းများ၌ ဒေါ်ဇင့်အိမ်ရောက်လာပြီး မောင်နှစ်ယောက်အား ငွေတစ်ကျပ်စီ
ပေး၍ မုန့်စားနိုင်းခြင်းကိုလည်းကောင်း၊ အဒေါ်ကြီးအား ငွေနှစ်ကျပ်ပေး၍
ဘုရားဖူး သွားနိုင်းခြင်းကိုလည်းကောင်း ပြုတတ်လေ၏။

ထိုခေတ်ထိုအခါ၌ ဘိုများစွန့်ခွာသွားသည့်တိုင် 'ဘိုကတော်ကျ'
ဟူသောနာမည်ပင် ဂုဏ်ပုဒ်တစ်ခုအနေနှင့် ကျန်တတ်ပေရာ ဒေါ်ဇင်မှာ ဟိုဘို
ပြန်သွားသော်လည်း ဘိုကတော်ကျ မဟုတ်ဘဲ တစ်ဘိုဆင်း တစ်ဘိုတက်သူ
ဖြစ်ရကား ထူးတဲ့မိန်းမပေပဲဟု အရပ်က သြဘာပြုကြ ပြန်လေ၏။ စင်စစ်
တော့ ငွေခေတ်တွင် ငွေ ငွေ ငွေသာ နေရာတကာ စကားပြောနေခြင်း
ပေတည်း။

ရှုလော့။ ကျွန်တော် ပထမဦးဆုံး စာပေးဖူးသော ကပြားမလေးကို
သူတို့ဘိလပ်သူမကို ကျွန်တော်တို့ဗမာက တစ်ချီတစ်ပွဲ ဟဲလိုက်သည်နှင့်
မိခင်နှင့်သမီးကလေး ခွဲခွာပြီးတော့ ဘိလပ်သို့ပြန်ပို့ပစ်သည်။ ကျွန်တော်တို့
မဟာဗမာမကိုတော့ တစ်ဘို 'ဘက်ခ်' တစ်ဘိုဆက်ပင် စီစဉ်ပေးခဲ့သည်။
လူမျိုးရေးနှင့်ချင့်သော် ရင်နင့်စဖွယ်မကောင်းပါလော။

(၄)

ကျွန်တော့်အတွေးရေလျဉ်သည် ဤတွင်

www.burmeseclassic.com

www.burmeseclassic.com



လှလှရှိ ဝေါက်အရွယ်က ခင်မင်ခဲ့ရသော မမမြင့်ကို သွားသတိရပြန်သည်။

ကျွန်တော်တို့ ပြည်ဒိစကြိုတ်တွင် ရွှေနတ်တောင် ဘုရားပွဲတော်သည် ပျော်စရာအကောင်းဆုံးဟု ကျွန်တော်ယူဆပါသည်။ ရွှေနတ်တောင်ဘုရားသည် တောဘုရားဖြစ်ပါသည်။ တောဘုရားပွဲတော်မို့ မြို့သားတွေထက် တောသားတွေက နွားလှည်းပိုင်းကြီးတွေဖွဲ့ကာ ဘုရားပွဲပြီးသည့်ရက်အထိ နေထိုင်ကြပါသည်။ မြို့သားတွေကတော့ မော်တော်ကားများနှင့် နေ့ချင်းပြန် သို့မဟုတ် တစ်ညပျော်လောက် လာတတ်ကြပါသည်။

ဓာတ်ပွဲ၊ ရုပ်သေးပွဲ၊ လက်ဝှေ့ပွဲများသာမက ပိုက်ဆံကွင်းပစ်၊ သေနတ်ပစ်၊ လေးကောင်ဂျင်၊ အံစာတုံး စသော လောင်းကစားပွဲများလည်း ရှိပါသည်။ ဈေးသည်တွေကလည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြကာ ကုန်ပစ္စည်းမျိုးစုံ ရောင်းချပါသည်။

"ရွှေနတ်တောင်ဈေး၊ ဆစ်တိုင်းပေး၊ အလေးမမှန်၊ ဝယ်သူ့ကံ" ဟူသော အချိုးပင် ရှိနေပါသည်။

ဟိုယခင် ခေတ်ကောင်းစဉ်တွင် ကျွန်တော်တို့ရွာမှ နှစ်စဉ် လှည်းအစီး လေးငါးဆယ်ကျော် သွားလေ့ရှိကြပါသည်။ လှည်းကြီးတွေမှာ ပေါင်းမိုးတွေနှင့် စားနပ်ရိက္ခာအပြည့်အစုံ။ ဘုရားတောင်ခြေရောက်လျှင် လှည်းပိုင်းကြီး ဖွဲ့လေသည်။ ယင်းလို လှည်းပိုင်းကြီးတွေမှာ ဘုရားတောင်ခြေပတ်လည် ရှစ်မျက်နှာတွင် လေးငါးထပ်မျှ ဝိုင်းပတ်နေ၏။ လှည်းဝိုင်းတိုင်းပင်ဒိုးပတ်က အတီးအမှုတ်တွေနှင့် ဘုရားကြီးရွှေသင်္ကန်းကပ်ရန် အလှူခံထွက်ကြလေရာ သူ့ငါလှူ ငါ့သူလှူနှင့် အလှူတော်ခွန့်ထူသည့်ပွဲကြီးပေ။

ကျွန်တော်တို့ရွာမှ ဤရွှေနတ်တောင် ဘုရားပွဲတော်သို့ လမ်းမှာ တစ်ညအိပ်သွားရပါသည်။ အိပ်ရန် စခန်းသင့်သောနေရာမှာ အင်းမကိုးတုတ် တွင် ဖြစ်တတ်ပါသည်။ သို့သော် ဤနေရာ တော်တော်နာမည်ဆိုး၏။ စာချိုးကိုပင် ကြည့်ဦးလေ။

"အင်းမ ကိုးတုတ်၊ လှည်းမဖြုတ်နှင့်။ ဖြုတ်သာဖြုတ်စေ၊ မအိပ်လေနှင့်။ အိပ်သာအိပ်စေ၊ မပျော်လေနှင့်။ ပျော်သာပျော်စေ၊ နားစွင့်နေဝါ" တဲ့ ခင်ဗျာ။ ထို့ကြောင့် အင်းမဂတ်တဲရှေ့နေရာ စတည်းချပြီး အိပ်ဖန်လူလဲနှင့်



ဆောင့်ရ၏။

တစ်ခုသောသက္ကရာဇ် ကျွန်တော် ၁၄ နှစ်အရွယ်၌ ညနေဆည်းဆာအချိန် ကျွန်တော်တို့လှည်းတန်းကြီး အင်းမဂတ်တဲရှေ့ရောက်သည်၌ ဂတ်ဝင်းထဲတွင် အခြားဘုရားဖူးသွားလှည်းနှစ်စီး ဖြုတ်ပြီးစတည်းချနေသည်ကို တွေ့ရသည်။ အော်လံကြီးနှင့် ဓာတ်စက်ကလေးတစ်လုံးကလည်း အေးအေးလူလူ ဖွင့်နေသည်။ ယင်းခေတ်၌ ဤဓာတ်စက်နှင့် ခရီးထွက်နိုင်သူမှာ နယ်နယ်ရရမဟုတ်။ နောက်ပိုင်း၌ စုံစမ်းကြည့်တော့ မြို့အုပ်ကတော်တဲ့။

"ဟင် ... မြို့အုပ်ကတော်ကြီးတော်" ဆိုသောအသံမျိုး ကျွန်တော်တို့လှည်းပိုင်းရှိ တောသူမကြီးတွေနှုတ်မှ ထွက်သွားချေသေးသည်။ စဉ်းစားကြည့်ကြပါခင်ဗျာ။ အင်္ဂလိပ်ခေတ် ဗျူရိုကရေစီယန္တရား၌ မြို့အုပ်ပင်ဘယ်လောက် တန်ခိုးထွားပါသနည်း။

ညဦးပိုင်း၌ ကျွန်တော်တို့လူငယ်များက ဓာတ်စက် နားထောင်ရအောင် သွားကြရာ "ဟဲ့ ... မကြိုက်မှန်းမသိ၊ ကြိုက်မှန်းမသိ" ဟု လူကြီးတွေက တားကြပါသေးသည်။ သို့သော် ကျွန်တော်က အနူတောလူချော၊ တောသား လူလည်ကပဲ ဦးဆောင်၍ သွားပါသည်။

ဩော် ... တကယ်တော့ မြို့အုပ်ကတော်က ရုပ်ချော သဘောကောင်းပဲခင်ဗျာ။ "လာကြ ... လာကြ ... နားထောင်ကြပါ" ဟု ဖိတ်ခေါ်ပါသည်။ ကျွန်တော်တို့က ဓာတ်စက်အနီး၌ ဝင်၍ထိုင်ကြပါသည်။ ဂျွမ်ဂျွမ်နှင့် မကြာခဏ သံပတ်လှည့်လိုက်၊ ဓာတ်ပြားပြောင်း၍ အပ်လဲလိုက်လုပ်နေသော ဓာတ်စက်မောင်းသူကိုလည်း ကျွန်တော်တို့က စိတ်ထဲမှ ချီးမွမ်းရပါသေးသည်။

ဓာတ်ပြား ၃ ၄ ချပ်မျှပြီးသောအခါ မြို့အုပ်ကတော်က ကျွန်တော်တို့အား "ဟော့ ... မင်းတို့လှည်းဝိုင်းက ဘယ်ရွာကလဲကွ"

"ကြို့ပင်ရွာက ခင်ဗျာ့"

"လှည်းအစီးရေ ဘယ်လောက်ရှိမလဲ"

"အင်း ... အတိအကျတော့ မပြောနိုင်ဘူးခင်ဗျာ၊ လေးဆယ်ထက်တော့ မအောက်ပါဘူး၊ မမ သေသေချာချာ သိချင်ရင် ကျွန်တော် သွားရေ

www.burmeseclassic.com



လိုက်မယ်လေ” ဟု ထိုင်ရာမှထရန် ဟန်ပြင်လိုက်သည်၌ ...

“နေပါ ... နေပါ ... မလိုပါဘူးကွယ်၊ မမလိုချင်တာက ဒီလိုကွဲ့၊ မမတို့မှာက လှည်းနှစ်စီးတည်းရှယ်၊ ဒီတော့ မင်းတို့လှည်းဝိုင်းနဲ့ ပေါင်းချင်တယ်ကွယ်၊ မင်းတို့လှည်းဝိုင်း ခေါင်းသူကြီးက ဘယ်သူလဲ၊ မင်း ပြောပေးနိုင်ပါ့မလား”

ကျွန်တော် ဝမ်းသာအားရနှင့် “ဟာ... ကျွန်တော့်ဦးကြီးပဲ၊ ကျွန်တော် ပြောပေးနိုင်တာပေါ့၊ ခုပဲ သွားပြောလိုက်မယ်” ဆိုပြီး ထိုင်ရာမှထပြေးကာ ဦးကြီးအနားရောက်တော့ “ဦးကြီးရေ ... ဦးကြီး ပွတာပဲဗျို့”

“ဟဲ့ ... အသက်များရှူပါဦး၊ ဘာဖြစ်လို့တုံး”

“မြို့ မြို့ မြို့အုပ်ကတော် သူတို့လှည်းနှစ်စီးကို ကျွန်တော်တို့ လှည်းဝိုင်းထဲပေါင်းပြီး လိုက်ပါရစေတဲ့ခင်ဗျာ။ ကျွန်တော်တို့ ဓာတ်စက်လည်း နားထောင်ရမှာ ဦးကြီးနဲ့မြို့အုပ်ကတော် မိတ်ဆွေဖြစ်ရော၊ မနိပ်ဘူးလား ဟင် —”

ကျွန်တော့်ဦးကြီးမှာ ဆယ်အိမ်ခေါင်းဖြစ်၍ မြို့အုပ်ကတော်နှင့် အကျွမ်းတဝင်ဖြစ်ရသော် နည်းနည်းနောနော အခွင့်အရေးကြီးပေလော။

“ဘယ်က မြို့အုပ်တဲ့လဲကွ၊ တို့မြို့ပေါ်က မြို့အုပ်ဆိုရင် ကောင်းမယ်”

“အား ... အနမေးလို့ ဘယ်ကောင်းမလဲဗျ။ နောက်တော့ အလိုလို သိလာမှာပေါ့။ ကျွန်တော်မြို့အုပ်ကတော်ကို ဘာပြန်ပြောရမလဲ”

“ဦးကြီးက ဝမ်းသာပါတယ်လို့...၊ နက်ဖြန်မနက် လှည်းတွေ ထွက်လာကြတဲ့အခါမှာ အလယ်ပိုင်းကနေရာမှာ ထားပေးပါမယ်လို့ ပြောလိုက်”

နောက်တစ်နေ့ အရုဏ်တက် လှည်းများ ထွက်ကြသောအခါ ကျွန်တော်တို့ လှည်းတန်းမှာ လှည်းနှစ်စီးတိုးလာလျက် ကျွန်တော်သည် မြို့အုပ်ကတော်နှင့် ခင်မင်စပြုလာ၏။ ဘုရားရောက်၍ လှည်းစခန်းချကြပြီး တစ်ညမျှ ပွဲဈေးတန်း အတူလျှောက်ကြည့်ပြီးကြသောအခါ၌ကား မောင်လေးနှင့် မမမြင့် ဖြစ်သွားကြလေသတည်း။

ထိုအချိန်၌ မမမြင့်မှာ အသက်အစိတ်လောက်၊ ကျွန်တော့်ထက် ၁၀



နှစ်မျှကြီးလေတော့ တော်တော်အရွယ်ချင်း ကွာခြားလှသည်ဟု ဆိုရပေမည်။ ကျွန်တော်က အရွယ်မရောက်တရောက် လူပျိုပေါက်၊ မမမြင့်က အလှအဝ တက်ကြွပြည့်ဖြိုးနေပြီဖြစ်သော အရွယ်။ မမမြင့်သည် ဖြူဖြူပို့ပို့ မျှစ်စို့ကြီးနှယ်။ သြော် ... ဒါကြောင့်လည်း မြို့အုပ်ကတော် ဖြစ်ပေတာကိုး။

သို့သော် ကျွန်တော် နောက်၌ အမှန်ကိုသိရသည်တွင်ကား မမမြင့်အတွက် လွန်စွာရင်နင့်လှပါသည်။ သူနေသောရွာကလေးမှာ ပေါင်းတည်မြို့မှ တစ်မိုင်မျှကွာသော ရန်ကုန်–ပြည် လမ်းဘေးတွင်ရှိရာ ကျွန်တော့်အား ဘုရားပွဲတော်တုန်းက အလည်အပတ်လာခဲ့ပါဟု ဖိတ်၍ ကျွန်တော်သွားမိသည်။

ကျွန်တော်အစ၌ မြို့အုပ်မင်းများ တွေ့ရလေမလားဟု မျှော်လင့်ခဲ့ပါသည်။ သို့သော် တွေ့စရာမလိုပေ။ မြို့အုပ်မင်းသည် မမမြင့်ရှိရာသို့ လာလိုသော်မှ လာပါသည်။ မမမြင့်သည် “ကီပင်” ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာလိုဆိုသော် မြို့အုပ်မင်း နယ်လှည့်ရသောအခါတွင် မမမြင့်အား ခေါ်ခေါ်သွားသဖြင့် “တောတက်မယား” ဟူ၍လည်း ခေါ်ပါသည်တဲ့။ (တရားဝင်မယားကြီးကိုတော့ “ပွဲတက်မယား” ဟူ၍ ခေါ်ကြသည်)

သို့သော် ယင်းအခြေကို မမမြင့်၏ မိဘမောင်ဖွားများသည် ကျေနပ်ကြပါသည်။ တိတ်တိတ်ပုန်း မယားငယ်ပင်ဖြစ်သော်လည်း မြို့အုပ်ကတော် ဟူသော နာမ်ပုဒ်နှင့် ဂုဏ်လုပ်နေကြပါသေးသည်။ လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့သော မင်းကတော် ဒေါ်ဇင်လိုပေါ့ခင်ဗျာ။

ခင်မေဇင်က “ဘိုကတော်” မမမြင့်က “မြို့အုပ်ကတော်” ဟု ကိုယ့်အသိုက်အဝန်းနှင့်ကိုယ် ဂုဏ်တင်နေကြခြင်း ဖြစ်ပါသည်။ ယင်းကား အရင်းရှင်စနစ်နှင့် ဖျူရိုကရေစီယန္တရားက ခမ်းနားစွာ စခန်းသွားထားခြင်း ဖြစ်ပေသည်။

ကဲ သည်နေရာ၌ ဤဝတ္ထုကို ဓာတ်ပေါင်းတော့မည်။ ကျွန်တော် တင်ပြခဲ့သော (၁) ရှယ်လီ၊ (၂) ဘိုကတော်၊ (၃) မြို့အုပ်ကတော် မမမြင့်။ ဤ ၃ ဦးတို့၏ ဖြစ်အင်ကို ဆင်ခြင်ကြည့်ကြပါ။ တစ်လင်တစ်မယားနှင့် မိသားစုအချစ်နှင့် အိမ်ထောင်ကိုတည်ထောင်ကြသော ကျွန်တော်တို့မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



လူမျိုး၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာကို ဗျူရိုကရေစီယန္တရားနှင့် အရင်းရှင်စနစ်တာ ကတ္တရာစေးပုံးထဲ နှစ်ပစ်ကာ ချောမောလှပသော အမျိုးသမီးတို့၏ အသွေးအသားကို တစ်ဦးတည်းပိုင်အဖြစ် ငွေကြေးနှင့်ရောင်းစားကြရသည်။ ထိုအသွေးအသား ကုန်သည်၌ ရောဂါရ၍ အလုပ် ရပ်ဆိုင်းလိုက်ရသော် ပြည့်တန်ဆာ လောကနှင့် ဘာ ခြားနားတော့သနည်း။ ရှယ်လီအဖြစ်ကိုပဲ ရှုလော့။ မမမြင့်နှင့် ဘိုကတော် ဒေါ်ဇင်တို့လည်း ထိုနည်းလည်းကောင်း မှတစ်ပါး အခြားရှိပါဦးမည်လား။

သူတို့သည် ယခုအချိန်၌ လူ့ပြည်တွင် ရှိနေကြဦးမည်ဆိုလျှင် ကျွန်တော်လိုက်ပြီး ကြည့်ချင်လိုက်ပါသေးသည်။

❑



# ခေတ်ပြောင်းချိန်

## အပိုင်း(၁)

ပလောက်တောက် ... ခွပ်တပ်

ပလောက်တောက် ... ခွပ်တပ်

အဆက်မပြတ် ရက်ကန်းလက်ခတ်သံသည် သရက်၊ ကုက္ကို၊ ဝါးရုံတွေ အစီအရီဝိုင်းကာ ရှက်အုပ်ညို မှုန်ဝေရီမှိုင်းနေသော ရွာတန်းရှည်ကြီးတစ်ခု၌ ခြံကျယ်ကြီးတစ်ခုအတွင်းရှိ ဝါးဘိုးတိုင်၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုး ထရံကာ အိမ်ကုပ်ကလေးတစ်ခုအတွင်းမှ ...။

"လက်ခတ်သံ ကျွန်းဖိုသား သောင်းတိုင်ကကြား" ဟူ၍ တင်စားရေးဖွဲ့ကြသည်။ စင်စစ်လည်း ပတ်ဝန်းကျင် တော်တော်ကွာမှ ကြားရ၏။

ထိုအသံကြားရာသို့ လာနေသော အသက် ၂၀ အရွယ်လူငယ်တစ်ယောက်၊ လယ်ကွင်းမှပြန်လာသူ၊ ပုဆိုးတိုတို၊ ရှပ်အင်္ကျီလက်ပြတ်နှင့် ခေါက်ထည်ခေါင်းပေါင်းလျက်။ သူ့လက်မှာ ဝဖီးသော ဖားကြီးသုံးကောင်နှင့် လက်ကောက်ဝတ်မျှရှိသော ငရံ့ခေါင်းတိုတစ်ကောင်ကို ကိုင်းပင်ရိုးတံ၌ သီဆွဲကိုင်လာသည်။ ဖော်ပြပါ အိမ်ကုပ်ကလေးရှေ့ရောက်သော် အိမ်ရှေ့ခေါက်မှ တံစက်မြိတ်အောက် ခေါင်းငုံ့၍ ဝင်လိုက်သည်။

တို့ဆင်းရဲသားပေမဲ့ မလေးမစား မလုပ်ကြပါနဲ့။ တို့အိမ်ထဲဝင်ချင် ခေါင်းငုံ့ဝင်ရမယ်ဟူ၍ ဟာသ ထုတ်နိုင်သော အိမ်မျိုး။

www.burmeseclassic.com



ထိုအိမ်ကုပ်သော်လည်း ရှည်လျားသဖြင့် အတွင်းက မကျဉ်းလှပေ။ အိမ်ကို အလယ်မှ နှစ်ပိုင်းခွဲခြားလိုက်၏။ ခေါင်းရင်းပိုင်းမှာ ခါးစောင်းလောက်မြင့်သောအဆင့်နှင့် ခြေရင်းခြမ်းမှာ နွားတင်းကုပ်နှင့် ရက်ကန်းစင်။ နွားဝင်ထွက်ရန်မှာ နောက်ဖေးပေါက်ထား၏။ ရက်ကန်းစင်နှင့် နွားမြက်စင်သည် ၇ တောင်မျှခြား၍ ဘေးချင်းယှဉ်နေ၏။

မြန်မာပြည် တောရွာဒေသရှိ ယခုကာလ ရက်ကန်းစင်များသည် ရှေးယခင်ကကဲ့သို့ သေးငယ်သော လွန်းငယ်ထိုးစင်ကလေးများ မဟုတ်တော့ဘဲ ပုဆိုးတစ်ထည်ကို တစ်နံတည်းနှင့်ရက်နိုင်သော လွန်းရိုက် လက်ဆွဲစင်ကြီးများ ဖြစ်၏။ လွန်းရိုက်သံ၊ လက်ခတ်သံ ပို၍ပြင်း၏။

ရက်သူသည် ရက်ကန်းလိပ်နှင့် ဝမ်းမိုက်နှင့် ကပ်၍ထိုင်ရကာ ခြေနင်း တုတ်နင်းခြင်း၊ လွန်းကြိုးဆွဲခြင်း၊ လက်ခတ်ငင်ခြင်းတို့မှာ ခြေတစ်ဘက်စီ၊ လက်တစ်ဘက်စီဖြင့် အချက်ညီညီပြုရလေရာ ...

ဖော်ပြပါ အိမ်ကုပ်ကလေးအတွင်း၌ အိမ်ရှေ့လှူဝင်ပေါက်ကို ကျော ထိုင်ရက်နေသော လုံမပျိုလေးမှာ အသက် ၁၈ နှစ်မျှရှိ၍ တောသူမလေးပီပီ ရင်သား တင်သားများ ဖွင့်ကားလှပသူဖြစ်ရာ သည်လို ရက်ကန်းရက်စဉ် သူ၏ခန္ဓာကိုယ်လှုပ်ရှားနေပုံကို နောက်ကနေ၍ ကိုလူပျိုတစ်ယောက်ကြည့်နေမည်ဆိုပါက သူငယ်မ ရှက်ရှာပေမည်။

သို့သော် ဤလုံမငယ်သည် မသိရှာသေးပေ။ သူ့မျက်စိရှေ့မှောက် ဖားသုံးကောင်နှင့် ငရုံ့ခေါင်းတိုတစ်ကောင် ဘွားခနဲရောက်လာမှသာ "အောင်မယ်လေး အမေ့" ဟုအော်၍ နောက်ပြန်ကြည့်လိုက်တော့မှ ခဏ အတွင်း အပြုံးပန်းကလေးပွင့်လာပြီး "အို ကိုကြွေ့နယ် ... လန့်လိုက်တာ"

လူငယ်သည် သူ့လက်ကလေးနှင့် ငါးသိတံကို ရက်ကန်းစင်တိုင်၌ ချိတ်လိုက်ပြီး ရက်ကန်းခုံပေါ်မှာ မိန်းကလေးနှင့် ယှဉ်ထိုင်နေလိုက်သည်။

သည်တော့ ထိုအိမ်ကုပ်ကလေးမှ လက်ခတ်သံကျွန်းဖိုသားသည် ဘယ်ကမှ မကြားရတော့ပြီ။

* * *

မြန်မာပြည်အောင်းရာသီ ပြာသိုလမှာ စပါးလှိုင်လှိုင် ရိတ်သိမ်းချိန် ဖြစ်သည်။ လယ်ကွင်းပြင်အားလုံးသည် ရွှေရောင်တောက်ပကာ စပါးနံ့များ ထုံဝင်းနေသည်။ မြောက်ပြန်လေညင်းကလည်း တဖြူးဖြူးတိုက်ခတ်၍ ခေါ်မှည့်နံ့ သင်းနေသည်။ ဤဝါဝင်းနေသော လယ်ကွင်းပြင်ကြီးကို အဝေးမှနေ၍ ကြည့်မည်ဆိုလျှင် ထီးထီးမားမား ရပ်တည်နေကြသော ထန်းပင်ကြီးများ၊ ညောင်ပင်ကြီးများ၊ မန်ကျည်းပင်ကြီးများနှင့် ခပ်ယှက်ယှက်ဖြစ်ကြသော ထီးပင်၊ သနပ်ပင်၊ ဇန်းမိုးပင် စသည်တို့ကို ဟိုတစ်ပင်သည်တစ်ပင် မြင်နိုင်သသည်။ ဤအပင်တို့ကိုအစွဲပြု၍ လယ်ရှင်တို့က ထိုအပင်အနီး၌ရှိသော လယ်ကွက်စုကို ထန်းသုံးပင်လယ်၊ ညောင်ပင်ကြီးလယ်၊ မန်ကျည်းပင်လယ်၊ ဇန်းမိုးပင်လယ်၊ သနပ်ပင်လယ် စသည်ဖြင့် ခေါ်ဝေါ်ကြကုန်သည်။

ထိုနေ့၌ ၄၅ ဧကမျှရှိသော ဇီးကောက်ပင်လယ်သည် ကောက်ပြတ်၍ ယင်းလယ်ကွင်းရိတ်ကြသော ဇနီးမောင်နှံသည် တံစဉ်ကောက်ကြီးများ တို့ ပခုံးတွင်ချိတ်ကြ၍ စောစီးစွာ ရွာဆီသို့ ပြန်လာကြသည်။ ယောကျ်ား၏ လက်ထဲ၌ လက်ဖက်ရည်ကြမ်းအိုးနှင့် ချိုင့်တစ်ခုပါ၍ ဇနီးသည်၏ လက်ထဲမှာ ကောက်ရိုးနွယ်နှင့် ကန်စွန်းညွှန့်များပါလာသည်။ ၎င်းတို့၏ ခမောက်အောက်ရှိ မျက်နှာများမှာ ချွေးတွေစို့နေသော်လည်း အိမ်ပြန်ရောက်က ကောက်ရိတ်ခ လုံးခနဲရကြတော့မှာမို့ အတွေးကိုယ်စီနှင့် ပြုံးယောင်သန်းနေကြသည်။ သူတို့ခြေထောက်မှာ သားရေနယ် ကောက်ရိတ်ဖိနပ်ရှည်ကြီးတွေ စီးထားကြသော်လည်း အသားကျနေပြီမို့ စစ်ထွက်ရဲဘော်ကဲ့သို့ ခြေဟန်ကျ လျှောက်ရှိသည်။

ယခု ပြန်လာကြသည်က သူတို့လင်မယားချည်းမဟုတ်။ သူတို့ရှေ့ ရောက်သွားလိုက် တစ်ခုခုနမ်းနေခဲ့၍ နောက်ကျန်ရစ်လိုက်ဖြင့် ပါလာသော ခွေးကလေးကျားဘို။

နေလုံးသည် အနောက်ဂေါယာတွင် ထန်းတစ်ရှားခန့် ရှိသေးသည် ဖြစ်၍ အခြားကောက်ရိတ်နေသူအချို့က သူတို့ပြန်လာသည်ကိုမြင် လျှင်...

"ဟင် ... ကိုဘအေးတို့ ဇီးကောက်ပင် ပြတ်သွားပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွ ... မင်းတို့ကောဟော့"

"ကျုပ်တို့တော့ သန်ဘက်ခါလောက်မှ ကျွတ်မှာပါပဲ။ ဟဲ ... ဟဲ ခေါ်လှုံ့ခွေးက ဖြုံးလို့။ ဘာလဲ ဘဲလူးဖက်ဝယ်ဝတ်လိုက်မယ်ပေါ့ ... ဟုတ်လား"

"ငါက ... အသက်ကြီးပါပြီဟယ်၊ နင့် မိန်းမသာ ဝယ်ဆင်ပါ"

ကိုဘအေးနှင့် မလှမွေးတို့ပြန်လာရာ လယ်ကန်သင်းရိုးခြေလမ်းနှင့် လှည်းလမ်းသည် မကွာလှမ်းသည်ဖြစ်၍ ကောက်လှိုင်းတိုက်လှည်းများပေ မှ လုလင်ပျိုတို့၏ "တို့လယ်သမားခေတ် ရောက်ပြီ" သီချင်းကို သီဆိုသွ ကြသည်များ ကြားရသည်။ ခေတ်နှင့်ညီသော ဤသီချင်းသံသည် သူ့ နားဝင်ပီယံချို၍ ရင်ဝယ်တသိမ့်သိမ့် ပီတိစိမ့်ရသည်။

ကိုဘအေးနှင့် မလှမွေးတို့သည် ရွာသို့ပြန်ရောက်ကြသည် ပထမဦးဆုံး သွပ်မိုးပျဉ်ထောင်အိမ်ကြီးတစ်အိမ်သို့ ဝင်၍ အိမ်ရှင်အ ဖိုးကောက်ပင် လယ်ပြတ်ခဲ့ပြီဖြစ်ကြောင်း ပြောသည်။

"အစ်ကိုဖိုးဆင်ရေ ... ပြတ်ခဲ့ပြီဗျ"

လယ်ရှင်သည် "အေးအေး ... ဒါဖြင့် မင်းတို့ ကောက်ရိတ် တစ်ခါတည်းယူသွားကြကွ၊ ဒီဖိုးကောက်ပင်လယ်က ၁၇ ကြိုး၊ ဟိုရှုံးလ လေးက ၃ ကြိုးနဲ့ပေါင်း ၂၀ ဟုတ်လား"

"ဟုတ်ကဲ့"

တစ်ကြိုး ၄ ကျပ်နှုန်းဖြစ်၍ ငွေ ၈၀ ကိုရေတွက်နေစဉ် အ လူတစ်ဦး ရောက်လာကာ ကိုဘအေးတို့ ငွေကိုင်နေသည်ကိုကြည့်၍

"အား ... ကိုဖိုးဆင်၊ ဖိုးကောက်ပင်လယ် ပြတ်သွားပြီလား"

ဆင် "အေးဟေ့ ... မွန်းမြချောရ၊ နို့ မင်းလယ်တွေကော"

"ရိတ်မယ့်လူကိုမရသေးလို့ ကိုယ်ဟာကိုယ်ချည်း ကြဲနေရတာ မပြတ်သေးပါဘူး ကိုဖိုးဆင်ရယ်" ဟုဆိုပြီး ကိုဘအေးတို့ဘက်လှည့်လ ကာ "ခင်ဗျားတို့ ဘယ်သူ့လယ်ရိတ်ဖို့ ပြောထားတာရှိသေးသလဲ"

အေး "ဒီအစ်ကိုဖိုးဆင်လယ်ပြီးရင် သူတို့လယ်ရိတ်ပါလို့ ပြော ကြတဲ့လူတွေတော့ အများကြီးရှိတာပဲ"



ချော "လယ်မရွေးရသေးဘူးမှတ်လား၊ ဒီလိုဆို ကျုပ်လည်း ပြောထားသားပဲ၊ နက်ဖြန် ကျုပ်လယ်ဆင်းကြဗျာ"

ကိုဘအေးနှင့် မလှမွေးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြီး မလှမွေးက ...

"နက်ဖြန်တစ်နေ့တော့ ကျွန်မတို့ နားမယ်စိတ်ကူးထားကြတယ်"

ချော "ဟား ... နောက်မှနားကြဗျာ၊ ကျုပ်လယ်တွေ တချို့ကောက် င်တွေ တော်တော်လဲကုန်ကြပြီ" ဟုဆို၍ ကူညီပြောပေးစေလိုသော မျက်လုံး ြင့် ဦးဖိုးဆင်ကို ကြည့်လိုက်သည်၌ ဦးဖိုးဆင်ကလည်း ...

"ဘအေးတို့က ရတုန်းရခိုက် ရိတ်လိုက်ကြပါကွ" ဟု ပြောသည်၌ ်မယားနှစ်ယောက်သည် မငြင်းသာတော့ဘဲ ခေါင်းညိတ်လိုက်ကြတော့

ဦးဖိုးဆင်သည် ကိုဘအေး၏ အစ်ကိုဝမ်းကွဲတော်သည်။ ကိုဘအေး ဆင်းရဲ၍ ဦးဖိုးဆင်မှာ လယ်ပိုင်ယာပိုင်နှင့် ချမ်းသာသည်။ ယခု ကိုဘ တို့ အိမ်ကုပ်ကလေးဆောက်၍နေကြသော ခြံကျယ်ကြီးမှာ ဦးဖိုးဆင် သည်။

ကျားဘိုသည် ခြံဝသို့ရောက်သည်၌ ထုံးစံအတိုင်း တွေ့နေကျ မချစ် ာ အောင်နက်နှင့်တွေ့၍ တစ်ကောင့်တစ်ကောင် ဟောင်ဟိန်းလိုက် ည်။ ကျားဘိုဟောင်သံ ၃ ၄ ခါ ထွက်ပေါ်လာပြီးသည်၌ ထိုအိမ်ကလေး မှာ ရက်ကန်းလက်ခတ်သံလည်း ပြန်ပေါ်လာသည်။

ကိုဘအေးနှင့် မလှမွေးတို့ အိမ်ထဲဝင်ကြသောအခါ၌ လူငယ်က ောက်ယောက်နေသည်။ သမီးဖြစ်သူက ရက်ကန်းစင်မှ ...

"ကျွန်မ ရက်ဖောက်ကုန်လုနေတာနဲ့ ကိုမောင်ကြွေ ရောက်လာတာ အဆင်သင့်ပဲအမေ၊ သူ့ကို ရက်ဖောက်ယောက်ခိုင်းထားရတယ်" ဟု ားပြောပြီး ဖခင်အား ရက်ကန်းစင်တိုင်၌ချိတ်ထားသော ဖားငါးတွ

"ဟော ... ဟိုမှာ အဖေ့အကြိုက်တွေလေ၊ ကိုမောင်ကြွေ ယူလာတာ" ပြောလိုက်သည်၌ ဖအေကြီးက ရွှင်ပျသောမျက်နှာနှင့် —

www.burmeseclassic.com



"ဟာ ... ဟန်ကျတာပေါ့ကွာ၊ ချိတ်ဖားတွေက ဒီရာသီသိပ်ဆူပေါ့။ ငရုံ့ခေါင်းတိုတစ်ကောင်ကကော ဘယ်လိုရခဲ့တာတုံး" ဟု ဆိုသည်၌ မောင်ကြွေက ...

"ဖားတွင်းရယ်လို့ ချိတ်ရင်းဗျ၊ အထဲမှာ ဂလုတ်ဂလုတ်နဲ့ ချိတ်ဆွဲလို့လည်းမရတာနဲ့ တူးရှင်းနဲ့တူးနှိုက်တော့ ငရုံ့ခေါင်းတို ဖြစ်နေရော"

"အေး... သူက ဟင်းခတ်ရတာပေါ့ကွာ" ဟု ဖခင်လုပ်သူက ပြော လိုက်သည်၌ မိခင်ဖြစ်သူမှာ ပြုံး၍ သမီးမျက်နှာမှာ လွန်စွာ ရွှင်ပျသွား လေသည်။

နို့ပြီး ကိုဘအေးသည် သမီး၏ ရက်ဖောက်ဖန်းထဲ ငုံ့ကြည့်ပြီး --

"အောင်မယ် ... ရက်ဖောက်တွေ အများကြီး ရှိနေသေးသားပဲကွ၊ ဒါထားပြီး မင်း ဖားတွေသွားလုပ်ချေကွာ၊ ရေနွေးဖြော့တာ ကောင်းမလား၊ မီးမြိုက်တာ ကောင်းမလား"

စိတ်မပါစွာနှင့် ရက်ဖောက်ယောက်နေသော မောင်ကြွေသည် ထိုင်ရာမှ သွက်လက်စွာ ထလိုက်ကာ ဖားသီတံဆွဲယူ၍ ...

"ကျွန်တော်တော့ မီးမြိုက်တာကြိုက်တယ်ဗျ၊ မြန်လည်းမြန်တယ်၊ မီးမြိုက်နံ့ကလေးလည်း သင်းတယ်"

"ဒါဖြင့် ကောက်ရိုးပုံမှာသွားပြီး လုပ်ချေကွာ၊ ငခေါင်းတိုတော့ မီးဖုတ်၊ ဟင်းချိုချက်ဖို့ မင့်အရီးဆီပေးခဲ့"

မလှရွှေးကား ထမင်းချက်မီးဖိုသို့ ဝင်လျက်ရှိလေပြီ။ ကိုဘအေးသည် မောင်ကြွေ ဖားသီတံဆွဲ၍ထွက်သွားသောအခါ၌ သူ၏နွားတင်းကုပ်ကို သိမ်းဆည်းသည်။ နွားကလေးတစ်ကောင်ထဲပါ။ နိုင်း၍မရသေးသော နွားပေါက်ကလေးဖြစ်သည်။ မိုးဦးကျလောက်တော့ ထမ်းပိုးကျင့် ရတန်ကောင်းပါ၏။ ရှေးနှစ်ခါတော့ အသုံးဝင်ပြီလေ။

မကြာမီ၌ ၁၅ နှစ်အရွယ် လူငယ်ကလေးတစ်ယောက် မြက်ထမ်းနှင့် ရောက်လာသည်။

ကိုဘအေးက ...

"အောင်မာ ... ငါ့သားလည်း ဒီနေ့မြက်ထမ်းပြန်လာသားပဲ၊ မင်းညှာ ဟင်းကောင်းနဲ့ ထမင်းကျိတ်ရမယ်ကွ"

"ဘာဟင်းကောင်းလဲ အဖေရ"

လူငယ်သည် မြက်ထမ်းကိုချပြီး ခေါင်းက ပုဆိုးပေါင်းရွက်နဲ့ မျက်နှာ ချွေးသုတ်ရင်းမေးသည်။

"မင့် အကြိုက်ပဲလကွာ၊ သွားကြည့်ချေ။ နောက်ဖေးကောက်ရိုးပုံမှာ မောင်ကြွယ် မီးမြိုက်နေတယ်"

"ခြေမရှိတဲ့ အကောင်လား အဖေရ၊ ဒါမှမဟုတ် ပက်လက်လှန်လိုက်ရင် ယက်ကန်ယက်ကန်နေတဲ့ အကောင်လား"

"အဲ့ဒါ တစ်ခုမှမဟုတ်ဘူးကွ၊ မျက်လုံးပြူးပြူးနဲ့ ပေါင်မှာ ထိုးကွင်းတွေနဲ့ကောင်"

"ဟာ ... သိပြီ" ဟုဆို၍ လူငယ်သည် ကောက်ရိုးပုံဆီသို့ တစ်ဟုန်ထိုးပြေးသွားလေ၏။

ခဏအကြာ၌ မီးဖိုချောင်မှ မလှရွှေးက ...

"ဖအေကြီးရေ ... ခုန လူလေး မောင်ထွေးအသံကြားလိုက်တယ် ထင်ပါတယ်"

"အေး ... သူမြက်ရိတ်က ပြန်လာပြီလေကွာ ...၊ ဘာနိုင်းစရာရှိလို့လဲ"

"ဟောဒီ ငရုံ့ခေါင်းတိုနဲ့ ဟင်းချိုချက်ဖို့ လဲလူရွက်ရူးနိုင်းရ ကောင်းလားလို့ ... "

"ငါ ရေချိုးသွားရင်း ရင်းတိုက်ရွက်ပါ ရောခူးခဲ့ပါမယ်ကွာ၊ မင်းငရုံ့သာမီးဖုတ်ပြီး ဟင်းချိုအိုးတည်ထားလိုက်"

ထိုမှ တစ်ဆက်တည်း မလှရွှေးက ...

"ဟဲ့ ... သမီး မြခင်ရေ" ဟုခေါ်လိုက်သည်၌ လုံမပျိုသည် ရက်ကန်းရက်ခြင်းကို ရပ်တန့်လိုက်ပြီး ...

"ဘာလဲ အမေ"

"နင့်အရီး အုန်းနုအိမ်မှာ သရက်သီးပိုးတိ ရှိဦးမလား၊ သွားပြီး ကြည့်ဝယ်ခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သမီးသည် ရက်ကန်းစင်မှ ထ၍ ...

"ရပါတယ် ... သရက်သီးပိုးတီနဲ့ ဆားစိမ်တော့ အရီးအုန်းနုအိမ်မှာ တစ်နှစ်လုံး မပြတ်ရှိနေတာပဲ ... "

ထိုည သူတို့ထမင်းဝိုင်းမှာ ငရုံခေါင်းတိုမီးဖုတ်ခတ်သည် လဲလူ့နှ ရင်းတိုက်ရွက်ဟင်းချို မိုးတွင်းက လယ်ထဲချောင်းထဲမှ ကိုယ်ဟာကိုယ် ဖမ်း တာနှင့် ဝယ်သင့်တာဝယ်၍ ငါးခူ၊ ငါးရံ့၊ ငါးကျည်း ချဉ်းသန့်သန့် လုပ်ထား ခဲ့သော သုံးဦးစပ် ငါးပိရည်ချို ရေတစ်စိမ်းမီးအုံးနှင့် ကြက်သွန်ဖြူ ထောင်း ကို ကစွန်းညွှန့်ပြုတ်နှင့် ကောက်ရိုးမှိုတို့လို နို့ပြီး ဖားသား ဆီပြန်နှ အအီပြေရန် သရက်သီးပိုးတီတို့ဖြစ်ရကား ကိုဘအေး၊ မလှရွှေ၊ သားကလေး မောင်ထွေး၊ သမီးပျို မြခင်နှင့် ရွှေစည်သည်တို့ ၅ ယောက် စားလိုက်ကြရ ဆန်တစ်ပြည်ခွဲချက်သည် ချေးလေး ကျားဘိုအဖို့ ဟင်းစ ကျွေးစနှင့် စားလောက်ရုံမျှ ကျန်တော့သည်မှာ သူတို့လို အလုပ်ကြမ်းသမား တော တောင်သားများအဖို့ အံ့သြစရာ မဟုတ်ပါချေ။

ထမင်းစားပြီး၍ လက်ဖက်ရည်ကြမ်းသောက်ကြသည်နှင့် မောင်ထွေးက စ ပြောသည်။

"အဖေရေ ... လက်ဖက်ရည်ကြမ်းကို အမြဲတမ်း ပူပူရအောင် ဓာတ်ဘူး ဝယ်ပါလား အဖေရ၊ ဘကြီးဆင်အိမ်မှာ ထားတာမျိုးလေ ..."

မောင်ကြွေ "ဟုတ်တယ်ဗျ ... ကိုစံတင်တို့ဖြင့် မိုးတွင်းက လယ်ထဲ လယ်ထွန်းသွားရင်းတောင် ယူသွားကြသဗျ"

ကိုဘအေး "ဟ... မိုးရေစိုတော့ မင်တို့ဓာတ်ဘူးက အေးမသွားဘူး လား၊ မိုးရေဒဏ် ခံနိုင်ပါ့မလားကွ"

မောင်ထွေး "အောင်မယ်လေး ... အဖုံးသာ လုံအောင်ပိတ်ထား ရေထဲချထားတောင် မအေးဘူးခင်ဗျ"

"အင်း ... အံ့သြစရာပဲဟေ့" ဟုဆို၍ ကိုဘအေးသည် မလှရွှေအား မျက်တောင်ပုတ်ခတ် ပုတ်ခတ်နှင့် ကြည့်လိုက်သဖြင့် မလှရွှေက ...

"အဲဒါ တစ်ဘူး ဘယ်လောက်ပေးရသတဲ့လဲ"

မောင်ကြွေ "အကြီး၊ အငယ် အရွယ်အစားလိုက်လို့ပေါ့ အရီးရဲ့"



ဤတွင် အနီးဌ် ကျုံ့ကျုံ့ကလေးထိုင်နေသော မြခင်က ...

"အခု ရွာက သမဝါယမဆိုင်မှာ ရောက်နေတာလေ အခု အဖေတို့ သောက်နေကြတဲ့ မြေအိုးတစ်လုံးစာလောက် ဝင်မယ်ပေါ့၊ ၁၇ ကျပ်တဲ့"

မောင်ထွေးက ထောက်၍ "အဲဒါ နက်ဖြန်ခါ ဝယ်ပါလားဗျ ..."

မလှရွှေက မြခင်အား ကြည့်၍ ...

"သမီးရက်ကန်းပြတ်တော့ ဝယ်တာပေါ့လေ ... "

မြခင် "အို ... အမေကလည်း ကိုယ်ဝယ်ချင်ရင် ရက်ကန်းပြတ်အောင်ပဲ စောင့်နေရဦးမှာလား၊ ကိုယ့်အိမ်မှာ ပိုက်ဆံတွေရှိနေသားပဲ ...၊ သွားဝယ် လိုက်ရောပေါ့"

မလှရွှေ "ဟဲ့ ... ကိုယ့်သေတ္တာထဲရောက်ပြီးသားပိုက်ဆံ ပြန်မထွက် ဘာကောင်းတာပေါ့ဟဲ့"

မြခင်က မျက်စောင်းကလေးခဲ၍ ...

"ဟင်း ... ကျွန်မ ရက်ကန်းပြတ်ဖို့က ရက်တော်တော်လိုသေးတာ၊ ရောက်လာတဲ့ဓာတ်ဘူးက ၄-၅-၇ လုံးရှယ်၊ တော်တော်ကြာ သူများဝယ်တာနဲ့ ကုန်သွားဦးမယ်"

မောင်ကြွေ "ဟုတ်တယ်ဗျ၊ ကိုမောင်သင်လေးနဲ့ မပုတို့ လင်မယားတောင် ဝယ်မယ်ပြောနေကြသေးသဗျ"

ယင်းဌ် မြခင်က "ဒါဖြင့် ဒီလိုလုပ်မယ် အမေ၊ ကျွန်မ ရက်ကန်းက တစ်ဝက်သာသာ ပြီးသွားပြီ၊ ဒီတော့ မနက်ဖြန် ၁၅ အုပ်ဖြတ်ပြီးတော့ သွားဝယ်မယ်လေ"

"အေး ... အဲဒီလိုသာလုပ်လိုက်ပါ အစ်မလေးရာ၊ အမေပြောတဲ့ အတိုင်းဆိုရင် ဝယ်ဖြစ်တော့မှာ မဟုတ်ဘူး" ဟု မောင်ထွေးက တိုက်တွန်း ပြောဆိုလိုက်လေသည်။

* * *

ထိုရွာကြီးတွင် ထိုစဉ်က ကျေးရွာသမဝါယမက အောင်မြင်လျှက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းရွာ၏ကုန်ထုတ်လုပ်ငန်းများကို ဖော်ပြရဦးမည်။ ရှေးခေတ် အဆက်ဆက်က မိရိုးဖလာ လယ်ယာမှသည် ယခု တော်လှန်ရေးအစိုး လက်ထက်မှာ သီးထပ်သီးညှပ်များစိုက်ပါရန် စီမံခန့်ခွဲပေးခြင်းအားဖြ ဂုံလျှော်၊ ဝါဂွမ်းနှင့် ပဲမျိုးတို့ကို တိုးချဲ့စိုက်ပျိုးကြပြီးဖြစ်သောကြောင့် ရှေးယခ က မိုးမများလျှင် မလုပ်ရသော ကုန်းလယ်များ၊ ရွာတွင်းနှင့်ရွာနောက်ဖေး ခြံလွတ်ကြီးများမှာ ယခုအချိန် အလဟဿ မဖြစ်ကြတော့ပြီ။ သူ့အချိ သူ့အခါနှင့် ဆီလျော်သော အသီးအပင်တို့ကို စိုက်ပျိုးကြကုန်လေသည်

အထူးသဖြင့် ထိုရွာကြီး၌ ဖြစ်မြောက်အောင်မြင်သည်မှာ ဂုံလျှော် ဒေသတို့မှာ အလေ့ကျပေါက်ကြကုန်သည်။ သို့သော် ဂုံလျှော်အမျိုးအစာ ဟူ၍ မသိကြသေး။ 'ပလီခါး' ပင်ဟု ခေါ်ကြလျက် သူ့အရိုးမှ လျှော်ကို ပြီး ရေပုံးကြိုး၊ နွားကြိုး စသည်များ ကျစ်လုပ်ကြသည်။

ယင်းသို့ရှိ၍မှ တော်လှန်ရေးအစိုးရ ထွက်ကုန်စီမံရေးဌာန "ဂုံလျှော်များကို ဝယ်ပါမည်၊ ကျေးရွာများမှာ စိုက်ပျိုးကြပါ" ဟူ၍ စိုက် စိုက်နည်းပါ ညွှန်ကြားလျက် မျိုးစေ့များပေးလိုက်ခြင်းဖြင့် ထိုဂုံလျှော်ပင်မျာ ဖြစ်မြောက်လာကြသောအခါ၌ ထိုရွာသားများ အံ့သြရယ်မောလျက် ...

"ဟ ... ပလီခါးပင်တွေပါလား ... " ဟုပြောကြလေ၏။

စင်စစ် ခြံကြိုခြံကြား၊ မြောင်းကြိုမြောင်းကြားမှ အလေ့ကျပေါက် တော့ ပလီခါးပင်ငယ်ငယ်။ ယခု အစိုးရကညွှန်ကြား၍ မြေသြဇာပေးက ထွန်ယက်စိုက်ပျိုးလိုက်ကြတော့ ပလီခါးပင် ထွားထွားမြင့်မြင့်ကြီးတွေ မြန်မာပြည်မှာ ဂုံလျှော်ပင်သည် အစိုးရမျှော်လင့်တာထက် အောင်မြင်ေ သည်။ အပင်တွေ ဆယ့်ကိုးပေမြင့်၍ လျှော်မှာ အလွန်ကောင်း။ အရှည်ချ ဆေးနှင့် ဆေးကြောဖွပ်လျှော်လိုက်သည့်အခါ ရွှေရောင်ယှူမလား၊ ငွေရော ယှူမလား၊ အနောက်နိုင်ငံသူများ ဆံပင်ကဲ့သို့ တောက်ပြောင်လှပလေသည် သဟာနှင့် ဂုံနီကြိုး၊ ဂုံနီလျှော်အဆင့်မျှ မကတော့ဘဲ ကော်ဇောရက်လုပ် နိုင်ငံခြားသို့ ရောင်းရသည်အထိ ဖြစ်လာခဲ့လေ၏။

ယင်း ဂုံလျှော်လုပ်ငန်းကား ခြံမြေရှိ၍ ထွန်ယက်စိုက်ပျိုးရမည်ထ အပင်ကိုခုတ်ပြီး ရေထဲမှာအပုပ်စိမ်၍ လျှော်ခွာ၊ အခွံသင်ရသည်က မို



ထုပ်အားလိုလေရာ ဂုံလျှော်စိုက်သူနှင့် အငှားလျှော်ခွာသူမှာ တစ်ယောက် တစ်ဝက်စားမျှသာကျနေသောကြောင့် ပိုင်ရှင်နှင့် အလုပ်သမားသည် ညီတူ ညှတူ အကျိုးခံစားသမှု ပြုရလေ၏။

ဂုံလျှော်လုပ်ငန်းနှင့် လယ်ယာလုပ်ငန်းသည် နှစ်မျိုးတွဲရန် အလွန် အဆင်ပြေ၏။ ဂုံလျှော်စိုက်မည့်မြေကို နွေမှာ အမှိုက်ပုံမီးရှို့ထားပြီးနောက် မိုးမကျမီကလေးမှာ အပေါ်ယံမြေဖွာရုံမျှ ထွက်ယက်လိုက်ပါ။ နောက်မိုးရွာ မြေစိုတော့ ဂုံနီမျိုးစေ့ကြဲလိုက်ပေရော့။ သူ့အား ပေါင်းသင်စရာ မြေထောင် ပေးစရာမလိုပေ။ အပင်ကျပ်မည်ဆိုရင်ဖြင့် ပင်ညှက်ကလေးတွေ ရွေးနုတ် ပစ်ရုံသာ ရှိသည်။

တော်သလင်း၊ သီတင်းကျွတ် လယ်ပြီး မိုးနှောင်းရောက်သော ကာလ ...င်တို့ကို ခုတ်ရလေပြီ။ ကောက်မရိတ်ရမီ အလုပ်ပြတ်နေသော လယ်လုပ်သားတို့ အလုပ်တစ်စခန်းရကြလေ၏။

ငရုတ်၊ ကြက်သွန်၊ ဝါဂွမ်းနှင့် ပဲမျိုးတို့စိုက်ပျိုးခြင်းမှာ မိုးကုန်ပြီး နောက် ဆောင်းဦးပေါက်တွင်ဖြစ်သည်။ ပဲမျိုးတို့မှာ ယခုအခါ၌ မြန်မာပြည် အလယ်ပိုင်းတွင် 'ဗိုလ်ကိတ်ပဲ' သည် အလွန်ဖယားကိုက်သည်။ အကြမ်း တောင်ခံသည်။ စင်ထိုးတိုင်ထောင်စရာ မလို။ သူ့ဟာသူ ဖြာထွက်၍ အဖုတ် ဖြစ်ကာ မြေမှ ရိုးတံတစ်တောင်လောက် အရှည်၌ ခက်လက် ဝေဖြာ၍ သီးလေသည်။ ပဲကြီး၊ ကုလားပဲတို့ထက် စား၍ချိုသည်။ စိုက်ပျိုးပြုစုမှုလည်း လွယ်သဖြင့် ဈေးလည်းချို၏။

ဤဝတ္ထုအခြေခံရွာဖြစ်သော ဖော်ပြပါရွာကြီးမှာ ယင်းစိုက်ပျိုးမှုများ အပြင် ရက်ကန်းလုပ်ငန်းလည်း အလွန်တွင်ကျယ်သည်။ ထိုရက်ကန်းအလုပ် မှာ ခေတ်အဆက်ဆက်ကပင် သည်ရွာသားတွေ လုပ်ကိုင်ခဲ့ကြ၏။ ယောက်ျား ကလေးများပင် ရက်ကန်းခတ်တတ်ကြ၏။ သို့သော် ဟိုးယခင်ကာ မြို့ ရှိ အရင်းရှင်ချည်ပုံပေး တရုတ်များ၏ ခေါင်းပုံဖြတ်သွေးစုတ်ရာ ကွင်းသာဖြစ်ခဲ့၍ ယခု တော်လှန်ရေးအစိုးရလက်ထက်ရောက် နှစ်အရ ကုန်ကြမ်းယူ ကုန်ချောသွင်းမှုကို လုပ်ကိုင်ရသည်။ သည်တော့ အလုပ်သမားတို့အကျိုး မည်မျှတိုးတက်ပါသနည်းဟူ (ယခု

www.burmeseclassic.com



ကြည့် ပြည်တွင်းဖြစ် ဓာခြင်ထောင်ဖျင်ကို) ချည်ပုံပေး တရုတ်များ ထက်ထက်က တစ်အုပ်ကို ရက်ခ ၁ ကျပ်မျှသာရရာ ယခု ၃ ကျပ်နှင့် ပြား ၃၀ ရကြ၏။ တစ်အုပ်သည် ၁၀ ကိုက်၊ ရက်ကန်းတစ်တန်းမှာ ချည် ၃ ထုပ်တန်း ၂၇ အုပ်၊ ၄ ထုပ်တန်း(အတန်းကြီး) ၃၆ အုပ်ဖြစ်လေရာ မည်မျှ ဝင်ငွေကွာခြားသည်ကို အထင်အရှား မြင်နိုင်လေသည်။

ထို့ပြင် ဟိုယခင်တုန်းကလို ၄–၅ မိုင်ကွာသော မြို့သို့ စရိတ်ကုန်ခံ သွား၍ တရုတ်များထံ အောက်ကျနောက်ကျ ဆက်ဆံရသည်မဟုတ်ဘဲ ကိုယ့်ရွာက သမဝါယမဆိုင်မှာသာ ကိုယ့်ရွာသားချင်း ကိစ္စပြီးစီးရလေ၏။

## ကျေးရွာသမဝါယမဆိုင်

ကုန်သွယ်ရေးဌာန၏ ကျေးရွာလက်ခွဲဆိုင်ဖြစ်၏။ ဤဆိုင်ကို သမဝါယမငွေဖြင့် ပြုစုပျိုးထောင်လာခဲ့ခြင်း ဖြစ်သည်။ မူလက အခြေခံ စားကုန်မျှ အစပြုခဲ့သော်လည်း ယခုမူ အဝတ်အထည်နှင့် အလှကုန်၊ ဆေးဝါး ပစ္စည်းများပါထားရသဖြင့် နိုင်မာလုံခြုံသော အုတ်တိုက်ဖြစ်၍နေလေပြီ။

ရှေ့ဘက်နှင့်နောက်ဘက် မျက်နှာစာနှစ်ခုထားရှိသည်။ ကုန်ဝယ်လို သူများက ရှေ့ဘက်မျက်နှာစာ၊ ကုန်ကြမ်းယူ၍ ကုန်ချောသွင်းလိုသူများက နောက်ဘက်၊ နံနက် ၇ နာရီတွင် ဆိုင်ဖွင့်သည်။ နေ့စဉ်ပင် ကုန်ကြမ်းယူ ကုန်ချောသွင်း၊ လုပ်ခထုတ်၊ ပစ္စည်းဝယ်ခြင်းဖြင့် မပြတ်စည်ကားလျက်ရှိ သည်။ ဤဆိုင်သည် အိမ်ခြေ ၅၀၀ ကျော်၏ စုပေါင်းသမဝါယမ ဖြစ်သည်။

ဆိုင်ဖွင့်ကတည်းက နောက်မျက်နှာစာမှာ ရက်ပြီးသော အထည်သွင်း မည့်သူတွေ စီရရီရောက်လာကြရာ ခြင်ထောင်ဖျင် ၁၅ အုပ်ကို ရွက်လာခဲ့သော မြခင်မှာ သတ္တမဖြစ်သည်။ အစီအစဉ်အတိုင်း အထည်သွင်း၊ ငွေထုတ်လုပ်ကြရာ မြခင် အလှည့်ရောက်သည်၌ မန်နေဂျာလုပ်သူက ...

"ဟဲ့ ... မြခင်ရဲ့ နင်တို့ ဒီအတန်းကျ တယ်မြန်ပါလားဟ၊ ငါ့စိတ် ထင် ချည်ထုပ်ယူသွားတာ ဆယ့်လေးငါးရက်လောက်ရှိသေး မှတ်ပါတယ်"

မြခင်က သူ၏ နုပျိုရွှင်သော မျက်နှာကလေးနှင့် ကြည်ကြည်ကလေး ပြုံး၍ ...



"တစ်တန်းလုံး ပြတ်ခဲ့သေးတာမဟုတ်ပါဘူး ဦးလေးထွန်းရှိန်ရဲ့၊ တစ်ပိုင်းတစ်စနဲ့ ဖြတ်ယူခဲ့တာ ၁၅ အုပ်ထဲပါ ... "

"ဟဲ့ ... ဘာဖြစ်လို့ ဒီလိုဖြတ်လာတာတုံး ... "

"အဖေက လက်ဖက်ရည်ကြမ်းထည့်ဖို့ ဓာတ်ဘူးဝယ်ချင်တာ၊ အမေက သူ့သေတ္တာထဲရောက်ပြီးသားပိုက်ဆံတော့ ပြန်မထုတ်နိုင်ဘူးဆိုလို့"

မန်နေဂျာ ကိုထွန်းရှိန်က ပြုံး၍ ...

"အေး အေး၊ နင်က အဲဒီလို စီမံခဲ့ရောဆိုပါတော့။ အဆင်သင့်ပဲဟေ့၊ ဓာတ်ဘူးက နှစ်လုံးတည်းရှိတော့တာနဲ့" ဟုပြောပြီး သူနှင့်တွဲဘက် လုပ်ဖော် သို့ လှမ်း၍ "ဒီမှာ ကိုကျော်မြ၊ ဓာတ်ဘူးတော့ နောက်တစ်ခါ တစ်ဒါဇင် လောက် ကျွန်တော်တို့ ထပ်တင်ဦးမှထင်တယ်ဗျ ... "

မြ "ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီလိုပဲ စိတ်ကူးရတယ်ဗျ ... "

ကိုထွန်းရှိန်သည် လှိုက်လှိုက်လှဲလှဲ ပြုံးရယ်လိုက်ကာ ...

"ဟန်ကျသဗျာ ... ကျုပ်တို့ရွာသားတွေ လက်ဖက်ရည်ကြမ်း ဓာတ် ဘူးနဲ့ လယ်ကွင်းဆင်းရတယ်ဆိုတာ ဒီခေတ်မှဗျို့ ... "

အခြားတစ်ယောက်က "သားရေဖိနပ်ရှည်ကြီးနဲ့ ကောက်ရိတ်ရတာ ကောဗျ။ ဟိုတုန်းက ထန်းလျှော်ဖိနပ်မလုံမလဲနဲ့ ကြဲခဲ့ရတာ၊ အဲသည်တုန်းက ဗျာ တစ်နှစ်မှာ အနည်းဆုံးတစ်ယောက်စ နှစ်ယောက်စတော့ ကောက်ရိတ် ရင်း ပိုးထိသေကြတာ ရှိတယ်မှတ်လား။ ကဲ အခုတော့ အဲဒီအန္တရာယ်က ကင်းသွားကြပြီဗျ ... "

သူတို့ရွာ၏တိုးတက်မှုကို ဝမ်းသာအားရ ပြောဆိုကြသည်။ မြခင် သည် အထည် ၁၅ အုပ်တွက် ကျသင့်ငွေကိုထုတ်ပြီး ရှေ့မျက်နှာစာသို့ ပြောင်း၍ လိုချင်သောပစ္စည်းများကို ဝယ်သည်။

ဤနေရာ၌ ချောမောလှသော မြခင်ကလေးကိုကြည့်ကြတာ ... မိန်းမတွေက ပြောဆိုနေကြသည်။

"ဒီသူငယ်မလေးဟာ လှချေးငယ်ငယ် သူ့အဖေကြီး ... တုန်းကအတိုင်း လှတာပဲအေ့ ... "

www.burmeseclassic.com



"ကိုဘအေးနဲ့မလှဋ္ဌေး မွေးတာထဲမှာ ဒီကောင်မလေး အချောဆုံး ထော့"

"အောင်မယ် ဒီလိုတော့ မပြောကြပါနဲ့ရှင်၊ မလှဋ္ဌေးသမီးကြီးတွေ လှရင်တို့ မြကြင်တို့တုန်းကလည်း သူတို့အမေလို ချောကြတာပါပဲ။ ဒါပေမဲ့ သူတို့အပျိုဖြစ်ကြတဲ့ခေတ်နဲ့ အခု မြခင်လေးအပျိုဘော်ဝင်ရတဲ့အချိန်က မတူ ဘူး မဟုတ်လားအေရဲ့။ ဟိုတုန်းကဆိုရင် ညည်းတို့ရော၊ ကျုပ်တို့ရော၊ ကိုဘအေးတို့ရော ဘယ်လောက်ဆင်းရဲကြသလဲ။ ဟောဒီလို (သူ့လက်ထဲမှ အထည်သွင်း၍ရသော ငွေ ၄-၅ဝ အုပ်ကိုလှုပ်ပြ၍) ငွေစက္ကူထပ်များ ကိုင် ဖူးကြသလား"

မိန်းမတွေ အသီးသီးပင် သူတို့လက်ထဲမှငွေစက္ကူတွေ ကြည့်ကြကာ ခေါင်းညိတ်ကြသည်။

ထိုမိန်းမက စကားဆက်သည်။

"အဲသည်တော့ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ လှရင်တို့ မြကြင်တို့ မှာ မိဘနှင့်အတူ နေပူမိုးရွာမရှောင် အလုပ်လုပ်ကြရတာပဲမဟုတ်လား။ အခု မြခင်လေးကျတော့ မိဘကလည်း ချောင်လည်လာတော့ လယ်ထဲ၊ ချောင်းထဲ မလိုက်ရတော့ဘူး။ အိမ်မှာ ရက်ကန်းစင်ထိုင်ရရုံပဲ။ သည်တော့ ဟိုတုန်းက သူ့အစ်မတွေရုပ်နဲ့ တူနိုင်ပါတော့မလားအေ့။ နို့ပြီး ခုခေတ်မှာ ဝတ်ရတာ တွေလည်း ကြည့်ဦးလေ။ နိုင်လွန်တို့၊ ဒက်ထလွန်တို့၊ ရှီးယားကော့တို့၊ ဟဲယားကော့တို့ ဟိုတုန်းကဆို ဒီလိုအထည်ချောတွေဟာ မြို့ပေါ်ကလူများ နဲ့ တောက အင်မတန်ချမ်းသာမှပဲ ဝတ်နိုင်ကြတာမဟုတ်လား။ ကဲ ... အခုတော့ ညည်းတို့ငါတို့ ဆင်းရဲချမ်းသာမရွေး အညီအမျှ ပြည်သူ့ဆိုင်က ထုတ်ပေးနေတာ မဟုတ်လားအေ့ ... "

ယင်းအခိုက် အသက် ၈ဝ ကျော်ပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်း သည့် အဘိုးကြီးတစ်ယောက် ဆိုင်ထဲရောက်လာကာ "ဟေး ... မောင်ထွန်း ရှိန်ရ၊ ငါသောက်နေကျ ရွှေပတ်နဲ့ ဆင်နှစ်ကောင်ဆေးပြင်းလိပ် ရှိသေးလား ကွ ... "

"ဟား ... ရှိပါတယ် ဘကြီးရ၊ ထိုင်ပါဦး" ဆို၍ ကိုထွန်းရှိန်က



သူ့ရှေ့၌ ကုလားထိုင်တစ်လုံး ထိုးပေး၏။

ဆောင်းရာသီ ပြာသိုလ နံနက်ခင်းဖြစ်လေရာ အဘိုးကြီးကိုယ်မှာ သက္ကလပ်အနွေးထည်၊ သက္ကလပ်ခေါင်းစွပ်၊ ကျားပါးစပ် သားရေဖိနပ်တို့ နှင့်ဖြစ်သည်။

ကိုထွန်းရှိန်က စာရင်းကိုင်နေရာမှ ...

"ဘကြီး ဘယ်နှထုပ်ယူမလဲ ... "

"၅ ထုပ်ပေးလကွာ ... "

"ဘကြီး တောရချောင်သွားတော့မယ် ထင်တယ် ... "

"အေး ... နက်ဖြန် ငါသွားမယ်ကွာ၊ ဟိုမှာ တရားထိုင်နေရတာပဲ စိတ်ချမ်းသာကိုယ်ချမ်းသာ ရှိသကွ ... "

ဈေးဝယ်နေသော မြခင်လေးသည် ဤအဘိုးကြီး၏မျက်နှာကို တိတ်တခိုးကြည့်ပြီးနောက် သူလိုချင်တာရသည်၌ အဖော်များကို စကားကျယ် ကျယ်မပြောတော့ဘဲ ခပ်တိုးတိုးနှုတ်ဆက်ပြီး ပြန်နဲ့လေ၏။

အဘိုးကြီးသည် မြခင်လေးထွက်သွားသည်ကို တစူးတစိုက်ကြီး ကြည့်နေလေသည်။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က သူ၏တစ်ဦး တည်းသော သမီးကလေး မလှဋ္ဌေးနှင့် တူလှချေ၏။

ဤတွင် အခုန မြခင်လေးတို့အကြောင်း ပြောနေကြသော မိန်းမအုပ် ထဲမှာ တီးတိုးသံ ...

"အဘိုးကြီးက တရားတွေဘာတွေ ထိုင်လို့၊ စိတ်တော့ တော်တော် ကျုပ်ပေါ်ပြီ။ ဒါပေမဲ့ သမီးအပေါ်တော့ စိတ်မပြေသေးဘူးထင်ရဲ့"

တစ်ယောက် "သေခန်းပြတ်ဆိုတဲ့ သူ့စကားက ရှိနေတာကိုး"

အခြားတစ်ယောက် "ဒါကတော့ မာနပါပဲ"

နောက်တစ်ယောက် "တကယ် တရားရတယ်ဆိုရင် ဒီမာနကတော့ ပျောက်ရမှာပေါ့။ စွန်းလွန်းဦးဝိနယ ဟောတော်မူတယ်မှတ်လား။ မာနရှိ သမျှ တရားမရသေးလို့ပဲတဲ့"

နောက်ဆုံးတစ်ယောက်က "အေး ဒီအဘိုးကြီး တရားရတာက အရေးမကြီးဘူး။ ငါ တရားရဖို့က အရေးကြီးသကွဲ့။ အိမ်ချေ့သည်တော

www.burmeseclassic.com

www.burmeseclassic.com



လို့မှ လက်ဖက်ရည်ကရား လုလုပပ တည်စရာမရှိဘူး" ဟုပြောပြီး "မော
အောင်ထွန်းရှိန်ရဲ့၊ နင့်ဆိုင်ကြွေကရားတွေက ဘယ်တော့ရောက်မှာလဲဟဲ့"
ဟု လှမ်းအော်လိုက်သည်၌ မောင်ထွန်းရှိန်က ...

"သြော် ... ဒီမိန်းမကြီးနှယ် ... ခင်ဗျား ဟိုသီချင်းမကြားဖူးဘူးလား
ဗျ"

"ဘယ်သီချင်းလဲဟဲ့ ... "

"နက်ဖြန်၊ သို့မဟုတ် ဘယ်သောခါ ဆိုတာလေဗျ"

"သြော် ... သေခြင်းဆိုးနှယ် ... မရေရာလိုက်တာဟယ် ... "

မောင်ထွန်းရှိန်က ရယ်မော၍ "ဟဲ ဟဲ ... မကြာပါဘူး၊ ၃
ရက်အတွင်း လာစေမယ်ဗျ"

ဤတွင် အရောင်းဘက်၌ ငွေကိုင်နေသော မောင်ထွန်းမြိုင်က
"ခင်ဗျားတို့ ဟိုတုန်းကဖြင့် တည်တဲ့မြေအိုးနဲ့ပဲ သောက်နေပြီးတော့ ခု
ဘယ့်နှယ် ကြွေအိုးတွေ ဘာတွေ လုပ်လာချင်တာလဲဗျ"

"အောင်မယ် ... နင်တို့က ကြွေကရားနဲ့ အချိုသောက်ကြတော့
ငါ လည်း ကြွေကရားနဲ့ အကြမ်းတော့သောက်ချင်တာပေါ့ဟဲ့"

"ဟဲ ဟဲ ... ငွေကလေးတွေက ရွှင်လာကြသကိုးဗျ"

"အေးပေါ့ဟဲ့... တစ်သက်လုံးချည်း ဆင်းရဲနေရမှာလား၊ ဒီလိုခေတ်
ပြောင်းခေတ်ကောင်းနဲ့လည်း ကြံဦးမှပေါ့"

ဟုတ်ကဲ့...၊ အမှန်ပင် ဤကျေးရွာဒေသရှိ လုပ်သားပြည်သူတို့မှာ
လုပ်ငန်းများ အကွက်လည်အဆင်ပြေ၍ ငွေစများ ရွှင်ကြလေသည်။ သူတို့
မှာ အလုပ်နှင့်လက်နှင့် ပြတ်သည်မရှိကြကုန်။ ယခု ကြည့်ပါ။ ရက်ကန်းပြတ်
အထည်အပ်၊ ရက်ခရ၍ ဤပြည်သူ့ဆိုင်မှာပင် ကိုယ်လိုချင်သောပစ္စည်းများ
ဝယ်ယူကြပြီး နောက်တစ်တန်းအတွက် ချည်ယူရပြန်လေသည်။

ဤချည်ယူရန်မှာ ချည်ဆေးချက်ရာ ချည်ရုံတွင်ဖြစ်သည်။ ပြည်သူ့
သမဝါယမဆိုင် မန်နေဂျာ၏လက်မှတ်နှင့် ယူရသည်။ ကိုထွန်းရှိန်က
အထည်အပ်သူများအတွက် နောက်ထပ်ထုတ်ပေးသည်။ လုပ်သားပြည်သူ
တို့မှာ ငွေပင်ငွေရင်းမလိုချေ။ ကုန်ကြမ်းယူ ကုန်ချောအပ်စနစ်သာဖြစ်သည်။



ထို့ကြောင့် သူတို့မှာ 'ရှိရှိ–သုံးသုံး–တပြုံးပြုံး' နေကြသည်။

ချည်ပေးရာဌာန

မြို့ပေါ်ရှိ ပြည်သူ့ကုန်သွယ်ရေး လက်ကားမှ ကျေးရွာသမဝါယမ
များသို့ ချည်ထုပ်ကြီးများကို ပို့သည်။ ဤချည်များမှာ စက်ရုံကလာခဲ့သည့်
အတိုင်းဖြစ်၍ ဝါဇေ့ကွဲတွေနှင့် အရောင်ဝါကျင့်ကျင့်ဖြစ်နေသည်။ ဒါတွေကို
ချက်ဆေးနှင့် ဝါဇေ့ကွဲစဉ်ကာ အရောင်ဖြူစေပြီးမှ ရက်လုပ်သူများလက်သို့
ပေးအပ်ရ၏။

ဤလုပ်ငန်းမှာ ရေအလွန်လိုရာ ထိုရွာတွင် ၁၉၅၉ ခုနှစ် ဗိုလ်ချုပ်
အိမ်စောင့်အစိုးရလက်ထက်ကပင် တူးဖော်ခဲ့သော အဝီစိတွင်းတစ်ခုနှင့်
နီးရာတွင် ချည်ဆေးရုံ လုပ်ထားရသည်။

ချည်ဆေးချက်ရာမှာ ယောကျ်ား ၄–၅–၈ ယောက် အလုပ်လုပ်
ရသည်။ ရေသယ်သူနှင့်၊ ဆေးရည်စက်ထဲ ချည်စိမ်ထားပေးသူနှင့်၊
ဖွပ်ရိုက်သူနှင့်၊ ရေညှစ်သူနှင့် ၊ နေလှန်းသူနှင့် ၎င်းတို့သည် တစ်နေ့လျှင်
ဇွမ်းမျှခြင်း တစ်ယောက်ကို ငါးကျပ် ခြောက်ကျပ်လောက်စည်၏။ ဟိုယခင်
မြို့ပေါ်တွင် ချည်ပုံပေး တရုတ်တို့၏ အိမ်နောက်ဖေး၌ တရုတ်–ကုလား
ကူလီများ၏ အလုပ်ကို ဗမာတွေ ထိုက်ထိုက်တန်တန် လုပ်ခလုပ်ရ
ခြင်းဖြစ်၏။

သူတို့သည် ချည်လာယူသူများလေ၊ ချည်ဆေးချက်ရလေ ပိုပြီး
လုပ်ခ ရလေဖြစ်ရာ သီချင်းတကြော်ကြော်နှင့် တပျော်ပျော်နေကြသည်။
သူတို့အထဲ တွင် စာရေးမှတ်တတ်သူများက ချည်ယူလာသူများ၏
ဖြတ်ပိုင်းကို ကြည့်ရှု လက်ခံ၍ ချည်ခင်များကိုပေးရာ ၎င်းတို့အား
ရက်ကန်းသည်များက ဦးစွမ်ထောင်၊ သို့မဟုတ် ကိုတင်းပွား ဟု ကျီစား
ခေါ်ကြကုန်၏။ အကြောင်းမှာ ဦးစွမ်ထောင်နှင့် ဦးတင်းပွား ဆိုသည်မှာ
ဟိုယခင်က မြို့ပေါ်မှ ချည်ပုံပေး တရုတ်သူဌေးများ ဖြစ်ကြကုန်၏။

ဤတရုတ်တို့သည် မြို့၏ပတ်လည် ရွာပေါင်းမြောက်မြားစွာသို့
ချည်ပုံပေး၍ စီးပွားဖြစ်ထွန်းကြသည်။ ၎င်းတို့သည် ပြည်ကြီး

www.burmeseclassic.com



ခြံကြသော်လည်း ဗုဒ္ဓဘာသာလုပ်ကြလျက် သူတို့ချည်ပုံပေးရာ ရွာကြီးများရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်သီလယူခြင်း၊ ဘာသာရေးကိစ္စတို့တွင် လှူဒါန်းခြင်းများပြုကြ၏။ ရွာရှိ လယ်ပိုင်ရှင်၊ သူကြီး၊ ဆယ်အိမ်ခေါင်းတို့နှင့် ကျေးရွာသားများကို ချည်ပုံပေးခြင်းပြုကြသည်။

သို့တိုင်အောင် အချို့ ဆင်းရဲသားများမှာ မြို့ရှိ တရုတ်အိမ်ရောက်အောင် မပေါက်ကြ၍ ရွာရှိကြေးရတတ်ထံမှတစ်ဆင့် လက်ဝေခံရသည်။ သည်တော့ ရက်စကို တစ်ဆင့်စားခြင်း ခံရသေး၏။ ယခု ခေတ်ပြောင်းချိန်၌ကား တရုတ်အမြတ်ကြီးစားလည်း မရှိတော့ပြီ၊ တစ်ဆင့်လက်ဝေလည်း မခံရတော့ပြီ၊ မည်သည့်ရက်ကန်းသည်မဆို ရွာရှိပြည်သူ့ဆိုင်မှာပင် လွယ်ကူစွာ ကိစ္စပြီးရလေသည်။

"ဟော့ ... ဦးစွမ်ထောင်၊ ကိုတင်ငွားတို့ ငါ့ကို ချည်ပေးကြပါဦးဟော့..."

ချည်ပေးရုံထဲရောက်တော့ ခပ်စွာစွာလေး အော်လိုက်၏။ ဟိုတုန်းကမူ တရုတ်အိမ်ထဲမှာ ကျုံ့ကျုံ့ကလေးထိုင်ရ၏။ မိမိရက်လာသောအထည်ကို အသားကောင်းမကောင်း စစ်ဆေးခြင်းခံရ၏။ စိတ်ကြိုက်မတွေ့လျှင် ရက်ခဖြတ်ခြင်း၊ လျှော့ခြင်းကို ခံရသေး၏။ နောက် ဤသို့ညံ့ဖျင်းလာလျှင် ချည်မပေးတော့ဟူ၍လည်း ပြစ်တင်မောင်းမဲခြင်း ခံရသေး၏။

ယခုတော့ ရွာက ကိုယ့်တူကိုယ့်သားတွေပဲ။

"ဟဲ့ ... သေခြင်းဆိုးတို့ မြန်မြန်လာကြစမ်း၊ ငါ့အိမ်မှာ ကလေးက ရှိသေးတယ်ဟဲ့၊ နို့ဆာနေရော့မယ် ... "

"အို ... ခင်ဗျားက ကလေးဘာဖြစ်လို့မွေးသေးလဲဗျ၊ မမဲကြီးလာလိုက်ရင် ဒီလို ဖုတ်ပူမီးတိုက်ချည်းပဲ၊ ဒီမှာ လှန်းလက်စချည်က ရှိနေလို့ဗျ။ ကဲ ... ကဲ ... လာပါပြီ။ ဘယ်လောက်ယူမလဲ ပြောစမ်း ... "

"ဟောဒီမှာ ... နင့် ထွန်းရှိန်ရေးပေးလိုက်တဲ့ ဖြတ်ပိုင်းပဲ ကြည့်တော့ဟော့ ငါလည်းဖတ်တတ်ဘူး ... "

"နည်းလှချေလားဗျ ... ခင်ဗျားဟာ များများယူစမ်းပါဗျ။ ခင်ဗျားတို့ များများယူမှ ကျွန်တော်တို့ များများချတ်ရလို့ ... များများပိုက်ဆံရတာဗျ..."



"ဟဲ့ ... နင်တို့ ပိုက်ဆံများများလိုချင်တိုင်း ငါက တတ်နိုင်မလား...၊ ဒီမှာ လက်ခွဲကလည်း ရှိတာမဟုတ်ဘူး။ ကိုယ်နိုင်သလောက် ကိုယ်ယူရတာပေါ့ ငခွေးရဲ့ ...၊ နင့်မိန်းမ လှရှင်သာ သမီးအပျိုပေါက်ကလည်းရှိ၊ သားတွေကလည်း ရက်ဖောက်ယောက် ချည်ဟပ်တတ်နေကြတော့ တစ်လကို ၄ ထုပ်၊ ၃ အုပ်တန်းကြီး ပြတ်နေတာမို့ ... နင်တို့ လွှန်ခဲ့တဲ့လပြည့်တုန်းက ဘုရားကိုးဆူတောင် ကပ်နိုင်တယ် မဟုတ်လားဟဲ့ ... "

"ကဲ ... ကဲ ... အဲယားပန်ကာ ဖွင့်မနေနဲ့တော့၊ ခင်ဗျားကလေး နို့ဆာနေရော့မယ် ... ကြွပေရော့ ... "

"သွားပါ့မယ်ဟယ် ... နင့်သောက်ခွက်လည်း ငါကြာကြာ ကြည့်နေချင်ပါဘူး ... "

"ခင်ဗျား သမက်လောက်မှ မလှဘဲကိုးဗျ ... " ဟု မောင်ခွေးသည် ချည်ထုပ်ရွက်ထွက်သွားသော ဒေါ်မဲကြီးကျောပြင်ကို ကြည့်ပြောလိုက်ပြီး နောက် ဓာတ်ဘူးအသစ်စက်စက်နှင့် အခြားအထုပ်များပါသည့် လက်ဆွဲခြင်းကို ကိုင်၍လာသော သူငယ်မအား ...

"အား ... မြခင်တို့ကတော့ စံပဲဟော့၊ အရင် တစ်တန်းစာယူသွားတာ ၁၅ ရက်လောက် ရှိဦးမယ်အောက်မေ့တယ်၊ ခုတစ်ခါ လာခဲ့ပြီ ... "

မြခင်သည် သူ့ဆွဲခြင်းကို ခုံတန်းလျားပေါ်တင်၍ "အရင်အတန်း ပြတ်ခဲ့ပြီမထင်နဲ့ဦး မောင်ကြီးရေ့ ... တစ်ဝက်သာသာပြီးတာနဲ့ ၁၅ အုပ်ဖြတ်ပြီး နောက်အတန်းစာ ဆက်ကိုင်ထားဖို့ လာယူတာ ... "

"ဟဲ့ ... ဘာလို့ တစ်ပိုင်းတစ်စနဲ့ ဖြတ်ရတာလဲ ... "

မြခင်သည် သူ့လက်ဆွဲခြင်းကို ညွှန်ပြ၍ ...

"အဖေက ဟောဒီဓာတ်ဘူး ဝယ်ချင်တယ်ဆိုလို့ ... "

မောင်ခွေးက ရယ်မော၍ ...

"အေး ... ငါနားလည်ပါပြီဟာ ... နင့်အမေက သေတ္တာထဲရောက်ပြီးသားပိုက်ဆံတော့ ပြန်မထုတ်နိုင်ဘူးဆိုလို့ မဟုတ်လား ... "

ငွေဂုဏ်မောက်တဲ့ဖခင်ကြီးအား တစ်နေ့တော့ ငွေရှိပြလိုက်ချေဟု အားခဲထားသော မလှငွေးအကြောင်းနှင့် သူ့စကားလုံးကို တစ်ခွန်းလုံးလိုက်

www.burmeseclassic.com



သီထားကြသည်ဖြစ်ရာ မြခင်က ကြည်ရွှင်စွာ ပြုံးရယ်လိုက်၍ ...

"မောင်ကြီးဗိုက်ထဲ ပုဏ္ဏားလေးရှိတယ်နော် ... "

"ဟဲ့ ... ပုဏ္ဏားလေးဆိုတာက ကိုယ်ဝန်ဆောင်ပုဏ္ဏေးမ ဗိုက်ထဲ သာရှိတာပေါ့၊ ရော့ ... ရော့ ... ချည်ခင်တွေ ပြည့်မပြည့်လည်း ရေကြည့် ဦး ... ဗိုနေလည်းပြန်ပေးနော် ...၊ နင့် ဒီဓာတ်ဘူးက ဘယ်လောက်ပေး ရလဲ ... "

"၁၇ ကျပ်တောင် မောင်ကြီးရဲ့ ... "

"တောင်မနေနဲ့ ...၊ ငါဝယ်တုန်းက ဒီအမျိုးဒီအရွယ်ပဲ ၁၈ ကျပ် ပေးရတယ်၊ အခု တစ်ကျပ်ခွဲကျသွားတာခင်ဗျ ... "

"ဟုတ်လား ... မောင်ကြီး၊ ဘယ်တုန်းက ဝယ်တာလဲ ... "

"မနှစ်က မိုးဦးကျတုန်းကပေါ့၊ မိုးတွင်း လယ်ထဲယူသွားရတာ တယ်နိပ်သဟေ့ ... လက်ဖက်ရည်ကြမ်း အမြဲတမ်း ပူပူသောက်ရသဟ ...

"အဖေကလည်း အဲဒါ သဘောကျလို့ပဲ ... "

"ဒါပေမဲ့ စစချင်း ရေနွေးပူပူ မထည့်ရသေးဘူး ... "

"ဟုတ်လား ... ဘယ်လို စထည့်ရမလဲ ... "

"နင့်အဖေပြောလိုက် ... ပထမဦးဆုံး ထန်းရည်အပြည့် ထည့် သောက်လိုက်ဦးလို့ ... "

"အို ... အဟုတ်များလားလို့ ... မောင်ကြီးကြိုက်တာတွေ လျှော့ ပြောနေ၊ ကဲ ... သွားမယ်နော်"

"ဟဲ့ ... နေပါဦးဟဲ့ ...၊ အရင်လိုလိုက်တာ၊ နင့်လက်ဆွဲခြင်းထဲ အထုပ်တွေက ဘာတွေလဲ ... "

"ဩော် ... မောင်ကြီးရယ် ... အထုပ်တွေက ဘာတွေလဲလို့ မေးနေ ရသေးလား၊ အထုပ်တွေဟာ အထုပ်တွေပဲပေါ့ မောင်ကြီးရဲ့ ...

လူရွှတ်မောင်ခွေးက သူ့ပြန်ထိသွားသည်ကို သဘောကျစွာရယ် "ဟဲ ဟဲ ... ကောင်မလေးက မခေဘူး၊ နင်တစ်နေ့တော့ လင်ရဦးမှာ ကဲ... ငါပြင်မေးမယ်၊ ဘာအထုပ်တွေလဲဟဲ့ ... "

"ဟောဒါက ပဲကြီးလှော်ထုပ်ရှင့်၊ ဟောဒါက မြေပဲယို ...



မောင်ခွေး သည် လွန်စွာအံ့ဩဟန်လုပ်၍ "ဟယ် ... ဒါနဲ့များ မောင်ကြီး ပေးပါဦးလား မပြောဘူး၊ အံ့ ... အံ့ပါရဲ့ ... "

"ဩော် ... မောင်ကြီးက စားချင်လို့လား ... "

"ဟဲ့ ... အလကားပေးလို့မစား ... ကျားကိုက်တတ်သတဲ့"

"ဒါဖြင့် မောင်ကြီးကို ကျားကိုက်မှာစိုးပါတယ်၊ ကျွန်မ မပေးတော့ ဘူး ... "

"ဩော် ... မလုပ်ပါနဲ့ဟယ် စားပါ့မယ်ဟဲ့ ဘုရားစူး ... "

မိန်းကလေးသည် ပြောရင်း အထုပ်များဖြေနေသည်ဖြစ်၍ ...

"ရော့ ... ရော့၊ ကြိုက်သလောက်ယူ ... "

မောင်ခွေးသည် ပဲကြီးလှော်တစ်ဆုပ်နှင့် မြေပဲယိုတစ်ချပ် ယူလိုက် ပြီး ...

"ဘုန်းကြီးပါစေ ... သက်ရှည်ပါစေ၊ အိုအောင်မင်းအောင် ရိုးပြ ခြေကျ ပေါင်းရပါစေ ... "

မြခင်က မျက်စောင်းကလေးခဲ၍ ...

"အို ... မောင်ကြီးကလည်း အပျိုကို ဒီလိုပဲ ဆုပေးရသလား"

"ဟဲ့ ... အခု အပျိုပေမယ့် နင်တစ်နေ့ လင်မယူဘဲနေမှာ မဟုတ်မှ ဟုတ်တာ၊ အဲဒါ ငါက ကြိုပေးထားတာ၊ ဟင်း ... ငါလို ကြိုကြိုတင်တင် ဆုပေးတတ်တဲ့လူများပဲ ရှာပါဦး ... "

မြခင်သည် ရှက်သွေးကလေးဖြာ၍ သွားလေသည်။ သို့သော် စိတ်ထဲမှာတော့ ချစ်သူကိုတွေး၍ ပီတိဖြာမိသည်။

သူသည် ချည်ထုပ်ကိုရွက် လက်ဆွဲခြင်းကို ဘယ်ဘက်လက်မောင်း တွင်ချိတ်၍ ရွာရိုးလျှောက်ခဲ့သောအခါ၌ အိမ်ထောင်ကို စိတ်ကူးနေသော အရွယ်လည်းဖြစ်၊ မောင်ခွေးက ဆုပေးလိုက်သည်လည်းရှိ၍ ရွာရှိအိမ် အခြေအနေကို သတိထားကြည့်မိလာလေသည်။

မြခင်သည် မြန်မာပြည်လွတ်လပ်ရေးရပြီးစ ပြာပုံဘဝ၌ ကြီးပြင်းခဲ့ သည်။ သူ ၈ နှစ်၊ ၉ နှစ် သမီးအရွယ်အထိကား ရွာ၏အခြေအနေမှာ သည်သို့မျှတိုးတက်ပြောင်းလဲမှု မရှိသေးချေ။ လယ်မြေဝေခြမ်းရေးတို့ ပြုသော်

www.burmeseclassic.com



**လိုက်ရ၏။** သို့သော် သူ့မိဘများမှာ လယ်လုပ်စားသူမဟုတ်၊ လယ်ကူ
**လုပ်သားမျှ**သာဆို၍ လယ်မရလိုက်၊ ရွာမှာ ပါတီနှင့်ကပ်၍ လည်သူများ
**သာ** လယ်ကို လည်သလိုရရှိကြကုန်သည်။ သာမန်လူတို့မှာ လယ် ၅ ဧ
ကိုပင် ဟိုတစ်ကွက် သည်တစ်ကွက်မှ ကုန်းလယ်တွေ၊ ရေနစ်ကွင်းဖေ
ရကုန်ကြသည်။

မြခင်သည် ၁၀ နှစ်၊ ၁၁ နှစ်သမီးအရွယ်၌ နိုင်ငံရေးအစိုးရမဟု
အိမ်စောင့်အစိုးရဆိုတာ ကြားသိလိုက်ရပြီး ထူးထူးခြားခြား ရွာမှာ အဝီစိတွ
တွေလာတူးသည်။ ဓာတ်တိုင်တွေစိုက်၍ လျှပ်စစ်မီးကြိုးတွေသွယ်သည်
ယခု ရွာခြေအိမ်တွေမှာ လျှပ်စစ်မီးရောင်တွေလင်း၍ အဝီစိတွင်းရေဖေ
သုံးနေရသည်။

သည်နောက် တော်လှန်ရေးအစိုးရဆိုတာ ကြားသိရပြန်ပြ
စည်းစနစ် လုပ်ငန်းတွေ တရကြမ်းပြောင်းသည်ကို ကြုံတွေ့ရတော့သည်
ယင်းပြောင်းလဲချက်တို့ကား မိမိတို့ဆင်းရဲသားတွေအဖို့ အကောင်းချည်
ဖြစ်နေ၏။ ကိုယ်တွေ့သိရ၏။

ဆင်းရဲသားတွေအဖို့ တကယ်တမ်းထိရောက်သည့် ပထမဦးဆုံးမိ
ကိန်းကား လယ်သမားတွေကို လယ်တစ်ဧကလျှင် ၂၅ နှုန်း၊ ယခင်
အမတော်ကြေးခေါ် စိုက်ပျိုးရေးစရိတ်နှင့် စပါးကြိုတင်ဝယ်ငွေတို့ကို ရက်ရေ
စွာပေးခြင်းပင် ဖြစ်သည်။ ဤပုံစံကား တော်လှန်ရေးအစိုးရဆိုသည်နှင့်အ
ခေတ်နှင့်စနစ်ကို တော်လှန်ပြောင်းလဲလိုက်ခြင်းပင် ဖြစ်ပေ၏။

ယခင် နိုင်ငံတော်အစိုးရလက်ထက်တွေတုန်းက အမတော်ကြေ
မပေးဘူးတော့မဟုတ်ပါ။ ပေးပါ၏။ သို့သော် ကျွန်ခေတ်ကစနစ်အတိုင်
တစ်ဧက ၅ ကျပ်နှုန်းကို လယ်သမားလက်ထဲရောက်ဖို့က လွယ်ကူလှသည်
မဟုတ်ဘဲ အမြီးဖြတ် ခေါင်းဖြတ်နှင့် လယ် ၅ ဧကသမားသည် ငွေ ၂၅
ကျပ်မျှပြည့်အောင် ရကြသည်မဟုတ်။ သဟာနှင့် ထိုခေတ်က ဘွဲ့ရ ရာထူ
ကြီးပုဂ္ဂိုလ် (သူ့လယ်တွေအမြောက်မြားစွာ ဝေခြမ်းရေးထဲပါသွားသူ) တစ်ဦ
က တိုင်းကျော်ပြည်ကျော် မိန့်ခွန်းခြွေခဲ့ဖူးသည်။

"တောသူတောင်သားတွေဟာ ဘယ်လိုပဲ ဝေခြမ်းရေးတွေလုပ်လုပ်



အမတော်ကြေးတွေ ထုတ်ပေးပေး၊ ဘယ်ကောင်းစားနိုင်ကြပါ့မလဲ။ **ကြည့်ပါ**
လား၊ အမတော်ကြေးပေးတဲ့ငွေကို အိမ်ရောက်အောင် အကုန်ပါကြတဲ့လူတ
နည်းပါတယ်၊ ခေါက်ဆွဲဆိုင်ဝင်ပြီး ကဖော်သောက်ပစ်ကြတာနဲ့ သူတို့ဝယ်
ချင်တာ ဝယ်ပစ်ကြတာနဲ့ ဇိကုတ်လို့ နတ်ပြည်တင်ချင်တိုင်း မဖြစ်နိုင်ဘူး"

ဤသဘောအဓိပ္ပာယ်သက်သော စကားမျိုးကို ပြောခဲ့ဖူးသည်။

မှန်၏။ တောသားမြို့ရောက်၊ ရသောအမတော်ကြေးကို ခေါက်ဆွဲ
ဆိုင်မှာ ကဖော်သောက်၏။ လိုချင်တာဝယ်ပစ်၏။ လယ် ၅ ဧကအတွက်
ငွေ ၂၅ ကျပ်မျှပြည့်အောင်မရတာကို မြို့တက်ပြီး တတန်တက လာယူရတော့
သူ့ငွေ ဆင့်ပါးစပ်နှမ်းပက်လောက်ကို လယ်စရိတ်တွင် မည်သို့သုံးပါမည်
နည်း။ မြို့ရောက်ခဲလှသော လယ်သမားအား တစ်နှစ်တစ်ခါ မြို့တက်ပြီး
ပျော်ပွဲစားခိုင်းတာနှင့် တူနေတော့သည်ကို။

ယခု တော်လှန်ရေးအစိုးရစီမံကိန်းကား တစ်ဧက ၂၅ ကျပ်ကို
တိကျမှန်ကန်စွာ ရွာသို့အရောက်လာပို့သည်။ သည်တော့ မည်မျှခရီးရောက်
ပါသနည်း။ လယ်သမားနှင့် လယ်လုပ်သားတို့မှာ ငွေကြေးချောင်လည်ကြ၍
ပျိုးနုတ်ခ၊ ကောက်ရိတ်ခပင် အကြွေးစနစ်မရှိတော့ပြီ။ လက်ငင်းငွေချေကြ
လေပြီ။

ဟိုယခင် ခေတ်အဆက်ဆက်ကမူ (စာရေးသူ မီခဲ့သမျှ) ပျိုးနုတ်ခ၊
ကောက်စိုက်ခ၊ မြက်နုတ်ခ၊ ကောက်ရိတ်ခ စသည်တို့ကို ငွေကြေးနှင့်
လက်ငင်းပေးသည်ဟူ၍ မရှိခဲ့ကြ။ စပါးပေါ်မှ စပါးကိုပေး၊ သို့မဟုတ်
ထိုစပါးဖိုးနှင့်ညီမျှသော ငွေကိုပေး။

သည်တော့ ဆင်းရဲသား၊ လယ်လုပ်သား၊ ကူလီတို့ မည်သို့[illegible]
ပါသနည်း။ စပါးပေါ်သော် မိမိတို့ရကြမည့် လုပ်အားအတွက် [illegible]
ကို ရည်ညွှန်း၍ ကျေးရွာရှိကြေးရတတ်တို့ထံမှာ [illegible]
တင်းတိုးချေးရသည်။ စပါးပေးနှင့် တင်းတိုးအကြောင်းကို [illegible]
သိပြီးဖြစ်ကြပေမည်။ သည်တော့ လယ်လုပ်သားသည် [illegible]
တစ်ဝက်ခသာ ရယူခြင်းဖြစ်နေသည်။

ဥပမာ လယ်လုပ်သား ခေါင်ချည်းသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



မီးလုပ်ခဲ့ ပေါ်းပေါ်လျှင် ၁၀ တင်း ရစရာရှိ၏။ သို့သော် စပါးမပေါ်မီ မောင်မည်းမှာ စားစရာသုံးစရာ မရှိတော့။ မြေရှင်ဦးဖြူထံမှာပင် စပါးပေး ၅ တင်းဖိုးနှင့် တင်းတိုး ၅ တင်းတွက် ယူရ၏။ စပါးပေါက်ဈေး ၃၀၀ ဖြစ်ခဲ့သော် စပါး ၅ တင်းဖိုး ၁၅ ကျပ်ကို မောင်မည်းမှာ ၇ ကျပ်ခွဲသာရ၏။ တင်းတိုးစပါးပေါ်မှ ၅ တင်းထွက်သည်။ မောင်မည်း ၂ တင်းခွဲ (လွန်လှ ၃ တင်း) သာရ၏။

ဒါကို ဦးဖြူကလည်း မတရားဟုမထင်၊ မောင်မည်းကလည်း နစ်နာလှသည်ဟု မတွက်ဆ၊ မိရိုးဖလာက ထုံးတမ်းစဉ်လာကြီးပဲဟု အတည်ပြု ထားခဲ့ကြသည်။ ယခုမှ ဤထုံးတမ်းစဉ်လာဆိုးကြီး ပျက်စီးရလေပြီတည်း။

ယင်းကား တော်လှန်ရေးအစိုးရ၏ လယ်ယာစီမံကိန်းအရ လယ်စိုက်ပျိုးစရိတ်နှင့် စပါးကြိုတင်ငွေတို့ကို ရက်ရောစွာထုတ်ချေးခြင်း၏ အကျိုးကျေးဇူးတည်း။

ဟိုယခင် ယင်းသို့ ထုတ်မချေးမီကမူ မြေယာဝေခြမ်းရေးမှ လယ်ဧကလေးတွေ အသီးသီးရကြသော်လည်း မိုးဦးကျပဟော့ ... ကဲ လယ်ထဲဆင်းကြဆိုတော့ အချို့ နွားလည်းမရှိ၊ မျိုးစပါးမှလည်း နတ္ထိဖြစ်ကြသဖြင့် ဖော်ပြပါ မြေပိုင်ရှင်ကြေးရတတ်တို့ထံမှပင် စပါးပေး တင်းတိုးတွေ ယူရလေရာ စပါးပေါ်၍ တလင်းကျေသောအခါ၌ မိမိတလင်းထဲမှာ ထွန်ခြစ်နှင့် ကောက်ဆွသာ ကျန်ခဲ့တော့သည့်အပြင် ကြွေးလည်းတင်နေချေသေးတော့။

သဟာနှင့် ကိုယ့်အခြေမရှိဘဲနှင့် လယ် ၅ ဧက ရကြသူတို့မှာ မနိုင်ဝန်ထမ်းရသကဲ့သို့ ဖြစ်နေကာ မြေယာဝေခြမ်းရေး၏ အရသာလည်းမတွေ့ ဖြစ်ကြလျက် စိတ်ပျက်လက်ပျက်နှင့် အခြေခံရှိသူ နီးစပ်ရာလူကို ရသမျှ လယ်ဧကလေးနှင့် လက်သိပ်ထိုး အပ်နှင်းလုပ်ကိုင်စေရတော့သည်။ မိမိတို့ကား ဟိုတုန်းကအတိုင်း မျောက်လောင်း မျောက်လောင်း။

ယင်းသို့ရှိနေစဉ် တော်လှန်ရေးအစိုးရက လယ်တစ်ဧက ၂၅ ကျပ်နှုန်း ရှာသို့ အရောက်လာပို့သော စီမံကိန်းကို ချမှတ်လိုက်သောအခါ၌ ၅ ဧကသမား ၁၂၅ ကျပ်။

ဟင် ... လယ်မြေဝေခြမ်းရေးမှ ၅ ဧကရကြသော လူတန်းစားတွေ



မိုးဦးကျတိုင်း ကျတိုင်း ငွေတစ်ရာနှစ်ဆယ့်ငါးကျပ်ကြီးတောင် လက်ထဲလုံးခနဲ ကိုင်ရတယ်ဆိုလေတော့ စိတ်ကူးမျှ မထည့်ခဲ့ဖူးတဲ့ အခွင့်အရေးကြီး။ ဟယ် ကိုယ့်လယ် ၅ ဧကတွေ ကိုယ်ပြန်လုပ်လိုက်ကြတာ တစ်ရွာလုံး ရာခိုင်နှုန်းများစွာက လယ်သမားကြီးဖြစ်ကြလေတော့ လယ်လုပ်သားကနည်းအသွား ... ဒီတော့ နုတ်ချိန်၊ စိုက်ချိန်၊ ရိတ်ချိန်၊ လုပ်သားအရင်ရအောင် လုကြရင်းနှင့် လုပ်ခတွေ ငွေနှင့် လက်ငင်းပေးရသောစနစ်သို့ တစ်ပြိုင်တည်း တစ်ချက်တည်း ပြောင်းလဲသွားရလေတော့သတည်း။

ဤကား ကျေးရွာဒေသတွင် တော်လှန်ရေးအစိုးရ၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ဆောင်ကြဉ်းသည့် အောင်ခြင်းပထမတည်း။

ထိုမှတစ်ဖန် ဂုံနီစိုက်ပျိုးခြင်းနှင့် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းများကို စီမံထုတ်ဖော်အားပေးခြင်းများ ပြုလုပ်ပြန်လေရာ ကျေးရွာသားတို့မှာ လွန်စွာဝင်ငွေကောင်းကြလျက် နေအိမ်တွေပါ ပြောင်းလဲတိုးတက်လာကြတော့သည်။

အိမ်ထောင်ကို စိတ်ကူးယဉ်နေပြီဖြစ်သော မြခင်လေးသည် ပြည်သူ့ဆိုင်မှအပြန် ရွာရိုးလျှောက်ကြည့်နဲ့ရာ ယခင် ဝါးဘိုးတိုင်သက်ငယ်မိုးမှ ကျွန်းတိုင်သွပ်မိုးသို့ ပြောင်းလဲသွားကြသည်များ၊ ဟောဒီ ၄-၅-၆ နှစ်အတွင်းကလေးမှာ ကြည့်စမ်း၊ မိမိအနီးပတ်ဝန်းကျင်မှာပင် ကိုမောင်သင်လေးအိမ်၊ ကိုစကင်းအိမ်၊ ကိုပုတိုအိမ်၊ ကိုကျော်ခင်အိမ်၊ ကိုတင်အုန်းကြီးအိမ် စသည်ဖြင့် ...။

နောင်လည်း ပြောင်းဆဲပြောင်းလဲမည့်သူတွေ ရှိသေး။ ယင်းအစုမှာတွင် မိမိတို့အိမ်လည်း ပါဝင်၏။

အကြောင်းမူ တစ်နေ့သ၌ အဖေနှင့်အမေသည် သေတ္တာထဲမှာ ငွေစက္ကူများကို ကိုင်တွယ်ရေတွက်ကြပြီး တိုင်ပင်နေသည်ကို ကြားလိုက်ရသည်။

အမေ "ဖအေကြီးရေ၊ ကျုပ်တို့လည်း အိမ်ပြင်ဆောက်ရအောင် နော်ပြီ"

အဖေ "အေး ... ဟုတ်သကွယ်၊ ငါ့ အစ်ကိုကိုအောင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



**ဆောင်းတန်**တောင်းပါရဲ့ ... ”

**အမေ** “အလကားတောင် ထားနေရတယ်၊ ပိုက်ဆံပေးမယ်ဆိုတော့ **ဝမ်းသာ**င်သာမှာပေါ့ ဖအေကြီးရဲ့ ... ”

အမေ “ကဲ ... မြေရပြီဆိုပါတော့၊ အိမ်က ဘယ်လောက်ကုန်မှ တင့်တင့်တယ်တယ် ဖြစ်မယ်မသိဘူး ... ”

အမေ “အခု မောင်တင်အုန်းကြီး ဆောက်နေတာ သစ်နဖားရွာက မောင်ကြွေတို့ဦးလေး ဝယ်ပေးတာ၊ ဟိုက ဒီအရောက်ပို့ ၆၀၀ိ ပဲကျတာ၊ သစ်သားထည်အပြည့်၊ ကိုယ်က ဒီကသွပ်မိုးနဲ့ ဆောက်ခပဲ၊ မောင်ကြွေ့ကို သူ့ဦးလေး မေးနိုင်းကြည့်ရဦးမယ် ... ”

အမေ “အောင်မာလေး ရပါတယ်တော်၊ သစ်နဖားရွာသားတွေက ဒီလိုပဲ အိမ်ဆောက်ပြီး ရောင်းစားနေကြတာပဲ ... ”

မြခင်သည် ဤစကားများကို ပြန်လည်ကြားယောင်ကာ စိတ်ကူး ယဉ်စွာနှင့် အိမ်ပြန်ခဲ့လေသည်။

## အပိုင်း(၂)

### ကျေးရွာများသို့ ဖွတ်ဘိုးအေများ ရောတ်လာခြင်း

ကျေးရွာဒေသများသို့ ကိုယ်တိုင်လာရောက်ပြီး ငွေများ ရက်ရော စွာ ချေးသည်ကား ယခု တော်လှန်ရေးအစိုးရလက်ထက်ကျမှ မဟုတ်သေး။ ဟိုယခင် ယခု တော်လှန်ရေးကောင်စီဝင်များပင် ကလလရည်ကြည် သန္ဓေ မတည်မီက ကျေးရွာသားများ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါ၏။

ယခု ဒီအစိုးရချေးတာ တစ်ဧကေ ၂၅ ကျပ်နှုန်း၊ ဟိုယခင် ချေးသူများ က ဘယ်ကလိမ့်မှာတုံး၊ နို့ပြီး ယခု အစိုးရက စပါးပေါ်လျှင် ပြန်ဆပ်ရ သည်။ မဆပ်လျှင် ကျွက်စီကျွက်စီ လုပ်တတ်သည်။ ယခင် ကျေးစူးရှင်များ က ဒီလိုမလုပ်ဘူးခင်ဗျာ။ မြန်မြန်ဆပ်မှာတောင် စိုးနေသေး၊ ကြာလေကြိုက် လေဖြစ်သော ပုဂ္ဂိုလ်များပါတကား။ ၎င်းတို့ကား ချစ်တီးကုလားများ ဖြစ်ကြ



လေသည်။

အိန္ဒိယပြည် မဒရပ်မြို့နယ်များမှ လာရောက်သော ချစ်တီးကုလား တို့သည် မြန်မာပြည် အင်္ဂလိပ်မင်းလက်အောက် လွှန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော် ၇၀ လောက်ကပင် မြန်မာပြည်ရှိ မြို့ကြီးမြို့ငယ် အသွယ်သွယ်သို့ ဝင်ရောက်ပျံ့နှံ့ခဲ့ကြသည်။ ၎င်းတို့လုပ်ငန်းကား အပေါင်ခံ၍ ငွေတိုးချေးငှား ခြင်းပင်။

ဤဝတ္ထုတစ်နေရာ၌ ဖော်ပြခဲ့သည့် တောသူတောင်သားတို့၏ လုပ် အားကို ကုပ်သွေးစုတ်ရန်ဖြစ်ကြသော ရက်ကန်းချည်ပုံပေး တရုတ်တို့သည် ဗုဒ္ဓဘာသာဝင်များလုပ်ကြကာ ရွာတွေရှိ ဘုန်းကြီးကျောင်းများသို့ သွားရောက် ဥပုသ်စောင့်ခြင်း၊ လှူဒါန်းခြင်းဖြင့် ကျေးရွာလူကြီးလူကောင်းများနှင့် မိတ်ဆွေ သင်္ဂဟများဖြစ်ကြကာ သူတို့လုပ်ငန်းကိုတိုးချဲ့ထွင်သည်။ ချစ်တီးကုလား တို့ကား ဘာသာရေးအခြေခံကြီးသူများဖြစ်ကြ၍ ဘုန်းတော်ကြီးကျောင်းများ သို့ ဦးမလှည့်ကြဘူး၊ မြို့ပေါ်ရှိ မြေစာရင်းဌာနရုံးမှ မည်သည့်ရွာတွင် မည်သူ မည်ဝါ လယ်ဧက မည်မျှရှိကြသည်ကို ကြည့်ရှုကြပြီးနောက် သူတို့နှင့် ပေါင်း၍သင်း၍ ရနေပြီဖြစ်သော ဗမာဒလန်တစ်ယောက်ယောက်နှင့် လယ် ပိုင်ရှင်အိမ်သို့ တိုက်ရိုက်ပင် လာရောက်မိတ်ဖွဲ့တတ်ကြလေသည်။

“ကျွန်တော်တို့က ချစ်တီးသူဌေး အာရနကြီးတိုက်က စာရေး ကလေးတွေပါအစ်ကို၊ အစ်ကိုတို့လို လုပ်ငန်းကြီးကြီးလုပ်တဲ့ လူကြီးလူ ကောင်းတွေ အလုပ်တိုးချဲ့ဖို့ ငွေများလိုရင် ကျွန်တော်တို့သူဌေးက အနည်းဆုံး အတိုးနဲ့ ချေးဖို့ လွှတ်လိုက်ပါတယ် အစ်ကို၊ သူ့အကျိုးကိုယ့်ကျိုး **အစ္စာပရ** နစ်ဝ အကျိုးရှိဖို့ပေါ့ အစ်ကို”

၎င်းတောလိုက်စာရေးခေါ် ချစ်တီးကုလားတို့ကား မြန်မာ**စကားကို** ရေရေလည်လည် တတ်ကြပြီးဖြစ်သည်။

မိမိအိမ်ပေါ် ငွေတက်ပေးနေတယ်ဆိုတော့ မယူချင်သူ [illegible] လားခင်ဗျာ။

“ဟော့ မင်းတို့အနည်းဆုံးအတိုးက ဘယ်လောက်[illegible]**ဆိုပါဦး**” ဟု မေးလိုက်ပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



"မများပါဘူး အစ်ကို၊ ၁၀ဝိ မှ တစ်လကို ငါးမတ်ပါ။ ချစ်တီးတိုက်တွေမှာဆိုရင် နှစ်ကျပ်ထက် မအောက်ပါဘူးအစ်ကို"

မြို့ပေါ် ချစ်တီးတိုက်တို့တွင် နှစ်ကျပ်၊ နှစ်ကျပ်ခွဲတိုး ဖြစ်နေတာလည်းမှန်၏။ ယခုမှ သူကပတ်ပျိုးမို့ အတိုးကလေးနှင့် စလုံးရေ စခြင်းဖြစ်၏။

သည်တော့ မြေပိုင်ရှင်ကြီးက ...

"ဟယ် ... တစ်ကျပ်တိုး မရဘူးလားကွ" ဟုဆစ်အံ့။

"ရပါတယ်အစ်ကို၊ အစ်ကိုလိုချင် ကျွန်တော်သူဌေးကို ပြောပေးမှာပေါ့" ဟုလျှော့၍လာ၏။

အကယ်၍ လယ်ရှင်က ...

"အို ... ငါ မင်းတို့အတိုးတွေနဲ့ မချေးချင်ပါဘူးကွာ၊ ငါ့မှာ အသုံးထွေထွေထူးထူးလည်း မရှိသေးပါဘူး" ဟု ငြင်းဆိုစေဦးတော့၊ ချစ်တီးသည် ရောက်မိမှဖြင့် လက်လွှတ်မခံတော့ပေ။

"ဒါပေမဲ့ အစ်ကို၊ ကျွန်တော်တို့မှာ အခုပါလာတဲ့ ငွေ ၃၀၀ ယူထားလိုက်၊ အစ်ကို ချေးတာမဟုတ်ဘူးနော်၊ ကျွန်တော်တို့က အစ်ကို့ကို ယုံလို့ အပ်ခဲ့တာ၊ နောက်တစ်ခါ ကျွန်တော်တို့လာတော့မှ အစ်ကို သုံးစရာမရှိဘူးဆိုလည်း ပြန်ပေးပေါ့"

"ဟဲ့ ... ဒီအတွင်း ငါသုံးမိရင်ကောကွာ အတိုးပေးနေရဦးမှာလား"

"အား ... အစ်ကိုကချေးတာမှ မဟုတ်တာ၊ အစ်ကိုသုံးမိတောင် ဒီလအတွက် အတိုးမပေးရပါဘူး အစ်ကိုရယ်"

"အေး ... ငွေဆိုတာလက်ထဲရှိနေရင် သုံးမိတတ်လို့မေးရတာကွ"

"ဟုတ်ပါတယ် အစ်ကို... ကိစ္စပါဘူး၊ အစ်ကို အကျိုးဖြစ်ထွန်းမယ်ဆိုရင် သုံးပေါ့၊ နောက်အလိုရှိလည်းပြောပါ၊ ကျွန်တော့်နာမည် ဆာမိခေါ်ပါတယ်၊ နောက်တစ်လကျော်ရင် ကျွန်တော်အစ်ကိုတို့အိမ် လာလည်ပါဦးမယ်၊ ဒါနှင့် အစ်ကို့ခြံထဲမှာ ငှက်ပျောပင်များ မရှိဘူးလား"

"အရှေ့ဘက်ခြံထဲမှာ ရှိပါ့ကွာ၊ ဘာလို့လဲ ..."

"ကျွန်တော်တို့က ငှက်ပျောဖတ်နှင့် ထမင်းစားတယ်မဟုတ်လား



အစ်ကို"

"အေး ... ကြိုက်သလောက်ခုတ်သွားစမ်းကွာ၊ ဟော့ ဖြေ့၊ ခြံထဲကို ကုလားတွေလိုက်ပြလိုက်စမ်းကွာ ... ဓားလည်းယူသွား"

ချစ်တီးဆွာမိသည် ဤရွာ၌ ဂုဏ်သိက္ခာသမာဓိရှိသည်ဟု ထင်ရှားသော လယ်ပိုင်ရှင် ကိုဖိုးဆင်ထံတွင် ငွေ ၃၀ဝိ လက်လွှတ်စပယ်ထားခဲ့၍ ကိုဖိုးဆင်ခြံမှ ငှက်ပျောဖက်စည်းတစ်လိပ်ကို သူတို့ချစ်တီးလှည်းပေါ်တင်ကာ မြို့သို့ ပြန်သွားလေသတည်း။ ပဏာမသပ်လျှိုပစ်ခဲ့ခြင်း။

ချစ်တီးများပြန်သွားလတ်သော် ကိုဖိုးဆင်နှင့်ဇနီးမဖြရင်တို့ တီးတိုးစကားပြောကြလေသည်။ စုတ်ဝင်မည်၊ လာဘ်ဝင်မည်ဟု တောရွာဒေသအလျောက် အခါအခွင့်သင့်တိုင်း ဗေဒင်မေး၍ ဟောထားတာကလည်း ရှိသည်။ လူမျိုးခြား မ စမည်ဟု ဆိုစကားလည်းရှိ၏။ ယင်းခေတ်တွင် ချစ်တီးတွေက ငွေကို အတင်းလိုက်ချေးနေချိန်ဖြစ်၍ ဗေဒင်ဆရာတွေကလည်း ဤသို့ဟောရန် သိနေသည်လည်းဖြစ်နိုင်၏။

လက်ထဲတွင်ငွေရောက်က ဘယ်သူသည် မသုံးဘဲအောင့်အည်း၍ နေနိုင်အံ့နည်း။ ဈေးရောင်းဈေးဝယ် ဝါသနာပါသော ဒေါ်မြရင်က အောက်အရပ်မှ ငါးပိများကို မှာယူရန်စိတ်ကူးရလေ၏။ ကိုဖိုးဆင်က သဘောတူလေ၏။

ငါးပိများရောက်လာပြီးနောက် အရိုင်းကို ဆန်ကွဲဆန် နှစ်ဆထိုးကာ ပြုပြင်၍ စဉ့်အိုးထဲသိပ်ပြီး လက်လီရောင်းရာ လွန်စွာ တွက်သားကိုက်လေ၏။

ယင်းသို့ရှိနေစဉ် ချစ်တီးဆွာမိသည် တစ်လလောက်ရှိသည်၌ သူ့စကားအတိုင်း ကိုဖိုးဆင်အိမ်သို့ ရောက်လာ၏။ ကိုဖိုးဆင်ကဆီးတဲ့၍ "ဟော့ ဆွာမိရ ... တစ်လစေ့လို့ မင့်ငွေပြန်တောင်းရအောင် လာပြီလားကွ ..."

ဆွာမိက ပျာပျာသလဲ "ဟာ ... မဟုတ်ပါဘူးအစ်ကို၊ ကျွန်တော်ဖြင့် ဒီငွေကို သတိတောင်မရပါဘူး" ဟုဆိုပြီး သူနှင့်ပါလာသော ထမင်းချက်ကုလားအား ချစ်တီးလိုပြောလိုက်သည်၌ ထိုကုလားက သူတို့ချစ်တီးလှည်းပေါ်မှ တောင်းတစ်လုံးကိုချသည်။ ၎င်းတောင်းထဲ၌ ချက်ပြုတ်ရန် အိုးချက်ရေတတ်၊ ကြက်သွန်၊ ဆီ၊ ဆားနှင့် ကြက်အရှင်များပါလေရာ ဒါတို့ကြည့်၍

www.burmeseclassic.com



**ကိုဖိုးဆင်က —**

"အေး … မင်းတို့က ကြက်အရှင်လည်လှီးပြီးမှ စားကြတယ်နော်"

လူ့အရှင်လတ်လတ်ကိုပင် သွေးစုတ်ရန် လာရောက်ကြိုးပမ်းနေသော ချစ်တီးကုလားအား ဗမာပီပီ တရားသံပါပါလေးပြောတော့ ဆွာမိက အလွန် နှိမ့်ချသော အသံဖြင့် …

"အစ်ကိုရယ် … ဒါက ကျွန်တော်တို့လူမျိုးထုံးစံဖြစ်နေတာကို ခွင့်လွှတ်ပါနော်၊ အစ်ကိုတို့လည်းစားရအောင်လို့ ကျွန်တော် ပိုပိုမိုမို ဝယ်ခဲ့ပါတယ်"

ဇာတ်ရှိသောကုလားလူမျိုးတို့သည် လူမျိုးခြားချက်သော အစားအစာများကို လက်ဖျားနှင့်မှ မထိကြ။ ကျွန်ုပ်တို့ဗမာများကား ဘာကောင်ကြီးကပဲ ချက်ချက် ကောင်းလျှင် ဟဲကြသည်သာ။ ချစ်တီးကုလားချက်သော ကြက်သားဟင်း၊ ပဲဟင်းနှင့် ခရမ်းသီးကြော်တို့သည် တောရွာမှ ကိုဖိုးဆင်တို့အိမ်သားများ ခံတွင်းတွင် မဆလာနံ့ပြင်းပြင်းနှင့် တစ်မျိုးထူးခြားလေသည်။ ချစ်တီးဆွာမိတို့သည် မိတ်ဆွေရင်းချာဖြစ်ရန် တမင်တကာ လာရောက်ချက်ပြုတ်ကျွေးမွေးသည်ဖြစ်သော်လည်း သူတို့သည် မြန်မာလူမျိုးများနှင့် ထမင်းလက်ဆုံစား၍တော့ မဖြစ်ကြ။ သူများပန်းကန်ခွက်ယောက်ကိုလည်း မထိလို၍ သူတို့က ငှက်ပျောဖက်ထဲ စုပုံထားကြပြီး ကိုဖိုးဆင်တို့အိမ်သားများကို ဟင်းသတ်သတ်ခပ်၍ ပေးလေသည်။

ဆွာမိက ပျော်ပွဲစားသက်သက်လာတာပါ၊ ဟိုငွေကိစ္စ သတိတောင် မရပါဘူးဟုဆိုသော်လည်း ငွေကျွံနေပြီဖြစ်သော ကိုဖိုးဆင်တို့ကပင် စပြောရလေသည်။

ငွေသည် ငါးပိဖြစ်လေရာ ရောင်း၍တော့မြတ်နေပါ၏။ သို့သော် အချို့ အကြွေးနှင့်၊ ငါးပိကလည်း မကုန်သေးသဖြင့် ငွေရင်းပြန်မပေါ်သေးလေရာ ကိုဖိုးဆင်သည် ထမင်းစားပြီး အေးဆေးစွာ သွားကြားထိုးရင်း …

"ဆွာမိရေ … မင့်ငွေတော့ တို့ပြန်မပေးနိုင်သေးဘူးဟေ့၊ အသုံးကလေး ပြုထားသကွဲ့ … "

"အာ … အစ်ကိုကလည်း ဒါပဲပြောနေ၊ ကျွန်တော် ဒီကိစ္စလာတာ



တုတ်ပါဘူး ပြောနေမှပဲ"

"ဒါဖြင့် အဲဒီငွေ ဘယ်လိုထားမလဲ"

"ကျွန်တော် အရင်ထဲက ပြောခဲ့ပြီကော၊ တစ်လ အတိုးမယူပါဘူးလို့"

"ဒါဖြင့် အခုရော့တော့ ယူတော့မယ်ပေါ့၊ ဟဲ … ဟဲ"

"ဒါတော့ အစ်ကိုရယ် … ကျွန်တော်တို့မှာက ဒီအတိုးကလေးရမှ စားရတာပဲ၊ အစ်ကိုတို့က ကျွန်တော်တို့ငွေ ယူရင်းပြီး တစ်ရာလောက်မြတ်မှ တစ်ကျပ်လောက် အတိုးပေးရတာပါပဲ"

"ဒါဖြင့် မင်း တစ်ကျပ်တိုးနဲ့ပဲထား"

"ထားပါတယ် အစ်ကိုရယ် … ထားပါတယ်၊ အစ်ကို နောက်ထပ်လိုချင်လဲပေးဖို့ ဟောဒီမှာ ပါ ပါသေးတယ်" ဟု ငွေခေါက်ကြီး ထုတ်ပြ၏။

"အင်း … ၁၀၀ိ မှ ၁ိ တိုး၊ ကိုယ့်ရွာထဲ ရွှေပေါင်ခံတောင် ၂ ကျပ်တိုးလောက် ရနေတာ၊ နို့ပြီး စပါးပေးချေးရရင်ကော" တောသား ကြေးရတတ်တို့၏ အမြတ်ကြီးစား စိတ်ဓာတ်ဝင်လာကာ လင်မယားနှစ်ယောက်တိုင်ပင်ပြီးသကာလ ငွေ ၅၀၀ိ ပြည့်လေအောင် နောက်ထပ် ဆွာမိထံမှ ယူလိုက်လေသတည်း။

ဤကား ကျေးရွာလယ်ပိုင်ရှင်များအား ချစ်တီးကုလားက မည်သို့တောင် အပင်းသွင်းသည်ကို အကျဉ်းမျှ ဖော်ပြခြင်းဖြစ်ပါသည်။ ၎င်းအပင်းကလေး ၄–၅၀၀ိ မှသည် သူတို့၏ကြွေး အတိုးရော အရင်းပါက ထိုလယ်ရှင်၌ရှိသော လယ်များ၏ ခေတ်ပေါက်စျေးနှင့် ညီသည်အထိ ချဲ့ထွင်ကာကြိုးရှည်ရှည်နှင့် မျှားထားပြီးသကာလ နောက်ဆုံးတွင် အရင်းရှင် ဥပဒေ ဓိုက်ကွန်ဖြင့် ကျုံး၍ ဆွဲတော့မည်ဖြစ်ပေ၏။

ထိုစဉ်အခါတွင် (ဤဝတ္ထုအခြေခံရာ) ကျေးရွာကြီးတွင် ယခုထဲသို့ အိမ်ခြေ ၅၀၀ မကျော်သေး၊ ၃၀၀ မျှသာရှိခဲ့ရာ ဤ ၃၀၀ ခန့်တွင် [illegible] လေးငါးအိမ်က လယ်ပိုင်ရှင်ကြီးငယ်များဖြစ်ကြ၍ အကျန်များက လယ်လုပ်သူများသာဖြစ်ကြလေ၏။

ယင်း လယ်ပိုင်ရှင်ကြီးများအနက်မှ သည်ဝတ္ထု[illegible]

www.burmeseclassic.com





**လူကြီး ၃ ယောက်၏အမည်ကို ဖော်ပြမည်။**

**ဦးမာဒင်၊ ဦးစံရင်၊ ဦးဖိုးဆင်**

ဦးဖိုးဆင်ကား အခုနပင် ချစ်တီးကုလားက သူ့အား ငွေအပင်းသွင်း သွားပုံကို စံပြအဖြစ်နှင့် ဖော်ပြခဲ့သူဖြစ်သည်။ ဦးစံရင်ကား သေဆုံးခဲ့လေ ပြီ။ ဤဝတ္ထုဇာတ်ဆောင်တစ်ဦးဖြစ်သူ ကိုဘအေး၏ဖခင်ဖြစ်သည်။ ဦးမာဒင် ကား မလှရွှေ၏အဖေဖြစ်၍ ဝတ္ထုအစ၌ ကျေးရွာသမဝါယမဆိုင်ထဲတွင် ဆင်နှစ်ကောင် ဆေးပြင်းလိပ် လာဝယ်သော အဘိုးကြီးဖြစ်ကြောင်း စာဖတ် သူ ရိပ်မိကောင်းပါသည်။

သူတို့ ၃ ယောက်သည် ဟိုယခင် ကိုမာဒင်၊ ကိုစံရင်၊ ကိုဖိုးဆင် ဟု ခေါ်ရစဉ် အရွယ်တုန်းက ရွာနီးပတ်ဝန်းကျင်တွင် ကျော်စောထင်ရှားသော 'တောသူဌေး' ခေါ် မိရိုးဖလာ လူချမ်းသာမြေပိုင်ရှင်များ ဖြစ်ခဲ့ကြကုန်၏။ ဦးစံရင်သည် ဦးဖိုးဆင်ထက်ကြီး၍ သူတို့က ဆွေမျိုးတော်ကြသည်။ ထို့ကြောင့် ကွယ်လွန်သူ ဦးစံရင်သား ကိုဘအေးက ဦးဖိုးဆင်အား 'အစ်ကို ဖိုးဆင်' ဟု ခေါ်ခြင်းဖြစ်သည်။ ဦးမာဒင်နှင့်ကား သွေးသားမစပ်ကြ လှူစရာအပြိုင်၊ လုပ်စရာအပြိုင်၊ စီးပွားရေးပြိုင်ကြသူများ ဖြစ်၏။ ရွာသည် ရှည်လျား၍ တောင်ဖျား မြောက်ဖျား ဘုန်းကြီးကျောင်းနှစ်ကျောင်း ရှိလေရာ ကိုးကွယ်ရာမှာလည်း တစ်ကျောင်းစီ ကိုးကွယ်ကြ၏။

ချစ်တီးကုလားများ ရွာသို့ မရောက်ခင်မီက သူတို့သည် ရိုးရိုးမှန်မှန် ဝန်နှင့်အား၊ မြားနှင့်လေး၊ ကိုယ့်လုပ်အားနှင့်ကိုယ် ချင့်ချိန် သုံးစွဲခဲ့ကြသည်။ ချစ်တီးတွေအိမ်အရောက် ငွေစက္ကူခေါက်တွေ လာပေးကြတော့ ကိုအဂ္ဂတို့ ဘဝင်မြင့်ကြကာ မိမိကိုယ်မိမိ ဘုန်းကံရှင်များပင် ထင်ကြလျက် လုပ်ငန်း ချဲ့ထွင်ခြင်း၊ အသုံးအစားလက်ဖွာခြင်း၊ သားသမီးတို့၏ ဆင်ယင်တန်ဆာ ဆင်ခြင်း၊ အလှူအတန်းတွေ အားကျမခံလုပ်ခြင်း အမှုတွေကို ပြုကြလေ၏။

"ကျွန်တော်တို့သူဌေးမှာ ငွေတွေ အများကြီးရှိတယ် အစ်ကို၊ ဒါတွေ အစ်ကိုတို့သုံးပေးမှ ကျွန်တော်တို့ အတိုးကလေးတွေရလို့ ထမင်းစားရမှာ ပါ အစ်ကို ..."

ဘုန်းကြီးကျောင်းစာ အတော်အသင့် တတ်သည်ကလွဲ၍ ဘာမျှ အပြင်ပန်း စာပေဗဟုသုတ မရှိကြသော တောသားကြီးများ ချစ်တီးစကား ကို အဟုတ်ထင်ကြကုန်သည်။ ချစ်တီးငွေကိုယူ၍ သုံးစွဲပေးခြင်းပင် သူတို့ ကိုယ်သူတို့ မဟာကရုဏာရှင်ကြီးများ အောက်မေ့ကြသေးသည်။

"သူတို့ ဘင်္ဂလားတိုင်းပြည်က ငွေသာပေါပြီး အစားအသောက်က တယ်ရှားဆိုပဲကွ။ ဒါနဲ့ ဒီပြည်ရောက်ပြန်တော့လည်း ငွေသာရှိပြီး ခများများ ဘာမှ မလုပ်တတ်မကိုင်တတ်နဲ့ တို့လို ယုံကြည်စိတ်ချရတဲ့ လူဆီမှာ ငွေတိုး ကလေး ချေးစားကြရရှာတာကွဲ့"

ချစ်တီးငွေတွေ အိမ်တိုင်ရာရောက် လာပေးနေစဉ် အချိန်တုန်းက ၁၀ နှစ်သားမျှသာ ရှိဦးမည့် မောင်ဘအေးအား သူ့ဖခင်ဦးစံအေးက ပြောခဲ့ဖူး ကြောင်း၊ ယခု ဦးဘအေးက ရေးဟောင်းနှောင်းဖြစ်တွေနှင့် ပြန်ပြောလေ့ရှိ သည်။

ဦးဘအေးသည် ငယ်ဇာတာကောင်းခဲ့သူဖြစ်သည်။ သူငယ်စဉ်က ဆွဲကြိုး ဒေါ်လာပြားကြီးနှင့် ရွှေခြေကျင်းလည်း ဝတ်ခဲ့ရကြောင်း၊ ရွှေ နားတောင်းလည်း ပန်ခဲ့ဖူးကြောင်း သူ့နားပေါက်ကိုပြသည်။ လက်ရှိဘဝ၌ ဆင်းရဲလှသော သူ့သားသမီးများအား ရေးဟောင်းနှောင်းဖြစ်များ ပြောပြ တတ်သည်။

မှန်ပါ၏။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၆၀ အခါက မြန်မာ လူမျိုးများသည် ရွှေဝတ်တန်ဆာများကို သမီးမိန်းကလေးတွေတွင်မက သားယောကျ်ားကလေးများကိုပါ နားတောင်း၊ ဆွဲကြိုး၊ ခြေကျင်းများ ဝတ်ဆင် စေပါသည်။ ယင်းကား တောသား ကြေးရတတ်များ ဝင့်ကြွားခြင်းဖြစ်ပေ သည်။ ယင်းအထာကို သိနေသော ချစ်တီးကုလားတို့သည် လယ်ပိုင်ရှင်တို့ ၏ သားသမီးများ ဝတ်ရေးစားရေးပင် ဝင်၍ ခြေရှုပ်တတ်ကြသည်။

ဦးမာဒင်၊ ဦးစံရင်၊ ဦးဖိုးဆင်တို့၌ သားသမီး [illegible] ရှိလေရာ [illegible] ချာမိတို့သည် မည်သူ့သားသမီးအတွက် ညည်သည့်နေရာ [illegible] ရွှေဘယ်လောက်သား ဝယ်ပေးလိုက်ရကြောင်း၊ ကျွန်တော်တို့ [illegible] သိပ်ကောင်းတာပဲ စသည်ဖြင့် ဟိုအိမ်ကာစကား သည်အိမ်ရောက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



**အကြောင်း** ဟိုအိမ်ပြော ပြုတတ်ကြသေးသည်။ သားရှင်ပြုခြင်း၊ ဘုန်းကြီး **ကျောင်း**တွင် ရာသီပွဲတော်အလျောက် အလှူအတန်းပြုခြင်းများတွင်လည်း **သူတို့**က မြှောက်ထိုးပင့်ကော်လုပ်၍ ငွေချေးတတ်ကြသေးလေသည်။

ချစ်တီးကုလားတို့သည် နည်းမျိုးစုံစွာနှင့် တောရွာက လယ်ပိုင်ရှင် များနှင့် ရင်းနှီးအောင်ပေါင်းသည်။ သူတို့က တောသို့လာ၍ ပျော်ပွဲစားခြင်းများ ပြုသည်။ ချစ်တီးပွဲများတွင် လယ်ပိုင်ရှင်တို့အား ဖိတ်ကြား၍ ဧည့်ခံကျွေး သည်။ မြို့ရောက်လျှင် သူတို့တိုက်သို့ဝင်စေ၍ လက်ဖက်ရည်များ၊ မုန့်များ တိုက်ကျွေးသည်။

ယင်းသို့ ရွာများတွင် ချစ်တီးကုလားတွေဝင်၍ ခြေသွက်နေချိန် သည် သာသနာဘာသာ လွန်စွာစည်ပင်သည်ဟု ထင်စရာရှိသည်။ ပွဲ ရှင်ပြုတွေ လှိုင်လှိုင်ဝေသည်။ ဘုရားပွဲတော်များမှာ ဇာတ်ပွဲ၊ အငြိမ့်ပွဲများနှင့် ငြိမ့်ငြိမ့်ညံ့သည်။ တစ်ကြိမ်သောအခါ၌ တောင်ဘက် ရွာဦးကျောင်းတွင် ဘုန်းကြီးပျံတော်မူရာ ချစ်တီးများ တော်တော်ငွေချေးလိုက်ရသည်။ သဟာနှင့် နောက်တစ်နှစ်ရောက်သော် သောက်မှန်း ကန်းမှန်းမသိသော ချစ်တီးကုလား တစ်ယောက် ရွာသို့လာစဉ် "အစ်ကိုတို့ ဒီနှစ် ဘုန်းကြီးပျံမလုပ်တော့ဘူး လား၊ လုပ်ပါဦး၊ သိပ်ကောင်းတာပဲ" ဟုပြောမိသည်၌ စိတ်ဆတ်သော ကိုစံရှင် သည် ထိုကုလားကို ဖနောင့်နှင့် ထပေါက်ဖူးသည်။ ဤသတင်းသည် ချစ်တီး တိုက်ရောက်သွားသောအခါ၌ သူဌေးအာရနကြီးကိုယ်တိုင်က ဦးစံရင်ကို ဖိတ်ခေါ်၍ တောင်းပန်သမှုပြုသည်။

ချစ်တီးကုလားလူမျိုးတို့သည် ငွေစတင်ချေးရာ၌ လွန်စွာ ဖြည်းညင်း ညှဲ့သက်ကြသည်။ ကြည့်ပါ၊ ဦးဖိုးဆင်အိမ်သို့ ချစ်တီးငွေရောက်လာပုံကို နမူနာအဖြစ် ဖော်ပြခဲ့ပါသည်။ ပထမတွင် အတိုးပင် မယူလိုက်သေး။ နောက်ထပ် ၂၀၀ ကျပ်ယူ၍ ပထမ ၃၀၀ ကျပ်နှင့် ၅၀၀ ကျပ်ဖြစ်တော့မှ တစ်လ တစ်ကျပ်တိုးက စယူသည်။ သူတို့သည် တစ်နှစ်လျှင် တစ်ခါမျှသာ အတိုးတောင်းလေ့ရှိရာ တစ်နှစ်မြောက်သည်၌ ဦးဖိုးဆင်သည် အတိုးငွေ ၆၀ ကျပ် စတင်ပေးရလေ၏။

ကြည့်စမ်း၊ ငွေ ၅၀၀ ကျပ်ဆို တစ်နှစ်မှ အတိုး ၆၀ ကျပ် ဖြစ်လေ



တော့ မည်မျှသက်သာလေသနည်း။ ဦးဖိုးဆင်၏မိန်းမ ဒေါ်မြရင်က ကုန် ကလေး တောက်တိုမယ်ရ ကူးသန်းချင်တာနှင့် ရွာထဲကဆင်းရဲသားတွေကို စပါးပေး တင်းတိုးချေးတာနှင့် လွန်စွာ တွက်သားကိုက်နေလေတော့ ပိတ်ဖြူ ဝတ်သော ချစ်တီးကုလားတို့သည် သူတို့အတွက် ဘိုးဘိုးအောင်သဖွယ် ဖြစ်နေရကား အတိုးမှန်မှန်ပေး၍ အရင်းကိုပြန်ဆပ်ဖို့ စိတ်မကူးကြရုံမက လုပ်ငန်းချဲ့ထွင်ရန် လယ်များကို တိုးချဲ့ဝယ်ယူ၍ လယ်ထောက်ခ ချရန် ငွေကို ပို၍ပို၍သာ ချေးကြလေ၏။ ဒီယုန်မြင်၍ ဒီချုံထွင်ထားသော ချစ်တီး များကလည်း ကြိုက်လှပါသည်။

သို့သော် နောက်ထပ် ငွေလိုချင်တယ်ဆိုတော့ "အစ်ကိုရေ... ၁ကျပ် တိုးတော့မရဘူး၊ သူဌေးက ငါးမတ်တိုးမှတဲ့ ... "

အို ... ဒီလောက်တော့ ဘာအရေးတုန်း၊ ကျိတ်လိုက် ... ။

ချေးငွေတစ်ထောင်လောက်ကို ငါးမတ်တိုးဖြင့် နှစ်စဉ်မှန်မှန် အတိုးပေး နေလေတော့၊ ချစ်တီးများ အားမရပြန်တော့ပြီ။

"အစ်ကိုရေ့ ဒီနှစ်တော့ ကျွန်တော်တို့သူဌေးလည်း ငွေကျပ်လို့ အရင်းထဲကပါ ဖဲ့ဆပ်ပါတဲ့ ပြောတယ်အစ်ကို"

"ဟဲ့ ... မရှိသေးဘူး" ဟုသာ ညာပြောလွှတ်လိုက်၍ ပြန်သွားကြပြီး နောက်တစ်ခေါက် ပြန်လာပြန်တော့ ...

"အစ်ကိုရေ့ ... ဒီလို အရင်းမပေးနိုင်ရင်တဲ့၊ သူဌေးကပြောတယ်၊ ငါးမတ်တိုးမထားနိုင်ဘူး၊ တစ်ကျပ်ခွဲတိုးမှတဲ့"

ကဲ ... လုပ်ရပြန်တော့၏။ စာချုပ် ပြင်ချုပ်ရပြန်တော့၏။

စင်စစ်ကား ချစ်တီးသည် အရင်းသာမဟုတ်၊ အတိုးပါ [illegible] စေနှင့်ဟု ဆုတောင်းနေသည်ဖြစ်ရာ တစ်နှစ်နှစ်တွင် အကြောင်း[illegible] လယ်ယာလုပ်ငန်း စပါးအထွက်နည်း၍လည်းကောင်း၊ [illegible] ရှိ၍လည်းကောင်း၊ အတိုးပါပြေလည်အောင် မဆပ်နိုင်[illegible] ရော အရင်းပါပေါင်း၍ နှစ်ထပ်တိုး ပြုလုပ်လေ၏။

ထိုအစ၌ လယ်ပေါင်စာချုပ် မလုပ်ရ[illegible] ကြီးရှည်ရှည် လုန်ထားတုန်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**အဲ —** အတိုးချည်းမှန်မှန် ဆပ်နေနိုင်လျှင် အရင်းပါပြန်တောင်း၍ **မပေးနိုင်က** အတိုးပိုတင်ခြင်း၊ ငွေကိုလိုလျှင် ထပ်ပေးခြင်းဖြင့် နောက်ပိုင်းတွင် **အတိုးက** ၂ ကျပ်၊ ၂ ကျပ်ခွဲတိုး ဖြစ်လာလေ၍ အတိုးပင်မှန်မှန် မဆပ်နိုင်**သောအခါ၌** နှစ်ထပ်တိုးပြုလုပ်ခြင်းဖြင့် ငွေအတိုးအရင်းပွားတွေ သိပ်များ**လာသောအခါ** လယ်ပေါင်စာချုပ်ကို ပြုလုပ်လေတော့၏။

ထိုစဉ်တွင် လယ်တစ်ဧကကို ၂၅၀/–၃၀၀/ ပေါက်ဈေးရှိလေရာ ချစ်တီးတို့သည် တစ်ဧကလျှင် ၁၅၀–၂၀၀ နှုန်းထားလောက်မှန်း၍ မြေရှင်ပိုင်သော လယ်ဧက အရေအတွက်ကြည့်ကာ ချေးလေသည်။

ယင်းသို့ဖြင့် သူတို့ရစရာရှိသော ငွေအတိုးရင်းပွားသည် ထိုမြေစားပိုင် လယ်ဧကတန်ဖိုးနှင့် ကိုက်ညီသောအခါ ဘီလူးဖောက်ကို ခင်းလေတော့သတည်း။

ရွာတစ်ရွာတွင် ချစ်တီးများဝင်မိပြီဆိုလျှင် ၁၀ နှစ်ထက် ပိုမကြာမီ ရပ်လုံးပေါ်လေသည်။

ဖော်ပြပါရွာကြီးတွင် မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်လောက် (ခရစ် ၁၉၁၈) ခုနှစ်လောက်ကစပြီး ချစ်တီးများ ဝင်ရောက်ခဲ့လေရာ ၁၂၉၀ ပြည့် (၁၉၂၈) နှစ်လောက်တွင် ရွာမှာ ချစ်တီးမှုတွေနှင့် သောက်သောက်လဲသွားလေ၏။

ထိုခုနှစ်သည် စပါးဈေးကလည်း ခါတိုင်းနှစ်တွေ ၁၅၀ ပတ်လည် နေရာမှ ၄၀–၄၅ ကျပ်အထိ ထိုးဆင်းသွားသည် မဟုတ်ပါလား။ မြန်မာပြည်အရပ်ရပ်မှာ ချစ်တီးတွေ ဗရမ်ဗျင်ထသော နှစ်ပေတည်း။

ဤဝတ္ထုတွင် စံအဖြစ်ဖော်ပြထားသော ဦးမာဒင်၊ ဦးစံရင်၊ ဦးဖိုးဆင်တို့ သုံးဦးအနက်မှ ဦးဖိုးဆင်သည် အငယ်ဆုံးဖြစ်၍ ကိစ္စအဝဝတွင် ဟိုလူကြီးနှစ်ယောက်ကိုကြည့်ကာ ချိန်ချိန်ဆဆ ပြုတတ်သူဖြစ်သည်။ ဦးမာဒင်နှင့် ဦးစံရင်ကား လူကြီးပိုင်းရောက်သည့်တိုင်အောင် ကာလသားစိတ်က ကုန်ကြသူများမဟုတ်သေး။ အသောက်အစား၊ အပျော်အပါးတွေနှင့် သုံးတတ်ဖြုန်းတတ်သူများ ဖြစ်ကြလေသည်။ သူတို့အား ကာလသားကြီးများဟု ခေါ်ကြသည်။



သူသည် လယ်ယာနိုင်းနွားအပြင် လှည်းယာဉ်၊ အလှမောင်းနွား၊ နင်းနွားလည်း ဂုဏ်တုဂုဏ်ပြိုင် မွေးမြူကြသည်။ ထိုစဉ်တွင် စပါးဈေး တစ်ရာလျှင် ငွေ ၁၅၀ ပတ်လည်ရှိနေစဉ်၌ နိုင်းနွားတစ်ကောင်တန်ဖိုးမှာ ၁၀၀ ပတ်လည်တွင်ရှိလေရာ တစ်ရာကျော်သော နွားကိုမူ 'ရာကျော်' ဟူ၍ ပင် ဝင့်ကြွားစွာ မှည့်ခေါ်တတ်ကြသည်။

တစ်ခုသောနှစ်တွင် ဦးမာဒင်၏နွားလှည်းသည် 'ရာကျော်' ခေါ်တွင်၍ ဦးစံရင်၏နွားမှာ 'ရွှေလရောင်' ဟူသောအမည်ဖြင့် ထင်ရှားကျော်ကြား၏။

လှည်းမှာ နွားနှစ်ကောင် တပ်ဆင်မောင်းနှင်ရာတွင် သာမန်အားဖြင့် လက်ျာဘက်က နွားကို 'အလှည့်နွား'၊ လက်ဝဲဘက်ကို 'အတိုင်နွား' ဟုခေါ်ကြလျက် လှည်းယာဉ်အလှတွင်မူ လက်ဝဲဘက်နွားကို 'နွားပြေး'၊ လက်ျာဘက်နွားကို 'နွားနင်း' (ဝါ) 'နွားလိုက်' ဟုခေါ်ကြသည်။ ဤနှစ်ကောင်အနက် နွားပြေးကလှည်းကို အပြေးသယ်ဆောင်၍ နွားနင်း (ဝါ) နွားလိုက်က စရုံခြေကျလှအောင် ကြော့ကြော့မော့မော့ ပြေးရသည်။ သူကသာ နာမည်ရ၏။ နွားပြေးက သူ့ကို ထောက်ကူသူသာ ဖြစ်သည်။

ရာကျော်နှင့် ရွှေလရောင်သည် စင်စစ်အားဖြင့် ရွှေလရောင်က ရာကျော် ထက် နွားစ နွားကဲသာသည်။ ခြေနင်းခြေကျ ပို၍လှသည်။ နှစ်ဦးပြိုင်၍ မောင်းပြကြလျှင် ရွှေလရောင်ကိုသာ ပို၍ ဩဘာပေး၏။

သို့ရာတွင် တစ်ခုသော လှည်းယဉ်ပွဲ၌ ရွှေလရောင်မှာ မရှုမလှ အရေးနိမ့်ခဲ့ရသည်။

ထိုအရပ်၌ပြုလုပ်သော လှည်းယာဉ်ပြိုင်ပွဲများမှာ ဥပမာ–လှည်းယာဉ် ၁၀ စီး လာရောက်သည် ဆိုပါတော့၊ ပထမဦးဆုံး တစ်စီးစီမောင်းပြရ၍ တင်မြှောက်ထားသော သဘာပတိလူကြီးက ဂရုချိုး၍ အမှတ်ပေးရသည်။ နောက်ပိုင်း၌ ညံ့သောလှည်းများကို မထွက်စေ၍ ကောင်းသောလှည်းများကိုသာ ပရိသတ်ဆန္ဒအရ တလှည့်ပြီးတလှည့် မောင်းပြစေသည်။

ထိုနေ့ပွဲမှာ စင်စစ်အကဲဖြတ်လူကြီးများက ရွှေလရောင်ကို အကောင်းဆုံးဟု ဆုံးဖြတ်ကြပါသော်လည်း များစွာသောလူများ

www.burmeseclassic.com

www.burmeseclassic.com



ရွှေလရောင်ကို အလို မရှိ၊ ရာကျော်မှ ကြည့်ချင်သည်၊ ရာကျော်တက်ပါဟု တစ်ခဲနက် အော်ကြ သဖြင့် ရာကျော်တာစားသွား၍ ရွှေလရောင်ကို ရှုံးနိမ့်ခဲ့ရသည်။ ရာကျော် ကို ဦးမာဒင်သား စံရွှေကမောင်း၍ ရွှေလရောင်ကို ဦးစံရင်သား ဘအေးက မောင်းသည်။ ထိုစဉ်၌ သူတို့သည် လူလားမြောက်ကြလေပြီ။ ဘအေးက ရှက်သည်။ စံရွှေက လက်မ ထောင်သည်။ လူထုက အလိုမရှိဘူးပြောသောကြောင့် ဘအေးက လှည်းကိုမောင်း၍ အုပ်စုထဲမှ ထွက်ခဲ့တော့သည်။ ထွက်ခါ နီးမှ ဘအေးက ....

"ဟေ့ ... စံရွှေရ၊ မင်းတို့ ဒီအထိလုပ်ဖို့ မကောင်းပါဘူးကွာ၊ မင်းနဲ့ ငါဟာ ရည်းစားလုဖက်လည်း မဟုတ်ပါဘူးကွ ... "

ဒါကို စံရွှေက ဖျတ်ဖျတ်လူးအောင် နာသည်။ အကြောင်းမှာ ဘအေးသည် စံရွှေညီမ လှရွှေနှင့်ကြိုက်နေကြောင်း တစ်ရွာလုံးလို သိပြီးသား ဖြစ်နေသောကြောင့်တည်း။

စင်စစ်တော့ ဤလှည်းပြိုင်ပွဲ၌ ညစ်သည်မှာ စံရွှေမဟုတ်ပါချေ။ သူ့အဖေ ဦးမာဒင်ကြီးသာ ဖြစ်ပါ၏။ အသို့ကမူ ဦးမာဒင်သည် ဤလှည်းပြိုင်ပွဲ၌ လာရောက်ကြည့်ကြသော လူဆူလူပူ တစ်ရာကျော်လောက်ကို ထန်းရည်အရက် ဝအောင်တိုက်ပြီး သူ့နွား 'ရာကျော်' သာ ကောင်းကြောင်း၊ 'ရွှေလရောင်' ဘာမျှ အသုံးမကျကြောင်းကို အော်ဟစ်နိုင်းထားသောကြောင့်တည်း။

ယင်းကား ဦးမာဒင်နှင့် ဦးစံရင်တို့သည် ပျော်ပွဲပြိုင်ပွဲများ၌ မည်သို့မည်ပုံ ငွေကုန်ကြေးကျခံတတ်ကြကြောင်း အမြွက်မျှ နမူနာ ဖော်ပြခြင်း ဖြစ်ပါသည်။ သားရေးသမီးရေး၊ လူမှုရေးတန်းရေးတို့၌ နှစ်ပေါင်းများစွာက ဝုဏ်ပြိုင်ခဲ့သည်များလည်း ရှိသေး၏။ ဤသုံးငွေ ဖြုန်းငွေတို့ကား စင်စစ် သူတို့လုပ်အားမှ ရသည်များမဟုတ်၊ ချစ်တီးတိုက်မှ သူတို့လယ်များကိုသိမ်းယူရန် ယာယီ လှည့်ပတ်လာသော ငွေခရီးသည်များ ဖြစ်ပေသည်။ ယင်းသို့ လှည့်ပတ်လာခဲ့သော ခရီးသည်ငွေနှင့် အတိုးတို့သည် သူတို့ပိုင်လယ်များ၏ လက်ရှိပေါက်ဈေးနှင့် ကွက်တိဝင်လေသောအခါ ချစ်တီးတို့သည် (အချိန်မရွေး ပေးဆပ်ပါမည်။ မပေးဆပ်နိုင်ပါက ဤအပေါင်ခံလယ်များကို သိမ်းယူပါမည်ဟူသော အော်ဒီမံစာချုပ်အရ) အခု ချက်ချင်း ပေးဆပ်ရမည်ဟု ရုံးတင် တရားစွဲဆိုလေတော့၏။



သည်လို ချစ်တီးအမှုတွေ သောသောညံသည်မှာ မြန်မာသက္ကရာဇ် ၁၂၉၀–၉၁–၉၂–၉၃ ခုနှစ်များလောက်တွင် ဖြစ်လေသည်။ ကျေးရွာများမှ လယ်ပိုင်ရှင်ပေါင်းမြောက်မြားစွာ ရုံးရောက်ကြရလေသည်။ အရင်းရှင်ဥပဒေအရ ၎င်းတို့ကသာ ရှုံးကြရသည်ဖြစ်လေသည်။ မြန်မာပြည်၏ လယ်ယာမြေ တစ်ဝက်ကျော်ကျော် ချစ်တီးကုလားလက်ထဲ ရောက်ရသော ခေတ်ပေတည်း။

ဦးမာဒင်နှင့် ဦးစံရင်တို့ တရားစွဲခံရသောအခါ၌ ဦးစံရင်မှာ ချစ်တီး၏ ငွေတိုးရင်းပေါင်းသည် ပိုင်ဆိုင်သည့် လယ်ယာများသာ မကတော့ဘဲ နေထိုင်သောအိမ်နှင့် ခြံကိုပါ လေလံတင်ခြင်း ခံရလေသည်။ ရုံးမှ ဒီကရီ ကျ၍ နောက်တစ်နေ့၌ လေလံပစ်တော့မည်ဖြစ်သည့် ထိုနေ့ ညနေ၌ ဦးစံရင်၏ အိမ်သူအိမ်သားများမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်ကြကာ ရယူနိုင်သည့် ပစ္စည်းဝန်စည်စလည်များကို သယ်ဆောင်လျက် တူတော်သူ ဦးဖိုးဆင်အိမ်သို့ ရွှေ့ပြောင်းလာကြလေသည်။ ဦးစံရင်ကား ငါ့မိဘလက်ထက်က တည်ဆောက်ခဲ့တဲ့အိမ်၊ ငါ မဆင်းနိုင်ပါဘူး၊ နေနိုင်သမျှတော့နေမည်ဟု ချန်ရစ်ခဲ့၍ နောက်တစ်နေ့ ရောက်သောအခါ လေလံပွဲကို ရှေ့ဆိုင်းလိုက်ရလေ၏။

အကြောင်းမှာ ဦးစံရင်သည် ထိုအိမ်ထုပ်တန်းပေါ်တွင် ကြိုးဆွဲချကာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်သတည်း။

"ခများများ ငွေသာရှိပြီး ဘာမှ မလုပ်တတ်မကိုင်တတ်နဲ့ တို့လို ယုံကြည်စိတ်ချရတဲ့ လူဆီမှာ ငွေတိုးကလေး စားရတာကွဲ" ဟု ပြောခဲ့သူ၊ "အစ်ကိုတို့ ဒီနှစ် ဘုန်းကြီးပျံမလုပ်တော့ဘူးလား" မေး၍ ကုလားအား ငွေနှင့် ထပေါက်ခဲ့သူ။ ချစ်တီးသူဌေးကြီးက တောင်းပန်ခဲ့ရသူ။ ကြားပြောသူ ဘူသမျှ ချစ်တီးကြွေးကို ကြက်သီးမွေးညှင်းထကြလေ၏။ သို့သော် အချိန်ကားနှောင်းခဲ့ပြီ။ မြောက်မြားစွာသော တောရွာလယ်ပိုင်ရှင်တွေ မြေဘုန်ကြလေပြီ။

www.burmeseclassic.com



ဦးဖိုးဆင်တစ်ယောက်သည် သတိတရားရကာ အချိန်မီလိုက်သေး၏။ သို့သော် သူ့တွင်ရှိသော လယ်နှင့်ကြွေးက မမျှသေး၍ ချစ်တီးက တရားစွဲသေးသည်ကို လယ်ဧက ၂၀ ကျော်လောက် ရောင်းပြီး ချစ်တီးကြွေးစာတ်လမ်းကို သိမ်းပစ်လိုက်ရခြင်းဖြင့် ရှိပစ္စည်းတစ်ဝက်လောက် ပွဲသွားရသေး၏။

အရင်းရှင်စနစ်ကို တော်လှန်သည့်မျက်စိနှင့် ကြည့်မည်ဆိုလျှင် နိုးမွမ်းဖွယ်ကောင်းသည်ကား ဦးမာဒင်။ သူ့တွင် ချစ်တီးကြွေးတွေ ခေါက်ခိုက်ပြီး သူ့လယ်တွေနှင့် ချစ်တီးကြွေးက အံဝင်ခွင်ကျပြီး ချစ်တီးများက တရားစွဲတော့မည်ဟု ကြိုတင်သိမြင်သည်၌ သူ့လယ်ယာခြံမြေတွေ ရှိသမျှကို သားသမီးများနာမည်တွေ အသီးသီးလွှဲအပ်ပေးကာ ချစ်တီးနှင့် ပွဲကြီးပွဲကောင်း ရင်ဆိုင်ရသောအခါ၌ ဒေဝါလီခံလိုက်ခြင်းဖြင့် ချစ်တီးများကို အနိုင်ယူလိုက်လေ၏။

"ငါ့လစ္စီး၊ သူတို့ငွေရင်းက ငါ့အတိုးတွေ နှစ်စဉ်ဆပ်နိုင်တုန်းက ဆပ်ခဲ့ရတာနဲ့ ကြေရုံမက ပိုတောင်နေပါပြီကွာ။ သူတို့ဥပဒေ စာရွက်ပေါ်မှာရှိတဲ့အတိုးနဲ့ မြေခံရမယ်ဆိုလည်း ခံရပါစေတော့၊ ကြွေးရှိ မြေခံရမယ်ဆိုတာက တို့ဗမာတရားကွ၊ ငွေရင်းမဟုတ်ဘဲနဲ့ သူတို့ဟာသူတို့ တိုးချင်သလောက် တိုးထားတဲ့အတိုးတွေ ကြွေးလုပ်ထားတာက ကုလားဥပဒေကွ" ဟူသော ဆောင်ပုဒ်ဖြင့် တော်လှန်ခဲ့သူဖြစ်၏။

သို့ဖြင့် ဦးမာဒင်သည် ဒေဝါလီခံသည် (လူမွဲစာခံသည်) ဟု အရင်းရှင် ဥပဒေဘောင်၌ နာမည်ဆိုးသွားသော်လည်း အခြေအနေမပျက် ရှိနေခဲ့သည်။ ဦးစံရင်သာ ဘဝဆုံးပြီးနောက် သူ၏အိမ်ထောင်မှာ တူတော်သူ ဦးဖိုးဆင်၏ ခြံထဲမှာ သင့်လျော်သော အိမ်ကလေးဆောက်ကာ ဖြစ်သလို လုပ်ကိုင်စား သောက်ခဲ့ရလေ၏။

## အပိုင်း(၃)

"ယင်းသို့ ရုတ်တရက် ပြောင်းသွားသော အခြေအနေကြောင့် ရတက်ပွေ့ရသည်မှာတော့ မောင်ဘအေးနှင့် မလှရွှေတို့ သမီးရည်းစားတည်း။



ထိုအချိန်၌ သူတို့အသက်များမှာ ၁၉ နှစ်နှင့် ၂၁ နှစ် ဖြစ်ချေသည်။ ယခင်က မိဘချမ်းသာတာချင်းလည်းတူ၊ ရုပ်ချောမောလှပတာချင်းလည်း ဘက်ညီလှ၍ သူတို့နှစ်ယောက်တော့ မြေကြီးလက်ခတ်မလွဲ လက်ထပ်ပွဲကြီး ကျင်းပတော့မှာပဲဟု အများက အောက်မေ့နေကြစဉ်မှာ မမျှော်လင့်ဘဲ ဘက်ညီလှသော ရွှေနဲ့မြ၊ နေနဲ့လတို့ ဂယောင်ပဲ့ကျသွားခြင်း ဖြစ်လေတော့သည်။

ပထမတွင်မူ ဦးမာဒင်က ဆင်းရဲသွားသောမိသားစုကို သနားသောအားဖြင့် သက်ညှာမှုများ ပြုလိမ့်မည်လားဟု မျှော်လင့်ကြသေး၏။ သို့သော် ဦးမာဒင်သည် ဤလူစားမျိုးမဟုတ်၊ မောင်ဘအေးအား အိမ်နားသို့ ရစ်သီခွင့်မပေးခြင်းဖြင့် သူ၏စိတ်သဘောကို ထုတ်ဖော်ပြောလိုက်ခြင်း ဖြစ်၏။ သည်အခြေမှာ သူ့သားစံရွှေ၏စိတ်ကြိုက်လည်း ဖြစ်သွားလေ၏။ လွန်ခဲ့သောနှစ် လှည်းယာဉ်ပြိုင်ပွဲတုန်းက "ဟေ့ မင်းနဲ့ငါ ရည်းစားလုဘက်လည်း မဟုတ်ပါဘူးကွ" ဟူသော ဘအေး၏ တင်လိုက်သောစကားလည်း ရှိခဲ့သည်မဟုတ်တဲ့လော။

ကျေးရွာရှိ ကြေးရတတ်မိဘများ၏ သားသမီး အိမ်ထောင်ရေးကိစ္စမှာ ပထမ ပစ္စည်းအင်အား၊ ဒုတိယ ရုပ်ရည်နှင့် စိတ်နေသဘောထား၊ တတိယ ဆွေမျိုးအသိုက်အဝန်း။ ဤသုံးချက်တွင် ယခု မောင်ဘအေးမှာ အရေးကြီးဆုံးသော ပထမအချက်ကြီး ချွတ်ယွင်းနဲ့လေပြီ။

မလှရွှေတွင် ဦးမာဒင်ကြီး ဒေဝါလီခံခါနီး၌ တိတ်တိတ်ပုန်း နာမည်လွှဲပေးအပ်သော လယ်ဧက ၂၀ မျှပင်ရှိနေရာ သတို့သားဘက်က ကေအစိတ်သုံးဆယ်မျှပါမှ စေ့စပ် လက်ခံပေတော့မည်။ မောင်ဘအေး လက်မှိုင်ချရတော့သည်။ သူကိုယ်တိုင်မှ ယခုအခြေတွင် နောင်တော်ကြီး ကိုရိုးဆင်အိမ်၌ အကူသူရင်းငှားကလေး လုပ်နေရသည်။ လယ်ကိုထွန်တတ်ပြီဖြစ်သော်လည်း ချမ်းသာသော မိဘလက်ထက်တွင် သက်သောင့်သက်သာ နေခဲ့သူဖြစ်၍ လယ်တစ်တုံးလုပ်ကို ပယ်ပယ်နယ်နယ် ထောင်နိုင်သော ခေါင်းဆောင်သူရင်းငှား မဖြစ်သေး၊ သည်နှစ်ကြီးတော့ ရွှေစင် ပြန်ပေမည်။

ယင်းသို့ဖြင့် မောင်ဘအေးနှင့် မလှရွှေတို့အချစ်သည် ဘေးသို

www.burmeseclassic.com



ဖြစ်၍ သွားအေးနေခဲ့ရာမှ ဦးစံရင်ပျက်စီးပြီး တစ်နှစ်မျှအကြာ၌ မလှဒွေးကို အခြားရွာက လယ်ပိုင်ရှင်သားတစ်ယောက်နှင့် ကြောင်းလမ်းသည်တွင် မောင်ဘအေးသည် မလှဒွေးကို ခိုးယူထွက်ပြေးလေသတည်း။

ဦးမာဒင်က အရှက်ရ၍ သမီးကို သေခန်းဖြတ်လိုက်လေသတည်း။

သည်တွင် မောင်ဘအေးနှင့် မလှဒွေးတို့ ဆင်းရဲသားအိမ်ထောင် စခန်း စလေသတည်း။

တဲအိုပျက်မှာနေ၍ ထမင်းရည်အတူ လျက်ရစေတော့ဟု တင်စား အပ်သော မလှဒွေးတို့အချစ်သည် ခိုင်မြဲ၏။ လယ်လုပ်ချိန်တွင် မောင်ဘအေး က သူများအိမ် သူရင်းငှားလုပ်၍ မလှဒွေးက ကောက်စိုက်လိုက်ရ၏။ ကောက်ရိတ်ချိန်မှာ ကောက်ရိတ်ရလေ၏။ လယ်လုပ်ခွင့်အားလပ်ချိန်မှာ ရက်ကန်း ရက်ရ၏။

ထိုစဉ်တွင် လယ်ကူလီလုပ်ရသည်နှင့် ရက်ကန်းရက်ရခြင်းတို့မှာ လွန်စွာ အောက်ကျနောက်ကျ နိုင်လှ၏။ ရက်ကန်းမှာ တစ်တန်းပြတ်သော် မှ ရက်ခ လေးငါးကျပ်မျှရ၍ မြို့ပေါ်ရှိ ချည်ပုံပေးတရုတ်တို့၏ စီးပွားရေး ကို ဖြည့်တင်းရခြင်းသာ ဖြစ်သည်။ ကောက်စိုက်ခ၊ ကောက်ရိတ်ခတို့မှာ လည်း ဘယ်တော့မှ လက်ငင်းရသည်မဟုတ်ဘဲ ဖော်ပြခဲ့သည့်အတိုင်း စပါး ပေး၊ တင်းတိုးချေးတို့ဖြင့်သာ စားသောက်နေထိုင်ခဲ့ရသည်။

အင်္ဂလိပ်လက်အောက် ကျွန်သဘောက်ခေတ်တွင် တောရွာနေ ဆင်းရဲသားတို့၏ လုပ်ကိုင်စားသောက်ကြပုံကို ဖော်ပြရဦးမည်။

ကျေးရွာတွင် ငါးပိ၊ ငါးခြောက်၊ ရေတ်၊ ကြက်သွန်၊ ဆီ၊ ဆား စသော အခြေခံစားသုံးကုန်များ ရောင်းသော ကုန်စုံဆိုင်များရှိ၏။

ကိုဘအေးနောင်တော် ဦးဖိုးဆင်ဇနီး ဒေါ်မြရင်အိမ်မှာ ကုန်စုံဆိုင်ဖွင့် ထား၏။

ကိုဘအေးသည် ဦးဖိုးဆင်အိမ်မှာ သူရင်းငှားလုပ်ရ၏။ မလှဒွေးက ကောက်စိုက်ချိန်မှာ ကောက်စိုက်၍ ကောက်ရိတ်ချိန်မှာ ကောက်ရိတ်ရ၏။ ယင်းလုပ်ခတို့ကို ရည်ညွှန်း၍ ဒေါ်မြရင်ကုန်စုံဆိုင်မှာ သူတို့ကုန်ကြွေးယူ၍ စားရ၏။ ယင်းအကြွေးကား ကျသလောက်သာ ပေးဆပ်ရသည်မဟုတ်သေး



ချေ။ တတိတိနှင့် ယူစားခဲ့ကြွေးများကို တစ်နှစ်လျှင် တစ်ချိန်တွင် စုပေါင်း၍ စပါးပေးထားပြီး စပါးပေါ်ချိန်မှာ ပေးဆပ်ရ၏။ 'ပေးဆပ်ရ၏' ဆိုသည် ထက် 'ခုနှိမ်လိုက်၏' ဆိုသည်က ပို၍မှန်ပေသည်။ အသို့မူ မလှဒွေးတို့ တတိတတိနှင့် ယူစားခဲ့သော ကြွေးစုပေါင်းလိုက်ခြင်းသည် ဥပမာ ငွေ ၆၀ိ ဖြစ်နေပေအံ့၊ ထိုခေတ် ထိုအချိန်က စပါးပေါက်ဈေး ၁၅၀ိ ဆိုအံ့၊ ငွေ ၆၀ိ သည် စပါးတင်း ၄၀ သာ ဖြစ်၏။ ယင်းကို စပါးပေးစနစ်ဖြင့် တင်းတိုးပြု လိုက်သောအခါ အများအားဖြင့် နှစ်ဆတိုးယူလေရာ ကဲ ... ကိုဘအေးက ဦးဖိုးဆင်၏ညီလည်းဖြစ်၊ ကိုယ့်အိမ် သူရင်းငှားလည်းဖြစ်မို့ ၈ တင်းတိုးပဲ ယူတယ်ထားတော့ မူရင်း ၄၀ တင်းတိုး ၃၂ နှင့် ၇၂ တင်း ဖြစ်သွားလေသည်။

ကဲ ... ကိုဘအေးရဲ့ သူရင်းငှားခက တင်း ၄၀ ပဲရသဗျ၊ မလှဒွေး ကောက်စိုက်ခ၊ ကောက်ရိတ်ခက ဒီအိမ်မှာ နှစ်ဆယ် အစိတ်ထက် ပိုမရနိုင် ဘူးခင်ဗျ။ သည်တော့ တစ်နှစ်လုံးလုပ်စာ ခုနှိမ်လိုက်၍မှ မကြေ။ ကြွေး ဝလချီးလည်ပြီး နေပေတော့သတည်း။

လယ်လုပ်ငန်း ရပ်နားချိန်တို့တွင် မလှဒွေး၏ ရက်ကန်းရက်ခ ရတာနှင့် ကိုဘအေး၏ အခြားလုပ်ငန်းကလေးများ၊ ကျပန်းလုပ်ခြင်းဖြင့် ဝတ်ရေးစားရေးကို ဖြည့်ရသေး၏။

ယင်းသို့ဖြင့် ကိုဘအေး မလှဒွေးတို့ လင်မယားသည် သားသမီး တွေ တစ်ယောက်ပြီးတစ်ယောက် မွေး၍ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ခဲ့ ရာ ယခု တော်လှန်ရေးအစိုးရလက်ထက်ကျမှ အသက်ရှုချောင်စပြု၍ ငွေကလေး ကြေးကလေးများ လက်ထဲကိုင်ရပြီဖြစ်ကြောင်း အစ၌ ဖော်ပြခဲ့ ပါ၏။ ဟိုယခင်တုန်းကမူ သူတို့လက်ထဲမှာ ငွေစများကို ကိုင်ခဲ့ရသည်မရှိ ချေ။ မြီရှင်၏စာရင်းမှာသာ သူတို့ဘယ်လောက်ဖိုး ယူစား၍ ငွေမည်မျှသင့် သည်ကို စပါးပေးထားကာ တင်းရေမည်မျှ ခုနှိမ်လိုက်ရသည်ဟူသာ ရှိပေ မည်။ ယင်းသို့လျှင် ဆင်းရဲသားများသည် မသေရုံအသက်နှင့် အရှက်လုံရုံ လောက်သာ ဝတ်ဆင်နေခဲ့ရသော ခေတ်ဖြစ်လေ၏။

ကိုဘအေးနှင့် မလှဒွေးတို့သည် စုစုပေါင်း သားသမီး ၇ ယောက် မွေးခဲ့ပြီး ၃ ယောက်ပျက်စီး၍ ၄ ယောက် အဖတ်တင်ခဲ့သည်အနက်မှ

www.burmeseclassic.com

www.burmeseclassic.com



အကြီးနှစ်ယောက်က အိမ်ထောင်ကျသွားခဲ့ပြီ။ ယခု သမီးပျိုကလေး မြခင်နှင့် သားအငယ်ဆုံးလေး မောင်ထွေးတို့သာ လက်ရှိအတူတကွ နေထိုင်ကြသည်။

ယခု လက်ရှိအခြေမှာ အစကဖော်ပြခဲ့သည့်အတိုင်း ကျေးရွာဆင်းရဲသားများ အလွန်တရာ ချောင်လည်ကြ၍ ကိုဘအေးတို့လင်မယားမှာ ငွေတော်တော်များများပင် စုမိနေသဖြင့် လက်ရှိ မြေယာကွက်ကိုဝယ်ပြီး အိမ်ကြီး ရနိုင်ဆောက်ရန်ပင် ကြံစည်နေပြီဖြစ်လေ၏။

အခြားသူတွေ အသစ်ဆောက်ကြသော အိမ်ကြီးများကိုကြည့်၍ စိတ်ကူးရှင်စွာ ပြည်သူ့ဆိုင်မှ ပြန်လာခဲ့သော မြခင်သည် အိမ်ပြန်ရောက်သောအခါ၌ နွားတင်းကုပ်သိမ်းဆည်းနေသော မောင်ထွေးနှင့် ရေခပ်နေသော မောင်ကြွေကို တွေ့ရလေသည်။

ဤနေရာ၌ မြခင်ရည်းစား မောင်ကြွေ အကြောင်းကို ပြောရမည်။ မောင်ကြွေသည် မုဆိုးမဒေါ်ဖွား၏ သားဖြစ်သည်။ ရှေးကထုံးစံအတိုင်း ခေတ်အဆက်ဆက်က ဆင်းရဲခဲ့သော မျိုးရိုးဖြစ်ဘိလည်း ယခု တော်လှန်ရေး အစိုးရလက်ထက်တွင် ဖော်ပြပါ ရွာသားများကောင်းစားကြသည်။ အများနည်းတူ မောင်ကြွေတို့ အိမ်သားများလည်း ငွေကြေးရွှင်လျက် ရှိကြလေပြီ။ မောင်ကြွေအစ်မ အပျိုကြီးတစ်ယောက်နှင့် သူ့အမေဒေါ်ဖွားက ရက်ကန်းတွင် တစ်လလျှင် ချည်လေးထုပ်၊ တစ်ထုပ်လျှင် ချည်လေးထုပ်၊ တစ်ထုပ်လျှင် ၉ အုပ်၊ ပေါင်း ၁၂၆ အုပ်တန်းပြီး မှန်မှန်ပြတ်လျက်နေသည်။ မောင်ကြွေက အသက် ၂၀ ကျော်ပြီဖြစ်၍ လယ်အလုပ်ကို ကျွမ်းကျင်စွာ လုပ်တတ်ပြီဖြစ်သည့်အပြင် အချိန်အခါအလျောက် အလျဉ်းသင့်ရာအလုပ်ကို ပေါ့ပါးသွက်လက်စွာ လုပ်တတ်ပြီဖြစ်သည့်အပြင် အချိန်အခါအလျောက် အလျဉ်းသင့်ရာအလုပ်ကို ပေါ့ပါးသွက်လက်စွာလုပ်၍ မိန်းမယူရန် ငွေစုသူဖြစ်သည်။ လုပ်ငန်းကိုင်ငန်းတွင်လည်း အကွက်မြင်သူဖြစ်၏။ အားလျှင် ဖားငါးရှာတတ်သူလည်း ဖြစ်သည်။

ယခုကြည့်။ သည်ဆောင်းရာသီမှာ လယ်ထဲ ကောက်ရိတ်ကြတာနှင့်၊ အိမ်မှာ ရက်ကန်းခတ်ကြတာနှင့် လူတွေအလုပ် မအားကြသည်တွင် မောင်ကြွေသည် ရေထမ်း၍ရောင်းနေ၏။



သည်ရွာမှာ ဟိုးယခင်ခေတ်များက ရေဝယ်သုံးကြသည်ဆိုသည်မှာ ကြားမှ မကြားဘူးခဲ့။ ယခုမှ အလုပ်နှင့်လက်နှင့် မပြတ်ကြတော့၊ ငွေကြေးလည်းရွှင်ကြ၍ အိမ်မှာ အလုပ်ထိုင်လုပ်တာနှင့် ရေသွားခပ်ရသည့် အချိန်ကိုစာ၍ ရေဝယ်သုံးကြခြင်းဖြစ်သည်။ ရေထမ်းရောင်းရသူမှာလည်း ရေတွင်းနှင့် အနီးအဝေးကိုကြည့်၍ တစ်ကျပ်လျှင် ၁၀ ထမ်း၊ ၇ ထမ်း ဖြစ်လေတော့ တစ်နေ့လျှင် ဝင်ငွေသည် ၄ ကျပ်၊ ၅ ကျပ်ထက် မအောက်တော့ချေ။ မောင်ကြွေသည် လူငယ်ပီပီ သွက်လက်စွာ သွားနိုင်၊ ထမ်းနိုင်သူဖြစ်၍ ကောက်ရိတ်တာထက် ဝင်ငွေကိုက်သည်ဟု ရေထမ်းရောင်းနေခြင်း ဖြစ်၏။

မြခင် ပြန်လာသောအခါ၌ မောင်ကြွေသည် ရေထမ်းကိုချခဲ့၍ မြခင်၏ခေါင်းပေါ်မှ ချည်ထုပ်ကို ဆီးယူသည်။ မြခင်သည် ပုဆိုးစလွယ်သိုင်းထားသော ရင်အုပ်ကားကားကြီးနှင့် ချစ်သူမျက်နှာကို ကြည့်၍ သူ့နဖူးမှ ကျသော ချွေးတို့ကို ခေါင်းဖုဖြေ၍ သုတ်သည်။ ဤစဉ်တွင် တင်းကုပ်ထဲမှ မောင်ထွေးလည်း ရောက်လာ၍ လက်ဆွဲခြင်းထဲက အထုပ်တွေဖြေသည်။ မြေပဲယိုနှင့်ပဲလှော်ကို ဝါးကြလျက် အသစ်စက်စက် ဝယ်လာခဲ့သော သူတို့အိမ်သို့ ပထမဆုံးအကြိမ် ရောက်လာသော ရေနွေးဓာတ်ဘူးကို ထူးဆန်းအံ့သြစွာ ကိုင်တွယ်ဖွင့်ပိတ် ကြည့်ကြသည်။

မောင်ထွေးက မေးသည်။

"အစ်မရဲ့ ... သူ့အထဲကို ရေနွေးဆူဆူထည့်ထားရင် တော်တော်နဲ့ အေးမသွားသလို ရေအေးအေးကို ထည့်ထားရင်ကော ကြာကြာအေးနေပါ့မလားဟင် ..."

မြခင် သိပ်နားမလည်။

"မသိဘူးလေ၊ ဒါက ရေနွေးဘူးခေါ်တာပဲ၊ ရေခဲဘူးဆိုတာက သတ်သတ်ရှိတယ် ..."

ဤတွင် မောင်ကြွေက ....

"သူ့ အအေးထည့်လည်း ရပါတယ်၊ ဒါပေမဲ့ ရေနွေးထည့်လိုက်၊ ရေအေးထည့်လိုက်ဆိုရင် ဓာတ်ပျက်သွားမလားတော့ မသိဘူးဗျ ..."

"ဒီလိုလေ ... အခု ရေနွေးလက်ဖက်ရည်ကြမ်း ထည့်နေပြီဆော့

www.burmeseclassic.com



တစ်ခါတလေ အအေးထည့်ရင်ကော ... "

"မင်းက ဘာထည့်ချင်တာတုံး"

"မြို့သွားတော့ ဖွာလူဒါ ဝယ်ထည့်လာချင်လို့"

"အား ... ဒီလိုဆို တစ်ခါတလေတော့ ရမှာပေါ့ကွ ... "

"ဒါဖြင့် အစ်ကိုဈေးသွားရင်လေ ယူသွားပြီး ဝယ်ထည့်ခဲ့ပါလား။ ကျွန်တော် ဖွာလူဒါ သိပ်ကြိုက်တာပဲ"

မြခင်က သူ့မောင်နှမ လက်ခေါက်နှင့်ရွယ်၍ ....

"ဟင်း ... သူဒီအကြံနဲ့ မေးနေတာကိုး" ဆိုပြီးမှ ....

"နှင့်အတွက် ဖွာလူဒါမထည့်ခင် ဦးဦးဖျားဖျား ဒီနေ့ အဖေတို့အတွက် လက်ဖက်ရည်ထည့်ပြီး ထမင်းပို့ရင်းနဲ့ လယ်ထဲယူသွားရမယ်"

"အဖေတို့ ဒီနေ့ ဘယ်သူ့လယ်ရိတ်လဲဟင် ... "

"ကိုမြချောရဲ့ ဓနိချိုင်လယ် ... "

"ဟာ ... ဒီလိုဆို အပြန်မှာ ဓနိသီးတွေ ယူခဲ့ရဦးမယ်"

"အေး နှင်ကတော့ အစားအသောက်ပဲ တစ်မျိုးပြီးတစ်မျိုး စဉ်းစားနေ" ဟု ဆိုပြီးနောက် မြခင်သည် လမ်းမှာ စိတ်ကူးယဉ်ခဲ့သည်များကို ပြန်သတိရ၍ ....

"ဒါနဲ့ ကိုကြွေ၊ အခု ကိုတင်အုန်းကြီး ဆောက်နေတဲ့အိမ်ဟာ တော်တို့ ဦးလေးဝယ်ပေးတာ၊ ဒီအရောက် ဖဝဝိ ပဲကျတယ်ဆို"

"အေးလေ ... ဘာပြုလို့လဲ ... "

"ကျွန်မတို့လိုချင်ရင် နောက် အဲဒီအိမ်မျိုးများ ရဦးမလား ..."

"ရတာပေါ့၊ ဒီထက်ဈေးချောင်အောင်တောင် ဦးလေးကို ဝယ်ပေးခိုင်းမယ် ... "

"ဒါဖြင့် အဖေတို့ ညကျပြောကြည့်မယ် ... "

"အေးကွာ၊ ငါကိုယ်တိုင် ဦးလေးတို့ဆီ သွားဝယ်ခိုင်းမယ် ..."

ထိုည ၈ နာရီလောက်တွင် ကိုဘအေးတို့လင်မယား သားအမိတွေသည် ခြံမြေကိုဝယ်၍ အိမ်ဆောက်ကြရန် တိုင်ပင်နေကြစဉ် ဦးဖိုးဆင်ထံမှ ဘအေးရော၊ လှဋ္ဌေးရော ခေတ္တလာကြရန် မှာလိုက်ကြောင်း သတင်းရောက်



လာ၍ လင်မယားနှစ်ယောက် သွားရောက်ကြသည်။

ဦးဖိုးဆင်သည် ပက်လက်ကုလားထိုင်ပေါ် ထိုင်နေ၍ မလှဋ္ဌေးတို့ လင်မယားက သူ့ခြေရင်းရှိ သင်ဖြူးပေါ်၌ ထိုင်ကြကာ ကိုဘအေးက ....

"ဘာကိစ္စလဲ အစ်ကို၊ ကျွန်တော်လည်း အစ်ကို့ ပြောစရာရှိနေတာနဲ့ အဆင်သင့်ပဲ ... "

ဦးဖိုးဆင်သည် ပါးစပ်မှ ဆင်နှစ်ကောင်ကို ချွတ်လိုက်ပြီး ....

"အေး ... မင်းတို့ပြောမှာကို ငါ မောင်ကြွေ့ဆီက သိပြီးပါပြီကွ၊ သူ နေ့ခင်းက ရေထမ်းလာရင်းနဲ့ ငါ့ကို တီးခေါက်ကြည့်သွားသကွ ... "

ဤတွင် ကိုဘအေးက စိတ်စောလှစွာဖြင့် ....

"ဒါဖြင့် ဘယ့်နှယ်လဲ အစ်ကို"

"အေး ... ငါ အခုပြောမယ့်စကားက မင်းတို့မှာ အဲဒီပြဿနာ မပေါ်တော့ဘူး ... "

ကိုဘအေးတို့မှာ နားမလည်နိုင်ကြဘဲ ....

"ဘာမို့လဲ အစ်ကို"

"တကယ်လို့ မင်းတို့မှာ ဆောက်ပြီးသား အိမ်ကြီးရနိုင်နဲ့ ခြံကျယ်ကျယ်ကြီးတစ်ခု ရမယ်ဆိုရင် ငါ့မြေကိုဝယ်ပြီး ဘယ်အိမ်ဆောက်နေစရာ လိုတော့မလဲ၊ ဟုတ်ဘူးလား ... "

"ဟုတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ အစ်ကိုဘာတွေ လျှောက်ပြောနေတာလဲ ... "

"မင်းတို့မှာ အခု အဲဒီလို အိမ်ကြီးခြံကြီးသာမက လယ်ကေ ၂၀ လည်း ရနေပြီ ... "

လင်မယားနှစ်ယောက် ယုံရအခက်၊ မယုံရအခက် ရှုတ်ထွေးတဲ့ အံ့အားသင့် သွားကြကာ ကိုဘအေးမှာ မျက်လုံးပြူးသွားလျှက် —

"ဟာ ... အစ်ကို ဘာတွေ လျှောက်ပြောနေတာလဲ၊ တောသင်းတောက်တဲ့"

ဤတွင် အနီး၌ ဦးဖိုးဆင်သား ဖိုးထောင်နှင့် ဖိုးထောင် ရှိနေပြီးရာ ဖိုးထောင်က ....

www.burmeseclassic.com

www.burmeseclassic.com



"အဖေ၊ သူတို့ နားမလည်သေးဘူး၊ ကျွန်တော် ရှင်းပြလိုက်မယ်" ဟုဆိုပြီး သူတို့ဆီမှာ ဖအေ့ဘက်က ညီကို ဘထွေး(ပထွေး) ဟုခေါ်သည် ဖြစ်၍ ---

"ဒီမှာ ပထွေး၊ ပထွေးက ဒေါ်လေးငွေးကို ခိုးပြေးတော့ရင် ကျွန်တော်တို့ မမွေးသေးဘူး ဟုတ်လား ... "

ကိုဘအေးက "မင်းက ငါ့သားအကြီးဆုံး ထွန်းစိန်ထက်တောင် တစ်နှစ်ငယ်သေးတာပဲ၊ ဒါဘာဖြစ်တုံး ... "

"ဘာဖြစ်ရမလဲ၊ ပထွေးတို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာပေါ့"

"အောင်မာ ကြီးကျယ်လိုက်တာ၊ ဘာများတုံး မင့်ဟာက ... "

ဖိုးဆောင်နှင့် ဦးဖိုးဆင်က ပြုံးနေကြသည်။ ဖိုးဆင်က ဆက်လက်၍...

"အဲဒီတုန်းက ပထွေးနဲ့ ဒေါ်လေးငွေး ခိုးပြေးတာကို ဟောဒီ ကျွန်တော် တို့အဖေက ဒေါ်လေးငွေးအဖေ ဦးမာဒင် သွားပြောတော့ရင် လက်မခံဘူး၊ တစ်သက်အပြတ်လို့ ပြောလွှတ်လိုက်တယ် မဟုတ်လား၊ အင်း... နှစ် ဘယ်လောက်တောင် ကြာသွားပြီလဲဟင်၊ ဒေါ်လေးငွေး ... "

မလှငွေးက စဉ်းစား၍ ....

"၄၀-၄၁ နှစ် ရှိသွားပြီပေါ့ကွယ် ... "

"အဲဒါ အခု ကျွန်တော်နဲ့ ဖိုးဆောင်က သွားပြောတော့မှ ခင်ဗျားတို့ အဖေကြီးက သဘောတူပြီတဲ့ ဆရာရေ့၊ ဒါနဲ့ ကျွန်တော်တို့က ပြောတယ်၊ သဘောတူရုံနဲ့ မပြီးသေးဘူး၊ ပစ္စည်းလေးဘာလေး လက်ဖွဲ့ဦးဆိုတော့ ဒေါ်လေးငွေးအတွက်က ရွှေတစ်ဆင်စာတဲ့၊ နို့ပြီး အိမ်နဲ့ခြံနဲ့အပြင် လယ်တဧက ၂၀ တဲ့ခင်ဗျာ၊ အဲဒါမလုပ်ချင်နေဦးတော့၊ လာမယ့် မိုးဦးကျဆိုရင် စိုက်ပျိုးရေးစရိတ် ၂၅၀ ကတော့ တိမ်တိမ်မြည်နေပြီ။ ဟီ ... ဟိ ... ပထွေးတို့ ၆၀ ကျော်မှ ကံပေါ်တာပေါ့ ... "

လင်မယားနှစ်ယောက်မှာ ဒီသားအဖတွေပြောတာ ယုံရခက် မယုံရခက် ဇဝေဇဝါဖြစ်နေကြရာ ဦးဖိုးဆင်က ဆက်လက်၍ ....

"အေး ... ဖိုးထောင်ပြောတာ ဟုတ်တယ်ကွ၊ မင်းတို့ကို အိမ်နဲ့ခြံနဲ့



လယ်ဧက ၂၀ ပေးမယ်ဆိုတာ ညနေကပဲ ကိုမာဒင် ငါ့ကိုခေါ်ပြောတယ်၊ ဒီလယ်ကလည်း ဟိုတုန်းကတည်းက မလှငွေးနာမည် လွှဲထားတာပဲ။ ရွှေတစ်ဆင်စာ ဆိုတာကလည်း ကိုမာဒင်ဟာ ဟိုတုန်းက လှငွေးဝတ်ခဲ့တာတွေကို တမင်သက်သက်ပဲ သိမ်းထားခဲ့တာတဲ့ ... "

မလှငွေးမှာ ရုတ်တရက် တက်သွားလေရာ ဝိုင်းဝန်းနှာနပ် ယူရသည်။ သတိရလာသောအခါ ....

"အစ်ကိုပြောတာ တကယ်နော်၊ ဟုတ်လားအစ်ကို"

"သတိထား လှငွေး၊ ဟုတ်ပါတယ်၊ အဘိုးကြီး ခုမှ နောင်တရရှာတယ်၊ အခု သူ့သားအငယ်ဆုံး လှမောင်ကလည်း မယားစကား နားထောင်ပြီး သူ့ယောက္ခမဆီ သွားနေကြတော့ အဘိုးကြီးမှာ သူရင်ငှားလေး လှကြိုင်နဲ့ နှစ်ယောက်ထဲရှိတယ်။ အဲဒါ မင်းတို့က သူ့အိမ်မှာ လာနေကြပါတော့တဲ့။ သူကတော့ မသေခင်မှာ တောရကျောင်းသွားပြီး တရားပဲ အားထုတ်နေတော့မယ်တဲ့ ... "

မလှငွေးမှာ မျက်ရည်တွေ တွေတွေ တွေတွေ ကျနေလေသည်။

ယင်းသို့ ဖြစ်ရသည်ကား ....

နံနက်ခင်းက ဦးမာဒင်သည် ပြည်သူ့ဆိုင်သို့ ဆင်နှစ်ကောင် ဆေးပြင်းလိပ် လာဝယ်ကြောင်း ဖော်ပြခဲ့၏။ ထိုစဉ်က ....

မိမိ အသိအမှတ်ပြုမထားသော မြေးမကလေး မြခင်ကို မြင်လိုက်ရသည်၌ သည်အရွယ်ပင် မိမိက သမီးအဖြစ်မှ စွန့်ပစ်လိုက်သော မလှငွေးကို သတိရလှသည်။ ယင်းသို့ သေခန်းဖြတ်ပြီးမှ သမီးမျက်နှာ တစ်ခါမျှ ပြန်မကြည့်တော့သဖြင့် မလှငွေး၏ ယခုအရွယ်ကို သူ့စိတ်အမြင်ထဲဝယ် ဘယ်ပုံသဏ္ဌာန်ရှိသည်ကို မှန်းဆ၍မရ။ မိခင်နှင့်ချွတ်စွပ်တူသော မြခင်လေးတို့ အခုနက မြင်လိုက်ရမှ သမီးမိုက် မလှငွေး၊ မလှငွေး သင်းဒီအရွယ်ထည်အတိုင်းပါပဲလားဟဲ့ ....။

ဦးမာဒင်တွင် သားများရှိသည့်အနက်မှ မလှငွေးသည် [illegible] သော သမီးဖြစ်၏။ မိဘစကားနားမထောင်သဖြင့် အချစ်ကြီး၍ [illegible] လိုက်ရသော်လည်း စင်စစ်သားသမီးတို့ထုံး မှန်းတယ် [illegible]

www.burmeseclassic.com



ထရှာတာအေါ်သတို့သာ တဖွဖွ ထခဲ့ရသည်။ လုဒွေးတို့လင်မယား သားသမီးများနှင့် ဆင်းရဲကြသည်ဟု ကြားတိုင်း 'ဒါဟာ မိဘကျိန်စာသင့်တာပဲ ငါ့စကား နားမထောင်တဲ့ သမီးမိုက် ကောင်းတယ်' ဟု တစ်ဖက်သတ်အမိန့်ချ၍ တစ်ဖက်သတ်သာ အနိုင်ယူခဲ့သည်။ စင်စစ် ရှုံးသူ၊ ခံစားနေရသူကား မိမိသာဖြစ်သည်။ မိဘက သားသမီးကို ပြတ်ပါပြီဟု စွန့်လွှတ်လိုက်သည်၌ တကယ်ပြတ်သွားသူကတော့ သားသမီးသာဖြစ်သည်။ မိဘက ကရုဏာ ဒေါသနှင့် တဖွဖွ သတိရနေတတ်သည်။ သားသမီးနှင့် မိဘဆိုသည်မှာ ဘဝအရဏ်တက်နှင့် ဘဝမွှန်းလွဲပိုင်းပေကာပဲ။ အိမ်ထောင်ကျ၍ မိဘက စွန့်လွှတ်လိုက်ပြီ ဆိုသောအခါ၌ (စွန့်လွှတ်သည် မဆိုပါနှင့်ဦး၊ သဘောတူ ပေးစားပြီး အိမ်ထောင်ခွဲသွားကြသည်ပဲ ထားပါဦးတော့) သားသမီးမှာ မိဘကိုပြန်ပြီး သတိရနေရန် အချိန်မရကြတော့၊ ၎င်းတို့က မွေးဖွားသော သားသမီးများသာလျှင် ၎င်းတို့၏ကမ္ဘာသစ်မှာ တွယ်ကျယ်ရပေတော့သည်။ မိဘမူကား သားသမီးကိုမေ့ရန် ခဲယဉ်းလှ၏။

စင်စစ်ကား မိဘက သားသမီးကို ပြတ်သည်ဆိုသည်မှာ တရားနှင့် ဖြတ်ခြင်းမျိုးမဟုတ်၊ ဒေါသနှင့်ဖြတ်ခြင်းဖြစ်သောကြောင့် အကယ်ပြတ်သည် မဟုတ်ပါချေ။ ကြည့်လေ၊ ဦးမာဒင်သည် သူ့သမီး မလုဒွေးအား ပြတ်သားလှပုံကို တမင်လုပ်ဆောင်ပြပုံများကတော့ မလုဒွေးသည် ကိုဘအေးနှင့် ညားသွားပြီး သားဦးကလေး မောင်ထွန်းစိန်ကို မွေးဖွားသည်။ ၎င်းမောင်ထွန်းစိန်ကလေး လမ်းလျှောက်တတ်သောအရွယ်၌ ဦးမာဒင်သား စံရွှေထက်အငယ် ဖိုးခေါင်က မောင်ထွန်းစိန်ကလေးကို လမ်းမှာတွေ့၍ မိမိတူကလေးရယ်ဟု ကောက်ယူချီပွေ့သည်။ ဤအကြောင်း ဦးမာဒင်ကြားသည်၌ သားလူပျိုပေါက် မောင်ဖိုးခေါင်ကို 'ငါ စွန့်ပစ်ထားကာ နင်က အဖက်လုပ်ရပါမည်လား' ဟု နွားကြိမ်နှင့် ရိုက်နှက်သည်တဲ့။

နောက်တစ်ကြိမ် ....

ဦးမာဒင်ဇနီး ဒေါ်မယ်လှသေဆုံး၍ မလုဒွေးက မအေ့ အသုဘ လာတာကို ဦးမာဒင်က အနားမသီရဟု သားများကို မောင်းထုတ်စေသည်တဲ့။



ယင်းတို့ကား ဦးမာဒင်က လူစွမ်းကောင်းကြီး၊ လူထူးလူဆန်းကြီး၊ လူ့မာနအိုးကြီး လုပ်ပြလိုက်ခြင်းများတည်း။ ဒါတွေကို သူ့ဟာသူ တော်လှပြီ ဟုတ်လှပြီဟု အောက်မေ့ခဲ့သည်။

သို့ရာတွင် ဦးမာဒင်သည် သေခါနီး၌ တရားဘက်လိုက်ကာ တရားထိုင်ကြည့်တော့မှ ထိုအရာများသည် ကြီးစွာသော အမှားများဖြစ်ကြောင်း မည်သူကမျှ မပြော မဟောရဘဲနှင့် သူ့ဟာသူ သိလာရတော့သည်။

အကြောင်းမှာ တရားထိုင်သောအခါ၌ သမာဓိရဖို့က လွန်စွာအရေးကြီးလှသည်။ ပိန်ဖောင်း သော်လည်းကောင်း၊ ရှူရှိုက် သော်လည်းကောင်း၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ သော်လည်းကောင်း မည်သည့်နည်းနှင့်ပဲ တရားထိုင်ထိုင် အချုပ်မှာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သုံးခုရှိသည့်အနက် အတိတ်နှင့် အနာဂတ်သို့ မရောက်စေဘဲ ပစ္စုပ္ပန်တည့်တည့်မှာ စိုက်ဖို့ ကြိုးစားကြရသည်။

'ပစ္စုပ္ပန် တည့်တည့်စိုက်ဖို့' ဆိုသည်မှာ အတိတ်ကိုလည်း ပြန်မတွေး၊ အနာဂတ်ကိုလည်း စိတ်မရောက်မှ ဖြစ်ပေမည်။ ယင်းသို့ဖြစ်ရန်မှာ လွန်စွာ ခဲယဉ်းလှသည်။ စာဖတ်သူ (တရားမထိုင်ဖူးသေးသော်လည်း) စဉ်းစားကြည့်ပါ။ မိမိအားနေသောအခါ၌ အိပ်မပျော်သေးသမျှ စိတ်က အအားမနေပေ။ တစ်စုံတစ်ခုကို သတိရနေသည်၊ တွေးတောနေသည်၊ စဉ်းစားနေသည်သာ ဖြစ်ချေသည်။

သတိရနေသည်ဆိုသည်မှာ နောက်ကြောင်းအတိတ်ကို ပြည်လည်ကြားယောင် မြင်ယောင်နေခြင်းဖြစ်သည်။ တွေးတောစဉ်းစားခြင်းကတော့ အနာဂတ်အတွက် ကြံစည်နေခြင်းဖြစ်သည်။ ယင်းသို့ အတိတ်ကိုလည်း ပြန်မတွေး၊ အနာဂတ်ကိုလည်း မစဉ်းစားသောအခါ ပစ္စုပ္ပန်တည့်တည့်မှာ စိတ်သည်ဖြစ်၍ စိတ်မှာ ဘာအလုပ်မျှမရှိသဖြင့် လူ၏ချမ်းသာမှုကား ပြောဖွယ်ရာမရှိတော့ပြီ။ ကိုယ်ကာယက ဘာမျှမလုပ်ရသောအခါ ချမ်းသာခြင်းနှင့် စိတ်က ဘာမျှမလုပ်တော့၍ ငြိမ်းအေးချမ်းသာခြင်းကား မ[illegible] လောက်အောင် ကွာခြားလှပါပေသည်။ ထိုစိတ်၏ချမ်းသာခြင်းမှတဆင့် မဂ်တရား ဖိုလ်တရားကို တက်ရသည်။

တကယ်တမ်း တရားအားထုတ်သူတို့မှာ ယင်းသို့ [illegible]

www.burmeseclassic.com



**တည့်စိုက်ရန်** (မိမိကျင့်သုံးနေသောနည်းဖြင့်) ကြိုးစားကြသည်ဖြစ်ရာ ဤအခါများတွင် အနာဂတ်ကို မစဉ်းစားဘဲနေဖို့က လွယ်ကူသယောင်ရှိသော်လည်း အတိတ်ကို မတွေးဘဲနေဖို့က လွန်စွာမှခဲယဉ်းလှပါ၏။ အတိတ်ဆိုသည်မှာ မိမိကပိုင်ဆိုင်သည်မဟုတ်၊ အတိတ်ကသာ မိမိကို အုပ်စိုးနေသည်။

လူတစ်ယောက်၏ဘဝတာတွင် မိမိက နစ်နစ်နာနာ ကျဆုံးခဲ့ရသည်လည်း ရှိ၏။ မိမိက လှလှပပကြီး အောင်မြင်လိုက်ရသည်လည်း ရှိ၏။ ဤနှစ်မျိုးမှ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ မေ့နိုင်စရာခဲယဉ်းသော အကြောင်းကြီးများ ဖြစ်လေရာ တရားအားထုတ်သောအခါ၌ ဤနှစ်ခုလုံးကပင် ဒုက္ခပေးတတ်လေတော့သည်။ တရားအားထုတ်သောအခါ၌ ဒါမျိုးတွေက မေ့ထား၍မရချေ။ တရားခွင်တွင် တရားခံအား သူ၏ပြစ်မှုများကို သက်သေခံများက ထုတ်ဖော်၍ ပြောကြသကဲ့သို့ ဘွားခနဲ ပေါ်လာတတ်ကြချေသည်။ အတိတ်သည် အရိပ်ပမာ လိုက်လျက်ရှိသည် ဆိုသောစကားမှာ ဤအခါတွင် မှန်လှကြောင်း အကယ် သဘောပေါက်တော့သည်။

ဦးမာဒင်၏ အတိတ်ခရီးစဉ်တွင် လူတစ်ထောင်လျှင်လည်းကောင်း၊ တစ်သောင်းလျှင်လည်းကောင်း တစ်ယောက်မျှ လုပ်လေ့မရှိသော ပြုမှုမှုကို သူလုပ်ခဲ့သည်။ သမီးအား အမွေဖြတ်စွန့်လွှတ်ရုံမက ၎င်းသမီးကမွေးသော သားဦးကလေးအား သားဖြစ်သူက သူ၏တူကလေးရယ်လို့ ကောက်ချီမည်ကို ကြိမ်နှင့် နာကြည်းစွာ ရိုက်နှက်ခဲ့သည်။ သမီးသည် သူ့မိခင်သေ၍ မသာလာသည်ကို မိမိက မောင်းထုတ်ခဲ့သည်။ ယင်းပြစ်မှုကြီးများကား ဦးမာဒင် တရားအားထုတ်သောအခါတွင် ဘွားခနဲ ဘွားခနဲ ပေါ်လာ၍ အလုံးကြီးဆောင့်သည်၊ တရားထိုင်ရင်း အဘိုးကြီးတန်မဲ့နှင့် ကလေးသဖွယ် မျက်ရည်စက်လက်နဲ့ ငိုကြွေးမိသည်။ ထိုအဖြစ်များကို တွေ့ကြုံခံစားရသည်၌ ဦးမာဒင်သည် မိမိသမီးအား ခွင့်လွှတ်ရုံမက တောင်းပန်မှသာလျှင် တရားထိုင်၍ဖြောင့်တော့မည်ဟု စဉ်းစားမိလေ၏။

ထို့ကြောင့် ဖော်ပြခဲ့သည့်အတိုင်း တရားထိုင်ရန် တောရချောင်သို့ သွားခါနီး ပြည်သူ့ဆိုင်တွင် ဆင်နှစ်ကောင်ဆေးပြင်းလိပ် လာဝယ်စဉ် မြခင်



လေးကို မြင်ရသည်၌ ယင်းကိစ္စကို အပြီးရှင်းမှပဲဟု ဆုံးဖြတ်ချက်ချလိုက်ကာ သူ့အား ဆေးပြင်းလိပ်များ ထုတ်ပေးနေသော ဆိုင်မန်နေဂျာအား —

"မောင်ထွန်းရှိန်ရေ ... မင်းဦးကြီး မောင်ဖိုးဆင်တစ်ယောက် နေထိုင်ကောင်းရဲ့လားကွ"

"ဟာ ... ဘကြီးရေ့ ... အရင်တလောက ကြွပြီရယ်ထင်တာ၊ ငွေအား ဆေးအားနိုင်တာနဲ့ အခုတော့ ပြန်ထသေးရဲ့၊ တော်သေးသဗျာ..."

"အေးလကွာ ... မောင်ဆင်လည်း ၈၀ ထဲရောက်ပြီပဲကွ၊ ငါလည်း ၈၅၊ အခု မောင်ဆင် ဟိုဟိုဒီဒီ လျှောက်နိုင် သွားနိုင်ရဲ့လား"

"သွားနိုင်သဗျ၊ ဘုန်းကြီးကျောင်းနဲ့ ခေါက်ကယ် ပြန်ကယ်နေတာပဲ၊ သူ ဘုရားကျောင်းဆောင်လေးတစ်ခု ဆောက်နေတယ်"

"အေးလကွာ ... ဒါဖြင့် မောင်ဆင် ဒီညနေ ငါ့အိမ် ဧကမှာတယ် ပြောလိုက်စမ်းကွာ ... "

"ဟုတ်ကဲ့၊ ဟော ... ဟော့ဟိုမှာ သူ့မြေး မပုလာတာနဲ့ အဆင်သင့်ပဲ"

* * *

'ယောက္ခမအိမ်ထက်၊ ခုမှတက်'

'သမက်အိုကလေး တို့ပဓေ့ွး' ဟူသော ဆောင်ပုဒ်ဖြင့် ကိုဘအေးအား ဖိုးထောင်နှင့် ဖိုးဆောင်တို့ လှည်းဖြင့်ပို့ကြသည်။ ကူညီသည်ပိုးရန် မောင်ကြွေလည်း ပါခဲ့သည်။ မလှမွေး၊ မြခင်၊ မောင်ထွေးတို့ကား ယမန်နေ့ကပင် ဦးဖိုးဆင်က သူတို့အဖေကြီးထံ ပို့ခဲ့လေပြီ။ လှည်းပေါ်တွင် ကိုဘအေးတို့၏ ဝန်ထုပ်စလည်များဖြင့် ၄ ယောက်သား ထိုင်လိုက်ကြသည်။ ဖိုးထောင်က လှည်းကိုမောင်းသည်။

ပထမတွင် ကိုဘအေးက "ငါအောက်ကပဲ ခြေကျင်လိုက်ပါ့မယ်ကွာ...၊ မင်းတို့နွားတွေ လေးနေပါ့မယ်" ဟုပြောသည်ကို ဖိုးထောင်နှင့် ဖိုးဆောင်ကမရ။ "ဟာ ... သတို့သားပဲ၊ ဘယ်မြေပြင်က ခြေကျင်လိုက်လို့ တော်မလဲဗျာ" ဟုဆိုပြီး တက်စီးခိုင်းကြသည်။ သူတို့လှည်းထိုလည်း

www.burmeseclassic.com

www.burmeseclassic.com



လှည်းဦးငုတ် ဆောင်ပန်းနှင့် ကက်အိမ်ရုံတိုင်တို့တွင် ပန်းခက် သစ်ခက်များ နိုင်ချည်ကြ၍ "ဟင်း ... ဒါ နှယ်နှယ် မအောက်မေ့ကြနဲ့၊ မင်္ဂလာလှည်းဗျ" ဟူ၍လည်း ကြွေးကြော်ခဲ့ကြသေးသည်။

ဖိုးထောင်သည် ခပ်ထုံထုံဖြစ်သော သူ့နွားတွေကို ကြိမ်နှင့်တို့မောင်းနေရာမှ ....

"ပထွေးတို့ငယ်ငယ်က ရွှေလရောင်ဆိုတဲ့နွား တယ်ကောင်းတာပဲဆို၊ ကျွန်တော်တို့အဖေက ပြောပြဖူးတယ်"

ကိုဘအေးစိတ်သည် ရေးခေတ်ဟောင်းသို့ ပြန်ပြောင်းရောက်သွားကာ ရီဝေသောမျက်လုံးများဖြင့် ....

"ဟာ ... အဲသ ့လောက်ကောင်းတဲ့နွား နောက်မတွေ့တော့ဘူးကွာ၊ နွားပြေးက ကဆုန်ချပြီး သမင်ပြေး ပြေးတာကို သူက ထမ်းပိုးတန်းဦးအောင် စရုံခြေကျကျ လိုက်နိုင်တယ်ကွာ၊ မင်းနှယ် တစ်ချက်ကလေးမှ မဖောက်ဘူး"

"နွားမွေး ဘာရောင်လဲ ပထွေးရ"

"နွားရွှေကွ၊ ရွှေရောင် တောက်နေတာပဲ၊ နွားရွှေ... ရွှေရင်ရွှေ မရွှေရင် ပြည်တန်တဲ့နွားမျိုးပေါ့"

"အဲဒီ ပြည်တန်တဲ့နွားကို ပထွေးတို့ ဘယ်လောက် ပေးဝယ်ရတာလဲ"

"၉၅ ကျပ်ရယ်ကွ၊ ပွဲခနဲ့မှ ၉၆ ကျပ်ကျတာပဲ၊ ခုနှယ်ဆို ဒီနွားမျိုး ဘယ်တစ်ထောင်နဲ့ ရမလဲကွာ ... "

"ဟိုတုန်းက နွားဈေးတွေက ခုခေတ်ဈေးနဲ့ သိပ်ကွာတာပဲနော်"

"ဟိုတုန်းက ငွေရှားတာလဲကြည့်ဦးကွ၊ စပါးဈေးက တစ်ရာ လေးငါးဆယ်ရယ်၊ တစ်ခါတလေ ဈိုက်ကျလိုက်ပြီဆိုမှဖြင့် စပါးတင်း ၁၀၀ မှ ငွေ ၅၀ ကျပ် ၆၀ ကျပ်ဖြစ်သွားတယ်၊ တို့အဖေများ ပျက်စီးရတဲ့နှစ်ကဆိုရင် စပါးဈေး ၄၅ ကျပ်ရယ် ... "

"အဲဒီတုန်းက လယ်ပိုင်ရှင်တွေကလည်း ချစ်တီးငွေ သိပ်ချေးကြတာပဲနော်"

"ဟာ ... ချစ်တီးတွေက မချေးချင်ရင် မနေရအောင် အတင်းလာ



လုပ်ကြတာကွ၊ တို့အဖေကြွေးနစ်ရပုံ ပြောပြရဦးမယ်၊ တို့အဖေဟာ ကြွေး ၃၀၀၀ ကျပ် တင်နေရောဟေ့၊ ငွေတစ်ရာ တစ်လ တစ်ကျပ်ခွဲတိုးနဲ့ဆိုတော့ တစ်နှစ်တစ်နှစ်မှာ အတိုးချည်း ၅၄၀ ကျပ် ဆပ်ဆပ်နေရတယ်။ တို့က လယ်နှစ်တုံးလုပ်ဆိုတော့ ရွာထဲမှာ စပါးပေး တင်းတိုးချေးတာနဲ့ သူ့အတိုးကို မှန်မှန်ဆပ်နေနိုင်တယ်။ အဲဒီတော့ ကိုရွှေကုလားများ ဘယ့်နှယ်လုပ်သလဲ သိလား၊ ဒီနှစ်တော့ ခင်ဗျား အတိုးတင်မကဘူး၊ အရင်းပါဆပ်ပါ လုပ်တယ်။ အဲဒါ အာရနကြီးတိုက်တဲ့ကွ။ အဲဒီအချိန်မှာ အာရနကြီးက မရှိဘူး၊ ရန်ကုန်သွားတယ်ဆိုလားပဲ၊ အဲဒီတော့ အဖေက မင်းတို့နဲ့ငါ စကားမပြောချင်ဘူး၊ မင်းတို့သူဌေး အာရနကြီးနဲ့မှ ငါပြောမယ်။ သူကပါ သည်အတိုင်းတောင်းတယ်ဆိုရင်ဖြင့် ငါ လယ်ဆယ်ဧကလောက် ရောင်းလိုက်မယ်ဆိုပြီး အဖေက စိတ်ဆိုးမာန်ဆိုးနဲ့ သူတို့ချစ်တီးတိုက်ထဲက ထွက်ခဲ့တယ်ဆိုပဲကွ၊ ဟ ဖိုးထောင်ရ၊ ချိုင့်ခွက်လည်း ကြည့်ရှုမောင်းပါဦးကွ၊ ဖင်ဆောင့်လိုက်တာ ငါ့လန်္ဘီး ... "

"ပထွေးကလည်း သူဌေးသားမက် ဖြစ်ရပြီဆိုပြီးတော့ တယ်န ပါလား ပထွေးစကား နားထောင်ရတာနဲ့ဗျာ ... ၊ ကဲ ... ဆက်ပြောပါဦး ..."

"အဲဒါနဲ့ ငါ့အဖေလမ်းမရောက်တော့ ဟိုဘက် ရာမကြီးတိုက်က ချစ်တီးတစ်ယောက်က နောက်က ဖုတ်ဖုတ် ဖုတ်ဖုတ်နဲ့ လိုက်လာသကိုး၊ အနားရောက်တော့ အစ်ကိုအစ်ကို ဘာဖြစ်တာလဲ၊ ဟိုဘက်တိုက်မှာ ဆူညံဆူညံနဲ့ ကြားရတယ်လို့မေးတော့ (အဲဒီကုလားက မူတူးတဲ့ကွ) လူချင်းမဆက်ဆံဖူးပေမဲ့ မျက်နှာသိဖြစ်နေတော့ အဖေက အကျိုးအကြောင်း ပြောပြသတဲ့ကွ။ အဲဒီအခါမှ အမယ် ကိုမူတူးက အာရနကြီးတိုက်က ကုလားတွေကိုမိုက်တယ်၊ လာ အစ်ကို ကျွန်တော်တို့တိုက် လိုက်ခဲ့၊ အစ်ကို လိုသလောက် ငွေယူ၊ သင်းတို့ငွေကို ချက်ချင်း ပြန်အမ်းလိုက်စမ်းပါရှာဆိုပြီး အဖေ့အကျီ လက်ဆွဲခေါ်သွားသတဲ့ကွ ... ။

"ဒီတော့ အဖေကလည်း ဟိုကုလားတွေ ဒေါပွလာတာ[illegible] သူ့ ဘိုးဘိုးအောင် မ တယ်ထင်ပြီး ရာမကြီးတိုက်ထဲ လိုက်[illegible] ရောက်လည်းရောက်ရော မူတူးက ကျိုလိမာလိ ပြောလိုက်တဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူဌေးက ချက်ချင်း ငွေ ၅၀၀၀ ကျပ် ထုတ်ပေးရောတဲ့ဟော့၊ အဖေက ဟာ-
များပါတယ်၊ ဒါလောက် မလိုချင်ပါဘူးဆိုတာတောင် မရဘူးတဲ့
ယှိကောင်တွေကြွေး အတိုးရော အရင်းပါဆပ်ခဲ့ပါ၊ ပိုတာအစ်ကိုသုံးပါ
အတင်းတွန်းပေးလိုက်တော့ အဖေကလည်းယူပြီး အာရနကြီးတို
ဟန်နဲ့မာန်နဲ့ သွားဆပ်လိုက်သတဲ့ကွ။

"တကယ်တော့ကွာ... တောက်၊ ကုလားတွေ သက်သက် အကွ
ဆင် လုပ်ကြတာပါ။ မြို့ပေါ်မှာ အာရနကြီးတိုက်ရယ်၊ ရာမကြီးတိုက်ရယ်
ရှိနေပေမဲ့ အမှန်ကတော့ သူတို့အတူတူပဲကွ၊ တစ်ကုမ္ပဏီထဲက တိုက်
တွေ။ အဖေက ငွေ ၃၀၀၀ ကျပ်ကြွေးကို အတိုးမှန်မှန်ဆပ်နိုင်နေတ
မကျေနပ်လို့ ကြွေးချက်ချင်း ၅၀၀၀ ကျပ်တင်အောင် လုပ်လိုက်ကြတာ
နောက်တော့ မကြာပါဘူးကွာ၊ ငွေ ၅၀၀၀ ကျပ်ကို လယ်ပေါင်စာချုပ်လုပ်
တစ်စတစ်စနဲ့ တစ်ကျပ်ခွဲတိုးကနေ ၂ ကျပ်လုပ်။ ၂ ကျပ်တိုးဆိုတော့
၅၀၀၀ ကျပ်မှာ တစ်နှစ်ကို အတိုးချည်း ၁၂၀၀ ကျပ်ကွာ၊ မင်းတို့စဉ်းစာ
ကြည့်ကြစမ်း။ အဲဒါ မှန်မှန်မဆပ်နိုင်တော့ နှစ်ထပ်တိုးလုပ်၊ အတိုးပါအရင်း
ထဲ ထည့်ပေါင်းပြန်သကွ၊ အဲဒီလိုနဲ့ပဲ ရှိတဲ့လယ်တွေ စုံးစုံးမြုပ်ရတော့တာ
ပေါ့ကွာ"

"တောက် စဉ်းစားကြည့်တော့ တော်တော်အသည်းနာဖို့ ကောင်း
သကွာ။ တောက လယ်ပိုင်ရှင်တွေက သူတို့ငွေ အတိုးပေးနိုင်အောင်၊ လယ်
ရတာတင်မက လယ်ကူလီဆင်းရဲသားတွေဆီက သွေးနဲ့ချွေးကို တစ်ယော
စီ တစ်ယောက်စီက တစ်စက်စီ တစ်စက်စီ ညှစ်ယူပြီးတော့ ချစ်တီးကုလာ
တွေဆီကို ပုံးလိုက်ထမ်းပို့နေရတာပါပဲ။ တွေးလေတွေးလေကွာ၊ တို့ဗမာ
တွေက ဖျင်း၊ ကုလားတွေက လည်ပင်းနင်း ... " ဟုဆိုရင်း ကိုဘအေးမှာ
စကားမဆက်နိုင်ဘဲဖြစ်သွားသည်နှင့် ဖိုးဆောင်က ....

"အခုတော့ ချစ်တီးကုလားတွေ မရှိကြတော့ဘူးနော် ... "

"ဒီ တော်လှန်ရေးအစိုးရလက်ထက်မှာ ကိစ္စပြတ်ကြတာပါပဲကွ
အရင် အစိုးရတွေ လက်ထက်မှာတုန်းက လယ်တွေ ဝေခြမ်းရေးလုပ်လိုက်
ပြီး လယ်ပေါင်မြေပေါင် မခံရဘူးဆိုပေမဲ့ မြို့ပေါ်မှာ စိန်ပေါင် ရွှေပေါင် နဲ့



စားနေကြသေးသကွ။ ခုအစိုးရကြတော့ ဘာပေါင်မှမခံရဘူး၊ ဘာအတိုးမှ
သည်း မချေးရဘူးလို့ တစ်ချက်လွှတ်အမိန့် ထုတ်လိုက်တော့မှာပဲ ချစ်တီး
ကုလားတွေ မျိုးပြတ်တော့တာပါပဲ။ ငါတော့ နိုင်ငံရေး နားလည်လို့မဟုတ်
ပါဘူး၊ ဒီအစိုးရလုပ်ပုံတွေ သဘောကျတယ်ကွာ။ တို့ တောသူတောင်သား
လယ်သမားတွေ ကောင်းစားဖို့ တကယ် သူဆောင်ရွက်တာကွ။ ကြည့်ပါ
လား၊ မင်းတို့ လယ်ပိုင်ရှိတဲ့ကောင်တွေ လယ်လုပ်တဲ့ကောင်တွေဆိုရင် မိုးဦး
ချ စိုက်ပျိုးစရိတ် တစ်ဧက ၂၅ ကျပ်နှုန်း ရွာအရောက် လာပို့ရှာတာ ... "

ဖိုးထောင် "ဒါကတော့ မှန်ပါတယ်ဗျာ၊ နို့ပေမဲ့ သူပေးတဲ့ငွေက
မျိုးနုတ်ခ၊ ကောက်စိုက်ခ၊ ကောက်ရိတ်ခတွေ ပေးရတာနဲ့ ကုန်တာပါပဲ။
နို့ပြီး စပါးပေါ်တော့ ပြန်ဆပ်ရရော ... "

"ဟ ဒါကတော့ အစိုးရကချေးတဲ့ငွေ တိုင်းပြည်က ပိုက်ဆံ၊ ပြန်ဆပ်
ရမှာပေါ့ကွ၊ မင်းအဖေဆီက ချေးတာတောင် မင်းပြန်မဆပ်ဘဲ နေရလို့
သား..."

"ဟုတ်ပါတယ်လေ ... ကျွန်တော်ဆိုလိုတာက အခုခေတ်လယ်လုပ်
ရတာက အစိုးရဆီက ငွေကြိုရတယ်ဆိုပေမယ်လို့ နောက်ဆုံးစပါးပေါ်လို့
စာရင်းရှင်းလိုက်တဲ့အခါမှာ ကိုယ်လုပ်ခနဲ့ နွားပိုင်ရှိလို့ နွားခလောက်သာ
ကျန်တော့တာဗျ ... "

"ဟ ဒီခေတ်ကြီးမှာ ဒီထက်အပို ဘာကျန်စရာရှိသေးသလဲ။
ခေါင်းပုံဖြတ်သွေးစုတ်မှု မရှိရဘူးလို့ ဆိုထားတယ်မဟုတ်လား။ ဟိုအရင်
ခေတ်က လယ်ပိုင်ရှင်တွေ ကောင်းစားတယ်ဆိုတာက ပျိုးနုတ်ခ၊ ကောက်
စိုက်ခ၊ ကောက်ရိတ်ခတွေကို လက်ငင်းမပေးဘဲ စပါးပေး တင်းတိုးတွေ
ချေးရလို့ကွ ... "

"အေးလေ ... ခု ကျွန်တော်တို့မှာ လယ် ၁၅ ဧကလောက် နွား
တစ်ရှဉ်းလုပ်ရတယ် ဆိုပေမယ်လို့ ကျွန်တော့်လုပ်စာ ရသလောက်
ကြည့်လိုက်တော့ ဟောဒီမှာ ဘာလယ်ပိုင် ဘာပစ္စည်းအရင်းအနှီး
နဲ့ ကျပန်းတွေ့ရာလျှောက်လုပ်နေတဲ့ မောင်ကြွေဝင်ငွေလောက်
သူကတောင် ကျွန်တော့်ထက် ပိုရင်ပိုဦးမယ်၊ ဟုတ်ဘူးလား ဆောင်ကြွ

www.burmeseclassic.com

www.burmeseclassic.com



တု ကောင်ကလေးကို မေးသည်၌ မောင်ကြွေက ....

"ဩော် ... ကိုလေးဖိုးထောင်ရဲ့၊ ဒီအစိုးရ ချထားတဲ့စီမံကိန်းကို ကိုယ်လုပ်ရင် လုပ်သလောက်ရမယ်။ နို့ပြီး လူတန်းစားညီရမယ်လို့ ဆိုထား တယ် မဟုတ်ဘူးလားဗျ။ လယ်ပိုင်မြေပိုင်ရှိတဲ့လူရော မရှိတဲ့လူရော လုပ်အား သာ ပဓာနပေါ့ဗျ ... "

"အောင်မယ် ... မင်းကလည်း ဒါတွေပါ နားလည်နေသကိုးကွ"

"ဘယ့်နှယ် မလည်ဘဲ ရှိရမလဲဗျ၊ ကျွန်တော်လည်း ခေတ်ပြော တော်လှန်ရေးကြီးမှာ ခေတ်ကိုလေ့လာနေရတဲ့ လူတစ်ယောက်ပဲဗျ ... "

ဤတွင် ဖိုးဆောင်က ....

"ဟော့ ဖိုးထောင်၊ မင်းက ခုခေတ်ကောင်လေးတွေကို အထင်မသေး နော်၊ ဒီတော်လှန်ရေးအစိုးရလက်ထက်မှာ ဟောပြောပွဲရှိတိုင်း သွားသွား နားထောင်နေကြတာကွ ... "

"ဒါတင်မကပါဘူးဗျ၊ ခု ကျွန်တော်တို့ရွာမှာ စာကြည့်တိုက်လည်း ရှိနေတယ် မဟုတ်လားဗျ၊ ခုနယ် ခက်နေတာက ခင်ဗျားတို့လို မကြီးမငယ် လူလတ်ပိုင်းတွေပဲ၊ မိဘဆီက အမွေရထားတဲ့ လယ်ကလေးတွေနဲ့ ဟိုတုန်း က လယ်ရှင်စိတ်ဓာတ်က မကုန်ကြဘူး၊ ခေတ်ကို မလေ့လာကြဘူး အားအားရှိ ထန်းရေသောက်၊ အရက်သောက်၊ ကြက်တိုက် ... "

"ဟော့ ဟော့ ... ကောင်လေး တော်တော့ ဘုရားဖြစ်မယ့် အုတ်ခဲကျ လေး" ဟု ဖိုးထောင်က မျက်မှောင်ကြုတ်၍ ပြောလိုက်သည်၌ မောင်ကြွေ က ရယ်မော၍ ....

"ဟဲ ... ဟဲ ... ကိုလေးဖိုးထောင်က ဒေါကန်သွားသလား၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလားလို့"

ယင်းအခိုက် ရွာတောင်ပိုင်းနှင့် မြောက်ပိုင်းအကူး အိမ်ခြေပြတ်သော လှည်းလမ်းကျပ်တစ်နေရာ ရောက်သည်တွင် လမ်းပေါ်မှာ ကန့်လန့်ဖြတ် ကြိုးတစ်ချောင်းတားထားသည်ကို တွေ့ရသည်နှင့် ဖိုးထောင်က လှည်းကို ရပ်လိုက်ရသည်။

လမ်းဘေးချုံကွယ်မှ တုတ် ဓားကိုင် လူ ၃ ယောက် ထွက်လာ



သည်။ ကိုဘအေးက ဒေါပွစွာ "ဟေ့ ကမြင်းမသားတွေ၊ ဘာလုပ်ကြ တာလဲဟ"

ထိုလူများမှာ တစ်ရွာတည်းသား မောင်ခွေး၊ မောင်သင်လေး၊ ဗိုလ်ချို ဆိုသူများ ဖြစ်ကြ၍ မောင်သင်လေးက ....

"မင်္ဂလာဆောင် ကြိုးတားကြတာဗျ"

ကိုဘအေးက ....

"ဟာ ... နင့်အမေလင် မင်္ဂလာဆောင်လားဟ"

"မဟုတ်ဘူး၊ မြခင်တို့ အမေ့လင် မင်္ဂလာဆောင်ဗျ"

ဖိုးဆောင်တို့လည်း ပြုံးမိကြ၍ ဖိုးထောင်က ....

"ကိုသင်လေးရာ ကျုပ်တို့ ပထွေးလေးဟာပဲဗျာ ...၊ မလုပ်ကြ ပါနဲ့..."

ဤတွင် မူးနေဟန်ရှိသော ဗိုလ်ချိုက ....

"ဘတူ့ ပထွေးလေးပဲဖြစ်ဖြစ် ရွာမှာ ထုံးစံရှိတဲ့အတိုင်းပဲ"

"ကဲ ... ဘယ်လောက်ပေးရမှာလဲ"

"ငါးဆယ် ... "

"ငါးဆယ်ကြီးတောင် မများဘူးလားဗျာ၊ လျှော့ပါဦး"

"မလျှော့နိုင်ဘူး၊ ပေးရင်ပေး မပေးရင် ငါ ဟောဒီနွား ဓားနှင့်ခုတ် လိုက်မယ်" ဟု လက်ရွယ်သည်၌ ဖိုးထောင်က မျက်လုံးပြူးကာ ....

"ဟာ မလုပ်ပါနဲ့ဗျာ၊ ကဲ ... ပထွေး ပေးလိုက်စမ်းပါဗျာ"

"ဟာ ငါးဆယ်ကြီးတောင် မပေးနိုင်ဘူးကွာ၊ မင်းတို့ဟာ တော်ရုံ တန်ရုံပေါ့"

ဤတွင် မောင်ခွေးက စပ်ဖြဲဖြဲနှင့် သူ့သွား သံချေးတက်တွေပြ၍ —

"ကဲ ... အချင်းချင်းတွေပဲ အစိတ်လုပ်ဗျာ၊ ဦးလေးဘအေးကလည်း ဒီအစိတ်တော့ပေးလိုက်"

"ဟာ ... ရော့ ရော့ ... "

ကိုဘအေးက စိတ်တိုစွာပေးသည်၌ ဗိုလ်ချိုက —

"ဟာ ... အစိတ်တော့ နည်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခွေးက ....

"မနည်းပါဘူး ဗိုလ်ပုချိုရာ၊ ငွေအစိတ်ဆိုရင် ကြက်တစ်ကောင်၊ အရက် သုံးပုလင်းနဲ့ မနက်တောင် မျက်လုံးစင်းနေလိမ့်၊ လာ လာ"

ယင်းသို့ဖြင့် ကိုဘအေးဆီက ငွေအစိတ်လည်းရရော၊ ဖိုးဆောင်ရော ဖိုးထောင်ရော လှည်းပေါ်မှ ခုန်ဆင်းကြပြီး ....

"ဟေ့ ... မောင်ကြွေရေ၊ မင်းယောက္ခမလောင်းကို မင်းပဲ သူ့ယောက္ခမအိမ် လိုက်ပို့တော့ကွာ၊ နို့ပြီး လှည်းကို ငါ့အိမ်ပြန်မောင်းပို့လိုက်ဟေ့" ဟုဆိုပြီး လာရောက် ကြိုးတားကြသူများ နှင့်အတူ လိုက်ပါသွားကြလေ၏။

"အေး သောက်ကမြင်းမသားတွေ၊ နင်တို့လည်း တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဆိုတာ ငါအစကတည်းက ရိပ်မိသားပဲ၊ သောက်ကြမျိုးကြဟေ့၊ ငါ့ငွေအစိတ်ကို နင်တို့အန်ဖတ်ဆို့အောင်" ဟု ကိုဘအေးက လှမ်းပြောလိုက်သည်၌ သူတို့ကလည်း ....

"ဤသို့ပြုရ မြတ်ပုညကြောင့် သတို့သားအဘိုးကြီးနဲ့ သတို့သမီးအမယ်ကြီးတို့ အိုအောင်မင်းအောင် ပေါင်းရပါစေဗျား" ဟု ပြန်အော်ခဲ့ကြသေး၏။

*  *  *

## ခေတ်နှင့်လူ

ခေတ်နှင့်လူ။ လူနှင့်ခေတ်သည် အညမညဖြစ်၍ သဟဇာတ ပြုနေကြသည်။ ခေတ်သည် သက်မဲ့မဟုတ်။ သူ့ခေတ်သူ့အခါတွင် ဤခေတ်၏ ပုံသဏ္ဌာန်အတိုင်း လိုက်နာကျင့်သုံးရသည်။ ခေတ်၏စကားကို နားထောင်ရသည်။ လူကို ခေတ်က ရှေ့ဆောင်သွားသည်။ စင်စစ်ကား ဤခေတ်ကို လူကပင် ဖန်တီးအသက်သွင်းပေးထားခြင်း ဖြစ်သည်။ ဥပမာ ကာလယန္တရားကို ခေတ်ပေါ်ပုံသဏ္ဌာန် တည်ဆောက်၍ စီးနင်းလိုက်ပါကြသည်နှင့်တူသည်။ သို့သော် ဤယန္တရားသည် ဟောင်းမြင်း၍ လူများစုက မကြိုက်မနှစ်သက်သောအခါ (ဝါ) သူ့ထက်သာသော ပုံသဏ္ဌာန်တစ်မျိုးကို တွေ့မြင်လာကြသောအခါ ဤလူများစုကပင် အဟောင်းကို ဖျက်ဆီးပစ်လိုက်ကြပြီး အသစ်တစ်မျိုး စီမံဖန်တီးကြပြန်သည်။ တကယ်တော့ ခေတ်ကို လူများက သာပိုင်ဆိုင်သည်။ လူများကသာ ဖန်တီးနိုင်သည်။ လူများစု၏ အင်အားပေါ်မှာသာ တည်သည်။



ယခုအခါ မြန်မာပြည်တွင် ခေတ်ဟောင်းကို တိုက်ဖျက်ပစ်၍ ခေတ်သစ်ကို တည်ဆောက်နေကြသည်။ မြန်မာပြည်သည် လွတ်လပ်ရေးရပြီးမှ လူထုစိတ်ကြိုက် ခေတ်ကို တည်ဆောက်ရသည်မှာ သည်ဟာ ပထမဖြစ်သည်။ ဟိုယခင်ကမူ နယ်ချဲ့၏အမွေဆိုး စနစ်ဟောင်းဖြင့်သာ ခေါင်းဆောင်ကြီးများက သက်သာစွာ စခန်းသွားခဲ့ကြသည်။ သည်လို အဟောင်းကို တိုက်ဖျက်၍ အသစ်ကို တည်ဆောက်နေရသော ခေတ်ပြောင်းကာလတွင် အရာရှိပိုင်းကလူရော၊ လုပ်သားပြည်သူများရော အရိပ်သုံးပါးကို နားလည်သင့်သည်။ ခေတ်အခြေအနေကို သုံးသပ်သင့်ပေသည်။ ရွှေစင်တစ်ပဲ လည်မှာဆွဲမိသော ဝိဒေဟရာဇ်မင်းကြီး၏ ပုတ်သင်ညိုလို မဖြစ်သင့်။

ကိုဘအေးနှင့် မလှရွှေတို့သည် ဤခေတ်ပြောင်းကာလမှာ ဆိုရှယ်လစ်စနစ်၏ ဦးတည်ချက်ဖြစ်သော တောသူတောင်သား လယ်သမား၊ အလုပ်သမား ကောင်းစားရေးတွင် အောင်မြင်စပြုနေသော ဒေသတစ်ခုမှာ လယ်ယာလုပ်သားအနေဖြင့် အကျိုးထူးခံစားရသော အိမ်ထောင်တစ်ခုဖြစ်လေရာ ရှေးယခင် ခေတ်အဆက်ဆက်က မကြုံဘူးသောငွေများ စုဆောင်းမိကြကြောင်း ဖော်ပြခဲ့သည်။ ခြံမြေဝယ်၍ တဲကုပ်ငယ်ကိုဖျက်ပြီး အိမ်ကြီးဆောက်ဖို့ပင် ကြံစည်နေကြသည်။ သို့ရှိစဉ် မမျှော်လင့် မတွေးထင်အပ်သော ရတနာပုံကြီး ဆိုက်လေ၍ အခြေအနေသည် ကြီးစွာသော ပြောင်းလဲခြင်းကြီးကို ဖြစ်သွားသည်။ ခေတ်ဟောင်းက လယ်မြေပိုင်ရှင်ကြီး၏ ခြံကြီးအိမ်ကြီးကို အပိုင်စားရလျက် သူရင်းငှားတစ်ယောက်နှင့် လယ်ဧက ၂၀ ကျော်ကို စီမံအုပ်ချုပ်ရသည်။ ထွန်ပိုင်၊ လယ်ပိုင်၊ နွားပိုင်၊ လှည်းပိုင်တွေနှင့် ဖြစ်နေသည်။

ဦးမာဒင်သည် ဟိုးယခင် သမီး ခိုးရာလိုက်သွားစဉ်က ပြန်ရှာ[illegible] စည်းထားခဲ့သော ရွှေဝတ်ရွှေထည်များကို သမီးအသက် ၅၀ ကျော် [illegible]

www.burmeseclassic.com



နှီးကြီးအား ထုတ်ပေးသည်။ မလှဒွေးမိခင် ကွယ်လွန်သူဒေါ်လှမယ်၏ အဝတ်သေတ္တာများကိုလည်း ပေးအပ်သည်။

ထိုအခါ မလှဒွေးတို့သားအမိတွေမှာ ရုတ်တရက် နတ်ရေကန်ထဲ ပစ်ချလိုက်သည့်နှယ် တစ်သွေးတစ်မွေး ပြောင်းလဲသွားကြသည်။ ရွှေဝတ်ရွှေထည်များကိုကား အဘွားကြီးဘက်သက်နေပြီဖြစ်သော မလှဒွေးက မဝတ်တော့ဘဲ သမီးကလေးမြခင်ကို ညွတ်နေအောင် ဆင်သည်။

ယင်းသည်ပင် သမီးကလေးမြခင်၏ဖာတ်လမ်း တစ်ခန်းဖွင့်ခြင်းတည်း။

မြခင်သည် အရွယ်ကောင်း အချိန်ကောင်းမှာ အခြေအနေကောင်းကိုရသည်။ ခြံကျယ်ဝန်းကျယ်ကြီးထဲတွင် အိမ်ကြီးအိမ်ကောင်းမှာ နေရလျက် ဝတ်ကောင်းဆင်လှကို ဝတ်ဆင်ရန် လက်ဝတ်လက်စား ပြည့်ပြည့်စုံစုံနှင့် ဖြစ်လေတော့ အလှကျက်သရေ တက်ဖြိုးဝေသည်ပေ့။

ယင်း၌ ဖအေ၏သွေးပါသော ဒေါ်လှဒွေး ဘဝင်ကိုင်လေသည်။ သူ့ဖခင်၏နေရာတွင် သူဝင်လေသည်။

ယခင်က တောင်ပိုင်း၌ ဆင်းဆင်းရဲရဲနှင့် သူများခြံထဲ အိမ်ကုပ်ကလေးဆောက်နေရစဉ်က သဘောတူကြည်ဖြူခဲ့သော မြခင်ရည်းစား မောင်ကြွေနှင့် သဘောမတူတော့ဘူး ဖြစ်လေတော့သည်။ ဟိုယခင် မောင်ကြွေ ရှာပေးသော ဖားငါး စားနေရစဉ်က၊ မောင်ကြွေ ခပ်ပေးသောရေ သောက်သုံးနေရစဉ်က မောင်ကြွေမှ မောင်ကြွေမှ မောင်ကြွေဟဲ့၊ ခုတော့ သမီးအား ညည်းကောင် တို့နဲ့ မတန်တော့ဘူးဟု ဟန့်တားသည်။ မောင်ကြွေ လာမလည်စေရန် အမိန့်ထုတ်သည်။

သည်အခါမှာ မွန်းဘအေးကပါ မယားဘက် ခပ်ပါပါ ဖြစ်လာသည်။ သူကလည်း လယ်ပိုင်၊ မြေပိုင်၊ အိမ်ကြီးရခိုင်နှင့်ဆိုတော့ ဘဝင်ကိုင်လာပြီပေ့။

သို့သော်လည်း လူငယ်တို့၏ ချစ်ခြင်းမေတ္တာက ရိုးသားမှန်ကန်လှပါသည်။ ဒေါ်လှဒွေးသည် ဦးမာဒင်သမီးဖြစ်သကဲ့သို့ မြခင်ကလည်း ဒေါ်လှဒွေးသွေးဖြစ်ရကား မအေ့နည်းတူပဲ မောင်ကြွေနှင့် ခိုးရာလိုက်ပြေး



လေသတည်း။

ဟင် ... ရှင်လှဒွေးတို့ ဒေါပွလိုက်တဲ့ဖြစ်ခြင်း။ သူ့အဖေတုန်းက သူ့ကိုလုပ်တဲ့အတိုင်းပဲပေ့၊ ပါသွားတဲ့ လက်ဝတ်လက်စားတွေ လိုက်သိမ်း၊ တစ်သက်အပြတ်ဟေ့။

"ဘယ့်နှယ်တော်၊ အရပ်က ပြောစရာဖြစ်ပြီပေ့၊ မအေ့ခြေရာနင်းတဲ့ သမီးရယ်လို့၊ ဒီပုတ်ထဲက ဒီပဲ၊ ခြံခုန်တဲ့အမျိုး ခုန်တာပဲလို့ ဆိုကြတော့မယ်ပေ့"

"ဒါတော့ဗျာ၊ ကလေးတွေကိုချည်း အပြစ်မဆိုပါနဲ့ဦး၊ မိဘတွေ လုပ်ပုံကလည်း ရှိသေးသကိုးဗျ။ သူတို့ချင်း ချစ်ကြိုက်နေကြတာပဲ၊ ပေးစားလိုက်ရင် ဘယ် ဒီလိုအကြောင်း ဖြစ်စရာရှိမလဲဗျ ... "

ဖိုးထောင်တို့ ညီအစ်ကိုနှစ်ယောက်က ဒေါ်လှဒွေးတို့လင်မယားကို ပြောကြသည်။

"ကိုယ့်ညီမ ဒီလိုဖြစ်တော့ ကျွန်တော်တို့လည်း ရှက်ရသဗျ။ ဒါဟာ ခင်ဗျားတို့အပြစ်ပဲ" ဟု ဖိုးဆောင်က ပြောသည်။

မလှဒွေး မျက်နှာထားစူလျက် ....

"ဟဲ့ ... ငါ့ကိုချည်း အပြစ်တင်မနေကြနဲ့ဦး၊ ငါတို့က သဘောတူချင်ဦးတော့၊ ငါ့အဖေကြီးစိတ် နင်တို့သိတယ်မဟုတ်လား၊ ငါ့ကိုယ်ငါ အခုမှ ပြန်သိက္ခာဆယ်နေရတုန်း၊ အခု သူ့မြေးကပါ ဒီလို ဖြစ်ပြန်တယ်ဆိုတော့ ငါ့အဖေအိုကြီး သေခါနီးမှ သမီးတင်မက မြေးမကပါ ဒုက္ခပေးရာ ရောက်မနေပေဘူးလား ဖိုးဆောင်ရဲ့။ ငါ ဘယ့်နှယ်လုပ် မျက်နှာပြပါ့မလဲ၊ ဘယ်နှယ့် လုပ် အကြောင်းကြားပါ့မလဲ ... "

ကိုဘအေးက သူ့နှုကို အေးစက်စက်အသံဖြင့် ....

"အကြောင်းမကြားပါနဲ့လေ၊ ဟိုမှာ တရားထိုင်နေတာ အအေး အယုက် ဖြစ်ပါ့မယ်၊ နောက်မှ ယောက်ယားပေ့ ... "

ယင်းအချိန်၌ ဖိုးမာဒင်မှာ နိဗ္ဗိန္ဒချောင်၌ သွား၍ တရားထိုင်နေသည်။

ထိုမှ ၄ ၅ လလောက်အကြာ ဖိုးမာဒင် ပြန်ရောက်လာသော

www.burmeseclassic.com



**သမီးဖြစ်သူက** ငိုကြီးချက်မနှင့် တိုင်ပါလေသည်။ ဖိုးမာဒင် အကျိုးအကြောင်း **သိသွားသောအခါ**၌ လွန်စွာ ဒေါပွလေသည်။ ဖိုးမာဒင်စကား ကြားရသည်၌ မလှရွှေးတို့မှာ အံ့အားသင့်သွားလေသည်။

"နင်တို့သမီးနဲ့ ဒီကောင်လေးနဲ့ မတူဘူး မတန်ဘူးလို့ ဘယ်သူက ပြောကြသလဲတဲ့ဟင်၊ ငါတို့တရားတော်နဲ့ပဲ ကြည့်ကြည့်၊ နုခေတ်ပြောင်းနေတာနဲ့ပဲ ကြည့်ကြည့်၊ လူတန်းစားမကွဲကြတော့ဘူးဆိုတာကို နင်တို့ဟာ အရိုပ်သုံးပါးလည်း နားမလည်ကြဘူး၊ ခေတ်ကိုလည်း မသုံးသပ်တတ်ကြဘူး၊ ငါ့ခေတ်နဲ့တုန်းက ငါမိုက်ခဲ့တာကို ငါပြန်အဖတ်ဆယ်ရပြီ မဟုတ်လား၊ သွား ငါ့မြေးနဲ့ ငါ့မြေးသမက်ကို ခေါ်ခဲ့ကြ၊ လှည်းတပ် သွား ..."

ဒေါ်လှရွှေးမှာ မျက်ရည်တွေသုတ်ကာ ဝမ်းသာလုံး ဆို့သွားလေသည်။ စင်စစ် သူသည် ကောင်မလေးနှင့် ကောင်လေးကို သဘောမတူ၍ မဟုတ်ပေ၊ သူ့အဖေကြီးကို ကြောင့်ကြစိုးရိမ်မိကာ အဘိုးကြီးပြောသကဲ့သို့ ခေတ်သဘောနှင့် အရိပ်သုံးပါးကို နားမလည်မှုသာ ဖြစ်ချေ၏။

ယခု သူတို့သည် ဝမ်းသာအားရနှင့် လှည်းကိုမောင်းနှင်၍ ထွက်ခဲ့ကြသည်။ အခါရာသီမှာ မနှစ်က သူတို့ဖခင်ကြီးအိမ်သို့ ပြောင်းခဲ့ကြသော တပေါင်းလပင် ဖြစ်သည်။ လုံးဝအဆက်အသွယ် ဖြတ်ထားလင့်ကစား မောင်ကြွေတို့လင်မယားသည် ယခင်က သူတို့နေခဲ့ကြသော အိမ်ကလေးမှာပင် ဦးဖိုးဆင်၏ ခွင့်ပြုချက်ဖြင့် နေကြကြောင်း ကြားသိပြီးဖြစ်သည်။

သမီးနှင့်သမက်ကို တစ်ခါတည်းခေါ်ခဲ့မည်။ အိမ်ကုပ်ကလေးမှ ကယ်တင်ခဲ့မည်ပေါ့။

သို့သော် ထိုခြံထဲ သူတို့လှည်းဝင်မိသည်၌ လင်မယားနှစ်ယောက်သား မျက်လုံးတွေ ဝိုင်းဝိုင်းလည်သွားကြသည်။ အကြောင်းမှာ အရပ်ထဲမှ လူပေါင်းမြောက်မြားစွာနှင့် အိမ်သစ်ကြီးတစ်လုံးကို ဆောက်နေကြသည်။ ထိုနေ့သည် မောင်ကြွေတို့လင်မယား အိမ်တိုင်ထူကြသော နေ့ပင်တည်း။

အလို လက်တစ်ပိုက်လောက်ရှိသော ကျွန်းတိုင်ကြီးများနှင့် ၄ ပင် ၃ ပင်အိမ်ကြီးပါတကား။ ဆောက်သည့်နေရာမှာလည်း မိမိတို့ယခင်က ရည်မှန်းထားသည့် အိမ်ဟောင်းကလေး၏ ခေါင်းရင်းနားတွင်ပင်။



သူတို့လင်မယား လှည်းနှင့်ဝင်လာကြသည်ကို မြင်လျှင် လူအပေါင်းတို့သည် ဆီး၍ကြည့်ကြလျက် နှုတ်ဆော့တတ်သော ဖိုးထောင်က စတင်၍...

"ဟဲ ... ဟဲ ... တစ်သက်အပြတ်ပဲတို့ ဘယ့်နှယ် ဖြစ်လာကြတာတုံး... " ဟု ဆီးအုပ်လိုက်သည်၌ နှစ်ယောက်သား ရှက်သွေးဖြာသွားကြသည်။

မလှရွှေးသည် လှည်းပေါ်မှ အမြန်ဆင်း၍ လုပ်အားကူကြသော လူ ၂၀ ကျော်ကို ကျွေးမွေးရန် ချက်ပြုတ်နေသော သမီးဆီသို့ ပြေးဖက်ကာ ငိုချင်းချ၏။

"အလွမ်းသယ်သဗျ၊ ကန်စွန်းနွယ်က ... " ဟု ဖိုးထောင်က အော်လိုက်ပြန်သည်၌ မောင်ရွှေးကပါ ....

"ဩော် ... တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတာ၊ ပုစွန်လုံးတော့ ဘယ်ပစ်နိုင်မလဲ၊ ငါးပိဖျော်ရတာပဲ ... " ဟု ဝိုင်းတွယ်ကြသည်တွင် ဒေါ်လှရွှေးသည် မျက်ရည်တွေအရွှဲသားနှင့် ပြုံးကျဲကျဲကြီးဖြစ်လျက် ထိုင်ရာမှထ၍ ခါးထောက်ကာ ....

"ဟဲ့ သေခြင်းဆိုးတို့၊ ကာလနာတို့ နင်တို့က ငါ့ကိုများ နောက်စရာအောက်မေ့နေကြသလားဟဲ့ ... "

"နောက်ဆရာ မဟုတ်ပါဘူးခင်ဗျာ၊ အရင်ဆရာ လက်ဦးဆရာတွေလိုပဲ သဘောထားပါတယ်၊ ခေတ်ပြောင်းကာလကြီးမှာ သားရေး သမီးရေး နမူနာယူဖို့ပေါ့ ... " ဟု ပြည်သူ့ဆိုင်မန်နေဂျာ ဖိုးထွန်းရှိန်ကပါ ဝင်အုတ်၍ ဝိုင်းဟားကြ၏။

မလှရွှေးသည် သမီးထံမှ အကျိုးအကြောင်းသိရသည်မှာ ဤအိမ်တစ်ကွက်စာမြေကို ဦးဖိုးဆင်က သူတို့အား လက်ဖွဲ့ကြောင်း၊ မောင်ကြွေစုထားသောငွေနှင့် အိမ်ဝယ်ဆောက်ကြောင်း။

ထိုစဉ် အိမ်ဆောက်တာကို ကြည့်ရအောင်လာသော ဦး[illegible]နှင့် တွေ့ကြ၍ ကိုဘအေးတို့လင်မယားက အကျိုးအကြောင်း ပြောပြကြသော် ဦးဖိုးဆင်က ...

www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက ငါပြောသားပဲ၊ နင်တို့ကသာ ထင်နေကြတာ၊ ဒီအဘိုးကြီး စိတ်ကျ၊ တရားရနေပြီဆိုတာ ငါသိသားပဲဟ၊ သူ့ခေတ်ကို နားလည်နေပြီ၊ နင်တို့သာ ယောင်ဝါးဝါးနဲ့ ချောက်မှန်းကမ်းမှန်း မသိဖြစ်ခဲ့ကြတာ၊ ကဲ ... ပြီးပြီးသားဟာ ထားတော့၊ ခုလိုဖြစ်ကြတော့ အားလုံး စိတ်ချမ်းသာရာ ရကြတာပေါ့လေ၊ လူ့ပြည်မှာ စိတ်ချမ်းသာဖို့က အရေးအကြီးဆုံးဟ၊ ကလေးတွေ အပါခေါ်ခဲ့ဖို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူး၊ ဒီမှာ သူတို့လည်း အိမ်ကြီးရခိုင် ဆောက်နိုင်နေပြီကပဲ၊ ဖိုးမာဒင်လည်း ကလေးတွေ ဒီအခြေအနေ ရောက်နေတယ်ဆိုတာ သိရင် ဝမ်းသာမှာပါကွာ... "

ကိုဘအေးတို့လင်မယားသည် မိမိတို့ခေတ်တုန်းက အဖြစ်နှင့် ယခုခေတ်အဖြစ်ကို နှိုင်းယှဉ်၍ စဉ်းစားမိလေသည်။

သူတို့ အနှစ် ၄၀ ကျော် နေထိုင်ခဲ့သော အိမ်ကုပ်ကလေးမှ ယခု ကြင်စဦးမောင်နှံတို့ ဆောက်နေကြသော အိမ်ကြီးကို မော့၍ ကြည့်လိုက်မိသည်။

ဩော် ... ခေတ်သည် ပြောင်းလဲခဲ့ချေပြီတကား ....။

(၁၉၆၆ ခု၊ ဩဂုတ်လ မြဝတီ)

❑



## ဩော်- ခင်လေးရယ်

ကျွန်တော်သည် နွေရာသီ၏ ပူပြင်းသောအရှိန်ဒဏ်ကို ခံစားလျက် ကျွန်တော့်ညီမလေး၏ ကုန်စုံဆိုင်ရှေ့ရှိ တန်းလျားကုလားထိုင်တွင် လက်ရန်းပေါ်၌ ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းအောက်ခုကာ တုံးလုံးလှဲရင်း ငယ်စဉ်တောင်ကျေး အကလေးဘဝမှစ၍ ရှေးဟောင်းဖြစ်တွေကို ပြန်ပြောင်း၍ စဉ်းစားနေ၏။

ကျွန်တော် ယခု ရန်ကုန်မြို့မှ ခေတ္တပြန်ရောက်နေသည်မှာ ကျွန်တော့် ကိုမွေးခဲ့သော ဤဂါမ ... ဤဂေဟာ ...။ ယခု ၁၉၆၉ ခုနှစ်၊ ကျွန်တော် အသက် ၅၀။ ကျွန်တော့်အမေကား ၁၉၄၁ ခုနှစ်က ဤဂေဟာမှာပဲ ကွယ်လွန်ခဲ့၏။ ကျွန်တော့်အဖေကား ရှိသေး၏။ အသက် ၈၃ နှစ်၊ သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်။

ယခု ညီမလေး၏ ကုန်စုံဆိုင်နှင့် ရက်ကန်းစင်အတွက် ဆောက်လုပ်ထားသော နေရာမှာ ရှေးယခင်က စပါးကျီ။ စပါးကျီ မဆောက်မီတုန်းက ဆိုလျှင် မီးဖိုဆောင်။

ကျွန်တော့် ဘိုးဘွားများလက်ထက်က မူလပထမအိမ်ကြီးမှာ မီးဖိုဆောင်ကို ခြေရင်းဘက်တွဲထား၏။ နောက် အဖေ့လက်ထက်ရောက်သော့ သူ့ခေတ်ကာလအလျောက် စပါးသိုလှောင် ရောင်းဝယ်ခြင်းပြုလုပ်မှုမှ မီးဖို

www.burmeseclassic.com



ဆောင်ကို နောက်ဖေးဘက် ပြောင်းလိုက်ပြီး ထိုနေရာကို စပါးကျီ ဆောက်လိုက်၏။

ထို့နောက် လွတ်လပ်ရေးရပြီး ဖဆပလ ခေတ်ရောက်၊ အစိုးရက စပါးဒိုင်တွေဖွင့်တော့ တောရွာတွင် ငွေရှင်ကြေးရှင်များ စပါးအရောင်းအဝယ် မကောင်းတော့သည်၌ အဖေလည်း အသက်ကြီး၍ သူ့ခေတ်ကုန်ပြီဖြစ် ကြောင်း သိရှိကာ ဤစပါးကျီကိုဖျက်ပြီး သမီးနှင့်သမက် ဆန္ဒအလျောက် ကုန်စုံဆိုင်နှင့် ရက်ကန်းစင်အတွက် တည်ဆောက်စေ၏။

ကျွန်တော်တို့အိမ်၌ ကုန်စုံဆိုင်ဖွင့်ခဲ့သည်မှာ ကျွန်တော် လူမှန်းသိ ကျွန်တော့်မိခင် လက်ထက်ကတည်းက ဖြစ်၏။ မိခင်ကွယ်လွန်ပြီးနောက် ဤအလုပ်ပြတ်ခဲ့ရာ ယခု သမီးအငယ်ဆုံးလေး အိမ်ထောင်ကျတော့မှ အမေ့ လက်ရာကို ပြန်ဆက်ခြင်းဖြစ်၏။

ကျွန်တော့်ညီမသည် ကလေးငယ်တွေ တွဲလွဲနှင့်ပင် သမီးတစ် တစ်ယောက်နှင့် စက်လည်းချုပ်သည်။ ရက်ကန်းလည်း ရက်သည်။ ကုန်စုံ ဆိုင်လည်း ရောင်းသည်။ ရာသီအလိုက် စိုက်ပျိုးခြင်းလည်း လုပ်သည်။ သူ့ယောကျ်ားက လယ်နှစ်ရှဉ်းလုပ်သည်။ ထို့ကြောင့် သူတို့ချောင်ချောင် လည်လည် စားနိုင်သုံးနိုင်ကြသည်။

ကျေးရွာ၏အခြေအနေမှာလည်း ရေးယခင်ခေတ်နှင့်စာလျှင် များစွာ ချောင်လည်ကြသည်ဟု ဆိုရမည်။ အကြောင်းမှာ ကျွန်တော်သည် ဖော်ပြ သည့်အတိုင်း တန်းလျားပေါ်၌ မျက်စိမှိန်း၍ ဈေးဝယ်လာတို့ အသံဗလံ နားထောင်နေသည်။ အကြွေး အလွန်နည်းသည်။ လက်ငင်းတွေများသည် နှိုပြီး ပုစွန်ခြောက်၊ ငါးကျည်းခြောက်၊ ငါးရံ့ခြောက်၊ လက်ဖက်၊ ပဲလှော် ဝယ်သည်များ ဖောဖောသီသီ ရှိကြသည်။

ဟိုရှေးယခင် ကျွန်တော့်မိခင် လက်ထက်တုန်းကမူ သည့်ကို အကောင်းစား ငါးခြောက် ငါးခြမ်းနှင့် အပိုစာ လက်ဖက်၊ ပဲလှော်တို့မှာ အလွန်တရာ ရောင်းရခဲ၍ မြန်မာထမင်းပွဲတစ်ခုမှာ မပါမဖြစ်သော ငါး ငရုတ်၊ ကြက်သွန်တို့ပင်လျှင် ဆယ်ဦးမှာ ကိုးဦးလောက်က အကြွေးချည် ဖြစ်ပါ၏။ ဘာကြောင့် ဒါလောက် မှတ်မိနေသနည်းဆိုသော် ကျွန်တော့်



အမေသည် ဈေးရောင်းနေသော်လည်း စာတစ်လုံးမှ မတတ်မူ၍ ကြွေးစာရင်း အားလုံးကို ကျွန်တော်က မှတ်ရသောကြောင့် ဖြစ်ပါ၏။

ကျွန်တော့်အမေသည် စိတ်မှတ်တော့ ကောင်းပါ၏။ ကျွန်တော် ကျောင်းကပြန်လာလျှင် သည်နေ့ ဘယ်သူက ဘယ်လောက်ဖိုး၊ ဘယ်နေ့ ဘယ့်တော့ပေးမည်ဟု ပြောသွားကြောင်း၊ သူ့သားစာတတ်ကြီးအား မှတ်စေ ပြီး ကြွေးတောင်းဖို့ တာဝန်ကိုပါ လွှဲအပ်၏။ ထို့ကြောင့် ကျွန်တော့်မှာ ညနေကျောင်းက ပြန်လာတိုင်း ကြွေးစာရင်းသစ်ကို မှတ်ရ၏။ ကြွေးဟောင်း တွေကို နေ့စဉ် လျှောက်တောင်းရ၏။ သို့သော်လည်း ဘယ်တော့မှ ချိန်းတဲ့ အတိုင်းမရတတ်။ နေ့လွှဲတွေကိုသာ မိခင်ထံ ပြန်အစီရင်ခံရ၏။

အကြောင်းမှာ ထိုကာလသည် ဆရာစံသူပုန်ခေတ်၏ ပတ်ဝန်း ကျင် နှစ်များဖြစ်လေရာ ကျေးရွာ တောသူတောင်သား လယ်သမားများ အလွန် ဆင်းရဲကျပ်တည်းကြသောကြောင့် ဖြစ်၏။ အမှန်ကိုဆိုရသော် ကျေးရွာတို့တွင် ထိုအချိန်၌ အိမ်ခြေ ၅၀ လျှင် တစ်အိမ်မျှ (ဥပမာ– ကျွန်တော့်မိဘများကဲ့သို့ လယ်ပိုင် လက်ကျန်ကလေးရှိသူ) လောက်သာ သင့်တင့်ရုံလောက် စားနိုင်သုံးနိုင် ရှိကြသည်။ ကျန် ၄၉ အိမ်လောက်ကား စပါးပေးတင်းတိုး ယူစားကြရကုန်သော လယ်ကူလီများသာ ဖြစ်ကြကုန်၏။

ယင်းသို့သော ခေတ်ဆိုးကြီးမှသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီး နောက် လွတ်လပ်ရေးရ၊ ဖ–ဆ–ပ–လ ခေတ်ရောက်၊ လယ်မြေဝေခြမ်းရေး တွေဖြစ်၊ ဆင်းရဲသားများ ၅ ကေစီရကြ၊ ထိုမျှနှင့် ကျေးရွာသားတွေ လူမွေး လူတောင်မပေါက်ကြသေး။ မျောက်လောင်း မျောက်လောင်းပဲ နေရာမှ ယခုတော်လှန်ရေးအစိုးရလက်ထက် ရောက်ခဲ့၍ စိုက်ပျိုးရေးစရိတ်တွေ၊ ပင်တောင်ကြေးတွေ ရက်ရောစွာ ချေးခြင်း၊ ဂုံလျှော်တွေစိုက်စေခြင်း၊ အစိုးရ သမဝါယမ ကိုင်၍ ရက်ကန်းတွေ ရက်စေခြင်းဖြင့် ကျေးရွာတွေမှာ စပါးပေး တင်းတိုးချေးစနစ်တွေ ပပျောက်ကုန်လျက် ကျေးရွာသားများ အသင့်အတင့် ချောင်ကြ၍ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့်ညီမ ကုန်စုံဆိုင်မှာ လက်ငင်းတွေ ဝယ်နိုင်ကြခြင်း ဖြစ်ကုန်ပါ၏။

တော်လှန်ရေးခေတ်ပြောင်းသည် ကျေးရွာတွေအသွက်တော့ အပြီး

www.burmeseclassic.com



သာသာကြီး ကောင်းနေပေပြီ။ ကျွန်တော်သည် ဤအကြောင်းများကို ပြန်ပြောင်းစဉ်းစားရင်း ဈေးဝယ်လာကြသော ကလေးလူကြီးတို့ကို တစေ့တစောင်း အကဲခတ်လျက်ရှိသည်။ ကျွန်တော်ရွာက ကာလကြာစွာ ခွာခဲ့သည်မှာ ယခု ကျွန်တော့် ညီမအငယ်ဆုံးလေး ၅ နှစ်၊ ၆ နှစ် သမီးအရွယ်ကဖြစ်ရာ အနှစ် ၃၀ ကျော် ကြာခဲ့ပြီဖြစ်၍ များစွာသော သူတို့ကို ဘယ်သူ့သားသမီးလဲ၊ ဘယ်သူ့မြေးလဲပင် မသိတော့။ အချို့မှာ ရွာ၏သားသမီးများ မဟုတ်ကြဘဲ ရွာ၏သမက်၊ ချွေးမများ ဖြစ်နေကြသည်ကို တွေ့ရသည်။

သို့ရှိစဉ် ကျွန်တော့်နားဖြင့် ထူးခြားသလိုရှိသော အမျိုးသမီးတစ်ယောက်၏အသံသည် သနားစဖွယ် ကျွန်တော့်ညီမအား တောင်းပန်ခယလေသည်မှာ "ချိုချိုရယ်၊ အရင်ကြွေးနေပါဦးမယ်၊ ခုဟာလည်း တစ်ဝက်ပဲယူပါဦး၊ ကလေးက မမာတော့ ငါကောင်းကောင်း အလုပ် မလုပ်ရဘူးဟယ်၊ နောက်တော့ ငါ ဆက်ဆက် ပေးပါမယ်နော်"

လာသမျှ ဈေးဝယ်တို့တွင် ဤမျှ အောက်ကျခံပြောသော အသံမကြားမိသဖြင့် ကျွန်တော် ရုတ်တရက် ခေါင်းထောင်ထကာ မျက်စိဖွင့်ကြည့်လိုက်မိရာ ထိုအမျိုးသမီးက ကျွန်တော့်အား ဖော်ရွေစွာပင် "သြော် ကိုကျင်မောင် အလည်လာသလား" ဟု နှုတ်ဆက်လေသဖြင့် ကျွန်တော်က ပြုံးပြီး ခေါင်းညိတ် ပြလိုက်ရပါသည်။

ကျွန်တော့်စိတ်တွင် ပုံသဏ္ဌာန်အားဖြင့် သူက ကျွန်တော့်ထက်ကြီး လိမ့်မည်ဟု ထင်မိပါသည်။ သူ့ရုပ်သူ့အရွယ်နှင့် မလိုက်အောင် သူ့အသံသည် သာယာသည်ဟုလည်း အောက်မေ့မိပါ၏။ သို့သော် ကျွန်တော် သူ့ကိုမသိပါ။ ကေန္တ ကျွန်တော်မရှိမှ ရွာသို့ရောက်လာသော ရွာ၏ချွေးမဖြစ်တန်ရာ၏။ သို့သော် သူသည် ကျွန်တော်၏ငယ်မည်ကို အဘယ်ကြောင့်သိနေပါသနည်း။ တစ်ဆင့်ကြားလည်း ဖြစ်နိုင်ပါ၏။ ထို့ကြောင့် ကျွန်တော်သည် ဤအမျိုးသမီး ထွက်ခွာသွားသည်၌ ခေါင်းကို ကုလားထိုင်လက်ရန်းပေါ် အသာပြန်လှဲချရင်း ....

"ချိုချို ... အဲဒါ ဘယ်သူလဲဟေ့ ... "

"အဲဒါဘယ်သူလဲ ပြောလိုက်ရင် အစ်ကိုကြီး ထခုန်မှာပဲ ... "



"ဟဲ့ ... ငါက ဘာကြောင့် ထခုန်ရမှာတုံး၊ နင့်မလဲ ... "

"အဲဒါ ခင်လေးရယ် ... "

"ဘာ ... ဒါ ... ခင်လေး ... "

ကျွန်တော် ငေါက်ခနဲ ထထိုင်မိလျက်သားဖြစ်နေရာ ကျွန်တော့်ညီမက ပြုံးစေ့စေ့နှင့် 'အစ်ကိုကြီးဟာ ထမခုန်ပေမဲ့ ခုန်တော့ ထတာပဲ"

ကျွန်တော် ရှက်စနိုးဖြစ်သွားကာ "အေးဟယ် ... နင်ပြောလည်း ပြောစရာပဲ၊ ဒါ ခင်လေး ... "

ဤနောက်ဆုံး စကားလုံးကို ကျွန်တော် အသံဆွဲ၍ပြောနေမိရာ ညီမက "ဟုတ်ပါသရှင် ... ဦးပေါ်အိုင်သမီး ခင်လေးမှ ခင်လေးအစစ်ပါ..."

"ဟင် ... ခင်လေး၊ ခင်လေး၊ ဘယ်နှယ့် ဖြစ်ရတာပါလိမ့်"

"ဖြစ်ရပုံကတော့ အစ်ကိုကြီးရယ် ... "

* * *

ထင်ထရေးနဲ့၊ မြင်သေးတယ်
ခင်ခင်လေးနဲ့၊ ကြင်ရေးဆွယ်
တုံးခုကာ၊ မောင်တကယ်
လှမ်းချင်ပါတယ်၊ ရွှေဝှမြနန်း
နတ်ပန်းသော်ကရယ် . . .
မမီတဲ့ပန်းကို၊ လှမ်းဖို့အရေးငယ်
မြှော်တွေးရသူမှာကွယ်–ခင်ရယ်
ရေမွှန်းသူပဓာ၊ ဝါးကျူ၍သာပေးပါ
စားသော်လည်း၊ ခင့်ကိုမြင်တယ်
အိပ်သော်လည်း၊ ခင့်ကိုမြင်တယ်
ဂီတာဆို၊ တီးလို့ဖြေမယ်
သို့ဝေမဲ့ . . . မပြောဘူး မောင့်သတိယယ် . . .
သဥလီ၊ လှဂမုန်းရဲ့
တစ်ညလုံးပဲ ထင်တယ်၊ မြင်တယ် ခင်ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ထက်ပျော် – ပင်ထက်ပျော်၊ သဇင်အလှကို

မကြင်ရသူမှာကွယ် . . .

ထိပ်ထားရယ် . . . စိတ်အားငယ် . . .

ရေမွှန်းသူပမာ၊ ဝါးကူ၍သာ . . .

"ဟေး ... တုတ်ပဲကူမဟော့" ဟုဆိုကာ ခင်လေးတို့အိမ်က သူရင်းငှား လူမိုက် ဖိုးထိုက်ဆိုသူ ပြေးထွက်လာသော အသံကြားရတော့ အဆိုကျော် ကျွန်တော်နှင့် ဒန်အိုးနှင့်ကြောင်သားရေ ဘင်ဂျိုကို တခုန်းဒုန်း ခေါက်လာသော (ကျွန်တော့်အစ်ကို ဝမ်းကွဲတော်သူ) အောင်ထွန်းမြိုင်မှာ တစ်ဟုန်တည်း သုတ်ခြေတင်ခဲ့ရတော့သည်။ ဤမျှမကသေး၊ နောက်တစ်နေ့ည ညတွင် ဦးဆေါ်အိုင်၏ အိမ်ရှေ့၌လည်းကောင်း၊ နောက်ဖေးမှလည်းကောင်း၊ ခေါင်းရင်း ခြေရင်း မနီးမဝေးမှလည်းကောင်း၊ သူ့သမီး၏နာမည်ပါသော သီချင်းကိုလည်းကောင်း၊ မည်သူမျှ သီဆိုတီးမှုတ်ခြင်းမပြုရ၊ ပြုမူသော် ခေါင်းအကွဲပဲဟူသော သူရင်းငှားလူမိုက် ဖိုးထိုက်၏ 'ဝမ်နင်' ရောက်လာသတတ်။

သည်တုန်းက ကျွန်တော်တို့မှာ အသက် ဆယ့်လေးငါးခြောက်နှစ် အရွယ်လား။ အင်မတန် ကြောက်တတ်သေးလေတော့ ဘုရားစူးရစေ နောက် ထပ်မဝံ့ပေါင် ခင်ဗျာ။

ခင်လေးနှင့်ကျွန်တော်သည် သက်တူရွယ်တူမျှ တစ်ရွာတည်းမွေး တစ်ရွာတည်းသားချင်း ဖြစ်ပါ၏။ သို့သော်လည်း သူ့ကို ကျွန်တော် (အိုစမှာမှ ခုန ညီမဆိုင်တွင် မတွေ့မီတုန်းကဆိုလျှင်) လွန်ခဲ့သော နှစ်ပေါင်း ၃၅ နှစ်ခန့်က တစ်ကြိမ်သာ မြင်ခဲ့ရဖူးပါသည်။

အဘယ်ကြောင့်နည်း။ ခင်လေးတို့မိသားစုသည် အင်မတန် သွေးကြီးမွေးကြီး နိုင်လွန်းလှ၏။ ကျွန်တော်တို့ရွာတွင် သူတို့သည် အချမ်းသာဆုံးဖြစ်၏။ လယ်ဧက အများဆုံးပိုင်၏။ သူတို့အိမ်သည် အကြီးဆုံး အကောင်းဆုံး ဖြစ်၏။ ခြံဝင်းကျယ်ကြီးအတွင်းဝယ် ယောကျ်ားကြီး လက်နှစ်ဖက်ပတ် မိရုံလောက်ရှိသော ကျွန်းသားလုံးတိုင်များဖြင့် ဆောက်လုပ်ထားသည်။ ခုနှစ် ပင် + ငါးပင် နှစ်ထပ်အိမ်ကြီး။ နောက်ဖေးက မီးဖိုဆောင် ခေါင်နှစ်ဖက်နှင့် ထုတ်လေသဖြင့် မည်မျှကြီးပါသနည်း။ ခန့်မှန်းနိုင်ပါသည်။



သွပ်မိုး ပျဉ်ထောင်၊ လှျာထိုးခင်း လှျာထိုးကာ။ နို့ပြီး ခြံဝင်းထရံကလည်း လုံလုပါ၏။ ထိုခေတ်က သူတို့အိမ်ကို စားပြမတိုက်ချေ။

ခင်လေးတို့ မိဘဘိုးဘွားများအကြောင်းကို ကျွန်တော် အသက်မမီ၍ နားမလည်တာရှိနေ၏။ ကျွန်တော်တို့ရွာကြီးသည် တောင်နှင့်မြောက်တန်းသော (ထိုစဉ်က) အိမ်ခြေ ၃၀၀ ကျော်ရှိသည့် ရွာကြီးဖြစ်၍ တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်း ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိသည့်အနက် ရွာအနေအားဖြင့် ခင်လေးတို့အိမ်သည် ကျွန်တော်တို့ တောင်ဘက်ပိုင်း ဘုန်းကြီးကျောင်းသို့ လာသင့်၏။ သို့သော် ခင်လေးဘကြီး ဦးဖော့နှင့် ကျွန်တော်တို့ ဘုန်းကြီးက (ဘာကြောင့်လဲမသိ) မတည့်၍တဲ့။ ခင်လေးတို့အိမ်သားများသည် မြောက်ဘက်ကျောင်းကို ကိုးကွယ်ကြ၏။ သည်တော့ သူတို့အိမ်မှာ နေ့စဉ်ဆွမ်းမလောင်းရတော့ချေ။

အကြောင်းမှာ တောင်ဘက်ကျောင်းဆွမ်းခံနှင့် မြောက်ဘက်ကျောင်း ဆွမ်းခံသည့် နယ်နိမိတ်ကန့်သတ်ပြီး ဖြစ်နေ၏။ ခင်လေးတို့အိမ်မှာ ကျွန်တော်တို့ တောင်ဘက်ကျောင်း ဆွမ်းခံဧရိယာ၌ပါရာ သူတို့က ကျွန်တော်တို့ဘုန်းကြီးကျောင်း ဆွမ်းမလောင်းသည်ဖြစ်၍ ကျွန်တော်တို့ကျောင်းဘက်က ဆွမ်းခံကျောင်းသားတို့သည် သူတို့အိမ်ကို တိတ္ထိအိမ်ကဲ့သို့ သဘောထားကြသည်။ ကျွန်တော်တို့ တောရွာဓလေ့မှာ မုဆိုးမ်အိမ်ကအစ (ဟင်းမတတ်နိုင်စေကာမူ) ဆွမ်းလေး လက်ဖက်ရည်ကြမ်း တစ်ပန်းကန်စာလောက်တော့ နိစ္စဓူဝ လောင်းမြဲဖြစ်ရာ ခင်လေးတို့အိမ်မှာ ဤဘက်က တစ်ဖူနာလေပြီး

ထို့ပြင် ခင်လေးတို့ အိမ်သူအိမ်သားများသည် သူတို့အိမ်က သူရင်းငှားများမှလွဲ၍ အခြားလူများနှင့် အဆက်အသွယ် အဝင်အထွက် မလုပ်။ ကျွန်တော်တို့အဖေနှင့် ခင်လေးတို့အဖေသည် သက်တူရွယ်တူမျှ သူတို့ရင်း လမ်း၌တွေ့လျှင်လည်းကောင်း၊ လယ်ထဲ၌ တွေ့လျှင်လည်းကောင်း၊ နှုတ်ဆက်ကောင်း နှုတ်ဆက်ကြမည်ဖြစ်သော်လည်း ကျွန်တော့်အဖေသည် သူတို့အိမ် သွားတာကိုလည်းကောင်း၊ သူ့အဖေသည် ကျွန်တော်တို့အိမ် လာတာကိုလည်းကောင်း တစ်ခါမျှ မရှိခဲ့ဘူးချေ။

ကျွန်တော်သာလျှင် ခင်လေးအိမ်မှ သူရင်းငှား [illegible]

www.burmeseclassic.com

www.burmeseclassic.com



**သော** ဦးကျော်ခင်နှင့် ပတ်သက်၍ သူတို့အိမ်ကြီးထဲ တစ်ခါ ရောက်ဖူးသွားသည်။ သည်တော့ ကျွန်တော် အသက် ၁၅ နှစ်၊ ခင်လေးလည်း သည်လောက်ပဲ ကျွန်တော်ထင်သည်။ အပျိုပေါက်၊ လူပျိုပေါက် တစ်ယောက်တစ်ယောက် ခေတ္တမျှ မျက်စိချင်းဆုံလိုက်မိသည်။ သူတို့ညီအစ်မချင်း ပြောသော ခင်လေး အသံကို ကြားလိုက်ရဖူးသည်။ ခင်လေးသည် အသားဝါဝါ ချော၏။ သူ့အသံကလည်း (ကျွန်တော် ဘယ်လိုပြောရမလဲ မသိ) 'တုံသာသာ' ဆိုပါစို့ ...။ အလွန်နားထောင်၍ ကောင်းပါ၏။ စိတ်ဆိုးလို့ ရန်တွေ့တာတောင်မှ ချစ်စရာကောင်းနေလိမ့်မည်ဟု ကျွန်တော် ထင်မိပါသည်။ နို့ပြီး ခင်လေး ဆံပင်ကလည်း (ကျွန်တော်တွေ့စဉ်က ခေါင်းလျှော်ပြီးစဖြစ်လေရာ) ဒူးဆစ် အောက်ရောက်သည်မှ လှိုင်းတွန့်ကောက်ကလေးတွေနှင့်ဖြစ်ပါ၏။

ဆိုပါစို့ ...။ လူငယ်တို့ဘာဝ ခင်လေးကို ကျွန်တော် မြင်မြင်ချင်း ချစ်မိ၏။ ထို့ကြောင့် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့်အစ်ကိုဝမ်းကွဲ အောင်ထွန်းမြိုင်ကို ဘင်ဂျိုခေါက်စေ၍ "ထင်တရေးနဲ့ မြင်သေးတယ်၊ ခင်ခင်လေးနဲ့ ကြင်ရေးဆွယ်၊ တုံးခုကာ မောင်တကယ်လှမ်းချင်ပါလှတယ်" ဟူသော ရတနာပုံမောင်စု၏ သီချင်းကိုဆိုမိရာ သူတို့သူရင်းငှား လူမိုက်ဖိုးထိုက်၏ ကြိမ်းမောင်းခြင်းကို ခံရသည်။ နောင် ဤသို့မပြုရန် သတိပေးခြင်းကိုခံရသည်။ ကျွန်တော့်ကို ခင်မင်သော သဘောကောင်းသည့် သူတို့သူရင်းငှား ဦးကျော်ခင်ကလည်း "နောင် မင်းငါ့ဆီကို ဒီအိမ်လိုက်မလာပါနဲ့တော့ကွာ" ဟု ဝမ်းနည်းစွာဖြင့် ပြောသံကို ကြားရပါသည်။

ဒီတော့ ဒီကောင်ကလည်း ဘာမှုမည်နည်း။ မွေးဖိဇကိုက ငါ ဘယ်မိန်းမတော့ မရမနေနိုင်ဘူးဆိုတဲ့စိတ်မျိုးမှ မပါခဲ့တာကပဲ။ စင်စစ်လည်း ခင်လေးနှင့် ကျွန်တော် ဘယ်နည်းနဲ့မှ မနီးစပ်နိုင်ပါ။ ရုပ်ရည်နှင့် ပညာအရည်အချင်း ကျွန်တော်က ညံ့လို့မဟုတ်ပါ။ သို့သော် ဤခေတ် ဤအခါ၌ ကျေးရွာက ကြေးရတတ်တို့ စကားပြောကြသည်မှာ ပစ္စည်းခင်ဗျာ။ ခင်လေးတို့၏ အဖေနှင့်အမေ လက်ထပ်ကြစဉ်က (ကျွန်တော် မမီခဲ့သော်လည်း သက်ကြီးစကား ကြားသိရပါသည်) တစ်ဦးတည်းသော သားသမီးချင်း



တစ်ဖက်ကို လယ်ဧက ၅၀ နှင့် ရွှေက ဘယ်လောက်သားစိ ဆိုလည်း ထိတ်ထိတ်ချင်း ပေါက်ကြတာတဲ့။

ထိုသို့ နှစ်ဖက်ပေါင်း လယ်ဧက ၁၀၀ မှ အစပြုခဲ့၍ နွားသုံးလေးရှဉ်းလောက် သူတို့ကိုယ်တိုင်လုပ်ပြီး ကျန်လယ်များကို လယ်ထောက်ခချခြင်းဖြင့် တစ်နှစ်ထက် တစ်နှစ် စီးပွားတက်ခဲ့ရာ သူတို့သားသမီးများ အရွယ်ရောက်ကြသည်၌ သူတို့တွင် အတွင်းပစ္စည်း၊ အပြင်ပစ္စည်းတွေ မည်မျှကြွယ်ဝနေပြီလဲ၊ ကျွန်တော် မပြောနိုင်ပါ။

ကျွန်တော့်မိဘများက ဘိုးဘွားလက်ထက်က တော်တော်လေးရှိခဲ့ဟန်တူပါရဲ့။ သို့သော် ကျွန်တော်မွေးစ နှစ်လောက်ကစပြီး ရွာတွေထဲ ချစ်တီးများ ဝင်ရောက်မွေနှောက်လိုက်ရာ ကျွန်တော် လူပျိုပေါက်ဖြစ်သော အရွယ်၌ လယ်များ တယ်မရှိတော့ပြီ။ တစ်ရှဉ်းလုပ်သာသာ ကလေးမျှသာ ကျန်တော့၏။ အခြားသူများနှင့်စာလျှင် ကျွန်တော့်မိဘများက တော်သေးသည်ဟု ဆိုရမည်။ အချို့မှာ နေအိမ်ပါ လေလံပစ်ခံရ၍ အိုးခွက်နှင့်အိပ်ရာလိပ်လောက် ဆွဲဆင်းရသူတွေများပင် ရှိကြပါ၏။

ထိုခေတ်၌ တစ်ရွာလုံးရှိလယ်ပိုင်ရှင်များ ချစ်တီးကြွေးနှင့် မကင်းနိုင်ကြသော်လည်း ချစ်တီးနှင့် လုံးဝမပတ်သက်ခဲ့သူကား ခင်လေးတို့မိဘများပင်ဖြစ်တော့၏။

"အောင်မယ် ... သူတို့က ချစ်တီးထက်တောင် ချမ်းသာသေးတာ" ဟု ပြောစမှတ်ပြုကြ၏။ သို့သော် ငွေကြေးနှင့်ပတ်သက်၍ကား ရွာထဲတွင် မည်သူနှင့်မျှ ဆက်ဆံခြင်းမပြုချေ။

ခင်လေးတို့အဘိုး (ဦးပေါ်အိုင်၏ ယောက္ခမ) ဦးဖော့သည် အင်မတန် စည်းကမ်းကြီးသည်။ ကပ်စေးနဲသည်ဟု ပြောကြသည်။ သူ့သားမြေးများသည် ပိုက်ဆံချမ်းသာသော သားသမီးရယ်ဟူ၍ ပေါက်တန်းစေ ဝယ်ခြမ်းစားသောက်ခြင်း မပြုရ။ သူတို့အိမ်မှာ တစ်နှစ်တစ်မိုးစာ ရိက္ခာ အပြည့် ဝယ်ထားသည်။ ကလေးသရေစာကိုလည်း အိမ်မှာပဲ လုပ်ကျွေးသည်တဲ့။ ထို့ကြောင့် သူတို့အိမ်မှာ ဈေးသည် အဝင်အထွက် မရှိ။ ဆင်း လယ်လုပ်သားများမှလွဲ၍ အခြားသူ အဝင်အထွက်မရှိသလောက်ပင်

www.burmeseclassic.com



အမှန်အားဖြင့် ခင်လေးတို့မိဘများသည် ပစ္စည်းမာန အလွန်ကြီးကြခြင်းဖြစ်သည်။ သူတို့သားသမီးများကိုလည်း အိမ်ထဲကအိမ်ပြင် မထွက်စေရ။ အခြားကလေးများနှင့် ရောနှောမှာကို အလွန်စိုးသည်။ သူတို့တွင် ခင်ကြီး၊ ခင်လတ်၊ ခင်လေး၊ ကိုကြီးဟု မောင်နှမလေးယောက်ရှိသည့်အနက် မည်သူမျှ ကျောင်းမနေရပေ။ ကျောင်းသွားလျှင် အခြားကလေးများက ဓော်ကားမော်ကား ပြုမှာစိုးလို့တဲ့။ စာကို အိမ်မှာပဲ သူတို့အဘိုးဦးဖော့က သင်ပေးသတဲ့။ ကျွန်တော့်စိတ်တွင် သင်းတို့တစ်တွေ စာကောင်းစွာ တတ်လိမ့်မည်မထင်။ မသကာ ဖတ်တတ်ရုံလောက်ရှိမည်။ ဘုရားရှိခိုးအမျိုးမျိုး ဆိုတတ်မည်။

ခင်လေးနှင့်ကျွန်တော် လူပျိုပေါက် အပျိုပေါက် တွေ့ကြဖူးသော အချိန်၌ သူ့အစ်မခင်ကြီးနှင့် ခင်လတ်တို့မှာ လောက်လောက်လားလား အပျိုကြီးများ ဖြစ်နေကြပေပြီ။ သို့သော် ကာလသားများ မချဉ်းကပ်နိုင်ကြပါ။ မိသားဖသားပီပီ တောင်းရမ်းကြမည်ဆိုလည်း အနည်းဆုံး လယ်ဧက အစိတ်တော့ လက်ဖွဲ့နိုင်မှဖြစ်ရကား ထိုအချိန်မှာ ကျေးရွာတွေ ချစ်တီးဒဏ်ခံရပြီဖြစ်၍ ဆယ်ဧကထွက်နိုင်သော သတို့သားက လူစွမ်းကောင်းဖြစ်နေသည်။ ထို့ကြောင့် ခင်ကြီးနှင့် ခင်လတ်တို့မှာ ပြိုင်ဘက်မရှိ။ ခေါက်ထားခဲ့ကြရရာ အပျိုကြီး ... အပျိုကြီး ... အပျိုကြီးများဘဝနှင့်ပင် နောက်ဆုံး၌ သေသွားကြရသည်ဟု ကြားသိရပါသည်။

ကျွန်တော်သည် ၁၉၃၈ ခုနှစ်က ရွာမှထွက်ခဲ့၍ နောက်တွင် ရွာကို ရောက်တယ်ဆိုရုံလောက် ခေတ္တမျှလောက်သာ ပြန်ရောက်တတ်ပြီး အနှစ် ၃၀ ကျော်ကာမှ စောစောက ဖော်ပြခဲ့သည့်အတိုင်း ညီမ၏ကုန်စုံဆိုင်မှာ ခင်လေး၏အဖြစ်ဆိုးကိုတွေ့ရ၍ သူတို့အကြောင်းမေးကြည့်တော့ ရေးယခင်အိမ်ကြီး၌ ဟိတ်ဟန်ကြီးခဲ့သော ထိုအိမ်သားများအနက် ခင်လေးနှင့် ကိုကြီး နှစ်ယောက်သာကျန်တော့သည်။ ဤနှစ်ယောက်တည်းရှိတော့သော မောင်နှမနှစ်ယောက်လည်း မသင့်မြတ်၊ ကိုကြီးက ခင်လေးကို အိမ်ကြီးမှနှင်ထုတ်ထားသည်။ ဘာကြောင့်တုန်း ခင်လေးမှာ အပြစ်ရှိလို့တဲ့။

"ကျွန်မ မှတ်မိသလောက်ဆိုရင်တော့"



ကျွန်တော့်ညီမ ချိုချိုက ပြောပြပါသည်။ "သူတို့အဘိုး ဦးဖော့က အင်္ဂလိပ်ခေတ်မှာပဲ သေတယ်။ ဦးပေါ်အိုင်တို့ လင်မယားကတော့ ဂျပန်ခေတ်မှာ ဆုံးကြတယ်။ မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် အဲသည်အိမ်ကြီးမှာ အပျိုကြီး ခင်ကြီးနဲ့ ခင်လတ်တို့က ဦးစီးပြီး ကိုကြီးက လယ်ခေါင်းဆောင်လုပ်တယ်။ အဲသည်တုန်းမှာ ခင်လေးက သူတို့အိမ်က သူရင်းငှား ပေရေးဆိုတဲ့ကောင်လေးနဲ့ ခိုးရာလိုက်ပြေးတယ်။ ပေရေးက အသက် ၂၀ လောက်၊ ခင်လေးက ၃၀ လောက်ရှိနေပြီ။ အဲဒီအခါမှာ ခင်ကြီးနဲ့ ခင်လတ် အပျိုကြီးများ ဒေါပွလိုက်တဲ့ဖြစ်ခြင်း မပြောနဲ့တော့၊ တစ်သက်အပြတ်ပဲပေါ့။ ဒါနဲ့ ရပ်ရွာကလူကြီးက "မိန်းကလေး ဆင်းရဲပါ့မယ်" ဆိုပြီး ပြန်ခေါ်စေ့စပ်တယ်။ ဒါပေမဲ့ မိဘမျိုးရိုး အိုးမည်းသုတ်တယ်ဆိုပြီး အိမ်ပေါ်တော့ ပြန်လက်မခံဘူး။ တစ်သက်အပြီး အမွေပြတ်ပဲဆိုပြီး လယ်ဧကနှစ်ဆယ်လောက် ပေးလိုက်တယ်"

ကျွန်တော်က "ဟာ ... ဒါဖြင့် ဘယ်ဆိုးလို့တုံး ... "

"ဒါပေမဲ့ ခင်လေးယောကျ်ား ပေရေးဟာ နည်းနည်းမှ မကောင်းဘူး၊ အရက်သောက်တယ်၊ ဘိန်းစားတယ်၊ ဖဲရိုက်တယ်၊ တတိတတိနဲ့ ရှိတဲ့လယ်လေးတွေ ရောင်းပစ်လိုက်တာ နောက်ဆုံးတော့ ကုန်ပါရောလား၊ အဲသည်တော့ လင်မယားကွဲရော၊ ခင်လေးမှာ ကလေး ၃ ယောက်ကျန်ခဲ့တယ်"

"ဟင် ... ဒါဖြင့် ခင်လေး၊ ခုဘယ်မှာနေလဲ၊ ဘာလုပ်စားလဲ"

"လုပ်စားရတာကတော့ ချည်ဟပ်၊ ချည်ချ၊ ရက်ကောက်ယောက်ပေါ့။ နေရတာတော့ ဟိုတုန်းက သူတို့အိမ်က သူရင်းငှား ထိုးရိုးထိုးတိကြီး အစ်ကိုကြီး သိလား"

"သိတာပေါ့၊ ဟိုတုန်းက ငါ့ရှိတ်မယ်လုပ်တဲ့လူ" ဟု ကျွန်တော့်ဆီမှ ရုတ်တရက် ထွက်မိရာ ညီမက ဘာ့ကြောင့်လဲဟောဟင်း ၁၅ နှစ်ကျော် ကအဖြစ်ကို ရှင်းပြလိုက်ရသေးသည်။ ချိုချိုက ရယ်နေပါသည်။

"အေး ... ရယ်စရာပေါ့ဟယ်၊ ခု ခင်လေးက ထိုးရိုးထိုးတိအိမ်မှာ နေရသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ... အိမ်ပေါ်မှာ ဟုတ်မလဲ၊ အိမ်ခြေရင်းဘက်မှာ အဖီလေး ချနေရတယ်"

"ဟင် ... အဲဒါ သူ့မောင် ကိုကြီးက ပြန်မခေါ်ဘူးလား"

"မခေါ်ဘူးလေ၊ ခင်ကြီးနဲ့ခင်လတ်တို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေကုန်ကြတော့ မောင်နှမလေး နှစ်ယောက်တည်းကျန်တော့တာ၊ အတူတကွ ပြန်နေကြဖို့ အရပ်လူကြီးတွေက ပြောကြပေမဲ့ မရဘူး၊ သူ့လယ်တွေ နောက်ထပ် ခွဲပေးရမှာစိုးလို့"

"နို့ ခင်ကြီးနဲ့ခင်လတ်တို့ သေကြတော့ လယ်တွေအားလုံး ကိုကြီးက ရသလား"

"ရတာပေါ့၊ ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး၊ လယ်မြေဝေခြမ်းရေး နဲ့တွေ့သွားတော့ နှ သူတစ်ယောက်လုပ်စာ တစ်ရှဉ်းလုပ်ပဲရှိတော့တယ်"

"အေး ... ကောင်းကွာ၊ နို့ ဒီကောင်လေးက ခုလယ်လုပ်တတ်လား"

"မလုပ်တတ် ငတ်သေသွားမှာပေါ့။ သူ ဘာပညာမှ မတတ်တာပဲ"

"သူကော မိန်းမ မယူဘူးလား"

"ယူတာပေါ့၊ ယူတာမှ ကိုအုန်းရွှေ မိန်းမ ... ကလေး ၃ ယောက်နဲ့ မုဆိုးမလေး"

"အလို ... ဒါတော့ ဘယ်သူက ပေးစားလို့လဲ"

"ဘယ်သူကမှ ပေးစားလို့မဟုတ်ဘူး၊ သူ့အစ်မ ခင်ကြီးနဲ့ ခင်လတ် တို့ မကြာကြတော့ မုဆိုးမလေးက အိမ်နီးပါးနားဖြစ်တော့ လာရောက်ပြုစု တယ်။ အဲဒီထဲက နီးစပ်သွားကြပြီးတော့ အပျိုကြီးများသေသွားပြီး မကြာခင် ဘဲ သူတို့ညားကြတာပေါ့"

"သူတို့ကတော့ အခု အဲဒီအိမ်ကြီးမှာပေါ့နော် ...၊ ဒီလောက်အိမ်ကြီး ကျယ်နေတာ ခင်လေးကို ပြန်ခေါ်ဖို့တော့ ကောင်းတယ်"

"ဒါဖြင့် အစ်ကိုကြီးပဲသွားပြီး ဈေးစပ်ပေးပေတော့၊ ခင်လေးဟာ အားကြီးသနားစရာကောင်းတယ်၊ သူ့သမီးအကြီးဆုံးလေးဟာ ဘယ်တော့ မှ မမာဘူး၊ ကျောကုန်းမှာ ဝမ်းတွင်းပါအနာ့ပဆုပ်ကြီးနဲ့ အစ်ကိုကြီး သွား ကြည့်ပါလား။ သူတို့သားအမိတွေနေရတာ သိပ်သနားစရာကောင်းတာပဲ"



ကျွန်တော်လည်း ခပ်ပျင်းပျင်းရှိနေသည်နှင့် "အေးဟယ် ... ငါ သွားကြည့်ဦးမယ်၊ ဒီအချိန် သူ့အိမ် ကိုဖိုးထိုက်များ ရှိမလားမသိဘူး"

ကျွန်တော့်ညီမက ရယ်မောရင်း "အခုတော့ အစ်ကိုကြီးကို ရိုက် သွတ်မယ် မဟုတ်တော့ပါဘူး၊ သွားသာသွားပါ"

"ဟယ် ... နင်ကလည်း ငါ သူ့အိမ်သွားတော့ သူ့များ တွေ့မလား မေးတာပါ"

"တွေ့စရာမလိုပါဘူး၊ ခင်လေးနေတာက သူတို့အိမ်ခြေရင်းဘက်က အဖီပဲ၊ မအေးကြည် အိမ်ဘက်ကနေပြီး ဝင်ရတယ်"

ဟုတ်ပါ၏။ အဖီဆိုသည်မှာ အိမ်တစ်ခု၏ နံရံအပြင်ဘက်က တစ်ဖက်ရပ် အမိုးကလေးချကာ အဆင့်လေး ထိုးနေခြင်း ဖြစ်ပါသည်။

ကိုဖိုးထိုက် အိမ်ခြေရင်းဘက် မအေးကြည် အိမ်ခေါင်းရင်းဘက် ခြံစောင့်ရင်းပေါက်မှ ချောင်းတစ်ချက်ဟန့်၍ ခင်လေး၏အဖီပေါက်ကို ခေါင်းဝင်ကြည့်လိုက်သောအခါ ရက်ဖောက်ယောက်နေသော ခင်လေးသည် ရုတ်တရက် လန့်သွားကာ ကျွန်တော်မှန်းသိသွားသည်၌ ပြုံးပြုံးပျာပျာ ထိုင်ရာမှထလျက် တစ်ခုတည်းသော တစ်ယောက်ထိုင် သင်ဖြူးစုတ်ကလေး ကို ဆွဲခင်းနေသဖြင့် ကျွန်တော့်မှာ လာမိတာမှားလေပြီဟု အားနာစွာနှင့်....

"နေပါစေ ... ခင်လေး နေပါစေ၊ ကျွန်တော် မထိုင်ပါဘူး၊ မခင်လေး ကလေးမမာဘူးဆိုလို့ လာကြည့်တာပါ"

ခင်လေးသည် ကျွန်တော့်အား ဘာပြန်ပြောရမှန်း မသိရှာချေ။ သူ့ကလေးကား အသက် ဆယ်နှစ်ကျော်နေပြီဖြစ်သော်လည်း ဟိုဟိုဒီဒီ မလျှောက်နိုင်ဘဲ တညင်းလုံးပေါ် ခေါင်းအုံးတင်၍ ရင်ဘတ်အောက်ခုကာ လေးဘက်ထောက်နေရရှာသည်။ ကျောမှ အနာကြီးက ပက်ပြဲနှင့်။

သူ့အဖီမှာ မီးဖိုနှင့် အိုးခွက် အိပ်ရာတို့သည် ညစ်ပေပွယောင်းကာ တစ်ဆက်တည်း ပြန့်ကြဲ။ အို ... လောက၌ ဒီလောက်သနားစရာကောင်း သော ကလေးနှင့် ဒီလောက်ဆင်းရဲသော မိန်းမ။

ကျွန်တော် ခင်လေးအား ဘာစကားတစ်ခွန်းမှ ပြောရမှန်းမသိတော့ ဘဲ သူ့အဖီအခန်းပေါက်မှ ခေါင်းရုပ်ကာ ထွက်ခဲ့တော့သည်။ နှုတ်မှလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခဲ့မီး၊ အပြင်ရောက်တော့မှ သက်ပြင်းကြီးကို ရှူလိုက်ပြီး ကျွန်တော့် စိတ်ထဲဝယ် "ဩော် ... ခင်လေးရယ်" ဟူ၍သာ။ ။

(၁၉၇၀ ခု၊ ဇန်နဝါရီ မြဝတီ)

❑



## လူဝင်စား

လူဝင်စားဆိုတာကို ခင်ဗျားယုံသလား၊ မယုံလားတော့ ကျုပ်မသိဘူး။ ကျုပ်တို့ရွာက ဒေါ်ကြာညိုတို့ လူသိုက်ကဖြင့် အထူးပဲယုံကြည်ကြသဗျ။ ဒီလိုယုံကြည်တဲ့ အကျိုးကျေးဇူးပဲ ဆိုရမယ်ပေါ့။ သူတို့လူသိုက်ထဲက လူကြီးကြီးမားမား ထင်ထင်ရှားရှားလူများ သေသွားပြီဆိုရင် ဒီဘဝဒီမျှနဲ့ပဲ ကိစ္စပြတ်သွားပြီ မထင်လေနဲ့၊ သေပြီး တယ်မကြာလှဘူး၊ သူတို့သားချင်း ထဲမှာပဲ လူပြန် ပြန်ဖြစ်လာကြသဗျ။

သူတို့ဟာ ကျုပ်ကြားဖူးတဲ့ "လူသေလူဖြစ်" ဆိုတဲ့စာအုပ်ကို မဖတ်ဖူး ဘူးဆိုတာတော့ ကျုပ်က ကြားနေပြီး ကျိန်တွယ်တောင် ပြောရဲပါတယ်။ ဘာကြောင့်လဲဆိုရင် သူတို့လူသိုက်ဟာ အများအားဖြင့် ဘုတ်အုပ်ကိုင် စာဖတ်နိုင်လောက်အောင် စာမတတ်ကြဘူး။ အကြောင်းသင့်လို့ ပြောရဦး မယ်။ လွန်ခဲ့တဲ့ သကြ်န်တွင်းတုန်းကပဲ သူတို့ဆွေမျိုးသိုက်ရဲ့ ဧည့်ခံမဏ္ဍာပ် မှာ သူတို့အထဲက တော်တော်လေးစွာတဲ့ မလှချိုက ပြောနေသဗျ။ အ သုံးလုံး တဲ့အေ့။ အသက်ကြီးလည်း စာသင်ရမယ်၊ သင်ရင်တတ်တာပဲ။ လူကြီးတွေ အားတဲ့အချိန်မှာ လာသင်ကြပါလို့ အတင်းတရားဟောခံရတာနဲ့ ငါသွား သင်ရတယ်အေ့။ ကကြီး ကခွေးတော့ ငါ ကြားဖူးနားဝနဲ့ နှုတ်ကရနေတာပဲ။ အဲ ... ရေးတာကျတော့ မလွယ်ဘူးဟော့။ ၎-သလင်းချိတ်၊ ဍ-ဝမ်းဘဲ၊ ဠ-ရင်ကောက်လည်း ရောက်ကရော ဟိုဟာ ဒီဘက်လှည့် ဒီဟာ ဟိုဘက် လှည့်နဲ့ ရှုပ်ကရော ... ခက်တယ်ဟယ် ...။ ငါ မသင်ချင်တော့ဘူး၊ တော်ပြီ

www.burmeseclassic.com



ဆိုပြီး ငါ နောက်ထပ်မသွားတော့ဘူး၊ သူ့စာသင်လို့ ငါရေးတတ် ဖတ်တတ်တော ဘာလုပ်ဦးမှာလဲ၊ ကိုယ်အလုပ်လုပ်နိုင်မှ ထမင်းစားဖို့ရတာ မဟုတ်လား။ အလကားပါအေ … ဒီသေခါနီး မျက်မွဲကြီးတွေ လိုက်ပြီး စာသင်ခိုင်းနေတာ သက်သက် မရောင်ရာဆီလူးတာပါ။

ဒီ မလှချုံရဲ့အသက်ဟာ ၅၀ လောက် ရှိရော့မယ်ပေါ့။ သည်လိုပဲ သူတို့လူသိုက်ထဲမှာ ခုအချိန် အသက် ၄–၅၀ တွေဆိုရင် စာမသင်ခဲ့ရတဲ့ လူတွေက များပါတယ်။ နည်းနည်းပါးပါးတတ်လည်း စာဖတ်လေ့ဖတ်ထ မရှိကြဘူး။ ဖတ်ဖို့အချိန်ကလည်း မရရှာကြဘူးလေ။ ဒါပေမဲ့ သူတို့ကို ပေါ့ပေါ့ဆဆတော့ မထင်လေနဲ့ခင်ဗျ။ သူတို့မိရိုးဖလာ အယူအဆတွေ နိုင်မြဲတယ်။ ကြားဖူးနားဝ တရားဓမ္မနဲ့ ဇာတ်သဘင်လာ ဗဟုသုတတွေ ကလည်းရှိကြတော့ သူတို့ယုံကြည်မှုနဲ့ သူတို့ဖူလုံပြီးသား။ အခု ကျုပ်ပြောပြမယ့် လူဝင်စားကိစ္စကတော့ သူတို့လူသိုက်ထဲမှာ အထူးစပယ်ရှယ်ပါပဲ။ သူတို့သားချင်းထဲမှာ လူဝင်စားတွေ မကြာခဏ ပေါ်ပေါ်လာတတ်တဲ့အနက် က အခုနောက်ဆုံးပေါ်ကလေး ပြောရရင်ဖြင့် အခုနပြောခဲ့တဲ့ မလှချုံရဲ့မြေးပေါ့ခင်ဗျာ။ ဝင်စားတဲ့ လူကတော့ဆိုရင် ဒီကလေးရဲ့အဘိုး ဖြစ်မယ်ပေါ့။

အဲ … နေဦး၊ သူတို့ဆွေမျိုးစာရင်းဇယား ချပြရဦးမယ်။ မလှချုံရဲ့ ယောကျ်ားနာမည်က ကိုထွန်းကြည်၊ မလှချုံတို့ရဲ့ သမီးအကြီးဆုံးက မြချစ်ကလေး။ ဒီမြချစ်ကလေးပဲပေါ့။ လူဝင်စားမွေးတာ၊ သူ လူဝင်စားမွေးတာ ဟာဖြင့် အကြီးဆုံးကလေးနဲ့ အခု တတိယကလေး၊ ပေါင်း နှစ်ခိုရှာပြီပေါ့။ အကြီးတုန်းကဆိုရင် သူ့ဘကြီး ပြန်ဝင်စားတာပေါ့။

အဲ … စာရင်းထပ်ခွဲပြဦးမှ။ ဒီလိုလေ မလှချုံရဲ့ အမေနာမည်က ဒေါ်ကြာညို၊ ဒေါ်ကြာညိုယောကျ်ားက ဦးမြ။ အဲ ဦးမြသေတဲ့အခါမှာ မြချစ်ကလေးဝမ်းထဲကို သားဦးအဖြစ်နဲ့ ဝင်စားတာခင်ဗျ။ ဒါကြောင့် ဒီကလေးကို 'မောင်မြလေး' လို့ နာမည်ပေးတယ်ခင်ဗျာ။ အခု တတိယမြောက်သား လူဝင်စားကျတော့ရင် 'စိန်လေး' တဲ့ ခင်ဗျ။ ဘာကြောင့်လဲဆိုရင် အဲဒါက မလှချုံ ယောကျ်ား ကိုထွန်းကြည်ရဲ့အဖေ ဦးဘစိန်သေပြီး ခမည်းခမက်ဟာ ဒီဘဝမှာ မြေးဖြစ်သူ မြချစ်ကလေးဝမ်းထဲဝင်ပြီး ညီအစ်ကိုအရင်း ဖြစ်ရတယ်ပေါ့။



မနိပ်လားကွယ်ရို့။ အဲသည်တော့ ဒေါ်ကြာညိုကလည်း သူ့ယောကျ်ား သေပြီး ဝင်စားတဲ့ သူ့မြေးကလေး မောင်မြကလေးကို ချစ်လိုက်တာ အမော။ အဲ … ဦးဘစိန်ဇနီး မပုတို့ကလည်း သူ့ကြင်ယာဟောင်း မြေးကလေး မောင်စိန်လေးကို ထိုနည်းလည်းကောင်းပဲပေါ့ခင်ဗျာ။ ဒီကလေးတွေဟာ များသောအားဖြင့် အဘွားတွေရဲ့ ခါးထစ်ခွင်ပေါ်မှာ ကြီးကြပြီး နို့ဖြတ်တဲ့အခါဆိုရင် သူတို့အဘွားတွေနဲ့ပဲ အိပ်ကြတော့တယ်ခင်ဗျာ။ ဒီနေရာမှာ ခင်ဗျားတို့က ဒီကလေးတွေဟာ ဘာကြောင့် လူဝင်စားများ ဖြစ်ကြတယ်ဆိုတာ သိရသလဲလို့ စောကြောချင်ကြပေလိမ့်မယ်။ ကျုပ် ပြောပါမယ်။

ဒေါ်ကြာညိုယောကျ်ား ဦးမြသေတဲ့အခါမှာ မလှချုံရဲ့သမီး မြချစ်ကလေးက အိမ်ထောင်ကျစခင်ဗျ။ အဲ … သားဦးကလေးမွေးတော့ရင် ကလေးဟာ တော်တော်ချူချာသဗျ။ ညည ထထငိုတယ်။ ဒါနဲ့ ကျုပ်တို့ တောရွာဓလေ့အတိုင်း နတ်ဝင်သည်ဆီမှာ ဆန်ခွက်သွားကြည့်တော့ရင် "ဒါဟာ လူဝင်စားပဲ ဦးမြဝင်စားတာပဲ၊ ဦးမြဝင်စားတာ၊ ခမည်းလိုလို့ ငိုတာ၊ ဘွားအေကြီးက မြေးကို ခမည်းပေးလိုက်" လို့ အတပ်ဟောလိုက်ဆိုသကိုဗျ။

ဒီတော့မှ ဒေါ်ကြာညိုက ဦးမြရဲ့ ကျန်ခဲ့တဲ့လက်စွပ်ကို ဒီမြေးကလေး လည်ပင်းဆွဲပေးလိုက်သဗျ။

ဒါနဲ့ ဒီကလေး ညည အငိုရပ်သွားရောလားလို့ ခင်ဗျားက စောကြောချင်သေးတယ်မဟုတ်လား။ မှန်တယ်၊ လက်စွပ် လည်ပင်းဆွဲပေးပြီး ၄–၅ ရက်လောက်ပဲ ငိုတော့တယ်။ ဘာကြောင့်လဲဆိုရင် ဒီနတ်ဝင်သည်ကပဲ ဒီကလေးအတွက် ဘယ်ဘက်အရပ်က ဆရာကို ခေါ်ကုပါလို့ နတ်ကပြောတဲ့အနေနဲ့ တစ်ဆက်တည်း ဟောလိုက်သေးသကိုးဗျ။ တကတည်း နတ်ဝင်သည်ဟောတဲ့အရပ်မှာကလည်း သူငယ်နာဆရာ ဦးထိပ်ပိတ်က အသင့်ရှိနေပြီးသား။

ဒီတော့မှ သူတို့အားလုံးကပဲ ယုံကြည်သွားကြတယ်။ ဦးမြ မသေခင်တုန်းက သူ့မြေးကလေးကို အလွန်ချစ်တာလည်း ပြန်ပြီး စမြုံ့ပြန်ကြတယ်။ ဒီမြေးမကလေးကို ဦးမြက ချစ်လွန်းလို့ပဲ မြချစ်ကလေးလို့ နာမည်ပေးတာ ပဲတဲ့။ ကဲ သည်တော့ သူ့မြေးသူချစ်လို့ သူ့မြေးဝမ်းထဲ ဝင်စားတာကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သံသယဖြစ်စရာ လိုတော့မတုံး။

အခု ဦးဘစိန်သေပြီး ဝင်စားတာလည်း ဒီနည်းဒီပုံပါပဲခင်ဗျာ။ ဦးဘစိန် မသေခင်တုန်းကလည်း ဒီမြေးမကလေးကို သိပ်ချစ်ခဲ့တာပါပဲ။ ဟော ... ဦးဘစိန်သေပြီး တစ်နှစ်လောက်အကြာမှ မြချစ်ကလေးကို ဒီတတိယမြောက်သား စိန်ကလေးကို မွေးတာပဲ။

ကဲ ပြန်ဆန်းစစ်ကြည့်စမ်း၊ မြချစ်ကလေးရဲ့ ပထမဦးဆုံးသားက မအောက်က ဘကြီး၊ တတိယသားက ဖအောက်က။ ဝင်စားပုံ ဝင်စားနည်းကလည်း မျှမျှတတလည်း ရှိပါပေသဗျာ။ သူ့ဒုတိယသမီးကလေးပဲ လူဝင်စားမဟုတ်တာ၊ ဒီကလေးမလေးမွေးတုန်းက သူမမွေးမီ တစ်နှစ်ပတ်လည်လောက်မှာ သူတို့ဆွေမျိုးထဲက ထင်ထင်ရှားရှား သေသွားတဲ့လူကလည်း မရှိဘဲကိုးဗျ။ နို့မဟုတ်ရင် ဒီကလေးမလေးလည်း လူဝင်စားပဲ ဖြစ်ရဦးမှာပဲ။ ဘာကြောင့်လဲဆိုရင် သူတို့အမျိုးက စပယ်ရှယ် လူဝင်စားတာတဲ့ဗျ။ မလှချိုလည်းပဲ ဒေါ်ကြာညိုရဲ့ညီမ မကြာပိုဟာ အပျိုဘဝနဲ့သေပြီး ဝင်စားတာဆိုသကိုး။ မလှချို အပျိုဖြစ်တော့ရင် မကြာပို သေခါနီးတုန်းကနဲ့ တယ်တူသတဲ့ဗျာ။ ဒေါ်ကြာညို ပြောပြလေ့ရှိတယ်။ ငါးဟင်းကြိုက်ပုံချင်း ထမိနဲ့နပ်သုပ်ပုံချင်းတောင် တူသတဲ့ဗျာ၊ အံ့ရော။

ကဲ ... ဒီနေရာမှာ ခင်ဗျားက သူတို့ လူဝင်စားကြတာလည်း သူတို့ဆွေမျိုးထဲကချည်း လှည့်ဝင်နေကြရောလား၊ တခြားကများ ဖောက်မဝင်ကြတော့ဘူးလားလို့ စောကြောချင်စိတ် ပေါ်ကောင်းပေါ်လိမ့်မယ်။ ကျုပ်သိသမျှ ပြောရရင်ဖြင့် နှစ်ဦးဖောက်ဝင်တာကို တွေ့ရတယ်ဗျ။ တစ်ဦးက ဥစ္စာစောင့်ဘဝက လာတာတဲ့ဗျ။ တစ်ဦးကတော့ရင် အံ့ဩစရာကောင်းတယ်။ မလှချိုရဲ့ ဦးလေးအရင်းခေါက်ခေါက်ကို သတ်ပစ်လိုက်တဲ့လူက မလှချိုရဲ့ဝမ်းထဲကို ဝင်စားတာ အခုဆိုရင် အဲဒီကလေးဟာ အပျိုတောင်ဖြစ်နေပြီ။

လူသတ်တဲ့ လူဆိုးလူမိုက်ဘဝကနေပြီး တမလွန်မှာ မိန်းကလေးလာဖြစ်တော့ တယ်ပြီး သဘောသကာယလည်း ကောင်းသဗျ။ အလုပ်အကိုင်လည်း အင်မတန်တော်တယ်။ ကျွန်ုလည်းရှိ၊ လူကြီးတွေကိုလည်း ကြောက်ရွံ့ရိုသေတတ်သဗျ။ ဘာကြောင့် ဒီလိုဖြစ်လာသလဲဆိုတာ



အောင်မယ် သူတို့မှာ ဟိုဘဝ သည်ဘဝ ဆက်ပြီး အကြောင်းအကျိုးတွေ ပြောစရာတွေကလည်း အပြည့်ပဲရှိသဗျ။

ကဲ ... သူ့ခဏထားပြီး ဥစ္စာစောင့်မလေး ဝင်စားတဲ့အကြောင်း ပထမ ပြောပါဦးမယ်။ ဒေါ်ကြာညို့ အစ်မရဲ့သမီး မလှတုံက မွေးတာခင်ဗျာ။ ဒီသူငယ်မကလေးဟာ ခြေလက်အင်္ဂါလည်း မသန်ဘူး။ စကားလည်း မပြောတတ်ဘူး။ အဆွံ့အအ ကလေးပဲ။ ဒါနဲ့ သူတို့မေးနေကျ နတ်ဝင်သည် ဒေါ်ရုပ်ဆိုးက ဟောတယ်။ ဥစ္စာစောင့် ဝင်စားတာတဲ့ခင်ဗျာ။ ခြေလက်အင်္ဂါ မသန်တာကတော့ လူ့ဘဝမှာပျော်ပြီး အကြာကြီး မနေအောင်တဲ့၊ စကားမပြောနိုင်တာကတော့ သူ စောင့်ခဲ့ရတဲ့သိုက်ဟာ ဘယ်မှာရှိတယ်၊ ဘယ်လိုရတနာတွေ ဘယ်လိုထားတယ်၊ ဘာကောင်တွေက စောင့်တယ်ဆိုတာတွေ လျှောက်ပြောမှာစိုးလို့တဲ့ ခင်ဗျာ။

"ဒါပေမဲ့ ကိုယ့်ရင်သွေး ကိုယ့်သားချင်းအနေနဲ့ လူလာဖြစ်နေတုန်းမှာ ညည်းတို့ကောင်းကောင်း ပြုစုကြပါ။ တစ်နေ့မှာ သူဟာ ခြေလက်အင်္ဂါ သန်စွမ်းမလာဘူး၊ စကားမပြောနိုင်ဘူးလို့ ဘယ်သူမှ အတတ်မဟောနိုင်ပါဘူး။ နို့ပြီး သူတို့လူသိုက် အကြီးအကဲကလည်း သူတို့ထဲက ဥစ္စာစောင့် လူ့ဘဝရောက်လာတုန်း ကောင်းမှုကုသိုလ်ပြုဖို့ ပစ္စည်းဥစ္စာကို တစ်နည်းနည်းနဲ့ ပို့မပေးဘူးရယ်လို့လည်း မပြောနိုင်ဘူး သိရဲ့လား"

အဲဒီလို ဒေါ်ရုပ်ဆိုးက ဟောလိုက်သေးတော့ အောင်မယ် သူတို့ဆွေမျိုး တစ်သိုက်ဟာ ဒီဒုက္ခိတမကလေးအပေါ်မှာ စိတ်ဝင်စားကြ၊ ပြီးတော့ ကောင်းကောင်းမွန်မွန်ပဲ ပြုစုကျွေးမွေးကြတယ်။ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာလည်း ရှိကြတယ်။ ဒုက္ခိတမကလေးရယ်လို့ပဲ ကလေးချင်းကတောင် နှိမ်နင်းခြင်း၊ နှိပ်စက်ခြင်း မပြုကြဘူးခင်ဗျာ။

ဒါပေမဲ့ ဒီသူငယ်မလေးဟာ တယ်ပြီး သက်ဆိုးမရှည်ရှာဘူး ၈ နှစ်၊ ၉ နှစ်သမီး အရွယ်လောက်မှာပဲ အနိစ္စရောက်ရှာတယ်။

ဒေါ်ရုပ်ဆိုး ဟောတဲ့အတိုင်းပဲ ဥစ္စာစောင့်က ခေတ္တလူ့လာဖြစ်သွားတယ်ဆိုတော့ ဒီကလေးမလေး သေဆုံးပြီးတဲ့နောက်မှာ ဘယ်လိုများ အိပ်မက်ပေးဦးမလဲလို့ သူတို့ဆွေမျိုးတစ်သိုက်က မျှော်လင့်ကြသေးသဗျ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ နှစ်တလည်းကြာပြီမို့ ကျုပ်လည်း ကောင်းကောင်း မမှတ်မိတော့ဘူး။ သူ့အမေ မလှဘုံမှာ ဘယ်လိုအိပ်မက်ပေးသလိုလို ရွာအနောက်ဘက်က တောတန်းထဲ ဟင်းရွက်ရှာသွားရင်း လက်ကောက်တစ်ကွင်းပဲ ကောက်ရသလိုလို ခင်ဗျာ၊ ပြောသံကြားခဲ့ရသေးတယ်။

ကျုပ်တို့ တောရွာခလေးမှာ နတ်တို့ နတ်ဝင်သည်တို့ကို ယုံကြည်သကိုးခင်ဗျာ။ ဝါဝင်ဝါထွက်မှာ အိမ်တွင်းအိမ်ပြင် ကန်တော့ဖို့၊ အရေးဘစ်စုံတစ်ခုရှိရင် ဆန်ခွက်ကြည့်ဖို့၊ အကြောင်းထူးရင် ဆိုင်းနဲ့ဗုံနဲ့ ပွဲကြီးသမ်းကြီးပေးဖို့၊ နတ်ကတော် နတ်ဝင်သည်ဆိုတာကတော့ ရွာတိုင်းလိုလိုမှာပဲ ရွာအကြီးနဲ့ အငယ်လိုက်ပြီး အနည်းနဲ့အများတော့ ရှိကြတာပဲ။ ရွာကြီးတယ်ဆိုရင် သူ့အပိုင်နဲ့သူ၊ ကိုယ့်ရပ်ကွက်နဲ့ကိုယ်၊ ကဲ ကျုပ်တို့ရွာမှာဆိုရင် ကျုပ်တို့တောင်ပိုင်းက ဒေါ်ရုပ်ဆိုး၊ အဲ ... ဟိုမြောက်ပိုင်းကတော့ ဒေါ်အိမ်မင်း။

သည်နတ်ကတော်တွေဟာ သူ့ရပ်ကွက်နဲ့သူ ဟောရရင် ဆွေရေးမျိုးရေး၊ အိမ်တွင်းရေး ကိစ္စတွေမှာတောင် မှန်တတ်ကြသဗျ။ သူတို့နတ်ဝင်သည်အချင်းချင်းကလည်း သစ္စာစောင့်သိကြတယ်။ ဘယ်လိုလဲဆိုရင် ဥပမာ ကျုပ်တို့ရွာတောင်ပိုင်းက မမယ်ခက ကိုယ့်ရပ်ကွက်က ဒေါ်ရုပ်ဆိုးကျော်ပြီး မြောက်ပိုင်းက ဒေါ်အိမ်မင်းဆီသွားပြီး နတ်မေးမယ်ဆိုရင် မဟောဘူး ခင်ဗျ၊ ဒေါ်ရုပ်ဆိုးဆီ မေးပါလို့ ပြန်လွှတ်တယ်။

တကယ်လို့ မမယ်ခက "ဟာ ... ကျုပ်နဲ့ ဒေါ်ရုပ်ဆိုးနဲ့ ရန်ဖြစ်ထားလို့ပါ၊ သူ့ဆီတော့ မဖြစ်ပါဘူး။ ကလေး ညည ထငိုနေတာလည်း ၄-၅ ရက်တောင် ရှိနေပြီ ဒုက္ခပါပဲ" ညည်းညူရင်းဖြင့် ဒေါ်အိမ်မင်းက "ကဲ ဒါဖြင့်လေ ငါ မရုပ်ဆိုးဆီ ခွင့်ပန်ဦးမယ်" ပြောပြီး သူတို့ချင်း တွေ့ဆုံနှီးနှောပြီးတော့မှ မမယ်ခ ကလေးအတွက် ဆန်ခွက်ကြည့်ပေးတတ်သဗျ။ သည်တော့လည်း ဒေါ်ရုပ်ဆိုးဟောသလိုပဲ မှန်တာပဲခင်ဗျာ။

အဲသည်လို မှန်ကြလို့ပဲ သူတို့ဟောလိုက်ရင်ဖြင့် နတ်ကိုယုံသူ မှန်သမျှ လွယ်လွယ်ကူကူပဲ သူတို့အဟောကို ယုံကြသဗျ။

အဲ ... မလှချို့ရဲ့ ဦးလေးအရင်းခေါက်ခေါက် ကိုကြာရွက်ကိုသတ်တဲ့



လူမိုက်ဖိုးဆော့ဟာ ကိုကြာရွက်သတ်ပြီး တစ်နှစ်လောက်အကြာမှာ သူ့လိုပဲ လူမိုက်အချင်းချင်းက ပြန်သတ်လို့ သေခြင်းဆိုးသေပြီးမှ မလှချို့ဝမ်းထဲ သမီးကလေးအဖြစ်နဲ့ ဝင်စားတယ်လို့ ဒေါ်ရုပ်ဆိုးက ဟောလိုက်တာကိုဖြင့် တော်တော်ပဲ မယုံကြည်စရာ ဖြစ်ကုန်ကြသဗျ။

အဲသည် ကလေးမလေးဟာဆိုရင် မွေးလာကတည်းက ခြေလက်အင်္ဂါ မကောင်းရှာဘူး။ ခြေကျင်းဝတ်၊ လက်ကောက်ဝတ်တွေမှာ ကြိုးနဲ့ရစ်ထားသလို ကျင်ပြီးနေတယ်။ တချို့ ခြေချောင်းလက်ချောင်း အဖျားဆစ်ကလေးတွေမှာ ရစ်ပြီး ပြတ်လုတည်းကာတွေလည်း ဖြစ်နေသဗျ။

အဲသဟာကြောင့်ပဲ ဒါကြောင့် ဖိုးဆော့ ဝင်စားတာလို့ ဆိုခြင်းဖြစ်သဗျ။ ဘယ်လိုတုန်းဆိုရင်ဖြင့် အင်း ... သူတို့ရာဇဝင်နဲ့ ရှင်းမှဗျို့။ တစ်ချိန်က ကျုပ်တို့အရပ်မှာ ရဲဘော်ဖြူအုပ်စိုးစဉ် ဥပဒေမဲ့ မင်းမဲ့ကာလဆိုပါတော့ ခင်ဗျာ။

သည်အခါမှာ ဘယ်ရန်ငြိုးရယ်ကြောင့် မသိ၊ ဖိုးဆော့ဟာ ကိုကြာရွက်ကို သတ်ပစ်လိုက်သဗျ။ အဲသည်က တစ်နှစ်လောက်ကြာတော့ အခြားလူမိုက်တစ်အုပ်က ဖိုးဆော့ကို သတ်ပစ်ပြန်ရောခင်ဗျာ့။ ဖိုးဆော့ဟာ ကိုကြာရွက်ကို သတ်စဉ်က တစ်ယောက်ချင်းပဲ လက်ဦးအောင် ရင်အုံကို ဓားမြှောင်နဲ့ ထိုးသတ်လိုက်သဗျ။

အဲ ... ဖိုးဆော့ကို သတ်တော့ရင် ဟိုက လူများတယ်၊ တိရစ္ဆာန်လို အတင်းဖမ်းခေါ်သွားပြီး ချက်ချင်း သတ်မပစ်သေးဘဲ ကြိုးနဲ့ချည်၊ ထုတ်မှာ ဓောက်ထိုးဆွဲ ရိုက်နှက်ပြီး သေလုမျောပါးဖြစ်တော့မှ ကြိုးဖြေပေး၊ ထွက်ပြေးခိုင်း၊ အဲသည်တော့မှ နောက်ကနေ သေနတ်နဲ့ ပစ်သတ်လိုက်တယ်။

ဒါကြောင့် ဖိုးဆော့သေလို့ လူဖြစ်တဲ့အခါ အဲသည်ကလေးမ ကလေးမှာ ခြေဆစ် လက်ဆစ်ကလေးတွေ ကျင်နေတာဟာ ဟိုအဘေး ဖိုးဆော့ကို ကြိုးနဲ့တုပ်ခဲ့တဲ့ ဒဏ်ရာတွေတဲ့ ခင်ဗျာ့။

ကဲ ... သဟာ ထားဦးတော့။ သူများသတ်ခဲ့တဲ့ ဖိုးဆော့လို လူမိုက် လူမိုက်က လူသတ်ခံရလို့ပဲ ဥပစ္ဆေဒကနဲ့ သေခြင်းဆိုးသေပြီး ချက်ချင်းပဲ လူပြန်ဖြစ်ရသလား ဆိုတာကျတော့ လာပြန်သဗျ။ ကျုပ်တို့ ကြားဖူးတာ

www.burmeseclassic.com



ရှိတဲ့ တရားတော်မှာက သတ္တဝါတို့ကံကြမ္မာဟာ အလွန်ဆန်းကျယ်တယ်။ အကုသိုလ်ရယ်၊ ကုသိုလ်ရယ် နှစ်ခုရှိတဲ့အနက်က အဲသည်ကာလမှာ တစ်မျိုးစီ ခံစားရတယ်။ အကုသိုလ်ကံ ဖိစီးနေတဲ့အခါမှာ မည်မျှပင် ကောင်းကောင်းမွန်မွန် နေဦးတော့၊ အတိတ်က အကုသိုလ်မကုန်သေးသမျှ သည်ဒဏ်ခံနေရဦးမှာပဲ၊ အဲ ... ကုသိုလ်ကံ အကျိုးပေးခိုက် ကြုံနေပြန်ရင်လည်း ဘယ်လိုပဲ မကောင်းမှုပြုနေဦးတော့ ကုသိုလ်ကံကြွင်းက တင်းခံနေဦးမှာပဲတဲ့ဗျ။

ဖိုးဆော့ လူပြန်ဖြစ်တာလည်း ထိုနည်းလည်းကောင်းပဲတဲ့။ ကိုကြာရွက်ကိုသတ်တဲ့ အကုသိုလ်ကံမပေါ်သေးဘူး။ သည့်အရင်ကပြုခဲ့တဲ့ ကုသိုလ်ကံကြွင်းကရှိနေလို့ လူပြန်ဖြစ်လာရတာတဲ့ဗျ။

ကဲ ဒါဖြင့်လည်း လူပြန်ဖြစ်ခြင်းဖြစ်ရင် တခြားသူဝမ်းထဲ ဝင်ပါတော့လား၊ ဘယ့်နှယ် ကိုယ်သတ်ခဲ့တဲ့ ကိုကြာရွက်ရဲ့တူမ မလှချုံဝမ်းထဲမှ ဝင်ရ သလားဆိုတာ ကျပြန်တော့လည်း၊ အောင်မယ် ... သူတို့တီးတိုးပြောကြတာရှိသေးဗျို့။ ဟဲ ... ဟဲ နို့ပြီး ဖိုးဆော့ဟာ ကိုကြာရွက်ကိုသတ်ပြီးမှ သူ့အမှား သူသိပြီး နောင်တရတာလည်းဖြစ်ပြီး ဒီအမျိုးထဲဝင်ပြီး ကျေးဇူးဆပ်ချင်စိတ်ပေါ်တာလည်း ဖြစ်နိုင်တယ်လို့ ဆိုကြပြန်သေးဗျ။

"ဒါကြောင့် ကြည့်ပါလား" တဲ့။

"ဒီကောင်မလေးဟာ ဘယ်လောက် အလုပ်အကိုင်ကောင်းသလဲ၊ အလုပ်နဲ့ ပြတ်တယ်မရှိဘူး၊ သူတို့အိမ်က ရက်ကန်းခတ်သံဟာ မပြတ်ကြားနေရတာပဲ။ နို့ပြီး ဒီကလေးမလေးဟာ တွေလီကာလီလည်း မပူဆာတတ်ဘူး၊ အပြင်ထွက်လည်ခြင်း ပြုခြင်းလည်း မရှိဘူး။ ဣန္ဒြေသိက္ခာရှိတယ်ဆိုတာလည်း ဟုတ်ပါတယ်၊ သူ့ခြေဖျား လက်ဖျားကလေးတွေ လူမြင်မှာတောင် စိုးရိမ်ရှာပါတယ်"

"သြော် ... ဖိုးဆော့ ဖိုးဆော့၊ မင်း ဟိုဘဝတုန်းက မိုက်မဲရမ်းကားခဲ့သမျှ ဒီဘဝမှာတော့ တယ်ပြီး လိမ္မာလိုက်ပါလားကွယ်လို့" ပြောတဲ့လူတွေကလည်း ရှိသေးသဗျ။

အခု ကျုပ်ပြောတဲ့ လူဝင်စားတွေအကြောင်းကို ခင်ဗျားကတော့ ယုံချင်မှ ယုံမယ်ပေါ့ဗျာ။ ကျုပ်တို့ရွာက ဒေါ်ကြာညိုတို့ လူသိုက်ကတော့



အဟုတ်ပဲ ယုံကြည်ကြသဗျ။ သူတို့ယုံကြည်တဲ့ အကျိုးကျေးဇူးလည်း ခံစားရပါတယ်။ ကြည့်လေ ဒေါ်ကြာညိုရဲ့ယောကျ်ား၊ ဦးမြဟုတ်လား။ နို့ပြီး မလှချုံယောက္ခမ ဦးဘစိန်တို့ဟာ စိန်ကလေး၊ မြကလေးအမည်နဲ့ သူတို့ဆွေမျိုးသိုက်ထဲမှာ လူပြန်ဖြစ်နေကြတော့ သွားလေသူမိဘအတွက် ဘာမှပူစရာ မလိုတော့ဘူး။ နှစ်လည်သပိတ်တွေတောင် ထပ်ပြီးသွတ်နေစရာမလိုတော့ဘူးပေါ့ခင်ဗျာ။ နို့ပြီး ခင်ဗျားတို့ တချို့ မြို့ကြီးသားတွေလိုပဲ ကွယ်လွန်သွားသူကို ဘယ်နှလမြောက်၊ ဘယ်နှနှစ်မြောက် လွမ်းဆွတ်သတိရကြောင်း၊ သက်သက်ပိုက်ဆံကုန်ခံပြီး သတင်းစာတွေထဲ ထည့်နေစရာမလိုတော့ဘူး။

ကဲ ... ဖိုးဆော့သေပြီး မလှချုံဝမ်းထဲ ဝင်စားတဲ့အကြောင်းလည်း ထပ်ပြောရဦးမယ်။ အစဦးဟာဖြင့် ဖိုးဆော့က ဒေါ်ကြာညိုရဲ့မောင်၊ မလှချုံရဲ့ ဦးလေးအရင်းခေါက်ခေါက်ကို သတ်ခဲ့တာဖြစ်လေတော့ ခေတ်ပျက်ထဲမှာရုံးတင်လည်း အမှုမလုပ်ရတော့ ဒေါ်ကြာညိုတို့ ဆွေမျိုးတစ်သိုက်နဲ့ ဖိုးဆော့တို့ဆွေမျိုးတစ်သိုက်ဟာ တစ်ဖက်နဲ့တစ်ဖက် ပဋိပက္ခ ဖြစ်နေလိုက်ကြတာ ဒေါ်ကြာညိုတို့အထဲကပဲ ဖိုးဆော့တို့ဘက်ကို ပြန်ပြီး ကလဲ့စားချေဦးတော့မလိုလို၊ ဟိုဘက်ဆွေမျိုးနဲ့ ဒီဘက်ဆွေမျိုးလည်း ခေါ်ခြင်းပြောခြင်း မရှိကြ။

အဲ ... ဖိုးဆော့လည်း မလှချုံဝမ်းထဲ ဝင်စားတယ်လည်းဆိုရော ခင်ဗျာ အဲဒီ ပဋိပက္ခမှုဟာ တစ်ခါတည်း ကျေအေးသွားတော့တာပဲ။ ဖိုးဆော့မိန်းမ မယ်ကြိုင်ဟာဆိုရင် ဖိုးဆော့ကျန်ခဲ့တဲ့ ပစ္စည်းကလေးတွေကို လာပြီးခမည်းပေး ရတာနဲ့ သူ့လင်ဝင်စားကလေး ချော့မြှူရတာနဲ့ တော်တော်လေးကြီးတဲ့အခါ မှာ သူ့အိမ်ခေါ်သွားပြီး ကျွေးရမွေးရတာနဲ့ တစ်ခါတည်း ဆွေမျိုးနှစ်ဖက် ရွှေလမ်းငွေလမ်း ပေါက်သွားတာပါပဲ ခင်ဗျာ။

ကဲ မနိပ်ဘူးလားဗျာ၊ သူတို့ယုံကြည်မှုနဲ့ သူတို့။

(၁၉၆၆ ခု၊ ငွန်လ ငွေတာရီ မဂ္ဂဇင်း)

❑

www.burmeseclassic.com

www.burmeseclassic.com



## လူ့မနော

၁၉၅၅ ခုနှစ်မှ ၁၉၆၀ ခုနှစ်အထိ ကျွန်တော်နေခဲ့သော ရွာကလေးတွင် ဖြစ်ပါသည်။ ဤရွာကလေးသည် ရန်ကုန်မြို့မှ ၇ မိုင်ကွာ ပြည်လမ်းမကြီး၏အရှေ့ဘက် ချောင်ကျကျ (ယခုခေတ် 'ပျံကျ' များနေကြသော ကွက်သစ်မျိုးမဟုတ်) ရှေးခေတ်က ရွာဟောင်းဖြစ်၍ ပကတိတောရွာအတိုင်းပင် တစ်အိမ်နှင့်တစ်အိမ် ရင်းနှီးခင်မင်ကြသည်။ တစ်အိမ်က သတင်းစကားကို တစ်အိမ်က ချက်ချင်း နားပေါက်တတ်သည်။ တစ်ရွာလုံးတွင် အချင်းချင်း ဆွေရိပ်မျိုးရိပ် မကင်းကြသည်က များသည်။

တစ်ရံရောအခါဝယ် နတ်တလင်းမြို့မှ ဧည့်သည်များ ကျွန်တော့်အိမ် ရောက်လာရာ သူတို့ဆီတွင် အလွန်တရာပေါသော ဒန့်သလွန်သီး ၁၀၀ စည်း တစ်စည်းပါလာသည်။ ဤအချိန်ဝယ် နတ်တလင်းမြို့မှာ ဤတစ်ရာစည်းသည် နှစ်ကျပ်မျှဖြစ်သော်လည်း ကျွန်တော်တို့ဆီမှာ တစ်တောင့် ဆယ်ပြား၊ တစ်မတ် သုံးတောင့်မျှသာ ရသေးသည်။ သို့သော် ဤမျှများပြားသော ဒန့်သလွန်သီးတွေကို ကျွန်တော့်အိမ်တွင် ဘာလုပ်ပါမည်နည်း။ စိတ်ကူးရသည်နှင့် တစ်ခါ နှစ်ခါချက်မျှ ၁၅ တောင့်သာ ဖယ်ထားပြီး ကျန် ၈၅ တောင့်ကို လက်ဆွဲခြင်း ထဲထည့်ကာ ဈေးသို့သွားရန် ရွာရိုးသို့ထွက်ခဲ့သည်။

ပထမဆုံး အိမ်ရှေ့မျက်စောင်းထိုးအိမ်မှ သန်းသန်းက "ကိုဆွေ... လက်ဆွဲခြင်းထဲ ဘာတွေလဲ၊ ဘယ်သွားမလို့လဲ"

"ဒန့်သလွန်သီးတွေဗျာ... ဧည့်သည်တွေယူလာတာ အိမ်မှာများနေတာနဲ့ ဈေးသွားရောင်းမလို့"



"ဒါဖြင့် လာစမ်းပါဦး"

သူ့အိမ်ရှေ့ ကပြင်ပေါ် လက်ဆွဲခြင်းချလိုက်တော့ သူက ...

"ဘယ်လို ရောင်းသလဲ"

"ဈေးမှာ ပေါက်ဈေးပေါ့ဗျာ၊ တစ်တောင့် ၁၀ ပြား၊ တစ်မတ် သုံးတောင့်ယူပေါ့"

"လေးတောင့် ထားပါလားရှင်၊ ကိုယ့်ရွာသားချင်းပဲ"

"ယူဗျာ"

သူ့အိမ်မှထွက်ခဲ့ရာ ကျွန်တော်တို့ကို လှမ်းကြည့်နေသော နောက်တစ်အိမ်မှ ဒေါ်ကြည်စုက ....

"စာရေးဆရာကြီး လက်ဆွဲခြင်းထဲက ဘာတွေလဲဗျ၊ လာစမ်းပါဦး..."

"ဧည့်သည်တွေယူလာတဲ့ ဒန့်သလွန်သီးတွေဗျာ ...၊ ဈေးသွားရောင်းမလို့"

သူ့အိမ်ရှေ့ရောက်တော့ ....

"ဘယ်လိုရောင်းသလဲဗျ"

"တစ်မတ် သုံးတောင့်ဆိုတာ ဟော့ဟို... သန်းသန်းက လေးတောင့် ဆစ်တာနဲ့ လေးတောင့်ပဲ ပေးခဲ့တယ်"

"ဟာ ... ကျွန်တော်တော့ ငါးတောင့်ပေးဗျာ"

"ယူဗျာ"

သူ့အိမ်မှ ပြန်ထွက်ခဲ့၏။ နောက်တစ်အိမ်က လှမ်းခေါ်ပြန်၏။

"ဘာတွေတုန်း ဦးသော်တာရေ့"

"ဒန့်သလွန်သီးတွေဗျ၊ မအေးသာရဲ့"

"ရောင်းဖို့လား"

"အစစ်ပေါ့ဗျ"

"လာစမ်းပါဦး၊ ဘယ်လိုရောင်းသလဲ"

"ဟော့ဟို ... ဒေါ်ကြည်စုက ငါးတောင့်ဆစ်လို့ ငါးတောင့်ပဲ ပေးခဲ့တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျုပ်တော့ ခြောက်တောင့်ပေးတော်"

"ယူဗျာ"

တစ်အိမ်နှင့်တစ်အိမ် လှမ်းမြင်နေရသည်ဖြစ်၍ နောက်တစ်အိမ် ဒေါ်စိန်ဥက လှမ်းခေါ်ပြန်၏။

"ဆရာကြီး ဘယ်ကများ ဒန့်သလွန်သီးတွေ ရခဲ့တုံး"

"နတ်တလင်းက ဧည့်သည်တွေ ယူလာတာဗျ"

"ဒါနဲ့များ လျှောက်ရောင်းနေရသေးလား၊ အလကားပေးရောပေါ့ ဟဲ...ဟဲ..."

"ယူလေဗျာ၊ ဘယ်နတောင့် ယူမတုံး"

"အလကား ပြောတာပါရှင်၊ သူများလိုပဲ ဝယ်ရမပေါ့၊ ဘယ်လို ရောင်းတုံး"

"မအေးသာက တစ်မတ် ခြောက်တောင့်ဆစ်လို့ ခြောက်တောင့်ပဲ ပေးခဲ့တယ်"

"ကျုပ်တော့ ခုနစ်တောင့် ပေးတော် ..."

"ယူဗျာ"

ဒေါ်စိန်ဥအိမ်မှအထွက် နောက်တစ်အိမ် မလေးနှယ်က ခေါ်၍—

"အောင်မယ်လေး စာရေးဆရာကြီးက ဒန့်သလွန်သီးတွေ လျှောက်ရောင်းနေတယ်၊ ခေါင်းပုံဖြတ် အမြတ်ကြီးစား ဖြစ်နေရှာပေါ့"

"ရောင်းသူနဲ့ ဝယ်သူနှစ်ဦး သဘောတူရောင်းကြ ဝယ်ကြတာပဲဗျာ၊ ခေါင်းပုံဖြတ်တယ် အမြတ်ကြီးစားတယ်ထင်ရင် မဝယ်ချင်နေပေါ့"

"အောင်မယ်လေး ... ဝယ်ပါ့မယ်ရှင်၊ ဘယ်လိုရောင်းလဲ"

"တစ်မတ် ခြောက်တောင့်ဆိုတာကို ဟောဟို လောဘကြီးတဲ့ ဒေါ်စိန်ဥကြီးက ခုနစ်တောင့်ဆစ်လို့ ခုနစ်တောင့်ပေးခဲ့တယ်ဗျ"

"ဟီး ... ဟီး ... ကျွန်မတော့ ရှစ်တောင့်ပေးတော်"

"ယူဗျာ"

ယင်းသို့လျှင် ကျွန်တော်သည် တစ်အိမ် တစ်တောင့်တိုးနှင့် ဆစ်တိုင်းပေးခဲ့ရာ နောက်ဆုံး ခင်ငြိမ်းကြည် အိမ်တွင် ၁၃ တောင့်နှင့်



ကိစ္စပြတ်၍ လက်ဆွဲခြင်း ခေါင်းစွပ်ကာ အိမ်သို့ပြန်လာခဲ့ပါတော့သည်။ ကျွန်တော်သည် ၁၀ အိမ်ရောင်းခဲ့ရာ ၁၀ မတ်ရခဲ့၍ ၎င်းမတ်စေ့လေးတွေ ထပ်ပြီး စားပွဲပေါ် တင်ထားလိုက်ပါသည်။

မကြာမီ ပထမဦးဆုံး ဈေးဦးပေါက် သန်းသန်းရောက်လာကာ စတင် ရန်တွေ့တော့သည်။

"ကိုဆွေ ... ကျွန်မတော့ တစ်မတ် လေးတောင့်ပေးခဲ့ပြီး ဒေါ်ကြည်စု အိမ်ကျတော့ ငါးတောင့်ပေးသွားဆို"

ဒုတိယ ဒေါ်ကြည်စု ရောက်လာပြန်ကာ ....

"ဆရာကြီး ... ကျွန်တော်တော့ ငါးတောင့်ထဲပေးပြီး မအေးသာ အိမ်တော့ ခြောက်တောင့်ပေးသွားတယ်ဆို"

တတိယ မအေးသာ ....

"ဒီမှာရှင့် ... ကျွန်မတော့ ခြောက်တောင့်ထဲပေးသွားပြီး ဒေါ်စိန်ဥ အိမ်တော့ ခုနစ်တောင့်ပေးသွားတယ်ဆို"

စတုတ္ထ ဒေါ်စိန်ဥ ...

"ဒီမှာ ... ကျုပ်တော့ ခုနစ်တောင့်ပေးပြီး မလေးနှယ်တော့ ရှစ်တောင့် ပေးသွားတယ်၊ စာရေးဆရာလုပ်နေပြီး တရားသလား"

"ဟောဗျာ"

ကျွန်တော်သည် ဤသို့ တစ်ယောက်ပြီးတစ်ယောက် လာရန်တွေ့ကြသည်ကို နောက်ဆုံး အများကြီးရသွားသော ခင်ငြိမ်းကြည်မှတစ်ပါး ဒုတိယ နောက်ဆုံး မခင်ရွှေရောက်လာသည်အထိ ထိုင်နားထောင်ပြီး နောက်....

"ကဲ ... ဒေါ်ဒေါ်တို့၊ မမတို့၊ ကျွန်တော် တစ်ယောက်စီ ရှင်းပြပါရစေ။ ပထမဦးဆုံး မသန်းသန်း၊ ကျွန်တော်က တစ်မတ် သုံးတောင့် ဆိုတာကို ခင်ဗျားက လေးတောင့်ဆစ်လို့ လေးတောင့်ပဲ ပေးခဲ့တယ်။ ခင်ဗျား ကျေနပ်လို့ ခင်ဗျား ယူထားလိုက်တယ် ...။

"ဒုတိယ ဒေါ်ကြည်စုက ကျွန်တော်က သန်းသန်းအိမ်မှာ လေးတောင့်ဆစ်လို့ လေးတောင့်ပဲ ပေးခဲ့တယ်၊ ခင်ဗျားပဲ လေးတောင့်

www.burmeseclassic.com

www.burmeseclassic.com



**ယူပါဆိုတာကို** ခင်ဗျားက ငါးတောင့်ပေးပါဆိုလို့ ကျွန်တော်က ငါးတောင့်ပဲ **ပေးခဲ့တယ်...။**

"တတိယ မအေးသာ၊ ဒေါ်ကြည်စုမှာ ငါးတောင့်ပေးခဲ့တယ် ဆိုတာကို ခင်ဗျားက ကျုပ်တော့ ခြောက်တောင့်ပေးပါဆိုလို့ ကျွန်တော် ခြောက်တောင့် ပေးခဲ့တယ် ...။

"ကဲဗျာ ... တစ်ယောက်စီပြောနေ ရှည်ပါတယ်။ ခင်ဗျားတို့ ဆစ်တိုင်းပဲ တစ်အိမ် တစ်တောင့်တိုး ကျွန်တော် ပေးခဲ့တယ်။ အဲဒါ ခင်ဗျားတို့က ကျွန်တော့်ကို စုမပိုင်းပြီး မကျေနပ်ကြဘူးဆိုတော့ ကျွန်တော် ဘယ်နှယ့် လုပ်ရမလဲ"

"ရှင့်ဟာက ဘုရားတကာ ရန်တိုက် လုပ်တာကိုတော့"

"အောင်မယ် ... အောင်မယ် ... ဘယ့်နှယ် ဘုရားတကာ ရန်တိုက်တုန်းဗျ။ ခင်ဗျားတို့ဆန္ဒအရ ခင်ဗျားဆစ်တိုင်း ကျွန်တော်ပေးခဲ့တာပဲဗျာ။ ကဲ ... ဒီမှာ ဒေါ်စိန်ဥ၊ ခင်ဗျားကို ကျွန်တော် အလကားယူလည်း ပေးမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

သူတို့ ခေတ္တမျှ တွေနေကြပြီးနောက် မအေးသာက ....

"ဆရာ့ဟာက ဒီလိုလုပ်ဖို့ မကောင်းဘူး၊ တကယ်ဆို တစ်မတ် ခြောက်တောင့်ဖြင့် ခြောက်တောင့်၊ ခုနစ်တောင့်ဖြင့် ခုနစ်တောင့် အညီအမျှ ရောင်းဖို့ကောင်းတယ်"

"အယ် ... ဒီလိုဆိုလည်း လွယ်ပါတယ်ဗျာ၊ ကဲ ကဲ အားလုံး ပြန်ယူခဲ့ကြ၊ ခင်ဗျားတို့အားလုံး သဘောတူတဲ့ဈေး ဖြစ်ရစေမယ်၊ ပြန်ပြီး ဝေမျှပေးရမယ်"

ဤတွင် တစ်မတ်ဖိုး ၁၀ တောင့်၊ ၁၂ တောင့် ရသူတွေက မခံနိုင်

"အောင်မယ် ... အောင်မယ် ... ဒီလိုတော့လည်း ဘယ်ပြန်လုပ်ရ နိုင်တော့မလဲ၊ ကျွန်မတို့အိမ်မှာ ချက်ဖို့ တုံးတစ်တောင် ပြီးခဲ့ပြီ"

"ကဲ ... မဟုတ်တာတို့၊ ခင်ဗျားတို့ ကြားကြတဲ့အတိုင်းပါပဲဗျာ — ကျွန်တော် ဘာတတ်နိုင်တော့သနည်း"

အားလုံး တွေဝေစဉ်းစားနေကြရင်း အနည်းဆုံးရလိုက်၍ သူအနှ



နာဆုံး ထင်နေသော သန်းသန်းက ....

"ကိုဆွေရယ် ... ကျွန်မတော့ လေးတောင့်ထဲ ရလိုက်တာ၊ ပိုက်ဆံတောင် ပြန်ပေးဖို့ကောင်းတယ်"

"အာ ... ဟုတ်ပေ့ ဒေါ်သန်းသန်းရေ၊ ရော့ ... ရော့ ခင်ဗျာ့ပိုက်ဆံ ပြန်ယူဗျာ" ဟု သူ့ပိုက်ဆံတစ်မတ်ကို ပြန်ပေးလိုက်၏။ ယင်း၌ ဒေါ်ကြည်စုက....

"ကျုပ်လည်း ငါးတောင့်ထဲဟာ ပိုက်ဆံပြန်ပေးဗျာ"

"ရော့ဗျာ"

ဤတွင် မအေးသာကလည်း ....

"ကျွန်မလည်း ပြန်ပေးတော်"

"ကဲ ... ကဲ ... ရော့ ... ရော့ အားလုံးပြန်ယူကြ၊ ခင်ငြိမ်းကြည်ပါ ပြန်ပေးမယ်၊ ဒါမှ အေးမယ်" ဆိုပြီး သူတို့ပိုက်ဆံအားလုံးကို ပြန်ပေးလိုက်သည်။

သို့တိုင် မအေးသေးချေ။ အလကားရတာချင်း အတူတူ သူ့တော့ များတယ်၊ ငါ့တော့ နည်းတယ်နှင့် ပွစိ ပွစိ လုပ်နေကြသေးသဖြင့် ကျွန်တော်က—

"တကတည်းဗျာ ... 'လူ့အလို နတ်မလိုက်နိုင်' ဆိုတဲ့စကားသာ ကြားဖူးပါတယ်။ ခုတော့ 'လူ့အလို သော်တာဆွေ မလိုက်နိုင်' ဆိုတာ ဖြစ်နေပြီ" ဟု ပြောလိုက်တော့ အင်မတန် နတ်ကိုးကွယ်သော ဒေါ်စိန်ဥက—

"အောင်မယ် ... သူကပဲ နတ်ထက် ကြီးကျယ်နေသလိုလို"

"အောင်မယ် ... ကျုပ်က ဘာလို့ နတ်ထက် မကြီးကျယ်ရမှာတုံးဗျ၊ ကဲ ... ဘယ်နတ်များ ခင်ဗျားတို့ကို ဒန့်သလွန်သီးတစ်တောင့် အလကား ပေးဖူးသလဲ၊ ပြောစမ်းပါဦး"

ယင်းမှ သူတို့သည် ပြုံးစိစိနှင့် ပြန်သွားကြကုန်သတည်း။

(၁၉၆၉၊ ဇွန်လ မြဝတီ)

❑

www.burmeseclassic.com

www.burmeseclassic.com



## အနုနှင့်အကြမ်း

၁၉၅၅ ခုနှစ် ဒီဇင်ဘာလ နံနက်ခင်း နှင်းတွေဝေနေချိန်ဝယ် ကျွန်တော့်အိမ်နောက်ဖေး ကုန်းမြင့် ကွင်းပြင်ကျယ်ကြီးထဲရှိ တစ်ခုသော ဆီးပင်အောက်၌ ကျွန်တော်သည် အလောင်းတစ်ခုကို မြှုပ်နှံရန် ပေါက်ပြား တစ်လက်နှင့် တွင်းတူးလျက်ရှိ၏။ ကျွန်တော့်ဇနီးက အလောင်းကို အဝတ် နှင့်ပတ်၍ ရင်ဝယ်ပိုက်ကာ ငိုယိုလျက်ရှိ၏။

ကွယ်လွန်သူကား "စီစီမာ" မည်သော ကြောင် မတမ်းမလေး ဖြစ်၏။

"ရိုးရိုးသေတာဆိုရင် မေ ဒီလောက် ဝမ်းမနည်းပါဘူး မောင်ရယ်။ ခုတော့ ခုတော့ ဘယ်ကခွေးကလေးကဝတွေလည်း မသိဘူး"

မှန်ပါတယ်။ ညက သန်းခေါင်ကျော်လောက်တွင် အိမ်အောက်တွင် ကြောင်ကို ခွေးတွေဝိုင်းကိုက်သံ ကြားရ၍ ကျွန်တော်လက်နှိပ်ဓာတ်မီးနှင့် ဓားတစ်ဖက်ကိုင်ပြီး ဆင်းတော့ ညလည်ခွေးတစ်အုပ် ထွက်ပြေးကြသည်။ စီစီမာမှာ မချိမဆံ့ ကျန်ခဲ့သည်။ အိပ်ပေါ်ယူလာခဲ့၍ ဂွမ်းစနှင့် ပိုက်ထွေးကာ အိမ်မှာရှိသမျှ ဆေးဝါးနှင့် ကုသပါသော်လည်း ခွေးအစွယ်ရာတွေက အဆုတ် နှင့် အသည်းထိအောင် ပေါက်နေသဖြင့် သတ္တဝါတို့၏ မလွန်ဆန်နိုင်သော သင်္ခါရတရားအရ နံနက်လင်းအားကြီး ၄ နာရီလောက်တွင် သဇီဝသဘော မှ အဇီဝသဘောသို့ ကန့်နိုနိုင်းစီပိုင်းလွန် ချော့ပါရောလား ခင်ဗျာ။



စင်စစ် ကျွန်တော်၏ မူလဗီဇ သဘောတရားအရ ပြောရပါမူ သည်လိုအိမ်က ကြောင်ကို ခွေးကိုက်၍သေခြင်းသည် ဟင်းကောင်းကောင်း ကြီးတစ်အိုး ရတနာပုံဆိုက်ခြင်းပင်။ ကိုက်သောခွေးများအား ကျေးဇူးဥပကာရ တင်ရမည်။ အရိုးအရင်းများကို ကျွေးရပေမည်။

ကျွန်တော်၏မူလဇာတိမှာ အင်မတန် အစားအသောက် ကြမ်းသော ပေါင်းတည်မြို့နယ် ကျေးလက်တောရွာတွင် မွေးဖွားကြီးပြင်းခဲ့သည်။ ကျွန်တော်တို့ အရပ်သားများသည် မြွေကိုလည်း စား၏။ ဖားကိုလည်း စား၏။ ကြွက်ကိုလည်း စား၏။ ကြောင်ကိုကား ကာလသားစခန်းမှာ ထိပ်တန်းက ထား၏။ ကြောင်သားသည် ကြွက်သားထက်ကောင်း၏။ ဝက်သားထက်လည်း ကောင်း၏။ ကြောင်ကိုမီးမြှိုက်၍ ချက်လိုက်သည်ရှိ သော် ဝက်ကလေးကောင်လုံးကြော်ကဲ့သို့ပင် အခေါက်တစ်ထပ်၊ အဆီ တစ်ထပ်၊ အသားတစ်ထပ် ဖြစ်ဘိလည်း ဝက်သားက အီ၍ ကြောင်သားက မအီဘဲ ပို၍ချိုလေ၏။

ကြောင်သားသည် အဘယ့်ကြောင့် ကောင်းပါသနည်း။ မစားဘူး မစားဝံ့ မစားချင်သော်လည်း စဉ်းစားနိုင်ရန် ဖော်ပြရပါမူ ကြောင်သည် အိမ်မှာ လူနှင့်အတူနေ၍ လူ၏ထမင်းဟင်းကို စားနေသည်ကိုးဗျ။ ပေါရိသာ ဒမင်း လူသားဟင်းစွဲသွားသည်ကို သတိချပ်ရာသည်။

အချို့က အိမ်ကြောင်ကို မစားသင့်၊ တောကြောင်မှ စားကောင်း သည်ဟု မှတ်ထင်၏။ မှား၏။ တောကြောင်သည် တောသားခေါင်မှာသာ ရှိတော့မပေါ့။ လူနေရွာခြေ၏ အနီးပတ်ဝန်းကျင်မှာ အိမ်ကြောင်တွေချည်း ပေါ့။

ကြောင်တို့မည်သည်မှာ အရွယ်ရောက်သည်ရှိသော် ညအချိန်တွင် အိမ်မှထွက်တတ်ကြ၏။ ဖိုမ မြူးထူးရန်လည်းကောင်း၊ ကြွက်ဖားခုတ်ရန် လည်းကောင်း ရွာအပြင် လယ်ကွင်းစပ်မှာ လည်ပတ်ကြကုန်သည်။ ထိုအခါ၌ ကြောင်လိုက်ခွေးတို့နှင့် လာကြသော ကြောင်လိုက်သမားများနှင့် တွေ့၍ အချင်းဖြစ်ပွားကြကုန်လေ၏။

ကြောင်လိုက်ခွေးတို့မည်သည်မှာ ကြောင်ရှိရာကို အနံ့ခံသော[illegible]

www.burmeseclassic.com



သည်။ ကြောင်ကိုတွေ့သည်ရှိသော် အတင်းလိုက်၏။ ထိုအခါ ကြောင်တို့မှာ နီးရာသစ်ပင်ပေါ်သို့ တက်ပြေး၏။ စင်စစ် ကြောင်နှင့်ခွေးချည်း ဖြစ်ပါမူ တက်ပြေးစရာ သစ်ပင်ရှိနေပါက ကြောင်ကို ခွေးက ဘယ်တော့မျှ မဖမ်းနိုင်ပေ။

ကြောင်လိုက်ခွေးတို့က ဒါကိုနားလည်၏။ သူတို့ ပထမအလုပ်မှာ ကြောင်ကို သစ်ပင်ပေါ်တင်ပေးရန် ဖြစ်သည်။ ဒုတိယအလုပ်မှာ ကြောင် သစ်ပင်ပေါ် ရောက်နေပြီဖြစ်ကြောင်း အစ်သံပေး၍ခေါ်၊ လူရောက်လာပြီး သစ်ပင်ပေါ်တက်၍ကြောင်ကိုရိုက်ချ၊ အောက်ရောက်သောအခါ၌ လိုမ့်ကိုက်။

စင်စစ် ကြောင်ကို သာမန်ခွေးများ မကိုက်နိုင်။ ကြောင်မှာ သွားသာမက လက်သည်းခြေသည်းကလည်း တစ်တပ်တစ်အား ရှိသည်။ ကြောင်ကိုက်ခွေးများသာလျှင် ကိုယ်လည်း အနာခံ၍ စွန့်စားကိုက်ခဲဝံ့ပေသည်။ ကြောင်ကိုက်ခွေးများအား ကြောင်သားကို မက်မောအောင် ဟင်းအရိုးအရင်းများကို ကျွေးပေးထားရသည်။

ကြောင်လိုက်ခွေးများသည် ကြောင်လိုက်နေကျ ဖြစ်ပြီဆိုသောအခါ၌ မလိုက်ရ မနေနိုင်အောင်ပင် ဖြစ်တတ်သည်။ ညအချိန်မှာ ကြောင်လိုက်ဟိရိယာလက်နက်နှင့် လူအိမ်ပေါ်က ဆင်းလာမှာကိုပဲ စောင့်နေတတ်သည်။ မိမိသခင်နှင့် ကြောင်လိုက်ဖော်များ လာဖို့ကိုလည်း မျှော်နေတတ်၏။

တစ်ခါတစ်ရံ မိမိသခင် အကြောင်းတစ်စုံတစ်ခုကြောင့် မလိုက်နိုင်လျှင်လည်း သူတို့အား အခြားလိုက်နေကျ လူများက ခေါ်သွား၍လည်းရ၏။ စင်စစ်ကား ကြောင်လိုက်သမားများသည် ကာလသားဖြစ်ကြသလို ကြောင်လိုက်ခွေးများကလည်း ကာလသားများနှင့် တူပေ၏။

မှတ်မိပါသေးသည်။ ကျွန်တော် ရွာမှာနေစဉ် တစ်ကြိမ်သောအခါ၌ ဦးထွန်းစိန်အိမ်က ကြောင်လိုက်ခွေးနှစ်ကောင်ကို ဦးထွန်းစိန်မပါဘဲ ကျွန်တော်တို့အဖော်တစ်စုက ခေါ်ခဲ့ကြကာ ရွာကွင်းစပ်မှာ ကြောင်လိုက်ကြ၏။ သန်းခေါင်ချိန်လောက်၌ သုံးပိဿာလောက်ရှိသော ကြောင်ထီးကြီးတစ်ကောင်ရ၍ ကျွန်တော်တို့ လယ်ထဲမှာပင် မီးမြိုက်ကြသည်။ ခွေးနှစ်ကောင်



သည် မီးမြိုက်စဉ်၌ ထိုင်ကြည့်နေကြ၏။ ထို့နောက် ထန်းရည်ရှိသော ကိုမောင်နိုအိမ်မှာ ချက်စားကြမည်ဟု ကြောင်ကိုယူခဲ့ကြသောအခါ၌လည်း သူတို့ခွေးနှစ်ကောင်က ကျွန်တော်တို့နှင့်အတူ လိုက်ခဲ့ကြ၏။ တကတည်းမှာ ကြောင်သားဟင်းကျက်ပြီး ကျွန်တော်တို့နှင့်အတူ စားသောက်ပြီးမှပဲ သူတို့အိမ်သူတို့ ပြန်ကြပါလေရော။

ဤကား ကျွန်တော်တို့သည် ရွာအပြင်ဘက်၌ တခြားအိမ်က ကြောင်ကို ခွေးနှင့် လိုက်စားကြခြင်းဖြစ်၍ ကိုယ့်အိမ်က ကြောင်ကိုလည်း စားချိန်တန်လျှင် စားပစ်တတ်ကြ၏။ ယင်းမှာ အိမ်ရှိမိန်းမသူတို့သည် ကိုယ့်အိမ်ကကြောင်ကို သနားတတ်ကြ၏။ တားဆီးတတ်ကြ၏။ ခွန်းကြီးခွန်းငယ်များတတ်ကြ၏။ ထိုအခါ၌ ကျွန်တော်တို့ ယောကျ်ားများက အကွက်ဆင်တတ်ကြ၏။ အသို့ဟူမူ ထိုကြောင်ကို အိမ်က မိန်းမသူစိတ်ပျက်လာအောင်လုပ်ရ၏။ မည်သို့လုပ်ရပါသနည်း။ ကြောင်ချေးများကို ကော်၍ မလျော်သောနေရာ၌ သွားထားခြင်း၊ ထမင်းဟင်းများကို ကြောင်အန်ဖတ်သဖွယ် ဝါး၍ စည်ခန်း အိပ်ရာခင်းများပေါ်၌ ထွေးထားခြင်းပြုလျက် ၎င်းတို့ကို အိမ်သူမအား တွေ့စေပြီး ကြောင်ကို ဆဲရေးတိုင်းထွာခြင်းများ ပြုရ၏။

ယင်းသို့ ပြုဖန်များလတ်သော် အိမ်ရှင်မ စိတ်ပျက်လောက်ပြီ၊ ကိုယ့်အကြံအစည် မှည့်လောက်ပြီဖြစ်သောအခါ၌ စားဖို့လုပ်ရတော့၏။

မိမိက ကြောင်ကို အားရပါးရ ဆဲရေးတိုင်းထွာနေပါ။ ထိုအခါ မိမိ စားဖော်က အိမ်ရှေ့ရောက်လာပြီးမေး ....

"ဟေ့ကောင်ရ၊ ဘာလို့များ ဒါလောက် ဒေါသထွက်နေရတာလဲကွာ"

"အိမ်က ကြောင်ပေါ့ကွာ၊ ငါ့လခွေး ... အိပ်ရာပေါ် အန်လားအန်ရဲ့၊ ဘုရားခန်း ချေးယိုလားယိုရဲ့ ဘယ်နှယ့်ဘယ့်နှယ် ဒါလောက် အကျင့်ပျက်လာမှန်း မသိဘူး"

"ဟ ဒီလိုဆို ဒီကြောင်မျိုး အိမ်မှာ မထားအပ်ဘူးဟေ့၊ စီးပွားရေးလည်း ပျက်တတ်တယ်၊ လူကိုရင်လည်း ခိုက်တတ်တယ်ကွ"

"အေးကွာ ... ငါတော့ ဒီကြောင် ဘယ့်နှယ်လုပ်ရမှန်း မသိတော့ပါ

www.burmeseclassic.com



အားကွာ"

"တခြားပို့ပစ်လိုက်ပေါ့ကွာ"

"ရော့ကွာ ... ဒါဖြင့် မင်းပဲသင့်တော်ရာ ပို့ပစ်လိုက်စမ်းပါ"

ယင်းသို့လျှင် ကိုယ့်အိမ်ကကြောင်ကို တခြားအိမ်၌ ဟင်းဖြစ်အောင် လုပ်တတ်ကြရာ၏။

ကဲ အထက်ပါတို့ကို ထောက်ချင့်ကြလော့။ ကျွန်တော်တို့သည် ကြောင်တစ်ကောင်ကို စားရဖို့အရေး၊ မည်မျှလောက် အားထားကြဲဆောင် ကြရပါသနည်း။ ယခုကား အစ၌ဖော်ပြခဲ့သည့်အတိုင်း ကိုယ့်လက်ထဲ ပွပွနွေးနွေး ရောက်ပြီးသား ကြောင်သေ မတမ်းမ ဝဝကစ်ကစ်ကလေးကို တွင်းတူးမြေမြှုပ်ရမယ်ဆိုတော့ အောင်မယ်လေး ကျွန်တော့်ရွာက ငယ်ပေါင်းကြီးဖော်များ ကြားသိကြမယ်ဆိုလျှင်ဖြင့် ဘယ်လောက်များ အော် အော် ရယ်ပစ်လိုက်ကြပါမည်နည်း။ တို့ကောင် ကြီးမှည့်သွားလေခြင်း၊ မြို့ရောက်မှ လူနုံသွားလိုက်လေခြင်းဟုလည်း ဆိုကြပေမည်။

ဆိုစေလော့ ရှိစေလော့၊ ဒါတွေသိလျက်နှင့် မျက်ရည်စက်လက်နှင့် ဇနီးသည်ရှေ့မှာ နံနက်ခင်း နှင်းမှုန်မှုန်တွင် နဖူးမှချွေးစို့အောင် တွင်းကိုတူး နေရပါသည်။ တကယ်ကား ကျွန်တော်သည် ဒီကြောင်အား မီးဖိုထဲမှာ နဖူးက ချွေးစို့အောင် မီးမြိုက်ဖို့ပါ။ အစပထမတွင် ကျွန်တော်သည် ကြောင်သေပြီ ဆိုတော့ ဒါကိုပဲ စဉ်းစားထားပါသည်။ သို့သော် ကျွန်တော့်ဇနီးက တကတည်း လူသေတဲ့အတိုင်း ငိုလေတော့ ....

## ကြုံရသည့်ဖြစ်အင်

၁၉၅၄ ခုနှစ်တွင် ယခု ကျွန်တော့်ဇနီးမေနှင့် အိုးသစ်အိမ်သစ် တည်ထောင်လိုက်ကြသည်။ တစ်အိမ်နှင့်တစ်အိမ် နံရံချင်း ပြတင်းပေါက် ဖွင့်သာရုံလောက် ကွာသော ရပ်ကွက်မျိုးမှာ နှစ်ပေါင်းများစွာနေခဲ့သော ကျွန်တော်သည် ထိုနေရာမျိုးတွင် ငြီးငွေ့လှပြီဖြစ်၍ မြို့ဆင်ခြေဖုံးသို့ ထွက်ခဲ့ သည်။ ပြည်လမ်း ၇ မိုင်တွင် အတွင်းဘက်ကျသော ရွာတန်းရှည်ခေါ် ရွာအိုလေးမှာ တစ်လအစိတ်ပေးရသော သုံးပင်နှစ်ခန်းအိမ်ကလေးကို ငှားရမ်း



နေလိုက်သည်။ အိမ်ကလေးက ရရာသစ်သားနှင့် ဖြစ်သလိုဆောက်ထား၍ နံချာလှသော်လည်း ခြံဝင်းက ကျယ်လှသည်။ ဒါသည် ကျွန်တော်တို့ အကြိုက်၊ တောစရိုက်အတိုင်း ကြက် ဘဲ မွေးမည်။ အသီးအပင် စိုက်မည်။

မေကလည်း ရှမ်းပြည်တောင်ကြီးမြို့တွင် ခြံဝန်းကျယ်ကျယ်နှင့် နေခဲ့၍ သူတို့အိမ်မှာလည်း ကြက် ဘဲ မွေးမြူခဲ့သည်ဖြစ်သောကြောင့် တိရစ္ဆာန် မွေးမြူရန် သဘောတူကြသည်။ သို့သော် တိရစ္ဆာန်မွေးတာချင်း သဘောတူ ကြသော်လည်း တိရစ္ဆာန်အပေါ်ထားသော သဘောထား၌ကား သူနှင့် ကျွန်တော် ကွဲပြားကြလေတော့သည်။

သူ မွေးဖွားကြီးပြင်းခဲ့သော မိသားစုမှာ တောင်ကြီးမြို့ပေါ်တွင် ခေတ် ပညာတတ် လခကြီးစား ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ သူတို့ အိမ်က တိရစ္ဆာန်များကို အသီးသီး ချစ်စနိုးနာမည်များပေး၍ အချစ်တော် များအဖြစ်နှင့် မွေးမြူကြသည်။ ယုယကြင်နာစွာ ပြုစုကြသည်။

ကျွန်တော်ကား မြစ်မနီး၊ ရေဝေး အင်မတန် ပူပြင်းခြောက်သွေ့သော ကျေးလက်တောရွာမှ အေ (A) ရေးပြ၍ လှည်းထောက်ခွလားဆိုသည့် လယ်သမားမိသားစုမှ ပေါက်ဖွားကြီးပြင်းခဲ့ရသူ ဖြစ်ပါ၏။ ကျွန်တော်တို့ တွင် တိရစ္ဆာန်ကို ချစ်စနိုးမွေးမည့် ဓလေ့မရှိပါချေ။ အိမ်ရှိကြောင်ကအစ ကြီးလျှင်စားဖို့လောက် သဘောထားသည်။ တိရစ္ဆာန်တို့အား နာမည်လည်း ဖွယ်ဖွယ်ရာရာ ပေးလေ့မရှိဘဲ ခွေးများကိုသာ ကျားလျှင် ကုပ်ကြား၊ ညိုလျှင် မျောက်ညို၊ ပုလျှင် ဒေါက်တိုလောက်သာ ခေါ်တတ်ကြပါသည်။

ဟောဗျု ... မရွှေမေကတော့ ကျွန်တော် ပထမဦးဆုံး မ တည်ရန် ဝယ်လာခဲ့သော ကြက်မနှစ်ကောင်အား တစ်ကောင်ကို 'မဂျူး'၊ တစ်ကောင် ကို 'မိစန်း' ဟု နာမည်ပေးလိုက်ပါကရောလား။ မဂျူးက သူ့အစ်မတဲ့ဗျ။ သူ့မိစန်းက ကျောင်းမှာတုန်းက သူ့အချစ်ဆုံးသူငယ်ချင်းတဲ့ဗျ၊ သူတို့ချင်းခေါ် တဲ့ အတိုကောက်နာမည်တွေကို အမှတ်တရ မှည့်ခေါ်တာတဲ့ဗျ။ သည်တော့ ကျွန်တော် ဒီကြက်မတွေ ရိုက်ချက်စားချင်ရင် အခက် မတွေ့ဝါလား။ သည်နောက် ရောက်လာသော ခွေးများ ကြောင်များလည်း နာမည်အသီးသီး နှင့် ဖြစ်ကရောခင်ဗျာ့။

www.burmeseclassic.com



မေသည် တိရစ္ဆာန်နာမည်ပေး အလွန်ဝါသနာပါ၏။ အိမ်မှာ ကြောင်မ ကလေးမွေးအံ့။ အထီးအမ ကြည့်ပြီးသကာလ တစ်ခါတည်း နာမည်ပေးတော့၏။ တစ်ကြိမ်သောအခါ၌ ကျွန်တော်တို့အိမ်မှာ ကြောင်တွေ အစိတ်သုံးဆယ်လောက် ရှိခဲ့ဖူးသည်။ နာမည်အသီးသီးနှင့် သူ့ကြောင်တွေ နာမည် သူပဲ မှတ်မိသည်။ ကျွန်တော်ကား ကြောင်မကြီး လေးငါးကောင်က လွဲပြီး မသိတော့ချေ။ သူ့ကြောင်များကလည်း ကိုယ့်နာမည်ကိုယ် အသီးသီး သိကြသည်။ ခေါ်လျှင်ထူးဖော် လာဖော်ရသည်။ သည်လောက်များသည့် နာမည်တွေ ဘယ်ကရပါသနည်း။ အများအားဖြင့် အင်္ဂလိပ်အမည်များဖြစ် ပါ၏။ သူဖတ်သော ဝတ္ထုစာအုပ်များထဲမှ ဇာတ်ကောင်တွေအမည်နှင့် ကမ္ဘာ ကျော်ရုပ်ရှင်မင်းသား မင်းသမီး အဆိုကျော်တွေ နာမည်များဖြစ်ကုန်၏။

ကျွန်တော်တို့သည် ခွေးကို အိမ်ပေါ်တင်၍ မမွေးခဲ့ချေ။ အိမ်ပေါ် ခေတ္တခဏမှ အတက်မခံခဲ့ချေ။ ဟော ... မရွှေမေနှင့်ကျကာမှ ကျွန်တော် ခွေးနှင့်အတူ အိပ်ရသောအဖြစ် ရောက်ပါရောလားဗျ။ အကြောင်းမှာ ယခုတိုင် ရှိသည့် ခွေးအိုကြီး ရန်ကြီးအောင်ကို ကာတွန်းဝင်းမောင်က လက်ကမြင်းပြီး လမ်းမှ ကောက်လာခါစက မျက်လုံးပွင့်စကလေးဖြစ်ရာ နို့တိုက်မွေးခဲ့ရ၏။ လူနှင့်အတူ သိပ်ခဲ့ရ၏။ ရန်ကြီးအောင်သည် အခါလည်သားအထိ ကျွန်တော်တို့နှင့် နတင်ပေါ်တွင် အိပ်ခဲ့၏။ ယခုလည်း ဧည့်ခန်းက ကုရှင် ပေါ်မှာ အိပ်လျက် ထိုင်လျက်ပါတည်း။

မေသည် တိရစ္ဆာန်ကို ချစ်တတ်မှန်းသိတော့ အိမ်နီးပါးများတို့သည် ခွေးများ ကြောင်များကို ပေးတတ်ကြ၏။ သင်းကလည်း ပေးလာသမျှကိုယူ၍ နာမည်အသီးသီးမှည့်ကာ ကျွေးမွေးပြုစု၏။ ကျွန်တော်တို့အိမ်က ခွေးများ ကြောင်များသည် အင်မတန် သင့်မြတ်ကြ၏။ သူတို့အချင်းချင်းသည် ကိုယ့်အိမ်သားများဖြစ်သည်ဟု သိကြဘိသကဲ့သို့ အခြားအိမ်က ခွေးကြောင် ကြက်ဘဲတို့ကိုလည်း သူတို့ခွဲခြားတတ်ကြ၏။

အထူးသဖြင့် ခွေးများကသိခြင်းပင်။ ကိုယ့်ကြက်ကို အခြားကြက် လာခွပ်ပါက တခြားကြက်ကို ကိုက်လွှတ်၏။ တခြားက ကြောင် လာလျှင် မောင်းထုတ်၏။ သူတို့အချင်းချင်းကား သင့်မြတ်လိုက်ကြသည်မှာ မပြော



နှင့်တော့။ အစာကျွေးလျှင် တစ်ခွက်ထဲလည်း အတူစားတတ်ကြ၏။ အေးချမ်းသော ရာသီများတွင် ခွေးတစ်ကောင်၊ ကြောင်လေးငါးကောင်စီ စုပြုံ၍ အိပ်နေပုံများမှာ ရောင်စုံပွမ်းပုံကြီးသဖွယ် ကြည့်၍ကောင်းလှပါသည်။ အချို့က ခွေးနှင့်ကြောင်သည် သင့်မြတ်တာ မတွေ့ဖူးဘူးဟု ဆိုကြ၏။ အချို့ အိမ်လာလည်သော ကင်မရာပါသည့် မိတ်ဆွေများကမူ ဓာတ်ပုံရိုက် ယူသွားကြ၏။ စင်စစ် ခွေးနှင့်ကြောင် သဘာဝအားဖြင့် မသင့်မြတ်ကြသော် လည်း အတူတူ ချစ်ခင်ပြုစုသူ လူမှတစ်ဆင့် မေတ္တာကူးစက်သွားတာ ဖြစ်တန် ရာ၏။ ဖြစ်နိုင်ရာ၏။

မေသည် အိမ်ရှိတိရစ္ဆာန်များကို သူ့သားသမီးလို သဘောထား သည်။ "လာ အမေ့ဆီလာ" "အမေ ကျွေးမယ်" "သား နေမကောင်းဘူးလား" "သမီးအနာ ဆေးထည့်ပေးမယ်" စသည်ဖြင့် ပြောတတ်၏။ သည်အထိ၊ ကျွန်တော့်ကိုပါ ခွေးတွေ ကြောင်တွေ၏ "ဖအေကြီး–ဖအေကြီး" ဟု ဆွဲထည့် ပြောတတ်၍ အစတွင် ကျွန်တော် နားကြားရ တော်တော်ခက်၏။ "ဟော့... ခွေးအဖေ ကြောင်အဖေလို့ လူကြားမကောင်းပါဘူးကွာ" ဟု ပြောခဲ့ဖူး၏။ နောက် တစ်နှစ်လောက်ကြာမှ နားယဉ်သွား၏။

မေသည် ခွေးတွေကြောင်တွေ အနာတရဖြစ်လျှင် မရွံမရှာ ပြုစုတတ် သည်။ ခွေးများကို ရက်မှန်မှန် စိတ်ရှည်လက်ရှည် ရေချိုးပေးသည်။ သန်းချ ပေးသည်။ ကျွန်တော်သည် ဤအလုပ်မျိုးတွေ မလုပ်နိုင်ကြောင်း၊ တိရစ္ဆာန် ကို ဤမျှမချစ်နိုင်ကြောင်း ဝန်ခံပါသည်။ သူက "တိရစ္ဆာန်ကိုချစ်တာသည် ဘာမျှ မျှော်လင့်ချက်မထား၊ သန့်စင်မွန်မြတ်သော မေတ္တာရှင်ဖြစ်သည်" ဟု ပြောပါသည်။ ကျွန်တော် မငြင်းနိုင်ပါ။

သူသည် တိရစ္ဆာန်တွေနှင့်လည်း စိတ်ရှည်လက်ရှည် စကားပြောနေ တတ်၏။ မည်သို့ပြောပါသနည်း။ ဥပမာ တစ်ခုပြပါမည်။ ယခု ကျွန်တော့် အိမ်၌ အိမ်ပေါ်တွင်နေသော (အိမ်အောက်တွင်နေသော ခွေးများလည်း ရှိသေးသည်) ရန်ကြီးအောင်နှင့် ပေတလူး မည်သော ခွေးနှစ်ကောင်ရှိရာ တစ်ခါတစ်ရံ၌ ပေတလူးသည် ခွေးငယ်ပီပီ ညစ်ပတ်ပေရေစွာ သော့ထား ပြီး အိမ်ပေါ်တက်လာ၍ ကုလားထိုင်ပေါ် တက်အိပ်တော်၏။ ထိုအခါ

www.burmeseclassic.com



အခြားကုလားထိုင်၌ ခွေနေသော ရန်ကြီးအောင်က ခေါင်းထောင်ကြည့်ပြီး ဆိုလျှင် အနီးရှိ မရွှေမေက ....

"ဘာလဲ ... ညီညီလေးက ညစ်ပတ်ပြီး အိမ်ပေါ်တက်လာတယ်။ ဒါကို ကိုကိုကြီးက မကြိုက်ဘူး။ မေမေက ဆုံးမပေးပါဦး ဟုတ်လား။ အေးကွယ် မေမေ ဆုံးမမှာပေါ့ ...၊ ညီညီလေးက ငယ်သေးလို့ မသိသေးလို့ ဟာပဲ ...၊ ညီညီလေးကလည်း ပြောလိုက်၊ နောက်ကို ဒီလိုလျှောက်မဆော့တော့ပါဘူးလို့ ..."

ခွေးနှစ်ကောင်ကတော့ ဘာမျှသိမည်မဟုတ်ပေ။ သူကသာ သားနှစ်ယောက်ကြား မအေလိုလုပ်၍ တားနေခြင်းဖြစ်၏။ ဒီလိုဟာသည် လူ့ပြည်၌ရှိလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့။ ယခုမှ ကိုယ့်ဇနီးအဖြစ်နှင့် တွေ့နေရခြင်းဖြစ်၏။

တစ်ခါတစ်ရံ လုပ်တတ်သေး၏။ ကျွန်တော် အရက်သောက်နေစဉ် အနီးသို့ ကြောင်တစ်ကောင်ချီ၍ လာခဲ့ပြီး "ပြောလိုက်စမ်း သမီး၊ အဖေကြီး အရက်တွေ သိပ်မသောက်နဲ့လို့ ...၊ အမူးလွန်တော့ နက်ဖြန်မနက် ခေါင်းကိုက်ပြီး ရှာမရေးနိုင်ပဲ နေဦးမယ်လို့ ...."

သူသည် တိရစ္ဆာန်ကို သားမြေးလို သဘောထားနေခြင်းပင်ဖြစ်သည်။ ကျွန်တော်နှင့်ရစက သူ၏စိတ်ထားကို ကျွန်တော် နားမလည်သေး။ ဤစာ အစက ဖော်ပြခဲ့သော ကြောင်မလေး ခွေးကိုက်လို့သေသည်မှာ သူနှင့် ကျွန်တော်ညားပြီး တစ်နှစ်မျှ ရှိသေး၏။ ထို့ကြောင့် ကျွန်တော်က မူလဇာတိအတိုင်း ကြောင်သားစားမည်ပြုခဲ့သေး၏။ ချမ်းအေးသော ဆောင်းရာသီမှာ နှင်းရည်စက်စက်၊ မြူဝေလျက်တည်း၊ နံနက်ခင်းကြီး လူလည်းမီးလှုံ၊ ကြောင်လည်းမီးမြိုက်၊ ရသခိုက်ဟင်း ... ထမင်းမြိန်မြိန် ခံတွင်းမိမ်တွေ့ရော ဟု အောက်မေ့တုန်း၊ တကတည်း မရွှေမေက သားသမီး သေသလို ငိုပါလေတော့ ကျွန်တော့်မှာ ပထမဖြင့် အံ့အားပင်သင့်သွားပြီးမှ သူ့ဆန္ဒအတိုင်း တူး၍ မြေမြှုပ်ပစ်လိုက်ရပါတော့၏။



နောက်ဆုံးစစ်တမ်း

"ရွှေပဟိုရ်စည်သံများကိုလ၊ မကြားရကြာလေပြီ၊ လေးလရာသီ" ဟု ဆိုရိုးရှိ၏။ ယခု ကျွန်တော် ကြောင်သား မစားရသည်ကတော့ လေးနှစ်လည်းမက၊ ရှစ်နှစ်လည်းမက၊ ဆယ်နှစ်ကြီးများပင် ကျော်ခဲ့ပြီ။ သူနှင့်ရပြီး ကတည်းက ဆိုပါတော့။ ထို့ကြောင့် သည်ကနေ့ဖြင့် မိမိဇာတိဘဝကို ပြန်လည်ဆန်းသစ်တော့မည်ဟု ၁၉၆၈ ယခုနှစ် ဧပြီလ သင်္ကြန်ရက်အတွင်း နေ့ခင်းနေပူပြင်းချိန်မှာပင် ကျွန်တော်သည် အိမ်အပေါ်ထပ် မီးဖိုဆောင် အတွင်း မီးသွေးမီးဖိုကို ပြင်ဆင်ပြီးလေပြီ။

ကြောင် မီးမြိုက်ရန်တည့်။ ဒီကြောင်မတော့ သတ်ကို စားပစ်လိုက်ရမှ ငါ ကျေနပ်မည်ဟု အားမာန်မွေးထား၏။ သင်း စော်ကားလွန်းသည်။ မိုက်ရိုင်းလွန်းတယ်။ ဖျက်ဆီးလွန်းတယ်။ လူကို တယ်ပြီး စိတ်မချမ်းမသာ ဖြစ်စေတယ်။ သူ့ကို သတ်ရက်ရန် သူ့အပြစ်တွေကို စိတ်ထဲမှ တဖွဖွ တွေးနေရ၏။

ဤစာတစ်နေရာတွင် ဖော်ပြခဲ့သည်။ ကျွန်တော်တို့အိမ်တွင် ကြောင် အစိတ်သုံးဆယ် ရှိခဲ့ဖူးသည်ဟု ...။ မှန်၏။ ၁၉၆၂–၆၃ တုန်းကဖြစ်၏။ သည်တုန်း ကျွန်တော့်အိမ်မှာ ခွေးတွေကြောင်တွေ စုပုံ ပုံနေသဖြင့် အိမ်လာ သောမိတ်ဆွေများက "ခင်ဗျားအိမ်က တိရစ္ဆာန်ရုံကျနေတာပဲ" ဟု ပြောပြ ကြ၏။ အချို့ကမူ "သော်တာဆွေ ကြောင်တစ်ရာမိုလ်ဖြစ်အောင် လုပ်နေ တာဗျ" ဟုဆိုကြ၏။

"ကြောင်တစ်ရာမိုလ်" ဆိုသောစကားကို ကျွန်တော် သဘောကျ ၏။ သို့သော် ကျွန်တော်သည် ဤဘွဲ့နှင့် မထိုက်ပေ။ တစ်နေ့သ၌ ကြောင် တစ်ကောင် အဆိပ်မိလာ၏။ အိမ်ပေါ်မှာ လာအန်၏။ ထိုကြောင်အန်ဖတ် ကို သူ့ထုံးစံအတိုင်း အခြားကြောင်များက (ငါးကြော်နံ့က မွှေးသဖြင့်) စားကြပြန်၏။ ဟာ ... ကြောင်တွေ တစ်ကောင်ပြီးတစ်ကောင် အဆိပ်သင့်ကြပြီး အိမ်ပေါ်တွင်မက အိမ်အောက်တွေပါ ပြေးဆင်းပြီး အန်ကြ၏။ ဒါတို့ ခွေးများကပါ ဝင်စားကြသဖြင့် ခွေးတွေပါ အဆိပ်သင့်၊ ခွေးတွေအန်ကြက်တွေကပါ ဝင်စား။ ဟာ ... အဲသည် နှစ်ရက်သုံးရက်အတွင်း ကျွန်တော်

www.burmeseclassic.com



**အိမ်မှ** သေလိုက်တဲ့ကြောင်တွေ၊ ခွေးတွေ၊ ကြက်တွေဟာ သောက်သောက် **လဲရော။** တစ်ကောင်သေတိုင်း တစ်ခါငိုတဲ့ ဒေါ်ရွှေမေလည်း မငိုနိုင်တော့ဘူး၊ "တိရစ္ဆာန်သေရင် ကျွန်တော့်ပေးပါဗျ" ဆိုပြီး သူ့ဘူးစင်ခြေရင်း မြှုပ်လေ့ရှိတဲ့ ကိုဖေသိန်းလည်း ခဏခဏ တွင်းတူးရ၊ ဖို့ရတာ လက်အံသေရော။

ဒါနဲ့ အဲသည် တစ်သုတ်မှာ ကျွန်တော့်အိမ် ခွေးတွေ ကြောင်တွေ တော်တော်ရှင်းသွားတယ်။ ခွေး ၃ ကောင်လောက်နဲ့ ကြောင် ၁၀ ကောင်လောက်ပဲ ကျန်တော့တယ်။ ကြောင်တွေဟာ နောက်ထပ်ပြန်ပြီး ပေါက်ပွားလိမ့်ဦးမယ် ထင်ခဲ့တယ်။ ဒါပေမဲ့ အဆိပ်သင့်ပြီးကြတဲ့နောက်မှာ မသေတဲ့ကြောင်တွေလည်း သားသမီးမွေးတော့ မွေးပါတယ်၊ အဖတ်မတင်ကြတော့ဘူး။ ပေါက်ပြီး တစ်ပတ်နှစ်ပတ် အတွင်းမှာပဲ သေကုန်ကြတယ်။

နို့ပြီး ကြောင်တွေလည်း အကျင့်စာရိတ္တ မကောင်းဖြစ်လာကြတယ်။ ဘယ်လောက် ဝအောင်ကျွေးကျွေး ခိုးစားလာတတ်ကြတယ်။ ချေးယိုသေးပေါက်တွေလည်း ပက်စက်လာကြတယ်။ လူလုပ်ပေးထားတဲ့ ပြာပုံထဲမှာ မဟုတ်ဘူး၊ ဖြန့်ကျင်းထားတဲ့ ငရုတ်သီးကြက်သွန်ထဲမှာ၊ လူအိပ်ရာပေါ်မှာ တစ်ခါတစ်ရံများ ကြဲကြဲဖန်ဖန်ဗျာ၊ ရေနံဆီ မီးဖိုပေါ်မှာတက်ပြီး ဆောင့်ဆောင့်ထိုင်တတ်ကြသေးသဗျ။ တွေ့ကရာ အကောင်ပလောင်တွေ ဖမ်းစားပြီး အိမ်ပေါ်နေရာ အနှံ့အပြားဆီမှာလည်း အန်တတ်ကြသေးတယ်။ ဒါတွေကို အိမ်က ကြောင်အမေကြီးဟာ မရွံမရှာ စိတ်ရှည်လက်ရှည် သိမ်းဆည်းသုတ်သင်တယ်ခင်ဗျာ။

အဲ ... သူ့ကြောင်နဲ့သူ ဒီလောက်ဖွဲ့မျိုး ခံနိုင်တာရှိပါစေ၊ သို့သော် ကျွန်တော် သည်းမခံနိုင်လောက်အောင် ဖြစ်လာတာကတော့ 'ဖက်တီးလူး' ဆိုတဲ့ ကြောင်မလေးပဲခင်ဗျာ။ သူ တစ်သားပေါက်ဖူးတယ်။ တစ်ကောင်မှ အဖတ်မတင်ဘူး။ ဒီကြောင်မလေးဟာ တစ်ခါမှ ကြွက်ခုတ်တာလည်း မမြင်ဖူးဘူး၊ အဲ ... သူ အမြဲတမ်း ခုတ်စားပြီး အန်တာကတော့ အိမ်ပေါ်က ပိုးဟပ်နဲ့ အိမ်မြှောင်ကိုပဲခင်ဗျာ။ သူ့ဟာသူ ဘာမဟုတ်တဲ့ အိမ်မြှောင်ဖမ်းစားပြီး အန်တယ်၊ သူ့အမေကြီးက အန်ဖတ်ကျုံးတယ်၊ ကျွန်တော် အနေသာကြီးပဲ။ သို့သော် ပိုးဟပ် အိမ်မြှောင် ခုတ်တာက ပန်းကန်စင်ပေါ်မှာ ကြောင်အိမ်



ပေါ်မှာဆိုတော့ မကြာခဏ ပန်းကန်ခွက်ယောက်တွေ ကျကျကွဲကုန်တယ်ခင်ဗျာ။

ဒါနဲ့ ကျွန်တော်က ပြောတယ်၊ "မအေကြီး၊ ဒီကြောင်မျိုးက အိမ်မှာ မထားသင့်တော့ဘူးကွ၊ တခြားရင်လည်း ပေးပစ်လိုက်၊ ဒါမှမဟုတ် ဟင်းရင်လည်း လုပ်ပစ်မှ"

တခြားပေးဆိုတော့လည်း ယူမည့်သူမရှိ၊ ဟင်းလုပ်ဖို့ဆိုကာလည်း သူ နားမျှမကြားချင်၊ ဒါနှင့် ကျွန်တော် နောက်ဆုံး ဒီကြောင်ကို သတ်ဖို့ ဆုံးဖြတ်သည်အထိ ဖြစ်လာတာက ....

(၁) ကျွန်တော် လက်ဖက်ရည်ကြမ်း သောက်နေကျဖြစ်တဲ့ သာမိဓာတ်ဘူးကို ခွဲပစ်တယ်၊ (မီးဖိုချောင်ထဲက ဝွမ်ခနဲ အသံကြားလို့ ပြေးလာတော့ သူထွက်ပြေးတာ မြင်လိုက်ရတယ်၊ ဓာတ်ဘူးက ကြောင်အိမ်ပေါ်က ကျပြီးကွဲနေပြီ)

(၂) ကျွန်တော့် မျက်စိရှေ့မှောက်တွင်ပါ၊ ဂျာမန်သံအမတ်က လက်ဆောင်ပေးတဲ့ ဘလက်အင်ဂိုက် ဝီစကီပုလင်း အသစ်စက်စက် ကျွန်တော်ဖောက်ပြီး သောက်နေတာ ၃ ခွက်မျှ ငုံ့ရသေးသည်။ ကြောင်အိမ်ပေါ်တင်ပြီး အရိပ်တကြည့်ကြည့်နှင့် သောက်နေတုန်း ဖြုန်းဆို အိမ်မြှောင်တစ်ကောင်က ခေါင်မိုးမှ ဖတ်ခနဲ ပုလင်းနားကျအလာ မရွှေစာက ဘယ်နေရာက ရောက်လာသည်မသိ၊ အိမ်မြှောင်လိုက်ဖမ်းလိုက်တာ ပုလင်းကြောင်အိမ်ပေါ်က ကျပြီး ကွဲပါရောလား။

ကျွန်တော် ကပျာကယာ ပြေးကောက်တော့ ပုလင်းဖင်ဝိုင်းထဲက တစ်ခွက်စာလောက်ပဲ ရတော့တယ်။

ဟင်း ... သည်နေရာမှာ ကျွန်တော် စိတ်ဆိုးလိုက်တဲ့ဖြစ်ခြင်း၊ ဒီကြောင်မမှ မသတ်ရ ကိုယ့်ကိုယ်ကိုယ် သတ်သေတော့မလောက်။ သည်တော့ ကြောင်များမိခင်က ကြားက "မောင်ရယ် သူ့သတ်တော့ကော မောင့်ပုလင်းက ပြန်ကောင်းတော့မှာလား" တဲ့။

"အေး ... ဓာတ်ဘူးတုန်းကလည်း မင်း ဒီလိုပြောလို့ ငါ သည်းခံခဲ့ရပြီဟော့၊ ဒီမှာ မင်းပြောတဲ့အတိုင်းပဲ ဖျက်စီးပြီးသားဟာ ပြန်ကောင်း

www.burmeseclassic.com



ဓာတ်ဘူးဆိုတာ မှန်တယ်၊ ဒါပေမဲ့ ဒီကြောင်ကြောင့် ရှေ့အလားတူဖြစ်စေတဲ့ဟာတွေက သင်း မသေမချင်း အများကြီးရှိသေးတယ်။ ဘယ်နေ့ ဘယ်ပုလင်းလဲ၊ ဘယ်ဖန်ခွက်လဲ၊ ဘယ်ပန်းကန်လဲသာ စာရင်းမပြနိုင်တယ်၊ ဒီတော့ သင်းကို သတ်ပစ်မှပဲ အေးမယ်"

"မောင်ရယ် ... မေ မြင်ရကြားရမယ့် နေရာမှာတော့ မလုပ်လိုက်ပါနဲ့"

"တောက် တယ်ခက်လိုက်ပါလားကွယ်၊ လူ့ပြည်မှာ ကြောင်ကလူကို ဒါလောက် စော်ကားတာခံနေရတာ ရှက်ဖို့လည်းကောင်းလှပါပြီကွာ၊ အေး မင်း အိမ်မှာမရှိတဲ့တစ်နေ့တော့ ဒီကြောင်ကို ငါ သတ်ပစ်မှာအမှန်ပဲကွ၊ တောက် ... ပေါင်းတည်သားများ ကြောင်အစော်ကား ခံရတယ်လို့ကွာ"

ဤသို့ ကြိမ်းဝါးထားပြီးနောက် ယခုနေ့ သူ တောင်ကြီးပြန်အသွားမှာ နေ့ကောင်းရက်သာရွေး၍ ကျွန်တော် ဒီကြောင်မ 'ဖက်တီးလူး' ကို သတ်စားရန် စီမံခြင်းဖြစ်ပါ၏။ သင်္ကြန်တွင်းမို့ အိမ်ကရှိတာတွေ ရေကစားထွက်သွားကြပြီ၊ မီးသွေးမီးဖိုက ရဲရဲနီပြီ၊ မီးမြိုက်ပြီး အမွေးခြစ်ရန် ဓားဦးချွန်ကို သ ထားသည်။ ဝက်ကောင်လုံးကင်လို တစ်ကိုယ်လုံးကြွပ်နေတော့ အတုံးလှလှခုတ်ရန် ဓားမကြီးကိုလည်း မြနေအောင် သွေးထားသည်။ ကြောင်မ ဖမ်း၊ အဝတ်နဲ့ထုပ် ....

ယင်းသို့ လုပ်ငန်းစဉ်ကို စဉ်းစားရင်း မီးဖိုယပ်တော်ကာ ဒီကြောင်မဘယ်မှာနေလဲ ဟိုဟိုဒီဒီ ကြည့်နေစဉ် ....

ဟဲ့ ဟဲ့ ... ခြေခုံကို တစ်စုံတစ်ခုက နူးညံ့စွာ လာပြီးပွတ်သပ်နေလို့ ငုံ့ကြည့်လိုက်တော့ အမယ်လေး ... မယ်မင်းကြီးမ ... ဖက်တီးလူးပါလား။

ဟင် ... သင်းကလေး ဘာမှ မသိပါလား။

"မောင်ရယ် ... ဒီဓာတ်ဘူးမျိုးဟာ ခုနှယ် ဘယ်လောက်ရှားပါးတယ်၊ ဈေးဘယ်လောက် ပေးရတယ်၊ မောင့်ဝီစကီပုလင်းဟာ ဘယ်လောက်ကောင်းတယ်၊ ဘယ်လောက် အဖိုးတန်တယ်ဆိုတာ သူ ဘယ်သိပါ့မလဲ"

မေ ပြောခဲ့သောစကားများ ကျွန်တော့်နားထဲ ကြားယောင်လာသည်။

"သူသိတာက ပိုးဟပ်နဲ့ အိမ်မြှောင်လောက်ဟာပဲ၊ ဒီဓာတ်ဘူးကွဲပါစေ၊ ဝီစကီပုလင်း အောက်ကျပါစေ ... ဆိုတဲ့ စိတ်ထားလည်း ရှိရှာတာမဟုတ်ဘူး၊ ဒီတော့ သူ့သတ်လို့ ... "

ကျွန်တော်သည် ကျွန်တော့်ခြေစုံကို ကယုကယင် ပွတ်သပ်နေသော ဖက်တီးလူးမကို ကောက်ချီကာ ရဲရဲနီနေသော မီးဖိုကို ရှဲခနဲ ရေနှင့်ဖျန်းပစ်လိုက်ပါတော့သည်။

(၁၉၆၈၊ ငွန်လာ မြဝတီ)

❑

www.burmeseclassic.com



## ဒီစိတ်နှင့် ဒီအရွယ်

ကျွန်တော်သည် ဇာတိဌာနေ မွေးရပ်မြေသို့ပြန်ရန် ကွမ်းခြံ ဘူတာကြီးသို့ ရောက်ခဲ့သည်။ ရန်ကုန်-ပြည် သွား အမြန်ရထားသည် နာရီပြန်တစ်ချက်တီတီမှာ ထွက်မည်ဖြစ်သော်လည်း ကိုယ်ပိုင်ကား ဘယ်တော့မှ စီးနိုင်မည်လဲဟု စိတ်ကူးမျှ ထည့်နိုင်သူမဟုတ်၍ ကြိုကြိုတင်တင် ၁၁ နာရီခွဲက အိမ်မှထွက်ခဲ့ရာ ငါးပိသိပ် ငါးချဉ်သိပ် ပြည်သူ့ဘတ်စ်ကား စောင့်နေစဉ် သုံးဘီးကား အဆင်သင့်သဖြင့် နှစ်ကျပ်ခွဲလောက်တော့ အပိုကုန်ကျချင်ကုန်ကျပစေတော့ဟု စွန့်ခြင်းကြီးတစ်ပါးဖြင့် ဘူတာကြီးသို့ ၁၂ နာရီတွင် ရောက်ခဲ့တော့၏။ သွားမည့်ရထားက တွဲမျှ မထိုးသေးပေ။

၁၂ နာရီခွဲခန့်၌ မောင်မင်းကြီးသား တွဲထိုးခေါင်းက နောက်ပြန်တွန်း၍ ဝင်လာပါပြီ။ သံဆန်ခါအပေါက်ဝမှ လူများစုပြုံ တိုးကြိတ်ဝင်ကြသည်။ အချို့ပစ္စည်းတို့ကို စစ်ဆေးကြည့်သေးသည်။ သည်ရထားမှာ ကြိုတင်လက်မှတ်နှင့် တွဲနံပါတ် ခုံနံပါတ်ပါပြီးဖြစ်၍ ကျွန်တော်က လူပါးသွားမှ ခပ်အေးအေးပဲ ဝင်ပါသည်။

အင်း ကျွန်တော့်တွဲနံပါတ် (၄)၊ ခုံနံပါတ်(၅၂) ဖြစ်နေရာ ကျွန်တော့် ရှေ့တည့်တည့် ခုံနံပါတ်(၅၃) က ယခုခေတ်အခေါ် ဆယ်ကျော်သက်ရွယ်မှ ၂ နှစ် ၃ နှစ်မျှကျော်ဦးမည့် ကောင်မလေးတစ်ယောက် တစ်ဦးတည်းထိုင်နေသည်ဖြစ်ရာ သူ့မှာ အဖော်မပါဟု တွက်ရပေသည်။ မကြာမီ၌ ကျွန်တော်



တို့ ခုံနံပါတ် ၄ ယောက် မျက်နှာချင်းဆိုင်ဖြစ်သော (၅၁) (၅၄) သို့ အခြားသူများ ရောက်လာသည်။

စင်စစ် မီးရထားနှင့် ခရီးသွားလျှင် ကျွန်တော်သည် ပြတင်းပေါက်နှင့်ကပ်လျက် ရထားရှေ့ဘက်ကို မျက်နှာပြုကာ ကိုယ်ကို လေတိုးခံရသော ယခု ကောင်မလေးထိုင်နေသည့် နေရာမျိုးကို ကြိုက်သည်။ သို့သော် ရထားလက်မှတ်ယူရာမှာ အစီအစဉ် နံပါတ်အတိုင်း ကျတတ်သည်။ ဒါပေမဲ့ ဒီလိုပြည်နှင့် ရန်ကုန်အကြားမှာ သာယာဝတီ၊ လက်ပံတန်း၊ ကြို့ပင်ကောက်၊ ပေါင်းတည် ၄ ဘူတာသာရပ်သော အမြန်ရထားတွင် လူအင်မတန် နည်းတတ်သည်။ တိုးလျှိုပေါက်တွဲတွေမှာ တစ်နေရာရာ၌ ခုံလွတ်တွေ ရှိနေတတ်သဖြင့် ရထားထွက်၍ နောက်ထပ် လူမလာတော့ဘူး သေချာတော့ ကြိုက်ရာနေရာ သွားထိုင်မည်ဟု ကျွန်တော် စိတ်ကူးထား၏။

သို့ဖြင့် ရထားထွက်၍ ၅ မိနစ်မျှအကြာ ကျွန်တော် နေရာရှာတော့မည်ဟု ဟန်ပြင်စဉ် အကြောင်းက တိုက်ဆိုင်ချင်လာတော့ ကောင်မလေးက....

"ဦးလေး ... ကျေးဇူးပြုပြီး ကျွန်မနဲ့ နေရာချင်း လဲထိုင်ပါလားရှင်၊ ကျွန်မ ရင်ဘတ်လေတိုးတာ မခံချင်ဘူး"

သည်တော့ ကျွန်တော်က ရွှင်လန်းစွာ ....

"ဟာ အဆင်သင့်ပဲဟေ့၊ ငါက နင့်နေရာမျိုး သဘောကျနေတာ"

ကျွန်တော်တို့ နေရာချင်း ပြောင်းထိုင်ကြပြီးနောက် တစ်ယောက်တစ်ယောက် ဘယ်သွားမလဲ၊ မေးကြသည်။ သူက ... ကြို့ပင်ကောက်တဲ့။

ထို့နောက် ကျွန်တော်တို့ စကားမဆက်ကြတော့ပေ။ သူက ထထ၍ ခုံအောက်မှ သူ့ပစ္စည်းထုပ်ကို ယခုခုံအောက်သို့ ရွှေ့သည်။ ပြီးလျှင် ခုံပေါ်တက် မတ်တတ်ရပ်၍ စင်ပေါ်ရှိ ကင်းဘတ်စ်အိတ်ထဲမှ စာအုပ်အချို့ကို ယူသည်။ ယင်းသို့ သူ့ကိုယ်လက် လှုပ်ရှားနေပုံကို ကြည့်နေရာမှ ကျွန်တော့် စိတ်ထဲ ကဗျာဉာဏ် ဝင်လာသည်။

ဆယ့်သုံးနှစ်ရွယ်၊ ပျိုပျံ့သင်းစပေမို့
နှဲ့သုံးကျစ်သွယ်၊ ကိုယ်ဟန်သွင်က ပြေပြစ်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



**နဂိုသာန်ယဉ်အလှမှာတဲ့ မှုန်နံ့သာခြယ်**

**အို . . . စံတင်ပြရရင်ဖြင့် ဥမ္မာနယ် . . .။**

ဟဲ ဟဲ ... နောက်ဆုံးတစ်ကြောင်းကတော့ လွန်သွားပြီဗျို့၊ ဘယ့်နှယ် ဗျာ၊ မဖြစ်စလောက် အရွယ်မရောက်တရောက် အဖူးအညှောင့် ရှိသေးတာ လေးကို အလှထွတ်ချာ မယှဉ်သာသည့် ဥမ္မာဒန္တီစံမမီနဲ့ သွားနှိုင်းလို့ မသင့် လျော်ဘူးပေါ့ခင်ဗျာ၊ သို့သော်လည်းလေ ကဗျာဆိုတာ ကာရန်ခေါ်ရာ ပါတတ်တယ် မဟုတ်လား၊ ကဗျာစပ်ဖူးသူတိုင်း သိကြပါတယ်၊ သည်နောက် သည်ကောင်မလေး မဂ္ဂဇင်းစာအုပ် ဖတ်နေတာကြည့်ပြီးတော့ လှိုင်ထိပ်ခေါင်တင်ရဲ့ တေးထပ် ကျွန်တော့်ခေါင်းထဲ ဝင်လာပြန်တော့တယ်။

**အပျိုဖော် ရွယ်မစေ့ခင်က၊ ငယ်စလေ့ဂေါ်ရီ**

**စံပယ်ခက် နှစ်ရုံပင်မှာ မငုံခင်တုန်းက အစ**

**ပန်းဒွါရ ဆင့်စီငယ်၊ မပွင့်မီကာလ**

**ကျင့်ဝသီဓာဂနဲ့၊ ခါပထမ အရွယ်**

**ငယ်သွားတွေ ကြွေမလဲခင်က၊ မေအမြဲ ချစ်ဖို့ ကြံရွယ်**

**ကလေးစိတ် ဓာတ်မပြယ်၊ ခပ်ငယ်ငယ် စာမတတ်ခင်က**

**ကညာနတ် တောင်းဆုပွေလီ၊ ကောင်းမှုစေတီ**

**စိတ်မှန်းနဲ့ မေကျောက်ချီသည်၊ သွေဖောက်ပြီနိုင်ဘူးဖျာ့လေး။**

စေ့စေ့တွေးတော့ ရေးရေးမကာဘူး၊ ထင်းထင်းကြီးပေါ်လာသနော်။ ဒီကဗျာ အဓိပ္ပာယ်ကတော့ တစ်တစ်ရစ်ရစ်ကြီးပဲ။ ကဲ ... မရွှေလှိုင်ထိပ် ခေါင်တင်ဟာက 'ငယ်သွားတွေ ကြွေမလဲခင်က၊ မေအမြဲချစ်ဖို့ကြံရွယ်' ဆိုတာက မလွန်ဘူးလားခင်ဗျာ၊ သူလည်း ကာရန်ရတိုင်း ဖိကျိတ်လိုက်တာ နဲ့တူရဲ့၊ ငယ်သွားဆိုတာ ၅ နှစ် ၆ နှစ်အရွယ်မှာ လဲတာဗျာ၊ ဒီအရွယ်မရောက် ခင်ကပဲဆိုတော့ သူ့ချစ်လင်ညာရာမှာ ပိုသွားထင်ပါရဲ့။ သို့သော် တစ်ခုတော့ ရှိပါရဲ့၊ သူ့ဘဝအတွက်ကြည့်တော့ သူဟာ နန်းတွင်းသူခင်ဗျာ၊ အချစ်ရေယဉ် ကြောမှာသာမျောပြီး 'ချစ်သမျှကို' စသည့် ပတ်ပျိုးတွေရေးနေတဲ့ မိခင် နန်းမတော်မမြလေး ခန်းဆောင်မှာ ကြီးရတော့ သူဟာ လူမှန်းသိ အမှတ်ရ



ကတည်းက သည်အချစ်စိတ်မှာပဲ တည်နေတယ်လို့ ယူသော်ရတန်ကောင်း ရဲ့။

သူ့ဘဝအတွက် ကြည့်ရင်ဖြင့် ဣန္ဒဝံသနန်းတွင်း အချစ်ဝတ္ထုကြီးတို့ ရေးခဲ့တယ်။ 'စိန်ခြူးကြာညောင်' ဘောလယ်တွေ ရေးခဲ့တယ်။ နောက်ဆုံး မှာ ....

**မြင်မြင်ရာ သခါရပေမို့**

**ဘဝကိုတဲ့ ငြီးငွေ့ဖွယ်။**

**ကြည်မမွေ့နိုင်ဘူ့**

**ပြည်လှေကို တန်ပါပေါ့**

**ဂန္ဓမာ မာလာပြန့်မှာ**

**တောသန့်တော့မယ်။**

**မသေရုံ ရွှေဘုံထီးမှာတော့**

**သစ်သီးနဲ့ ပွဲတော်တည်မယ်**

**ဖန်ခြယ်တဲ့ ဝတ်လဲ။**

**မြိတ်ရစ်ကယ် မြိုင်**

**အုပ်လုံး စံပယ်ကြိုင်တဲ့**

**မြကေခိုင် မင်းရည်လှဲ့ကို**

**သိမ်းမယ့် ကြံဆဲ။ ။**

ဒါဟာ တကယ်တရားရတာတော့ မဟုတ်ဘူးခင်ဗျား။ သည်လို တရားရရင်ဖြင့် ကောင်းရဲ့လို့ သံဝေဂဖြစ်ဟန် တူပါရဲ့။ သူ့ဘဝ [illegible] ကြည့်တော့ အချစ်နဲ့သာ ဗျာပါမွေသွားရှာတယ်။ ဒါပေမဲ့ [illegible] သူ့ကဗျာတွေကို ကျွန်တော်တို့ ရလိုက်တာပဲ။ ထဲ 'ငယ်သွားတွေ ကြွေမလဲ ခင်က' နေပြီး 'မြကေခိုင် မင်းရည်လှဲ့တို့ သိမ်းမယ့်ကြံဆဲ' အထိ [illegible] ကြည့်စမ်း ... သည်ကြားထဲ ဘာတွေများ ဖြစ်ခဲ့သလဲလို့ [illegible] သူ့ဘဝ ကို ပြသွားတာပဲ။

သည်နေရာမှာ ငယ်သွားတွေ ကြွေမလဲခင်က [illegible] သည်စိတ်မျိုး ပေါ်နိုင် မပေါ်နိုင်ဆိုတာကို အမျိုးသမီး စာရေးဆရာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုး ထုဝတီ မာလာသိန်းတို့၊ ခင်ဆွေဦးတို့က အမျိုးသမီးဆိုင်ရာကို ရှင်းဖို့ ကောင်းတယ်ဗျ။ ကျွန်တော်တို့ ယောကျ်ားဘက်ဆိုင်ရာ ဆိုရင်ဖြင့် ကျွန်တော်ဟာ ငယ်သွားတွေ လဲပြီးပါပြီ။ ဆယ်နှစ်သားလောက်ရှိမှ လင်မယားလုပ်တမ်း ကစားတတ်ပါတယ် ခင်ဗျာ။ သည်လို ကစားတော့ရင် ကျွန်တော်နဲ့ ရွယ်တူကောင်မလေးတွေပဲ။ ဒါပေမဲ့ တစ်ယောက်တစ်ယောက် ချစ်တဲ့စိတ်၊ နောက် ကြီးတော့ ယူမယ်ဆိုတဲ့စိတ် လုံးဝ မပါပါဘူး။ ဘာကြောင့် လဲဆို ခုကစားပြီး တော်ကြာ ရန်ဖြစ်ချင် ဖြစ်ကြတာကိုးဗျ။

စင်စစ်တော့လည်း လင်မယားလုပ်တမ်း ကစားတဲ့စိတ် လွန်မြောက် တော့မှလည်း အချစ်စိတ်ပေါ်တယ်လို့ ထင်ပါတယ်။

သည်လိုအရွယ်နဲ့ စိတ်အခြေအနေတွေးရင်းနဲ့ ကျွန်တော် အခုန ဖော်ပြခဲ့တဲ့ မီးရထားပေါ်မှာ ကျွန်တော့် ရှေ့နံ့ထိုင်နေတဲ့ ကောင်မလေးကို ကြည့်မိပြန်တယ်။

သူ့အရွယ်ဟာ အပျိုဖော်ဝင်သေးဟန် မတူဘူး၊ အသက် ၁၂ နှစ် ၁၃ နှစ်လောက်ပဲ ခန့်မှန်းရပါတယ်။ အဝတ်အဆင်ကတော့ ခေတ်ဆန်ဆန် ကြော့ကြော့မော့မော့လေးပါပဲ။ သူ့ခေါင်းကဆံပင်မှာ ဖဲ့တ်မြီးလေးနှစ်ချောင်း ထိုးပြီး နောက်တွဲချထားပါတယ်။ ခုခေတ်မိန်းကလေးတွေဟာ ဒီအရွယ်မှာ သည်လို ဆံပင်ရှည်ထားရင်ထား၊ မဟုတ်ရင် ဆံတိုလည်ရစ်ကလေးတွေပဲ များကြတယ်။

ဟိုယခင် ကျွန်တော်တို့ ငယ်စဉ်ခေတ်ကဆိုရင် ဒီအရွယ်ဟာ ဆံရစ် ကလေးရှိသေးတာပဲဗျ၊ ဆံတောက်ချတောင် နားရွက်နောက်က မကောက်ရ သေးဘူး၊ နားရွက်တစ်ဝက်လောက်၊ ရှေ့နဖူးပြင်က ဆံယဉ်စထက် လက် နှစ်သစ်လောက်ပဲ ရှည်တယ်။ ဒါဟာ အပျိုမဖြစ်သေးဘူးဆိုတဲ့ သင်္ကေတ။ အဲ ... ဆံတောက်ကြီး ဖားဖားချရင်ဖြင့် အပျိုဖြစ်ပြီ၊ အုပ်လုံးသွင်းပြီဆိုရင် 'ကျွန်မ လင်ယူနိုင်ပါပြီ' လို့ ကြေညာတာပါပဲ ခင်ဗျာ။

သဟာနှင့် ကျွန်တော်က ကိုယ့်ရှေ့ခုံထိုင်နေတဲ့ ကောင်မလေးကို သူ့ အရွယ်နဲ့လိုက်အောင် ရှေ့ယခင်ခေတ်က ဆံရစ်ဝိုင်းလေးနဲ့ ဆံတောက် ကလေး လက်နှစ်သစ်လောက် ချကြည့်လိုက်တယ်ဗျို့၊ လား ... လား ...



ကျွန်တော့်မျက်စိထဲမှာ ကျွန်တော် ၁၂ နှစ်သားအရွယ်က စိတ်ကူးယဉ်ခဲ့ဖူး တဲ့ 'ညွန့်ညွန့်' ဆိုတဲ့ ကောင်မလေး ပေါ်လာတယ်ဗျ။

* * *

"ကျင်မောင်"

"ဘုရား ... "

"ဝက်သားဟင်းနဲ့ ထမင်းစားရအောင် လိုက်မလား"

"တင်ပါ"

"သွား ... အဝတ်လဲချေ"

ကျွန်တော် ဦးသုံးကြိမ်ချပြီး အိမ်သို့ သုတ်ခြေတင်တော့သည်။

"ကျင်မောင်" မှာ ကျွန်တော်၏ ငယ်နာမည်ဖြစ်သည်။ ကြင်ဆွေ မှာ ကျွန်တော် ရန်ကုန်ရောက်မှ 'တင်ဆွေ' မည်သော သူငယ်ချင်းတစ်ယောက် ၏နာမည်နှင့် နှောထပ် ပြောင်းယူခြင်းဖြစ်သည်။ ဒါနဲ့ နောက် ကလောင် နာမည် 'သော်တာဆွေ' ဖြစ်လာသည်။

ကျွန်တော်ငယ်စဉ်က ရွာကဘုန်းကြီးကျောင်းတွင် နေရပါသည်။ ဘုန်းကြီးကျောင်းဆိုသော်လည်း ကျွန်တော်တို့ခေတ်မှာ ဘုန်းကြီးစာ မသင် ရတော့ပါ။ ၇ တန်းအထိ သင်၍ လောကဓာတ်ကျောင်းဟု ခေါ်နေပါပြီ။ ဘုန်းကြီးကြီးက ကျောင်းအုပ်ကြီးဖြစ်ပါသည်။ သူ့လက်အောက်က ကျောင်း ဆရာ ၃ ယောက်ရှိပါသည်။ ဘုန်းကြီးကြီးကတော့ ဘာမျှ မသင်တော့ပါ။

ယင်း ၇ တန်းကျောင်းကို ကျောင်းဆရာ ၃ ယောက်ထဲနှင့် နိုင်ဝါ သည်။ ထိုခေတ်က ကျောင်းနေသူ အလွန်နည်းပါသည်။ သူငယ်တန်းနှင့် ပထမတန်းလောက်တွင်သာ ဆယ့်လေးငါးယောက်မျှ ရှိ၍ ဒုတိယတန်း လောက်ကစပြီး နည်းလာသည်။ ၄ တန်း ၅ တန်းမှာ ၄-၅ ယောက်မျှ ရှိတော့သည်။ ဒါတောင် ကျွန်တော်တို့ ရွာသားချည်း မဟုတ်ပါ။ နီးစပ် ပတ်ဝန်းကျင် ရွာများက လာနေ၍ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့ရွာမှာ ကျွန်တော်နှင့်အတူ ၇ တန်းအထိ ပညာ သင်နိုင်သူမှာ တစ်ယောက်တည်းရှိပါသည်။ သို့သော် သူ့အရာ ၇

www.burmeseclassic.com

www.burmeseclassic.com



**တန်အောင်** တဲ့ပြီး ကျွန်တော် မြို့ကျောင်းကူးသောအခါ သူ မလိုက်နိုင်တော့ဝါ။

အကြောင်းမှာ ထိုခေတ်က ကျွန်တော်တို့ ရွာသူရွာသားများသည် အလွန်ဆင်းရဲကြ၏။ အိမ်ခြေ ၃၀၀ လောက်ရှိသော ရွာကြီး၌ အိမ် ၅၀ လျှင် တစ်အိမ်လောက်သာ လယ်ပိုင်ရှင်ရှိတော့၏။ သို့သော် များများစားစား ပိုင်ရှင်များ မဟုတ်ကြ၊ ချစ်တီးဒဏ်ခံပြီးဖြစ်ကြ၍ တစ်ရှဉ်းလုပ်၊ နှစ်ရှဉ်းလုပ် ပိုင်ရှင်မျှ ဖြစ်တော့၏။ ကျန်လူများကား ဆိုက်ခ ပျိုးခ လက်ငင်းမရကြဘဲ စပါးပေါ်ပေးမျှ ဖြစ်၍ စပါးပေးတင်းတိုးတို့ အောက်တွင် 'ဆင်းရဲလှ တစ်သက် လူမသေကြွေးချည်းပဲ' ဆောင်ပုဒ်နှင့် နေရသူများဖြစ်၏။

ယင်း၌ ကျွန်တော်က အနူတော လူချောတည်း။ လယ်စေ့ ကလေး အနည်းငယ်မျှရှိသော လယ်ပိုင်ရှင်၏သား။ ရုပ်ရည်လေးလည်း သနားကမား ရှိ၍ ဘုန်းကြီး၏အချစ်တော်ဟု ယူသော်ရ၏။ ဘုန်းကြီးကြီးက ဘယ်သွား သွား ကျွန်တော့်ကို ခေါ်လေ့ရှိ၏။

"ကျင်မောင်"၊ "ဘုရား"၊ "ဝက်သားဟင်းနဲ့ ထမင်းစားလိုက်မလား" ဆိုကတည်းက ဘုန်းကြီးကြီး ဘယ်သွားတော့မည်ကို ကျွန်တော်သိပြီး ဖြစ်ပါသည်။ ပေါင်းတည်မြို့နှင့် ကျွန်တော်တို့ရွာသည် ၃ မိုင်ဝေးပါသည်။ ဤအကြား တစ်မိုင်ခွဲမျှတွင် 'လက်ပံပင်စု' ခေါ်သော အရပ်ရှိ၏။ ယင်း လက်ပံပင်စုက ကျွန်တော့်မိဘများလိုပဲ လယ်ပိုင်ရှင်များဖြစ်ကြသော ဦးဖိုးဆင့်–ဒေါ်မယ်မြင့်တို့အိမ်သို့ ဘုန်းကြီးကြီးသည် တစ်လလျှင် တစ်ခေါက် နှစ်ခေါက် သွားလည်လေ့ရှိပါသည်။ ဤအိမ်ကလည်း ပြောလည်းပြော လောက်ပါပေရဲ့၊ ကျွန်တော်နှင့် ဘုန်းကြီးကြီး သွားတိုင်း သွားတိုင်းပဲ ဝက်သား ဟင်းနှင့် ဝက်ရိုးဟင်းချိုနှင့် ဆွမ်းကပ်လေ့ရှိပါ၏။

ထိုခေတ်က ကျွန်တော်တို့ မြန်မာပြည်တွင် ဝက်သားဟင်းသည် ဟင်း တကာ့ဟင်းထဲတွင် နာမည်အရဆုံး ဖြစ်ပါ၏။ ဝက်သားဟင်းနှင့် ထမင်းကျွေးသော အလှူသည် ထိပ်တန်းထဲက ဖြစ်၏။ ထို့ကြောင့် 'ဝက်သား တုံးကြီး ဒူးခေါင်းလောက် သူများစားတာမြင်ဖူးပါရဲ့' ဟူသော ဘာကာရန်မှ မမိသည့် သံချပ်ပင် ခေတ်စားခဲ့ပေသည်။ ယခုခေတ်မှာတော့ 'ဆီရှား



ဝက်သားဖိုကျိတ်' ဟု ဝက်သားနာမ်နိမ့်ရပါ၏။ ဩော် ... သခေါ်တွေကိုး ခင်ဗျာ။ ထို့ကြောင့် ဝက်သားဟင်းနှင့် ထမင်းကျိတ်ရမယ်ဆို နိပ်ပလေပေါ့။ ဝက်ဆီလေးများ ဆမ်းရ အဟမ်း ... အဟမ်း ...။

ဘုန်းကြီးကြီးနှင့် ကျွန်တော်သည် ဤအိမ်သို့ နံနက် ၉ နာရီခန့်တွင် သွားလေ့ရှိပါ၏။ ကျွန်တော်က နောက်မှ ဘုန်းကြီးကြီး သားရေလွယ်အိတ် ကို လွယ်၍ ထီးကြီးထမ်းလိုက်ရ၏။ ဘုန်းကြီးကြီးသည် သင်္ကန်းကိုရုံ၍ မိမိရှေ့လေးတောင်မျှထက် မပိုသော စက္ကူကြာနွေဖြင့် ကြွတော်မူ၏။ တောဘုန်းကြီးသည် အလွန်တန်ခိုးကြီး၏။ တောသားတို့သည် ဘုန်းကြီးကို အလွန်ရိုသေကြ၏။ လမ်းမှာတွေ့ကြလျှင် ဘုန်းကြီးကြီးကို အရိုပ်လွတ် အောင်ရှောင်ပြီး ပုဆစ်တုပ်ထိုင်၍ ဝတ်ချကြ၏။ ဘုန်းကြီးလွန်သွားမှ ထိုင်ရာက ထကြရ၏။ ဘုန်းကြီးကြီးသည် မည်သူမည်ဝါလဲဟုတော့ မျက်စိ စောင်း၍ ကြည့်တတ်၏။ သို့သော် ဘာတစ်ခွန်းမျှ မပြောချေ။ ကျွန်တော်တို့ ဘုန်းကြီးကြီးသည် လမ်း၌ရပ်ပြီး လူတို့နှင့် စကားပြောလေ့မရှိပေ။

သို့ဖြင့် ကျွန်တော်တို့သည် ၉ နာရီခွဲသာသာလောက်မှာ ဦးဖိုးဆင့် တို့အိမ်သို့ ရောက်ကြ၏။

ဟာ တစ်အိမ်လုံး ပျာယာခတ်ကရော၊ ဦးဖိုးဆင့်ကိုယ်တိုင်က ဓနိုထဲ က ပုဆိုးခေါက်ကိုထုတ်၍ ဘုန်းကြီးကြီးခြေထောက်ကို သုတ်ပေး၏။ ဒေါ်မယ်မြင့်က သင်ဖြူးခင်း၊ ကော်ဇောခင်း၊ ခေါင်းအုံး၊ ကွမ်းအစ်၊ ထွေးခံ ပြင်၏။ သူတို့၏သမီးလေး ညွန့်ညွန့်က မိခင်ကိုကူညီပေး၏။ တစ်ဦးတည်း သော သမီးလေး၊ ရုပ်ကလေးက ချောပါဘိ ...။

အဲသည်တုန်းက ဒီကောင်မလေးဟာ ကျွန်တော်နဲ့ ရွယ်တူလေး[illegible] ပါပဲ။ အဲသည်ခေတ်အလျောက် အဲသည်အရွယ်မှာ ဆံရစ်ဆံတောက်[illegible] လေးနဲ့၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း အခုရထားပေါ်မှာ [illegible] ကောင်မလေးနဲ့ တူပါဘိ၊ နောက်မကြာမီ အပျိုချောဖြစ်တော့မည်[illegible] ပုံသဏ္ဌာန်၊ သို့ပေမဲ့ အခုလို ....

"ဆယ့်သုံးနှစ်ရွယ် ပျိုပုံသင်စပေမို့ နွဲ့လုံးကျစ်[illegible] က ပြပြီပေါ့၊ နဂိုသဏ္ဌာန်ယဉ်အလှဓာတဲ့ မှုန်နံ့သ[illegible]" [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ်တိုင် မစပ်တတ်သေးဘူး၊ သို့သော် ....

"ဆံရစ်ဆံတောက်ကလေးဟာမို့၊ အချစ်အသွေ့ာက် သွေးတွေ ဝင်တာ ဖွက်ပါလို့ ခင်ကညာကိုလေ ... ကြင်နာချက်ကယ်ကြောင့် နုတင်မှာ ထင်ရာဖက်ဘယ်၊ နှမ်းလျက်ခွေ" ဟူသည့် ဒဂုန်မဂ္ဂဇင်းကြီးမှာပါသော ကဗျာမျိုးတော့ အလွတ်ကျက်တတ်နေပါပြီ။

ဟုတ်ပါသည်။ ကျွန်တော် ၁၂ နှစ်သားက ဒီလို ရွယ်တူ ကောင်မလေးကို စိတ်ကူးယဉ်တတ်နေပါပြီ။ မှန်တာပြောလျှင် ၉ နှစ် ၁၀ နှစ်သားလောက် လင်မယားလုပ်တမ်း ကစားတတ်သည့်အရွယ်က လွန်လျှင် ကျွန်တော့် တစ်သက်တာမှာ ပထမဦးဆုံး သမီးရည်းစား အချစ်စိတ်နဲ့ စိတ်ကူးယဉ်မိတာဟာ အဲသည် ညွှန့်ညွှန့်ပါပဲ ခင်ဗျာ။ သူ့ဘက်က ဘယ်လိုရှိမယ်တော့ ကျွန်တော် မသိခဲ့ပါဘူး။ သူနှင့် ကျွန်တော်ဟာ စကားတစ်ခွန်းမျှလည်း မပြောခဲ့ဖူးပါဘူး။ အဲ ... တစ်ခါတော့ မှတ်မှတ်ရရ ခင်ဗျား ... အရိုက်ခံရတယ်။ ညနေစောင်း ကျွန်တော်နဲ့ ဘုန်းကြီးကြီးက သူတို့အိမ်က အပြန်၊ သူက ဝင်းခြံပေါက်ဝနား ပန်းချုံလေးဘေး ထိုင်ပြီး အလီပေါင်း ကျက်နေတာ။

၁၇ တစ်လီ ၁၇

၁၇ နှစ်လီ ၃၄

၁၇ သုံးလီ × × ဆိုရုံရှိသေး၊ ကျွန်တော်က ဖြတ်ပြီး ၅၁ လို့ ဆိုလိုက်မိတော့ ကျွန်တော့်ခြေသလုံး ပေတံနဲ့ နုတ်လိုက်တာဗျာ၊ လူ့ကို ပူထူသွားတာပဲ။ ဘုန်းကြီးကြီးကလည်း ရှိနေတော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ဘာမျှ ပြန်မပြောဝံ့ပဲ လစ်ခဲ့ရတယ်။

* * *

ယင်းသို့ သူကလေး ကြည့်ရင်းဖြင့် ကိုယ်၏ ရှေးဟောင်းနှောင်းဖြစ် ကလေးတွေတွေးရင်း မီးရထားကြီးသည် လှိုင်ထိပ်ခေါင်တင်၏မိခင် နန်းမတော်မမြလေးတို့ရဲ့ ဇာတိမြေ ဥက္ကံသုံးဆယ် အပျိုတွေချောတဲ့ လှိုင်ဘောလယ်ဆိုတာ ကျော်ဖြတ်ခဲ့ပြီး သာယာဝတီမင်းသားစံခဲ့ရာ သာယာဝတီ



မြို့ ဘူတာဆိုက်၊ နောက်ပြီးတော့ လက်ပံတန်း၊ ထို့နောက် ကြို့ပင်ကောက် လည်းရောက်ကရော ကောင်မလေးဟာ ပြတင်းပေါက်က ခေါင်းပြူတဲ့ပြီး....

"သမီး ဒီမှာ မေမေ ... သမီး ဒီမှာ"

မျက်မှန်နဲ့ ဝဝဖိုင့်ဖိုင့် အဒေါ်ကြီးတစ်ယောက် ကျွန်တော်တို့တွဲနား ရောက်လာတယ်၊ ကျွန်တော့်မြင်တော့ ....

"ဟင် ကိုကျင်မောင်" တဲ့။

ကျွန်တော်က သူ့ မသိသလိုဖြစ်နေတော့ သူကပဲ စကားဆက်ပြီး "ကျွန်မကိုတော့ ဘယ်မှတ်မိတော့မလဲလေ အဖေ–အမေ နာမည်ပြောမှ သိတော့မှာပဲ၊ လက်ပံပင်စုက ဦးဖိုးဆင့်–ဒေါ်မယ်မြင့် ... "

သည်တော့မှ ကျွန်တော်က "အား ... မညွှန့်ညွှန့် ဟုတ်ပြီ၊ ဒါက သမီးနော်၊ ဒါကြောင့် ကျွန်တော်က ဒီကလေးမမြင်တော့ ယင်ယင်က ဆံရစ်ကလေးနဲ့ မညွှန့်ညွှန့်ကို သတိရနေတာဗျ"

"ဟင် ... ဟုတ်ရဲ့လား၊ အနုကြီးတဲ့ရုပ်တော့ နည်းနည်းမှ မမှတ်မိဘူးပေါ့"

"ဟင့်အင်း ... ဘယ်လိုမှ ဆက်လို့မရဘူး၊ မညွှန့်ညွှန့်ကတော့ ကျွန်တော့် မှတ်မိတယ်နော်"

"ယောကျ်ားရုပ်က မိန်းမတွေလောက် မပြောင်းဘူး၊ နို့ပြီး ကိုကျင်မောင် လူပျိုပေါက်တုန်းကလည်း ပေါင်းတည်ကျောင်းသွားတော့ ကျွန်မတို့အိမ်ရှေ့ က ဖြတ်ဖြတ်သွားနေတာပဲ၊ အင်း အခုတော့လည်း ဆံပင်တောင် ဖြူစပြုပြီ ပဲ၊ ကိုကျင်မောင် အသက်ဘယ်လောက် ရှိပြီလဲ — "

"အဲ ခုနပဲ သတိရလို့ တိုက်တိုက်ဆိုင်ဆိုင် အလီပေါင်းနဲ့ မေးမြန်းရ မှာပဲ၊ ၁၇ တစ်လီ ၁၇၊ ၁၇ နှစ်လီ ၃၄၊ ၁၇ သုံးလီ × × ပေတံနဲ့တော့ မနုတ်လိုက်ပါနဲ့ဗျာ — "

"ကြည့်စမ်း ... ကြည့်စမ်း ... ကိုကျင်မောင် ဒါတို့ သတိရသေးတယ်... ဟုတ်လား — "

"ဟုတ်ကဲ့ — "

www.burmeseclassic.com

www.burmeseclassic.com



အမြန်ရထားတို့မည်သည် တစ်ဘူတာမှာ ကြာကြာမရပ်ပါ။

ဘဝသံသရာ ... တဲ့။ ရှည်လျား ထွေပြား မနေမနား တစ်သွားထဲ သွားကြတာ။ ။

(၁၉၇၀ ခု၊ ဧပြီလ၊ မြဝတီ)

❏

BURMESE CLASSIC

www.burmeseclassic.com